www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

*သူ့မျက်တောင်ဖျားတွေပေါ်မှာတစ်ရေးအိပ်ခွင့်*


စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၉၈၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၅၄၄၁၁၀၉

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၈၃
ဆုမြတ်မွန်မွန်
သူ့မျက်တောင်ဖျားတွေပေါ်မှာတစ်ရေးအိပ်ခွင့်/ဆုမြတ်မွန်မွန်၊–ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၉၆-- စာ၊ ၁၂×၁၈ စင်တီ။
(၁) သူ့မျက်တောင်ဖျားတွေပေါ်မှာတစ်ရေးအိပ်ခွင့်


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com








# ဆုမြတ်မွန်မွန်



## သူ့မျက်တောင်များတွေပေါ်မှာ
## တစ်ရေးအိပ်ခွင့်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com

# ၁

"နောက်ဆုံးတော့လည်း ငါ ထင်တဲ့ အတိုင်းပဲပေါ့လေ နေမြဲ ... ဟုတ်လား။ တစ်ချိန်လုံး မဟုတ်ပါဘူး ... မဟုတ်ပါဘူး ငြင်းနေသမျှ အခုတော့ နင် ဝန်ခံရပြီပေါ့လေ ... ကျွတ် ... နင်တို့ ယောက်ျားတွေဟာလေ"

"အေးဟာ ... ငါတို့ ယောက်ျားတွေ မကောင်းပါဘူး"

"ဘာမကောင်းတာလဲ"

ဖွေးနုသန့်စင်က ဆောင့်ကြီး အောင့်ကြီး အော်ချ လိုက်လျှင် သူက နားဆူသွားသောကြောင့် မျက်နှာတစ်ခြမ်းက ရှုံ့မဲ့သွားရသည်။ ဒီကောင်မလေးကို သူ သည်းမခံနိုင်တော့တာ အဲဒါတွေကြောင့်လည်း ပါသည်။ တစ်ခုခု အလိုမကျလျှင် ဆောင့်ကြီးအောင့်ကြီး ထအော်တတ်သော အကျင့်ကို သူ စိတ် အပျက်ဆုံး။ သူ့နားတွေသည် ဖုန်းပြောရလွန်းလို့၊ i-pad တွေ

www.burmeseclassic.com

www.burmeseclassic.com



နားထောင်လွန်းအားကြီးလွန်းသောကြောင့် ပျက်စီးမှာမဟုတ်။ ဒီကောင်မလေးအနားမှာ နေတာများလာလျှင် အအော်ခံရတာတွေနဲ့ပဲ နားကအူပြီး ပျက်စီးသွားနိုင်သည်။

ဒီနေ့တော့ ဒီဝဋ်ကြွေးကို အပြတ်ဖြတ်ရတော့မည်။

"အာ ... ဖြည်းဖြည်းအော်စမ်းပါဟာ၊ မင်းကို ကိုယ်ကောင်းကောင်းမွန်မွန် ပြောပြနေတာနော်"

"ဘာကောင်းကောင်းမွန်မွန် ပြောတာလဲ။ နင်ပြောတဲ့စကားက ကောင်းကောင်းမွန်မွန် ပြောနေပေမယ့် အကြောင်းအရာက ကောင် ခကာင်းမွန်မွန်မှ မဟုတ်တာ ... နင့်ကို ငါ မုန်းတယ် နေမြဲ"

သူမက သူ့ကို ကိုရီးယားကားတွေထဲက မင်းသမီးတွေ ပုံစံအတိုင်း အံကြိတ်ကာ အိုက်တင်အပြည့်ဖြင့် ပြောသည်။ အဲဒီပုံစံကြောင့် သူ့ရင်ထဲမှာ ရယ်ချင်စိတ်က ကျလိ ကျလိ (ငှက်အော်သံမဟုတ်)တက်လာသော်လည်း သူ့မှာ မရယ်ရဲချေ။ သူမ စိတ်ဆိုးသွားမှာ ကြောက်လို့တော့မဟုတ်။ ရယ်လိုက်လျှင် သူ သိပ်ဝမ်းသာနေမှန်းသိပြီး သူမက လွယ်လွယ်နဲ့ ဖြတ်မပေးတော့မှာ စိုးသောကြောင့်ဖြစ်သည်။

ဒါကြောင့် မှင်သေသော မျက်နှာလေးနှင့်ပင် ...

"အင်း ... နင် ငါ့ကို မုန်းသင့်ပါတယ်ဟာ၊ နင့်လိုမိန်းကကလေးမျိုးနဲ့ ငါနဲ့က မတန်ပါဘူး"





"အေး ... နင့်ကိုယ်နင် သိရင်လည်း ပြီးတာပဲ။ ငါ့လိုမိန်းကလေးနဲ့ လွဲသွားတဲ့အတွက် နင် ကောင်းကောင်းကြီးနောင်ရတလိမ့်မယ်"

အေးပါ ... အေးပါ၊ ခုလောလောဆယ်တော့ ကောင်းကောင်းကြီး ပျော်ရမှာက အရင်ပါ။ သူက ရင်ထဲမှာသာ ကျိတ်ပြောမိလျက် လူကတော့ သိပ်စိတ်မကောင်းဟန်ဖြင့် ခေါင်းတွေကို တဆတ်ဆတ် ညိတ်ပြနေမိသည်။ သူမက ခါးကိုထောက်ကာသူ့ကို ခပ်တင်းတင်းစိုက်ကြည့်လျက် ...

"ဘယ်လိုလဲ၊ နင် နောင်တရပြီလား၊ နင့်အချိုးဖွေကို ပြင်ချင်ပါတယ်လို့ ငါ့ဆီမှာ အယူခံဝင်ချင်သေးလား"

အမယ်လေး ... လေး ... မဝင်ချင်ပါဘူး ခင်ဗျာ။ စိုင်းစိုင်းခမ်းလှိုင်ရဲ့ ခင်ကြီးကျယ်သီချင်းထဲကအတိုင်း တစ်ပုံစံတည်းထွက်နေတဲ့ ဒီကလေးမနဲ့မှ ရည်းစားဆက်ဖြစ်နေရရင် သူ့လောက် လူဖြစ်ရကျိုး မနပ်တဲ့အကောင် ရှိမှာမဟုတ်တော့ပါ။ သူက ခင်ကြီးကျယ်လေးကို အားနာပါးနာပုံစံမျိုးဖြင့် မော့်ကြည့်လိုက်ကာ ...

"ငါ မပြင်ချင်တော့ပါဘူး"

"ဘာဖြစ်တယ်"

ဟား ... ကုန်းအော်ပြန်ပြီ။ သူက ဒီတစ်ခါတော့တကယ်ပဲ စိတ်တိုလာကာ ဂျစ်ကားစက်ဖုံးပေါ်မှာ အေးအေးဆေးဆေး ထိုင်နေရာမှ အောက်သို့ ဝုန်းခနဲ ခုန်ဆင်းလိုက်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ခုန်ချလိုက်သော အရှိန်ကြောင့် ဟန်ကျပန်ကျ လက်ပိုက်ကာ စတိုင်လ်နှင့် မလိုင်နှင့် ရပ်နေသော ခင်ကြီးကျယ်မှာ လန့်ဖျပ်၍ တောင်သွားသည်။

"ဒီမှာ ... ခင်ကြီးကျယ်၊ အဲ ... အဲ ... ဒီမှာ ဖွေးနုသန့်စင်"

"ဘာ ... ဘာ ... ဘာ ...။ နင်ကများ ငါ့ကို ခင်ကြီးကျယ် ဟုတ်လား။ အောင်မာ ... နင့်လို အပွေအရှုပ်ကများ ငါ့ ကို ခင်ကြီးကျယ်လေး ဘာလေးနဲ့၊ နင့်ကိုယ်နင် ဘာထင် နေလဲ ... တောက်"

"ဘာမှ မထင်ဘူး။ ကိုယ်တို့က လူသားစစ်စစ်ပဲ။ မင်းသာ ကိုယ့်ကိုယ်ကိုယ် ဘုံကြီးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ်လို့ ထင်နေတာ မဟုတ်လား ...

ကဲကွာ ... အပိုတွေ သိပ်မပြောချင်တော့ဘူး။ မင်းတို့ မိန်းမတွေ သိပ်ဇယားရှုပ်တာပဲ။ ပြတ်တာကို အေးအေး ဆေးဆေး ပြတ်ကြစမ်းပါ ...

အေးဆေး လမ်းခွဲတာ အကောင်းဆုံးပဲ။ ဒီတော့ ကိုယ့်လမ်းကိုယ် ဆက်လျှောက်လိုက်တော့၊ နင်လည်း သွားတော့၊ ငါလည်း သွားတော့မယ်"

သူက ပြောပြီးတာနှင့် သူ့ကားပေါ်တက်ဖို့ ဟန်ပြင် လိုက်လျှင် သူမက သူ့လက်မောင်းကို ဆွဲလှည့်ကာ ...

"နေဦး ... နင် ဒီလိုတော့ လွယ်လွယ်သွားလို့ မရဘူး"

"ကျွတ် ... ဘာဖြစ်တာလဲဟ"





သူမက သူ့ရဲ့စိတ်ပျက်လက်ပျက် ပုံစံကို မျက်လုံး မှေးစင်းစင်းဖြင့် စိုက်ကြည့်လျက် ...

"နင် ငါနဲ့လမ်းခွဲတာကို ဘယ်လိုခံစားရလဲ"

သူ တော်တော် လေသွားသည်။ နောက်များတော့ ရစ်တတ်လွန်းသော မိန်းမများကို ဝေးဝေးကသာ ရှောင်ပါတော့ မည်။ မိန်းကလေးတစ်ယောက်သည် လိုတာထက် ပိုရစ်တတ်ပြီဆို လျှင် တော်တော်စိတ်ညစ်ဖို့ ကောင်းပါသည်။ သူက သူမကို စိတ်လေသော မျက်လုံးများဖြင့် ကြည့်မိကာ ...

"ဘယ်လို ခံစားရလဲဆိုတော့ ... အင်း ... ဒီလိုပါပဲဟာ၊ ငါ့အတွက်တော့ ရည်းစားနဲ့ပြတ်တာ ထမင်းစားရေသောက် ထက်တောင် အကြိမ်များနေပြီဆိုတော့ ... ဒီလိုပါပဲ"

"ဘာ ... နင် တော်တော်တင်စီးပါလား၊ နေမြဲမိုးချာနဲ့"

"ဟုတ်တယ်လေ၊ ငါက အမှန်အတိုင်း ပြောတာပဲဟာ။ နင်မေးလို့လည်း ပြောရသေးတယ်"

"တောက် ... အေးပါ။ နင့်လိုကောင်မျိုး တစ်နေ့တော့ ကောင်ကောင်းကြီးကို ဝဋ်လည်ဦးမယ်။ အဲဒီကျတော့မှ လက်ခုပ်လက်ဝါးတီးဖို့ ငါ စောင့်နေတယ်ဆိုတာ နင် မမေ့နဲ့"

"မမေ့ပါဘူး၊ လက်ခုပ်လက်ဝါးတီးရင် လက်နာနေဦးမယ်။ ဝါးလက်ခုပ်ဝယ်တီး၊ ဟား ဟား ... ဘုတာကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



အောင်မင်္ဂလာကားကွင်းတို့ သွားတီးရင် နှင့်ရပ် နှင့်ရည် လေးနဲ့ဆို ပို အလုပ်ဖြစ်မယ် ...

ဟား ဟား ... ကဲ ... သွားပြီဟေ့၊ ဗွတ်ဒ်ဘိုင်၊ ရည်းစားအသစ် ထပ်ရရင် မိတ်ဆက်ပေးဦး ကြားလား၊ လမ်းတွေ့ရင် မမြင်ချင်ယောင် ဆောင်မသွားနဲ့”

သူက ပြောပြောဆိုဆိုနှင့် ဂျစ်ကားပေါ်တက်ကာ မောင်းထွက်လာခဲ့လျှင် ဖွေးနုသန့်စင်ဆိုသော ကောင်မလေးသည် ဒေါသတကြီး ခြေဆောင့်အော်ဟစ်ကာ ကျန်နေရစ်ခဲ့လေသည်။ သူက အဲဒီပုံစံကို နောက်ကြည့်မှန်ထဲမှတစ်ဆင့် ကြည့်ကာ သဘောတကျ ရယ်မောရင်း ကားကို အရှိန်တင်ကာ မောင်းနှင် လာခဲ့သည်။

အင်း ... ရည်းစားတစ်ယောက်တော့ သွားရှာပြီပေါ့။ သူသည် CD ထဲမှ သီချင်းကို လှမ်းဖွင့်လိုက်သောအခါ စိုင်းစိုင်း ခမ်းလှိုင် သီဆိုနေသော သီချင်းက မြူးကြွဝမ်းနည်းစွာ ထွက်ပေါ် လို့ လာသည်။

“ပိုးသားလေကြောင်းနဲ့ အဝေးသို့ ထွက်ခွာခဲ့၊ ရေမြေခြား ခဲ့ပြီ ဘဝတွေလည်း ...

ငါ လက်ပြလို့ နှုတ်ဆက် ရင်မှာဆို့လာဆဲ ... ကြိုးစားပြီး ထိန်းထားလည်း ယောကျ်ားတန်မဲ့ မျက်ရည် စို့ပါတယ် ...”





အင်း ... သီချင်းကတော့ သူ့အတွက် ခံစားလို့ တော်တော်ကောင်းသည်။ ဒါပေမဲ့ မျက်ရည်စို့လောက်တဲ့အထိ ချစ်ရတဲ့ အချစ်မျိုးတော့ သူ မတွေ့ဖူးသေး။ မျက်ရည်စို့ရတဲ့အထိ ရယ်ရတဲ့ မိန်းကလေးမျိုးတွေနဲ့တော့ ခဏ ခဏပဲ သူ တွေ့ဖူးပါ သည်။ အဲဒီမိန်းကလေးတွေရဲ့ အချိုးအပေါက်တွေသည် သူ့အတွက် တော့ တကယ်ကိုပဲ ရယ်စရာအတိ ဖြစ်နေတတ်သည်။ အကြည် တော်ရဲ့ဝတ္ထုတွေထက်တောင် ရယ်ဖို့ကောင်းသည်ဟု ထင်ပါသည်။

အခုမှ ပူပူနွေးနွေး ပြတ်ထားသော လက်ရှိရည်းစား ပြတ်လေး ဖွေးနုသန့်စင်ကိုပဲကြည့်။ သူမကိုယ်သူမ ကိုရီးယား မင်းသမီး အွန်စောထက် လှတယ်ဟု ထင်ကာ သူမကသာ ကိုရီး ယားမှာ မွေးခဲ့ပါက အွန်စောတောင် မင်းသမီး ဖြစ်မလာနိုင်ဟု သွေးနားထင်ရောက်ခဲ့သူလည်း ဖြစ်သည်။ လှတပတ ရည်းစား လေး ဖြစ်သော်လည်း သူမရဲ့အရစ်ဒဏ်တွေ၊ ကြီးကျယ်သည့်ဒဏ် တွေကို မခံနိုင်တော့သည့်အဆုံးမှာ သူက သူမ မကြိုက်တာတွေ များများလုပ်ပြလိုက်ခြင်းအားဖြင့် ပြတ်စခန်းသို့ မြန်မြန်ပဲ ရောက် လေတော့တာဖြစ်သည်။

သူ့ရဲ့လက်သုံးစကားအတိုင်း ပြောရလျှင်တော့ ပျင်း လို့ ရည်းစားထားတာ၊ ရည်းစားထားတော့လည်း ပြန်ပျင်းလာ တယ် ဆိုတာပဲ ဖြစ်တော့သည်။ သူက ကားမောင်းနေတုန်းမှာပဲ ဖုန်းကဝင်လာသဖြင့် ဖွင့်နားထောင်လိုက်လျှင် ထုံးစံအတိုင်း ဘော်ဒါတွေဆီက ဖြစ်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြော ... ဟော့ကောင်"

"အေး ... ငါတို့ Coffee Circle မှာ ရောက်နေတယ်။ မင်း ဘယ်နေရာမှာလဲ၊ ဇယားနဲ့လား"

"On the way ပဲ ဟော့ကောင်၊ ဇယားလည်း ခုပဲရှင်းခဲ့ပြီ"

"ဟား ... မိုက်တယ်ကွာ၊ ဒါဆို ဒီကိုရွှေ့ခဲ့တော့လေ၊ ဇယားရှင်းတဲ့ အထိမ်းအမှတ်နဲ့ ဒီဝိုင်းကိုပါ ရှင်းလိုက်ပေါ့"

"ဒီလောက်တော့ သွေးရဲပါတယ်ကွာ၊ အိုခေ ... ရွှေ့ခဲ့ပြီ ယောက်ဖတို့"

"အိုကေ ... အိုကေ ... ဆီးယူ"

သူက ဖုန်းကို ပြန်ပိတ်လိုက်ကာ နိုင်ငံခြားရုပ်ရှင်ကားတွေထဲက မင်းသားတွေအတိုင်း "ရဟူး"ဟု အော်ပြီး လီဗာကို ပို၍ဖိနင်းလိုက်သည်။ အဲဒီမင်းသားတွေ ဘာအဓိပ္ပာယ်နှင့် "ရဟူး"လို့ အော်တတ်သလဲတော့ သူ မသိ။ အင်တာနက်ထဲက Yahoo ! မဟုတ်နိုင်တာတော့ သေချာသည်။ ဖြစ်နိုင်တာကတော့ စိတ်ညစ်နေလျှင်တော့ "ရဟူး"ဟု မအော်နိုင်ပါ။ "ရဟူး"ဟုအော်သော သဘောမှာ မြူးတော့ မြူးနေသည်ဟူသော အဓိပ္ပာယ်ပဲ ဖြစ်နိုင်ပါသည်။

သူ့ကားလေးသည် များမကြာမီမှာပဲ သူငယ်ချင်းတွေနဲ့ ချိန်းဆိုထားရာ Coffee Circle သို့ ရောက်သွားသည်။ သူ ဝင်လာတာကို မြင်သောအခါ သူငယ်ချင်းတွေက လက်တစ်ချက်လှမ်းပြသည်။ အနီးနားသို့ ရောက်သွားသောအခါ လက်ဝါးတွေ





ထောင်ထားသော သူငယ်ချင်းတွေရဲ့လက်တွေကို တဖြောင်းဖြောင်း စီလိုက်ရိုက်ပြီးမှ သူက ခုံတစ်ခုံမှာ ပစ်ထိုင်လိုက်သည်။ လေတစ်ချက်ချွန် ခေါင်းကညိတ်ညိတ်နဲ့ရှိသော သူ့ပုံစံကို သူငယ်ချင်းတွေက တစ်ယောက်တစ်ပုံစံစီ အကဲခတ်နေပြီးမှ ...

"ဘယ်လိုလဲ၊ ဇယားကို ဘယ်လိုရှင်းခဲ့သလဲ"

"ရှင်းခဲ့တဲ့ဇယားက ခင်ကြီးကျယ်လား"

ဘိုဘိုနဲ့ လင်းသက်က သူ့ကို တစ်ပြိုင်နက်လိုလို မေးသည်။ သူက နှစ်ယောက်စလုံးကို ခေါင်းညိတ်ပြလိုက်ပြီးမှ ...

"အေးပေါ့ကွာ၊ ခင်ကြီးကျယ်ပဲပေါ့။ ငါ့ရဲ့လက်ရှိရည်းစားက သူပဲရှိတဲ့ဟာကို။ ဟော့ကောင်တွေ မင်းတို့ ငါ့အကြောင်း မသိတာကျလို့ ..."

ကိုယ်တို့က ရည်းစားကို တစ်ပြိုင်နက် ထားတာမျိုး မလုပ်ဘူး ... နော်"

"One by One ပေါ့"

"ဒါပေါ့ ... ဒါပေါ့"

သူက လက်မတစ်ချက် ထောင်ပြရင်း ဝင်ပြောသော ဠွန်ကို မျက်စပစ်ပြီး ပြုံးပြလိုက်သည်။ ဠွန်က သူ့ပုံစံကို ဟက်ခနဲရယ်ကာ အလှမွေးထားသော မုတ်ဆိတ်ငုတ်စိလေးများကို ပွတ်သပ်ရင်းမှ ...

"ဘာလဲ ... နောက်ထပ် အလန်းဇယားတစ်ခု တွေ့ထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ။ ဘာအလန်းဇယားနဲ့မှ မတွေ့ဘူး။ ဒီမိန်းမနဲ့ ကြာကြာဆက်ဖြစ်နေရင် နားအထူးကုဆီ ပြေးရတော့မှာ သေချာနေလို့"

"ဘာလဲ ... ဖုန်းတွေ ပြောရလွန်းလို့လား။ နားအထူးကုဆီ သွားရမှာ ကြောက်တာလား ...

ဖုန်းဘေလ်တွေ တက်မှာကို ကြောက်တာလား။ ဖုန်းဘေလ် တစ်သိန်းကျော်ရင် မင်းမားသားကြီးက ဖုန်းပြန်သိမ်းမယ် ပြောထားလို့လား"

"မဟုတ်ရပါဘူးကွာ၊ မေမေက လိုချင်ရင် နောက်တစ်လုံးတောင် ထပ်ပေးဦးမှာ။ ဖုန်းဘေလ်ကလည်း အေးဆေးပါကွာ။ အမေရှိရင် ငွေရှိပြီးသားပါ ...

အခုဟာက ခင်ကြီးကျယ်ရဲ့ဒဏ်ကို တကယ်ကို မခံနိုင်တော့လို့။ ဘယ့်နှယ်ကွာ ပျင်းလို့ ရည်းစားလေး ကောက်ထားပါတယ်။ ရစ်တတ်တာမှ ဂျပန်ဝက်အူက ဘွားတော် ခေါ်ရမယ် ...

အာဏာပါဝါကလည်း ဘာပြောသလဲ မမေးနဲ့။ နာဇီနဲ့ဖက်ဆစ် နှစ်ယောက်ပေါင်း ဝင်စားသလား မှတ်ရတယ်။ ဟား ... ကြာတော့ လူက ဓာတ်ပျက်လာတယ်ကွာ။ အဲဒါနဲ့ ..."

"အဲဒါနဲ့ပဲ တစ်ယောက်နဲ့တော့ သွားလေသတည်းပေါ့"



BURMESE CLASSIC .com



သူက ဘာမှမဖြစ်သလို စတိုင်လ်မျိုးဖြင့် ပခုံးတွန့်ပြလိုက်သည်။ ဘိုဘိုက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းနေရင်းမှ ...

"အခုခေတ် မိန်းကလေးတွေကလည်း ခက်တော့ ခက်ပါတယ်ကွာ။ ရည်းစားတစ်ယောက် ရတာနဲ့တင် သူတို့အတွက် အလုံးစုံ ပြီးပြည့်စုံသွားတဲ့ ဘက်စုံကျွန်ကြီး ရလိုက်တဲ့အတိုင်းပဲ။ ရည်းစားရတာနဲ့ ခိုင်းဖို့လောက်က မျက်လုံးထဲ အရင်ပြေးမြင်နေကြတာ"

"ဒါက ခေတ်အဆက်ဆက်က လက်ဆင့်ကမ်း သယ်လာတဲ့ Theory ပဲလေကွာ။ အရင်ခေတ်တည်းက ကောင်မလေးတွေခိုင်းရင် ယောကျာ်းလေးတွေက လက်မှတ်တန်းစီ ပေးတာတို့၊ ကျောင်းလခသွင်းပေးတာတို့၊ မာလာဆောင်ကို မနက်စောစော မုန့်ဟင်းခါး လာပို့တာတို့၊ ညဘက်စာကျက်ရင်း စားဖို့ သောက်ဖို့ လက်ဖက်ရည်နဲ့ ထပ်တစ်ရာ လာပို့ရတာတို့က ဟိုးဘိုးဘေးဘီဘင်ထဲက ရှိခဲ့တာ ...

ဒီတော့ သူတို့ကလည်း ဆရာ ဆရာကြီးများရဲ့ လက်ချာအတိုင်း ယောကျာ်းလေးဆိုရင် ခိုင်းစရာသတ္တဝါ အဖြစ် သတ်မှတ်ကြတာ။ ရည်းစားမဖြစ်ခင်တည်းက ခိုင်းတာ ရည်းစားဖြစ်ပြီးသွားရင်တော့ ပြောမနေနဲ့တော့။

တစ်ခါ တစ်ခါကျတော့လည်း ငါ စဉ်းစားမိတယ်။ တို့ မြန်မာနိုင်ငံက ကောင်တွေပဲ ရည်းစားတာဝန်ကို ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ချုံချုံ ထမ်းရွက်နေရသလားလို့ပါ။ တခြား ဒီအရှေ့တောင်အာရှမှာရော ဒီလိုပဲလားလို့။ ဟို အနောက်ဘက်တွေတော့ ဝေးဝေးလံလံတွေမို့ ငါ မပြောတော့ပါဘူး"

"ဟင်း … မင်းကလည်း စားပြန်ပြီ"

လင်းသက်က သူ မဖြေနိုင်လျှင် အဲဒီအတိုင်းပဲဖြစ်သည်။ သူ စဉ်းစားမရသော မေးခွန်းတွေကို မေးပြီဆိုလျှင် "စား"ပြီဆိုကာ မေးခွန်းဝိုင်းထဲက မသိမသာ ရှောင်ထွက်သွားတတ်သည်။ သူကတော့ ဒါမျိုးဆို ပိုတောင် ကြိုက်သေးသည်။ ရည်းစားတွေထားပြီး ဘာအတွေ့အကြုံ ဗဟုသုတမှ မထုတ်နိုင်လျှင် ညံ့ရာကျသဖြင့် အဲဒီလိုစားသော မေးခွန်းတွေ လာပြီဆိုလျှင် တကယ်ပဲ အစားခံလေ့ရှိသည်။

"တကယ်တော့ ငါ ဖြစ်စေချင်တာက ကောင်မလေးတွေကို နားလည်မှုရှိတဲ့ ငါတို့ကို နားလည်မှုပေးနိုင်တဲ့ မ၀ီလေးတွေ ဖြစ်စေချင်တာ …

သူတို့စိတ်ထဲမှာ ထင်နေတာက ကောင်လေးတွေနဲ့ သူတို့နဲ့ ရည်းစားဖြစ်သွားပြီဆိုရင် သူတို့က အဲဒီဘဲကို အရမ်း Influence လုပ်နိုင်သွားပြီလို့ သူတို့ကိုယ်သူတို့ ထင်ကြတာ။ ပြဿနာက အဲဒီက စ,တာပဲ …

တကယ်တမ်း သူတို့သိရမှာက ရည်းစားနဲ့ သူငယ်ချင်းက ဘာမှမကွာဘူး ဆိုတာကိုပဲ"

"Right ! ။ အဲဒါကို ငါ အပြည့်အဝ ထောက်ခံတယ်"





ဍွန်ရဲ့စကားကို ဘိုဘိုက လက်မတစ်ချက် ထောင်ပြကာ အားရပါးရ ထောက်ခံသည်။ သူကလည်း အဲဒီစကားကိုတော့ စိတ်ထဲက တိတ်တိတ်လေးကျိတ်ပြီး ထောက်ခံလိုက်သည်။ ဍွန်က သူ့စကားကို ထောက်ခံသူရှိသဖြင့် မျက်ခုံးတစ်ချက်ပင့်ကာ ဆက်ပြောသည်။

"သူတို့စိတ်ထဲမှာ ထင်နေတာက ရည်းစားက သူငယ်ချင်းထက် ရာထူးအများကြီး ကြီးတယ်လို့ ထင်နေကြတာ"

"အေး … အဲဒါ ဘာလို့ အဲလိုထင်ကြတာလဲ၊ မသိဘူး"

အစားမခံချင်သော လင်းသက်က ဒါမျိုးကျတော့ သွက်သွက်ကြီး ဝင်မေးသည်။

"မိန်းကလေးတွေက နဂိုတည်းကမှ သူတို့ကိုယ်သူတို့ proud ဖြစ်တဲ့စိတ်က ရှိတယ်လေကွာ။ ပိုက်ဆံချမ်းသာပြီး ရုပ်ချောတဲ့ မိန်းမတွေဆို ပိုဆိုးတာပေါ့။ ဒေါက်ဖိနပ်က အရမ်းမြင့်တော့ မြေကြီးနဲ့ ခြေထောက်နဲ့က မထိတော့ဘူး …

ရည်းစားတစ်ယောက် ရလိုက်ပြီဆိုရင် အဲဒီရည်းစားက သူတို့ကို ပြားပြားဝပ်နေမှ အချစ်စစ်လို့ ထင်နေကြတာ။ အရာရာမှာ သူတို့ကသာလျှင် ဦးစားပေး နံပါတ်ဝမ်းဖြစ်ချင်ကြတာ။ အခုနက ငါပြောခဲ့သလိုပဲ၊ ရည်းစားနဲ့ သူငယ်ချင်းဆိုတာ ဘာမှမကွာဘူး …



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ သူငယ်ချင်းက ရည်းစား ထက်တောင် အရှိန်အဝါကြီးတာ သူတို့ မိန်းကလေးတွေ မသိကြဘူး"

"သူတို့သိအောင် ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုလုပ်ရမှာလဲ၊ ပြောလည်း နားလည်တာမှ မဟုတ်တာ။ ဘော်ဒါတွေကြားထဲမှာကျတော့ စိတ်တူ ကိုယ်တူတွေ ပေါင်းကြတာဆိုတော့ အေးဆေးပဲလေကွာ။ ဘီယာသောက်မလား လာထား။ club သွားမလား၊ နှစ်ခါခေါ်စရာ မလိုဘူး။ ကြိုက်တာ အတူတူ လုပ်၊ ဖော်ကောင်လည်း မရှိဘူး ...

ဘော်ဒါချင်းမှ ရစ်တာ၊ ချုပ်ချယ်တာ၊ ညှော်စီးရိုးစ်ဖွင့်တယ်ဆိုတာ ရှိမှမရှိတာ။ ဒီတော့ လန်းပြီပေါ့။ ရည်းစားကျတော့ အဲဒီအကန့်တွေ အကုန်လုံးကို ပိတ်ထားတယ်။ ဒီတော့ မွန်းပြီပေါ့။ ရည်းစားနဲ့ သူငယ်ချင်းဆိုတာ ဘာမှ မကွာဘူး။ တစ်ခါတလေမှာ သူငယ်ချင်းက ရင်ဘတ်ချင်း ပိုနီးတတ်တယ်"

ဂျွန်ကား ဘယ်တုန်းကများ သုတေသနပြုထားသလဲတော့ မသိ။ သူ သိတာတွေကို တရစပ် ရှင်းပြနေသည်။ သူက တစ်စုံတစ်ရာ ဝင်မပြောသော်လည်း ဂျွန် ပြောတာတွေကိုတော့ ဟုတ်တယ်ဟု စိတ်ထဲက ထောက်ခံနေမိသည်။





"ဒါပေမဲ့ မင်းတို့လည်း ရည်းစားမထားဘဲ မနေနိုင်ဘူး မဟုတ်လား"

လင်းသက်က ဝင်ပြောသည်။ ဂျွန် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ဟုတ်ပါတယ်။ ကြိုက်တာတွေ့တော့လည်း လိုက်ချင် အီချင် တွဲချင်တာပေါ့ကွာ၊ အဲဒါလည်း ဖီလင်တစ်မျိုးပဲလေ၊ ဘော်ဒါတွေနဲ့ကဲရတာကိုလည်း ကြိုက်သလို ချစ်သူနဲ့ ရင်ခုန်ကြည်မွေ့ရတာကိုလည်း ကြိုက်တာပေါ့ ...

ဒါပေမဲ့ ... ရင်ခုန်ကြည်မွေ့ရတာတွေ သိပ်မရဘဲ အရစ်ခံ၊ အညှော်ခံ၊ အနိုင်းခံ၊ အားတိုင်းယားတိုင်း စိတ်ကောက်ပြီး အမြဲတမ်း ချော့နေရရင်တော့ သိပ်မမိုက်တော့ဘူးပေါ့ကွာ။ ရှော့ရှိတာပေါ့ ...

အမှန်တော့ သူလည်း ကိုယ့်ကိုကြိုက်လို့ ရည်းစားပြန်ထားတာပဲ၊ တစ်ယောက်နဲ့ တစ်ယောက် အေးဆေးဆိုကောင်းတာပေါ့ကွာ။ အခုတော့ ဟိုဟာမလုပ်နဲ့ ဒါမလုပ်နဲ့၊ ဟိုဟာချုပ်ချယ်၊ ဒါချုပ်ချယ်နဲ့ သိပ်စိတ်ညစ်ဖို့ကောင်းတယ်"

"ဒါကြောင့်လည်း ဟော့တစ်ယောက် ဟောတစ်ယောက်နဲ့ ရည်းစားတွေ များရတာပါပေါ့ ... ဟုတ်လား"

ဒီမေးခွန်းကတော့ သူ့ကို ဦးတည်ပြီး မေးလာခဲ့တာဖြစ်သည်။ သူက ကိုယ်ကို အကျောဆန့်ကာ ဆိုဖာပေါ်သို့ ပျင်းတိ ပျင်းရွဲ မှီချလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးကွာ၊ ပြောတတ်တော့ပါဘူး။ သားက များချင်လို့ များတာ မဟုတ်ပါဘူး၊ ကောင်မလေးတွေက မကောင်းတာပါ။ ဟဲ ... ဟဲ ...

ခုလောလောဆယ်တော့ ခင်ကြီးကျယ်တစ်ယောက်နဲ့တင် ရည်းစားထားဖို့ စိတ်ကုန်နေတယ်ကွာ။ တစ်ယောက်တည်း အေးဆေးနေလိုက်ဦးမယ်"

"တစ်ယောက်တည်း အေးဆေးနေမယ့် အထိမ်းအမှတ်နဲ့ ဒီဝိုင်းကို မင်း ရှင်းလိုက်တော့ကွာ"

သူက ဘိုဘိုရဲ့စကားကို နှုတ်ခမ်းတစ်ချက်မဲ့ကာ ပခုံးတွန့်ပြလိုက်သည်။ ဒီကောင်တွေလိုပဲ သူကလည်း သူငယ်ချင်းတွေကို သံယောဇဉ်ရှိသောသူ ဖြစ်သည်။ သူ့ဘဝမှာတော့ ရည်းစားနဲ့ သူငယ်ချင်း လမ်းခွဲဆုံကာ ရွေးရတာတော့ မဖြစ်ဖူးသေးပါ။ သူ တွေ့ဖူးသမျှ ခင်ကြီးကျယ်တွေသာ ဖြစ်သောကြောင့် သူသည် နောက်တစ်ခါ ရည်းစားထပ်ထားဖို့ အရေးကိုတော့ နည်းနည်း ပျင်းရိထိတ်လန့်နေသည်ဆိုတာ ဝန်ခံရပေမည်။

♥ ➡ ♥





## ၂

"လေးဖေရေ ... ထမင်းစားမယ်လေ"

"အေး ... အေး"

မာန်က အိမ်ပေါက်ဝကနေပြီး လှမ်းအော်လိုက်သော်လည်း လေးဖေသည် အေးအေးသာ ပြန်အော်လျက် ဦးခေါင်းကကားစက်ဖုံးထဲသို့ ငုံ့ပြီးနှိုက်တုန်း။ သူ့တပည့်တစ်ယောက်ကိုလည်း ပါးစပ်ကနေ တတွတ်တွတ်နဲ့ ဘာတွေပြောမှန်းမသိပြောကာ သင်ပြနေသေးသည်။ မာန်သည် အဲဒီမြင်ကွင်းကိုကြည့်ကာ နှုတ်ခမ်းကို တစ်ချက် တင်းတင်းစေ့မိသည်။ လေးဖေဟာ အဲဒီအတိုင်းပဲ ထမင်းစားချိန်တွေကို ဘယ်တော့မှ ဂရုမစိုက်တတ်။ ကားပြင်နေရမည်ဆိုလျှင် ထမင်းမေ့ ဟင်းမေ့ဆိုသော အစားထဲကဖြစ်သည်။ ဒါကြောင့်လည်း အစာအိမ်က ဖြစ်ချင်နေပြီ။

မာန်က တွေးမိလျှင် ပိုစိတ်တိုလာကာ နောက်ထပ်တစ်ခါ ထပ်အော်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေးဖေရေ ... မာန်ခေါ်နေပြီနော်၊ ထမင်းစားမယ်ဆို"

"အေးပါ ... လာခဲ့ပါမယ်။ စားနှင့်လေ မာန်လေးရဲ့"

"ကျွတ်"

မာန်က ဆက်မပြောတော့ဘဲ အိမ်ပေါ်ကနေ ဆိုးဆိုးဆတ်ဆတ် ဆင်းသွားကာ လေးဖေရဲ့အနားသို့ ရောက်သွားသည်။ လေးဖေရဲ့လက်ကို ဆောင့်ဆွဲလိုက်လျှင် လေးဖေက အလန့်တကြားနှင့် တန်းလန်းကြီး ပါလာသည်။

"ဟာ ... ဟေ့ ... ဟေ့"

"ခေါ်နေတာကြာပြီ လေးဖေရာ၊ သမီး စိတ်မရှည်တော့ဘူးနော်။ ပြီးမှ လုပ်လည်းရတဲ့ဟာကို၊ အလကားသက်သက် ရောဂါအဖြစ်ခံပြီး ကိုယ့်ဒုက္ခ ကိုယ်ရှာနေတယ် ...

သမီး စိတ်ဆိုးတော့မှာနော်"

"ဩော် ... စိတ်မဆိုးပါနဲ့ သမီးရာ။ ဒီကားက သုံးနာရီ လာယူမယ် ပြောထားလို့ပါ၊ ပြီးပါပြီ၊ သမီးကလည်း ဆာရင် စားနှင့်ပေါ့"

"သမီး ဆာလို့ ပြောနေတာ မဟုတ်ဘူး။ လေးဖေ အဆာခံပြီး အလုပ် လုပ်နေတာကို မကြိုက်တာ၊ ဒီမှာ ထမင်းစားချိန်လည်း ကျော်နေပြီ ...

ထမင်းလေး ခဏစားလိုက်တာ ဘာဖြစ်သွားမှာမို့လို့လဲ။ စားပြီးရင်လည်း ဆက်လုပ်လို့ ရတာပဲဟာကို။ လေးဖေကို သမီး မကြိုက်တာ အဲဒါတွေပေါ့။ အရင်နေ့





တွေဆို ဘယ်လောက်တောင်များ ထမင်းစားချိန်တွေ ပျက်မလဲ အရမ်းသိသာတယ်"

"အေးပါကွာ ... အေးပါ ... လာပါပြီ။ သန်းအောင်ရေ အဲဒါကို မင်းပဲ ဆက်ကိုင်ထားလိုက်တော့၊ ငါ စိတ်ချမယ်နော် ...

ပြီးရင် မင်းလည်း ထမင်းစားတော့။ ကဲ ... လာ၊ စားမယ် ... စားမယ်"

လေးဖေက မာန့်ရဲ့ပခုံးကိုဖက်ကာ အိမ်ထဲသို့ ဦးတည်ပြီး ခေါ်လာလျှင် မာန်က မကျေနပ်သော မျက်စောင်း တစ်ချက်ကို အသာထိုးမိသည်။ လေးဖေက မာန့်ရဲ့ပုံစံကို သဘောတကျနှင့် တဟားဟား အော်ရယ်သည်။ ထမင်းစားပွဲဝိုင်းမှာ ဝင်ထိုင်တော့မည့် လေးဖေကို မာန်က ဖွတ်တွန်းထုတ်ကာ ...

"လက်ဆေးဦးလေ၊ လေးဖေ သိပ်ညစ်ပတ်တာပဲ၊ ခုနကပဲ ကားနှိုက်လာတယ် ... ဟွန်း"

"ဩော် ... သမီးကလည်း၊ လေးဖေက ဇွန်းနဲ့စားမှာပဲဟာ"

"သိဘူး။ ဇွန်းနဲ့စားလည်း လက်ဆေးရမှာပေါ့။ လေးဖေ လက်က သန့်မှမသန့်တာ။ လေးဖေနော် ... အဲလိုစည်းကမ်း မရှိတာတွေကို မကြိုက်ပါဘူး"

"ဟား ... ဒီ ဆရာဝန်မကြီးကတော့ကွာ၊ သိပ်ကြီးကျယ်တာပဲ။ ဆရာဝန်တောင် မဖြစ်သေးဘူး။ ကြီးကြီးကျယ်ကျယ်တွေက စပြီ ...



www.burmeseclassic.com

www.burmeseclassic.com



အေးပါ ... အေးပါ ... ဆေးပါ့မယ်၊ ဟား ဟား ...
သူ့ထမင်းလေး တစ်ခါစားရဖို့ အရေးကို"

"ဆပ်ပြာနဲ့ ဆေးခဲ့နော်"

မာန်က တစ်ချက်အော်ရင်း ထမင်းပန်းကန်ထဲသို့ ထမင်းခူးထည့်လိုက်သည်။ လေးဖေ ပြန်ရောက်လာသောအခါ ထမင်းဝိုင်းက အဆင်သင့် ဖြစ်လို့နေပြီ။ လေးဖေက ထမင်းဝိုင်းကို ဝေ့ဝဲကြည့်ကာ ဗိုက်ကိုပွတ်ရင်း ပြောသည်။

"အားပါး ... ဟင်းတွေက စားချင်စရာတွေပါလား။ မြင်တာနဲ့တောင် ဗိုက်ဆာလာပြီ။ ဒီနေ့တော့ ငါ့သမီးလေး လက်ရာနဲ့ ဗိုက်ကားပြီပေါ့"

"ဟွန်း ... အဲဒါကြောင့် ခုနတည်းက စားရအောင်ပါ၊ စားရအောင်ပါ ခေါ်နေတော့ တော်တော်နဲ့ တက်မလာနိုင်ဘူး။ လေးဖေနော် ... သမီး ကျောင်းသွားတဲ့နေ့တွေမှာလည်း ဒီလိုပဲ စားချင်တဲ့အချိန်မှာစားပြီး အစာအိမ်ထိ ဗိုက်တွေအောင့်အောင့်နေတာ မဟုတ်လား ...
သိပ်မပြောချင်တော့ဘူး"

"အေးပါ ... သိပ်မပြောချင်လည်း ပြောမနေပါနဲ့တော့၊ နားအေးအေးလေးနဲ့ စားပါရစေဦး"

မာန်က မျက်စောင်းတစ်ချက်ထိုးကာ လေးဖေရဲ့ ပန်းကန်ထဲသို့ ကြက်ရင်အုပ်တစ်တုံး ဦးချလိုက်သည်။ ဟင်းတွေက ကြက်သားနဲ့အာလူးဆီပြန်၊ ပဲနီလေးဟင်းချိုနှင့် သရက်သီး





အစိမ်းသုပ်၊ ဘာလချောင်ကြော်တို့ ဖြစ်သည်။ ဒီလို ဖွယ်ဖွယ်ရာရာ ဟင်းလေးများကို လေးဖေ ခမျာ မာန် ကျောင်းပိတ်ရက်ဖြစ်သော စနေ တနင်္ဂနွေနေ့မျိုးတွေမှာသာ စားနိုင်ရှာသည်။ ကျန်နေ့တွေမှာတော့ ကျောင်းတစ်ဖက်နှင့်ဖြစ်သော မာန်ကလည်း လွယ်လွယ်ချက်၍ အဆင်ပြေသော အသားကြော်တစ်မျိုးမျိုးနှင့် အရွက်ကြော် တစ်ခုခုကို စီစဉ်တာ များသောကြောင့် စားရတာ သိပ်စိုစိုပြည်ပြည် မရှိလှ။ မာန်သည် နံနက်စောစော စာထကျက်ကာ စာကျက်ရင်းနဲ့ ထမင်းဟင်းချက်ပြုတ်တတ်သူဖြစ်သည်။

ပြီးတာနှင့် ကျောင်းသွားဖို့ ပြင်ဆင်ကာ နံနက်စောစော ကျောင်းသို့ပြေးရပြီဖြစ်သည်။ ကျောင်းမသွားခင်မှာ လေးဖေ စားဖို့ ထမင်းကြော်နဲ့ ကော်ဖီကို ဓာတ်ဘူးထဲမှာ ဖျော်ထည့်ခဲ့ပေးပြီးသားလည်း ဖြစ်သည်။ နှစ်ယောက်ပေါင်းမှ တစ်ဘဝတည်းသာဖြစ်သော လေးဖေနဲ့ မာန်တို့သည် တစ်ယောက်နဲ့တစ်ယောက် အင်မတန် သံယောဇဉ်ကြီးကြသော တူဝရီးလည်း ဖြစ်ကြသေးသည်။ တကယ်တော့ တူဝရီး ဆိုတာထက် သားအဖဆိုတာက ပိုမှန်လိမ့်ဦးမည်။ ငယ်စဉ်ကတည်းက မိဘတွေဆုံးပါးသွားခဲ့သော တူမလေးကို တစ်နှစ်သမီး အရွယ်ကပင် စောင့်ရှောက်တာဝန်ယူခဲ့သော လေးဖေသည် မာန့်အတွက်တော့ ဖခင်ရင်းတစ်ယောက်လိုပဲဖြစ်သည်။ တွယ်တာစရာ ဘာတစ်ခုမှမရှိသော ကမ္ဘာ ကောင်ကြွက်ဘဝတွင် တစ်ယောက်နဲ့ တစ်ယောက်သာ အမှီပြုပြီး နေထိုင်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ... ထမင်းနဲ့ဟင်းက စားလို့ကောင်းလိုက်တာကွာ၊ ဟား ... ဒီလို ဖွယ်ဖွယ်ရာရာလေး နေ့တိုင်းစားရအောင် မိန်းမတစ်ယောက်လောက် ယူလိုက်မှနဲ့တူတယ်၊ ဟား ... ဟား"

"လေးဖေနော်"

မာန်က မျက်စောင်းထိုးကာ နှုတ်ခမ်းစူပြီးပြောလျှင် လေးဖေက တဟားဟားနဲ့ အော်ရယ်သည်။ ဒီလို စနောက်နေမှု မျိုးသည် မာန် လူမှန်းသိတတ်စ အရွယ်တည်းက ရှိခဲ့တာဖြစ်သော်လည်း ဒီကိစ္စနဲ့ ပတ်သက်လာလျှင် မာန်သည် နည်းနည်းမှ ဆတ်ဆတ်ထိမခံတတ်ချေ။ အဲဒီလို အထိမခံနိုင်အောင်လည်း မာန်ရဲ့လေးဖေက ခုချိန်ထိ မိန်းမတွေရဲ့ စိတ်ဝင်စားမှုကို ခံရဆဲဖြစ်သော ပုဂ္ဂိုလ်ကြီးတစ်ယောက်လည်း ဖြစ်သေးသည်။

မာန့်ဖေဖေရဲ့ ညီငယ်ဖြစ်သော လေးဖေသည် အခုမှ အသက်လေးဆယ်ထဲသို့ ဝင်ကာစဖြစ်ကာ လေးဆယ်ဟု မထင်ရအောင်လည်း နုပျိုကြံ့ခိုင်သူ ဖြစ်သေးသည်။ ဆေးလိပ်နဲ့အရက်ကိုရှောင်ကာ ရေချိုးခါနီးတိုင်း ဒိုက်ထိုး၊ အလေးမ၊ ဘယ်ရီရိုက်စသဖြင့် ချွေးထွက်အောင် ဆော့ကစားတတ်သူမို့ ကိုယ်ခန္ဓာအချိုးအစားမှာ ခုခေတ် လေးဆယ်တန်းတွေလို အဆီတစ်ထပ် အသားတစ်ထပ် မဟုတ်ဘဲ ခြောက်ပေနီးပါးရှိသော အရပ်အမောင်းနဲ့ အညီ အင်မတန် ကြည့်ကောင်းသော ပုံစံကို ပိုင်ဆိုင်ထားသူဖြစ်သည်။





အရင်တည်းက Country Style တွေကို ကြိုက်တတ်သော လေးဖေမှာ ဝတ်လိုက်လျှင်လည်း တကယ့်ကို Country ဒီဇိုင်း။ ရှပ်အင်္ကျီကို လက်ခေါက်ဝတ်ကာ ဂျင်း(န်)ဝတ်သော လေးဖေကို ခုချိန်ထိ တိတ်တခိုး မျှော်လင့်နေကြသော အပျိုတွေကလည်း ရှိသေးသည်။ ကားပြင်နေတဲ့ အချိန်တွေမှာ စွပ်ကျယ်တစ်ထည်နှင့် ခပ်မွဲမွဲဂျင်း(န်)တစ်ထည်ကို ဝတ်ထားတာကိုက တကယ့်ကို ဘရက်ပစ်လိုလို ဘာလိုလိုဖြင့် စတိုင်လ်က ဝင်နေတတ်သေးသည်။ ဒါကြောင့် မာန်ကဆိုလျှင် လေးဖေကို ဘယ်တော့မှ စိတ်မချ။ တစ်ဖက်ခြံက အပျိုကြီးဆိုလျှင် လေးဖေကို ရေရေလည်လည် ချိန်ရွယ်နေတာကို သိသောကြောင့် မျက်နှာကြောကို တင်းထားရတာဖြစ်သည်။ ဒါတောင် မာန် ကျောင်းသွားနေတဲ့အချိန်တွေမှာ လေးဖေကို ဟင်းတွေ ဘာတွေ ပို့ပြီး ကပ်နေတာကို မာန်က ပြန်ကြားထားရသေးသည်။

"ဘာလဲ ... လေးဖေက ဟိုဘက်အိမ်က အပျိုကြီးရဲ့မာယာစက်ကွင်းအောက်ကို ပါသွားပြီလား"

"အာ ... ဒီကောင်မလေး။ သူများကို ဘာတွေလျှောက်ပြောနေတာလဲ။ မဟုတ်က ဟုတ်ကတွေ"

"ဘာမဟုတ်က ဟုတ်ကရမှာလဲ။ အဲဒီ အပျိုကြီးက လေးဖေကို ကြိုက်နေတဲ့ဥစ္စာများ။ မာယာစက်ကွင်းဆိုတာ တခြားဟာကို ပြောတာမဟုတ်ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တစ်နေ့ လေးဖေစားဖို့ ဟင်းစားလေးတွေ ပို့ပို့ပေးနေတာ မသိဘူးများ ထင်နေလား။ ဒီမှာ စကား တစ်ခု ရှိတယ်နော် လေးဖေ ...

ယောက်ျားတို့၏နှလုံးသားသို့ အချစ်သည် အစာအိမ် လမ်းကြောင်းမှတစ်ဆင့် ဖြတ်သန်းသွားလာ၏တဲ့။ သူတို့ လို ဒိတ်အောက်နေတဲ့ အပျိုကြီးတွေအတွက်တော့ ဒီလို ရှယ်ဟင်း ရှယ်အစားအစာတွေနဲ့ပဲ လေးဖေကို ဆွဲဆောင် တော့မှာပေါ့"

"ဟား ဟား ဟား ... ငါ့သမီးကတော့ကွာ၊ ဟိုက ဒီစကားတွေကြားရင်တော့ တက်သေတော့မှာပဲ။ ဒီလိုလည်း မဟုတ်ပါဘူး။ သမီးကိုလည်း ခင်ရှာတယ် မဟုတ်လား"

"အို ... ဒါကအသားလိုလို့ အရိုးတောင်းတာပါ"

"ဟုတ်လား ... လေးဖေက အသားကြီးပေါ့"

မာန်က လေးဖေကို မျက်စောင်းတစ်ချက်ထိုးလိုက် လျှင် လေးဖေက သဘောတကျဖြင့် မာန့်ရဲ့ဦးခေါင်းကို လှုပ်ယမ်း ကာ ဟားတိုက်ရယ်မောသည်။ ပြီးတော့ ထမင်းကို အားရပါးရ စားလေသည်။

စားရင်းမှနေ၍ ခေါင်းတစ်ချက်ဆတ်ကာ တစ်စုံ တစ်ရာကို သတိရသွားသော ပုံစံဖြင့် ...

"အင်း ... သမီးလည်း Part I တောင် တက်နေပြီဆိုတော့ လေးဖေက ကျောင်းကို ကားလေးနဲ့သွားစေချင်တာ။





အဲဒါ အခု ရှိနေတဲ့ Light truck ကို ဆလွန်းလေးနဲ့လဲရင် ကောင်းမလားလို့ စဉ်းစားနေတာ သမီးရဲ့ ...

သမီးရဲ့သဘောကရော ဘယ်လိုရှိလဲ"

မာန်တို့အိမ်မှာက လုပ်ငန်းအတွက် အကြမ်းသုံးသည့် Light truck တစ်စီး ရှိလေရာ ဘယ်ကိုပဲသွားသွား ဒီကားတစ်စီး ကိုသာ လှည့်ပတ်သုံးနေကြရတာ ဖြစ်သည်။ မာန်သည် ကားမောင်း သင်ခဲ့တော့လည်း အဲဒီကားနဲ့ပဲ သင်ခဲ့သည်။ လေးဖေသည်လည်း ဘယ်သွားသွား ဒီကားတစ်စီးနဲ့သာ။ အကြမ်းရော အနုရော နှစ် မျိုးလုံး သုံးခဲ့တာဖြစ်သည်။

မာန်က ကျောင်းစတက်တည်းကလည်း အသက် မပြည့်သေးတာကြောင့် ကားမယူခဲ့သလို ကျောင်းကားပဲစီးခဲ့ တာကြောင့် အခုချိန်မှာတော့ လေးဖေက မာန့်ကို သူများ ဆေး ကျောင်းသူလေးတွေလို ဇိမ်ခံကားလေးတွေ လှလှပပ ကြွကြွရွရွ မောင်းကာ ကျောင်းသွားစေချင်ပြီဖြစ်သည်။

"နေပါစေ လေးဖေရယ်၊ ဆလွန်းဆိုရင် ထပ်ပြီးအလိုက်ပေး နေရမှာပေါ့။ ဒီကားလည်း အဆင်ပြေနေတာပဲဟာ၊ လဲ မနေပါနဲ့၊ သမီးက ဆလွန်းလည်း မစီးချင်ပါဘူး ...

ဒီကားလည်း မောင်းလို့ဖြစ်နေတာပဲဟာ၊ ဒီဂျားပဲ သုံးပါ့မယ်"

"ဟင်း ... သမီးကလည်း၊ သမီးနဲ့ ဒီကားနဲ့ မလိုက်ပါဘူး။ ဆရာဝန်မလေးတန်မဲ့နဲ့ ကားကြီးက အကြမ်းပတမ်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... လေးဖေကလည်း အရေးမပါတာတွေ ထည့်ပြောပြန်ပြီ။ ကားက အဓိကလား၊ ဆေးကုတတ်တဲ့ပညာက အဓိက,လား"

"အေးပါ၊ ဆေးကုတတ်တဲ့ ပညာက အဓိကပါ။ ဒါပေမဲ့ လေးဖေကတော့ သမီးကို တစ်ခုခုတော့ လုပ်ပေးချင်တာ...

သမီး ဟန်းဒ်ဖုန်း ယူမလား။ သမီးလည်း လိုအပ်တာပဲ မဟုတ်လား"

ဒီတစ်ခါလည်းပဲ မာန်က ခေါင်းတခါခါ လည့်တခါခါဖြင့် ငြင်းဆန်သည်။ လေးဖေကပင် ထမင်းစားနေရင်း တန်းလန်းမှ မာန့်ကို မျက်မှောင်ကြုတ်ကြည့်သည်။

"မယူချင်ပါဘူး လေးဖေရာ။ သမီးအတွက် လိုလည်းမလိုအပ်ပါဘူး။ အဲဒါမျိုးတွေ ဝါသနာမပါတာ လေးဖေလည်း သိလျက်သားနဲ့ ...

လေးဖေနော် ... သူပဲ သမီးကို လူသားဆန်ဆန် နေတတ်ရမယ်လေး ဘာလေးနဲ့ သူပဲ ဒီအထာတွေဝင်အောင် လေ့ကျင့်ပေးခဲ့ပြီးတော့၊ အခုကျမှ ဆလွန်းကားလေး စီးပါလား၊ ဟန်းဒ်ဖုန်းလေး ကိုင်ပါလားနဲ့ ဘာတွေလိုင်း ပြောင်းချင်နေရတာလဲ"

မာန်ရဲ့မကျေနပ်သလို ပွစိစိ အပြောကို လေးဖေက ထမင်းသီးမတတ် အားရပါးရ အော်ရယ်သည်။ တကယ်လည်း လေးဖေက မာန့်ကို အဲဒီပုံစံဝင်အောင် ငယ်ငယ်လေးတည်းက





ပုံသွင်းခဲ့သူဖြစ်သည်။ ဒါကြောင့် မာန်ရဲ့ပုံစံဟာ တခြားမိန်းကလေးတွေနဲ့ သိပ်မတူချေ။ တခြားမိန်းကလေးတွေနဲ့ စိတ်ဓာတ်၊ ခံယူချက်၊ နေပုံထိုင်ပုံတွေကအစ တသီးတခြားဆီ ခွဲထွက်နေလေ့ရှိသည်။ လေးဖေက ပကာသနတွေကိုမုန်းကာ ဘဝဆန်သောခံယူချက်နှင့် နေတတ်သူမို့ မာန်သည်လည်း အဲဒီစိတ်ဓာတ်အတိုင်း တစ်ပုံစံတည်း ထွက်လာခဲ့သည်။

ခေတ်၏သမီးပျိုတစ်ယောက် ဖြစ်သော်လည်း မာန်သည် ဆံပင်ဖြောင့်ဖို့ စိတ်မဝင်စား၊ လက်သည်းအလှပြင်ဖို့စိတ်မဝင်စား၊ နောက်ဆုံးပေါ် အဝတ်အစားဒီဇိုင်း ဝတ်ဖို့ စိတ်မဝင်စား၊ ကျောင်းကို သူများမိန်းကလေးတွေလို ဖက်ရှင်ကျကျ ဝတ်စားဆင်ယင်ကာ ဖုန်းပြောလျက် ကားလှလှလေး မောင်းသွားဖို့ စိတ်မဝင်စားချေ။ မိန်းကလေးတစ်ယောက်အဖို့ အများအမြင်မှာ သပ်ရပ်တင့်တယ်စွာ ကြည့်ကောင်းရုံ ဝတ်စားထားလျှင် တော်ပြီဟု ယူဆထားသောသူ ဖြစ်၏။

ဆရာဝန်လောင်းတစ်ယောက်ပီပီ ကျန်းမာသန့်ရှင်းရေးကိုတော့ အထူးဂရုစိုက်တတ်သူဖြစ်သည်။

ဒါကြောင့် မာန်ရဲ့မျက်နှာပေါ်တွင် မိတ်ကပ်ရောင်စုံတို့ကို ဘယ်တော့မှ မတွေ့ရ မမြင်ရတတ်ချေ။ နို့ရည်ခပ်ပါးပါး လိမ်းကျံထားသော မျက်နှာလေးသည် ပင်ကိုသဘာဝအလှကိုက မာန့်ကို အပြတ်အသတ် ပံ့ပိုးပေးထားပြီးဖြစ်သည်။ ထူထဲသော စင်ရော်တောင်လို မျက်ခုံးမည်းမည်းများနှင့် ရွှန်းလဲ့သောကပ



www.burmeseclassic.com

www.burmeseclassic.com



သော မျက်ဝန်းများကို တောက်ပလွန်းအားကြီးသောကြောင့် ကာယကံရှင် ကိုယ်တိုင်ကကို စိတ်ပျက်နေရတာ ဖြစ်လေသည်။

ဆယ်တန်းလောက်တည်းက ထူထဲလှပစွာ ကော့ညွတ်နေကြသော မျက်တောင်မွေးကြီးများကို ကောင်လေးတွေက တခုတ်တရ အမွှန်းတင်ကာ ရည်းစားစာထဲ ထည့်ရေးလေတိုင်း စိတ်တိုလွန်းကြီးစွာဖြင့် ကတ်ကြေးနဲ့ ကိုက်ညှပ်ပစ်ခဲ့တာလည်း ခဏ ခဏပဲဖြစ်သည်။ ဒါပေမဲ့ ကတ်ကြေးနဲ့ညှပ်လေ၊ မျက်တောင်မွေးတွေက ထူထဲကာ ပိုမိုကော့ညွတ်လေ ဖြစ်တာကြောင့် အဲဒီကိစ္စကို လက်လျှော့ထားလိုက်ရတော့သည်။ ပြောရလျှင်တော့ မာန်သည် အလှအပကို သိပ်စိတ်မဝင်စားသော ကောင်မလေးတစ်ယောက်သာ ဖြစ်ပါသည်။

အလှအပတင် စိတ်မဝင်စားတာ မဟုတ်၊ ပကာသနဟု ထင်ရသော အပိုကိစ္စတွေကိုလည်း စိတ်မဝင်စားတတ်သူဖြစ်သည်။

"လိုင်းပြောင်းချင်တာ မဟုတ်ပါဘူးကွာ။ ဟိုတုန်းကတော့ ငယ်စိတ်နဲ့ဆိုတော့ လေးဖေရဲ့သမီးကိုလည်း လေးဖေလို စိတ်မျိုးဖြစ်လာအောင် လေ့ကျင့်ပေးတဲ့သဘော ဖြစ်သွားတာပါ ...

အခုကျတော့ လေးဖေလည်း သမီးအတွက် စဉ်းစားပေးလာတဲ့သဘောပါ။ သမီးကို သူများမိန်းကလေးတွေလိုပဲ လှလှပပ ကြွကြွရွရွလေး ဖြစ်စေချင်တာပေါ့၊ သမီးက





နီစွစွစ ကျောင်းတက်နေရတာဆိုတော့ ဟန်းဒ်ဖုန်းလည်း လိုမှာပေါ့"

"မလိုပါဘူး လေးဖေရယ်။ ကိစ္စတစ်ခုခုရှိလို့ ဆက်ချင်လည်း P.C.O တွေ ပြည့်လို့ပါ။ ဟန်းဒ်ဖုန်းတွေက အရေးအကြောင်းဟယ် ခေါ်ချင်ပြီဆိုလည်း လိုင်းက မိချင်မှမိတော့တာ ...

ကဲပါ ... သမီးအတွက် လေးဖေ ဘာမှမစဉ်းစားနေနဲ့တော့ ...

သမီး အားလုံး အဆင်ပြေတယ်။ ကားလည်း မလဲနဲ့။ ဟန်းဒ်ဖုန်းလည်း ဝယ်မပေးနဲ့။ လေးဖေသာ ကိုင်ချင်ရင် ကိုယ့်ဟာကိုယ် ဝယ်ကိုင်။ သမီးကတော့ ခြူဆွဲသလို ဖြစ်နေတဲ့ ဖုန်းတွေ သဘောလည်းမကျဘူး။ ဒီအတိုင်းလေးပဲ အဆင်ပြေတယ် ...

အိုကေနော်"

မာန်က လက်ညှိုးနှင့် လက်မကို ဝိုင်းကာ ပြုံးစစနှင့် မေးဆတ်ပြလိုက်လျှင် လေးဖေက ဟုတ်ပါပြီ ဟူသော သဘောမျိုးဖြင့် ခေါင်းညိတ်ပြသည်။

"သမီး လာမယ့်မန်းဒေးကစပြီး ကားယူသွားမယ်။ ဒါကလည်း မနက်ခင်းအစော Class ရှိလို့ပါ။ အမြဲတမ်းတော့ မယူချင်ဘူး။ လမ်းတွေမှာလည်း use to ဖြစ်အောင်လို့"

"အိုကေပါ ... အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးရော ... ကဲ ... ထမင်းထပ်ထည့်ဦးလေ၊ မထည့်တော့ဘူးလား"

"ထည့်မှာပေါ့၊ သူကဖြင့် ထည့်မပေးဘဲနဲ့များ"

"ဟင်း ... ဖြစ်ရတယ်"

မာန်ရဲ့စကားကို လေးဖေက တဟက်ဟက်ရယ်မောသည်။ အဲဒီလိုပဲ နှစ်ယောက်ပေါင်းမှ တစ်ဘဝဖြစ်သော မာန်နဲ့ လေးဖေတို့ရဲ့ ဘဝတွေသည် တစ်ယောက်နဲ့တစ်ယောက် နွေးထွေးစွာ ဂရုစိုက်ခြင်းတွေနဲ့သာ ရှင်သန်နေထိုင်ခဲ့ကြတာဖြစ်သည်။ လေးဖေကလည်း ကားပြင်နေရလျှင် ကျန်တဲ့အစိတ်အပိုင်းတော်တော်များများကို မေ့ထားတတ်သူ ဖြစ်သလို မာန်သည်လည်း များပြားရှုပ်ထွေးလှသော ဆေးကျောင်းက စာတွေထဲမှာပဲ စိတ်ဝင်စားမှု အာရုံတွေကို နှစ်ထားတတ်သူဖြစ်သည်။

သာမန်ကြည့်လျှင်တော့ ရိုးစင်းကာ ပျင်းစရာကောင်းသည့် နေထိုင်မှုဘဝပုံစံဟု သတ်မှတ်ရကောင်းသော်လည်း အဲဒါကိုက ကြည်နူးစရာကောင်းသော ဘဝရဲ့နေထိုင်မှုပုံစံဟု မာန်တို့တူဝရီးသားအဖ နှစ်ယောက်စလုံးက လက်ခံထားခဲ့ကြသည်။

♥ ➡ ♥





## ၃

ရွှေစုးဝါးဝါးထ၍ အော်ဟစ်လိုက်သော နှိုးစက်သံကြောင့် သူဟာ ရုတ်တရက် လန့်၍နိုးလာခဲ့သည်။ ပထမတော့ နှိုးစက်ကိုပိတ်ကာ ပြန်အိပ်ဦးမလို့ပင်။ နောက်တော့မှ ဒီနေ့ဟာ သူ့အမေထံက မုန့်ဖိုးတောင်းရမည့်ရက်ဆိုတာ သတိရလျှင် သူက အိမ်ရာထက်ကနေ၍ ခပ်သွက်သွက် ထမိသည်။ အိပ်ရာကနေထပြီးနောက် တစ်ကိုယ်ရည် သန့်ရှင်းရေးကိစ္စ ပြီးသွားသောအခါ Breakfast စားဖို့ရာအတွက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ မီးဖိုခန်းထဲတွင် သူ့အမေက ရောက်ရှိနေကာ အလုပ်သမားတွေကို ညွှန်ကြားနေလျက် သူ ဝင်လာတာကို မမြင်ဘဲ နောက်ကျောပေးထားသည်။

"ဒေါ်မြရေ ... နေမြဲကို သွားနှိုးပါဦး။ ညက ဘယ်နှနာရီမှ အိပ်လည်းတော့ မသိဘူး၊ အဲဒီကလေးတစ်ယောက်ဟာလည်း ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကလေးတစ်ယောက်ဟာလည်း ဘာဖြစ်လဲ"

သူက သူ့အမေရဲ့ ကုပ်ပိုးအိအိလေးကို တစ်ချက်ဖျစ်ညှစ်ကာ ပြောလိုက်လျှင် "ဟဲ့ ... ပလုတ်တုတ်"ဟူသော ယောင်သံလေးနှင့်အတူ သူ့အမေက လှည့်ကြည့်သည်။ ပခုံးကျော်ရုံ့ ခွေနွဲ့ဖွာ ကောက်ထားသော ဆံနွယ်များကို ညှပ်ကလစ်တစ်ခုဖြင့် ပင့်တင်ရင်း အရောင်အသွေး အဆင်လှလှ စပန့်ချ်ဂါဝန်ကြီးတစ်ထည်ကို ဝတ်ဆင်ထားသော သူ့အမေသည် လေးဆယ်ဟု မထင်ရလောက်အောင် နုပျိုချောမောသူဖြစ်သည်။

မသိလျှင် သူတို့နှစ်ယောက်ကို ခေတ်ဆန်ဆန်မောင်နှမနှစ်ယောက် သို့မဟုတ် တွဲဝရီးနှစ်ယောက်ဟုသာ ထင်ကြပါသည်။

"သြော် ... နီးပြီကိုး ကိုယ်တော်လေးက၊ ကဲ ... ကဲ ... ထိုင်။ အဲဒီမှာ သားအကြိုက် နံရိုးပေါင်း လုပ်ထားတာမို့ သွားနိုးခိုင်းနေတာ ...

မင်းသားက ဒီနေ့ ဝီရိယတွေ ဘာတွေ ကောင်းလို့ပဲ။ ညက ဘယ်နှနာရီအိပ်လဲ သား"

"အင်း ... ဆယ့်နှစ်နာရီကျော်လောက်နဲ့ တူတယ်"

သူက ထိုင်ခုံမှာ ဝင်ထိုင်ရင်း ဖြေလိုက်လျှင် ကောင်မလေးတစ်ယောက်က သူ့ရှေ့သို့ ကော်ဖီတစ်ခွက် လာချပေးသည်။ ခဏကြာတော့ သူ့အမေက သူ့ရှေ့သို့ နံရိုးပေါင်းပန်းကန်ကို ချပေးသည်။ သင်းပျံ့မွှေးနေသော စားချင်စဖွယ်





နံရိုးပေါင်းပန်းကန်သည် သူ့အစာအိမ်ကို တစ်ချက်လှုံ့ဆော်သွားသည်။

"မေရော ... စားလေ။ မစားဘူးလား အတူတူစားမယ်လေ"

"အေးပါ၊ စားပါမယ်"

ခဏနေတော့ သူ့အမေက သူ့ဘေးမှာ ဝင်ထိုင်သည်။ သူတို့အိမ်တွင် မိသားစုဝင်မှာ များများစားစား သိပ်မရှိလှချေ။ သူ့အဖေက သူ ငါးတန်းနှစ်မှာ ကားအက်ဆီးဒင့်တစ်ခုနှင့် ဆုံးသွားခဲ့ပြီးနောက် သူတို့သားအမိနှစ်ယောက်သာ ကျန်ရစ်ခဲ့တာဖြစ်သည်။ အရင်နှစ်တွေကတော့ ဘွားဘွားရှိခဲ့လျက် ပြီးခဲ့တဲ့နှစ်ကမှ ဘွားဘွားကလည်း ဆုံးပါးသွားခဲ့တာ ဖြစ်သည်။ ခုတော့ ဒီအိမ်ကြီးပေါ်မှာ သူရယ်၊ သူ့အမေရယ်၊ သက်တမ်းရင့် အလုပ်သမားတွေရယ်သာ ရှိကြတော့သည်။ ဖတဆိုးသားလေးမို့ရော၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူမို့ရော သူ့အမေက သူ့ကို အင်မတန်ချစ်ကာ အလိုလိုက်သူ ဖြစ်ပါသည်။

သူတို့သားအမိနှစ်ယောက်မှာ နေရာတော်တော်များများ၌ စိတ်တူကိုယ်တူ ရှိကြပြီး အကြိုက်ချင်းလည်း တူသူတွေဖြစ်ကြသည်။ သားအမိနှစ်ယောက်မို့ အပြင်မထွက်လိုက်နှင့် တစ်မိုင်လောက်ကနေပြီး သူတို့မွှေးရန့်တွေကို ခံစားရှူရှိုက်နိုင်ကြသည်။ သူ့အမေကလည်း အလှအပကို ကြိုက်ကာ ဖက်ရှင်ကို ဝါသနာပါသလို သူလည်းပဲ စတိုင်လ်ကျကျဖွာ ဝတ်စားဆင်ယင်မှု



www.burmeseclassic.com

www.burmeseclassic.com



ကို ခံမင်ပါသည်။ အခုလည်းပဲ ဒီတစ်ပတ် ဆန်းဒေးမှာ သူငယ်ချင်းတွေနဲ့ ရှော့ပင်းထွက်ဖို့ ချိန်းထားတာမို့ ရေလိုနေပြီဖြစ်လေရာ ဒီနေ့မနက်၌ သူ့အမေထံမှာ ရေခဲရဦးမည်။ သူက သူ့မားသားလေးရဲ့ မိုးလေဝသ အခြေအနေကို အကဲခတ် စနည်းနာကြည့်လိုက်ရာ အခြေအနေမဆိုးကြောင်း မှန်းဆမိ၏။

အမှန်တော့ ရာသီဥတု အခြေအနေက ဘယ်တော့မှ မဆိုးပါ။

သူ့အမေသည် သူ့အတွက်တော့ အမြဲတစေ အေးမြစွာ တိုက်ခတ်နေသည့် လေပြည်တစ်ခုသာဖြစ်သည်။ သူ ပိုက်ဆံတောင်းတိုင်းလည်း မပေးဘူးဆိုတာ မရှိခဲ့ပါ။ မေမေသည် သားကိုချစ်သော မိခင်များစာရင်းတွင် ထိပ်ဆုံးပိုင်းအုပ်စု၌ ပါဝင်ထားသူဖြစ်ပါသည်။

"မေ ... ပြီးရင် သားကို မုန့်ဖိုးပေးဦးနော်"

"ဟဲ့ ... ဟိုတစ်ပတ်က ပေးထားတာကရော"

"အာ ... အဲဒါက မုန့်ဖိုးလေ"

"အေးလေ ... အခု သားတောင်းတာလည်း မုန့်ဖိုးပဲ မဟုတ်လား"

"ဟဲ ... ဟုတ်တော့ ဟုတ်သားပဲ။ ဆောရီး ... သားစကားပြောတာ နည်းနည်းလောသွားလို့။ သား ဒီတစ်ပတ်ဆန်းဒေးကျရင် ရှော့ပင်သွားမလို့ မေမေရ ...
အဲဒီအတွက် တောင်းတာပါ"





"ဩော် ... ရှော့ပင်လား။ အေးလေ သွားပေါ့။ ဟဲ့ ... ဟိုတစ်နေ့က မေမေ ကိုရီးယားချန်နယ်မှာ ကြည့်လိုက်ရတဲ့ အဝတ်အစားလေးတွေ မိုက်တယ် ...

တီရှပ် အကျပ်လေးတွေကို အောက်ကခံဝတ်ပြီး အပေါ်က Alter Shirt လက်တိုလေးတွေ ထပ်ဝတ်တာလေးတွေလေ။ ဂျင်း(န်)အရှည်နဲ့လည်း လိုက်တယ် ...

ဩော် ... မနေ့က မေမေတောင် MK ဆိုင်ရှေ့က ဖြတ်တာနဲ့ Polo အနက်စင်းလေးတစ်ထည် လှတာနဲ့ သားအတွက် ဝယ်လာသေးတယ်။ မေမေ့ အခန်းထဲမှာပဲ မေ့ပြီး မထုတ်ပေးသေးတာ။ ပြီးရင် မှတ်မှတ်ရရ ဝင်ယူလိုက်"

"ဟုတ် ... မေ။ အဲဒါ သားကို ... ဟဲ ... ဟဲ"

သူက လက်ဝါးဖြန့်ပြကာ ရယ်သွမ်းသွေးလိုက်လျှင် သူ့အမေက သူ့ကို မျက်စောင်းလှလှတစ်ချက်ထိုးသည်။ ပြီးတော့ နံရံပေါင်းကို တွဲနဲ့လှပစွာ တစ်ချက်ညှပ်ယူစားရင်းမှ ...

"သား ရှော့ပင်က ဆန်ဒေးမှ ထွက်မှာမဟုတ်လား၊ ဒီနေ့မှ ဖရိုက်ဒေး ရှိသေးတဲ့ဟာ။ ဆန်းဒေးကျရင် ယူလေ။ ခုလောလောဆယ် သုံးစရာ မရှိတော့လို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ အိုကေ ... အဲဒါဆိုလည်း အဲဒီနေ့ကျမှပဲ ယူတော့မယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နေဦး၊ သားကို မေမေ ပြောစရာရှိသေးတယ်။ ယမုံနာဆီကိုသွားပြီး ပစ္စည်းတစ်ခု ပေး,ပေးစမ်း သားလေးရယ်"

သူက နာခေါင်းတစ်ချက် ရှုံ့ပြလိုက်သော်လည်း အဲဒီလောက်ကြီးတော့ စိတ်မပါတာတော့ မဟုတ်ချေ။ ယမုံနာဆိုတာ မေမေ့မိတ်ဆွေရဲ့ သမီးတစ်ယောက်ဖြစ်ပြီး သူနဲ့လည်း ဖုန်းလေး ဘာလေးပြောပြီး ခပ်အီအီထဲက တစ်ယောက်ဖြစ်သည်။ ဒါပေမဲ့ သူက အဲဒီကောင်မလေးကို အကြိုက်ကြီးထဲကတော့ မဟုတ်ပါ။ မေမေကတော့ သဘောကျသည်ဟု ထင်သည်။ သူ့အမေသည် သူ့အပေါ်တွင် တခြားတစ်ဦးတည်းသော သားတွေရဲ့ အမေတွေလို တိုတွာကုပ်စီသော အမေမျိုးတော့လည်း မဟုတ်။

ခေတ်မီသော အမေပီပီ သူ ရည်းစားထားတာကိုလည်း လွတ်လွတ်လပ်လပ် ခွင့်ပြုထားသော အမေမျိုးဖြစ်သည်။ တစ်ခါတလေမှာ သူ လိုက်နေသော ကောင်မလေးတွေနဲ့ ပတ်သက်ပြီး Idea လေးတွေတောင် ကူညီပြီး စဉ်းစားပေးတတ်သူဖြစ်သည်။ ပြောရလျှင်တော့ သူ့အမေသည် အင်မတန်ချစ်ဖို့ကောင်းသော အမေသာဖြစ်သည်။

"ဘာပစ္စည်းလဲ မေမေ။ မေမေတို့ လူကြီးချင်း ဗီဒီယိုကားထဲကလို လူငယ်ချင်း ရင်းနှီးအောင် လုပ်ပေးနေတာတော့ မဟုတ်ပါဘူးနော်"





မေမေက သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ကော်ဖီကို ငုံ့သောက်သည်။

"ရင်းနှီးအောင် လုပ်ပေးရအောင် မင်းတို့က မရင်းနှီးသေးတာ ကျနေတာပဲ။ မင်းတို့ချင်းတောင် ဖုန်းချင်းကြုပြီးသားပဲ မဟုတ်လား"

"ဟား ဟား ... တို့မေမေက မိုက်တယ်ကွာ။ ကြုတယ်တွေ ဘာတွေတောင် သုံးတတ်နေပြီ။ ဗန်းတွေလည်း ရတယ်ပေါ့၊ ဟုတ်လား"

"မင်းကို ငါ မွေးထားတာပါ။ ငါ အဘွားကြီးလည်းမဟုတ်သေးဘူး။ ကဲပါ ... အခုန ပြောနေတဲ့ဟာတောင် ဘယ်ရောက်သွားပါလိမ့်။ သားနဲ့မေမေ ပစ္စည်းတစ်ခု ထည့်ပေးလိုက်မယ်။ အဲဒါ ယမုံနာဆီကို သား သွားပေးလိုက် ...

"ဒါကြောင့် အိမ်ကနေ စောစောထွက်၊ သူ့ကျောင်းကို သွားပေးပြီးတော့မှ သား ကျောင်းကို ဆက်သွား"

"ဘာပစ္စည်းမို့လဲ မေမေရဲ့၊ သူ့ကို ဘာဖြစ်လို့ သွားပေးရတာလဲ"

"နားကပ်တစ်ရန်ပါ။ သူ့ဆရာမတစ်ယောက်က ကြည့်ချင်တယ်ဆိုလို့။ သူ့အမေက ညက ဖုန်းဆက်လို့ သားရယ်။ အဲဒါ သားသွားပေးလိုက်ပါ"

"ဩော် ... ဂလိုလား။ သိပါဘူး၊ သားက မေမေများ သားအတွက် ခွင့်ဖန်ပေးနေတာလားလို့ ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... နင့်မှာ ဖန်ပေးစရာ ခွင်ရော ကျန်သေးလို့လား၊ ကဲ ... ကဲ ... စားစရာရှိတာ မြန်မြန်စား။ ပြီးရင် မေမေ့အခန်းထဲလာပြီး ပစ္စည်းယူလိုက် ...
ဟုတ်ပြီနော်"

"အိုကေပါ မေမေ"

သူက အစားအသောက်ကို လက်စသတ်ပြီးနောက် သူ့အခန်းထဲသို့ ပြန်ဝင်ကာ ရေမိုးချိုးလိုက်သည်။ ပြီးတော့ အပြင်သွားဖို့ ကျောင်းသွားဖို့ရာအတွက် ပြင်ဆင်ပါသည်။ အပြင်ထွက်ဖို့ ကျောင်းသွားဖို့ သူ ပြင်ဆင်သောအချိန်သည် သာမန်မိန်းကလေးတစ်ယောက် အလှပြင်သလောက် ကြာသည်ဆိုလျှင် တော်တန်ရုံ ကောင်မလေးတစ်ယောက်ကတော့ သူ့ကို ဟားမည်ဟု ထင်သည်။ အဲဒါ တကယ်ကို ပိုပြောခြင်းမဟုတ်။ အခုခေတ်မှာ ယောက်ျားလေးတွေလည်း မိန်းကလေးတွေလိုပဲ အလှပြင်လာကြတာ တကယ်ပဲ ဖြစ်သည်။ ယောက်ျားလေးတွေ အလှပြင်လား မပြင်လား ဆိုတာ မြို့ပြ၏ အထင်ကရနေရာတွေမှာ သွားလာနေကြသော ယောက်ျားလေးတွေကို လေ့လာကြည့်ရုံနဲ့ သိသာပါသည်။ အဝတ်အစား ဖက်ရှင်တွေတင်သာမကဘဲ မျက်နှာသစ်ဆပ်ပြာ၊ ရေချိုးဆပ်ပြာရည်၊ မျက်နှာလိမ်းခရမ်၊ Body lotion စတာတွေတောင် For Men တွေ ထုတ်လုပ်လာကြတာ အများအပြားဖြစ်သည်။ အရင်ကဆိုလျှင် ယောက်ျားလေးတွေမျာ Fair & Lovely လောက်သာ အကောင်းလုပ်ပြီး လိမ်းကြရတာဖြစ်သည်။





အခုတော့ ယောက်ျားလေးတွေအတွက် သီးသန့်ထုတ်လုပ်သော ပစ္စည်းတွေမှာ ခေါင်းဖျားကနေ ခြေဖျားအဆုံးထိပဲ ဖြစ်လေသည်။ သူသည် အမျိုးသားတွေအတွက် သီးသန့်ထုတ်လုပ်ထားသော Addidas Shower Gel နဲ့ ရေချိုးခေါင်းလျှော်ကာ အမျိုးသားသုံး Body Lotion ကို လူးသည်။ မျက်နှာကိုတော့ နေလောင်ဒဏ်တွေ ဘာတွေ ခံနိုင်အောင် SPF တွေ ပါဝင်သည့် L'oreal For Men Cream ကို လိမ်းသည်။ အဲဒီနောက် ဆံပင်တွေကိုတော့ စိတ်ရှည်လက်ရှည်ပဲ ဂျယ်လ်နဲ့ ပုံသွင်းရပါသည်။ အဲဒါကတော့ အချိန်အပေးရဆုံး အလုပ်တစ်နပင်။ အဲဒီနောက် အင်္ကျီဝတ်ရသည်။ ဒီနေ့ သူ ဝတ်သော အဝတ်အစားမှာ Alter Shirt လက်တိုအစင်းကိုမှ နက်ခ်တိုင်တွေ ဘာတွေ ပါဝင်သော ခေတ်သစ်အီမိုစတိုင်လ် ဖြစ်သည်။ ဂျင်း(န်)အနက်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ပြီးသောအခါ အဝတ်အစား ဆင်ယင်မှုအပိုင်းကတော့ ပြီးဆုံးသွားပြီဖြစ်သည်။

ဒီနေ့အဖို့တော့ HUGO Boss ရေမွှေးကို ဓာတ်ကျတော်မူသဖြင့် အဲဒါကို ဆွတ်ဖျန်းပြီးသောအခါ အပြင်ဘက်သို့ သွားဖို့ Ready ဖြစ်သွားပြီ ဖြစ်သည်။ သူက အောက်ထပ်သို့ မဆင်းသေးဘဲ သူ့အမေ အခန်းရှိရာသို့ လျှောက်လာခဲ့သည်။ သားအမိပင် ဖြစ်သော်လည်း အမေ့အခန်းထဲသို့ စွတ်ရွတ်ဝင်မသွားဘဲ အခန်းတံခါးကို အရင်ခေါက်လိုက်သေးသည်။ "ဝင်ခဲ့သား"ဟူသော အသံကြားမှသာ သူက တံခါးလက်ကိုင်ဖုကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကာ အခန်းထဲသို့ ဝင်ခဲ့သည်။ သူ့အမေကတော့ အခုမှ ရေချိုးပြီးစဖြစ်ကာ မှန်တင်ခုံရှေ့၌ ခြေချိတ်ထိုင်ကာ စိမ်ပြေနပြေ အလှပြင်ဖို့ ဇာတ်လမ်းစနေပြီဖြစ်သည်။ သူ့အမေက ရတနာကုန်သည်တစ်ယောက်မို့ နံနက်ဆယ်နာရီလောက်မှ လုပ်ငန်းခွင်ဝင်ရသူဖြစ်သည်။

"မေ့ … သားဒီဇိုင်း မိုက်လား"

သူ့အမေက သူ့ကို မှန်ထဲကပဲ တစ်ချက်လှမ်းကြည့်ကာ လက်မတစ်ချက် ထောင်ပြသည်။ သူ့အမေရဲ့ စတိုင်လ်ကို သဘောကျသွားသောကြောင့် သူက မေမေ့ရဲ့ပါးကို ရွှတ်ခနဲ တစ်ချက် လှမ်းနမ်းမိသည်။ သူ့အမေက မှန်တင်ခုံပေါ်က ကတ္တီပါဘူးလေးတစ်ခုကို ယူကာ သူ့လက်ထဲသို့ ထည့်ပေးရင်း ပြုံးပြသည်။

"သေချာယူသွားနော် သား။ ယမုံနာ လက်ထဲကို သေချာ ထည့်ပေးခဲ့"

"ထည့်ပေးရုံပဲလား မေမေ။ သူနဲ့ရော မုန့်လေး ဘာလေး မစားရတော့ဘူးလား"

"ဒါတော့ ရှင့်သဘောပေါ့တော်"

"ဟား ဟား …"မေမေက ယမုံနာ့ကိုမှ ချွေးမတော်ချင်နေတာလား"

"အဲဒီလိုမျိုး ရှင့်ကို ကျုပ် တစ်ခါမှ မပြောခဲ့ဖူးပါဘူးနော်"

"အဲဒါဆို မေမေက ဘာလာလာပေါ့"





"အေး … အဲဒီအခွေတောင် VCD ထွက်နေပြီပြောတယ်၊ သား City mart ရောက်ရင် ဝယ်ခဲ့စမ်း"

သူက နဖူးကို လက်နဲ့ရိုက်ကာ ရှုံ့မဲ့မိသည်။ သူ့အမေသည် အဲဒီလိုအမေမျိုး ဖြစ်ပါသည်။ သူ့အမေဖြစ်၍များ သူက ကျော်သွား၍ ရမယ်မထင်လေနှင့်။ သူတို့သုံးနှုန်းနေသော စကားအမိပ္ပာယ်၊ လက်ရှိခေတ်ကာလမှာ ဘာတွေခံစားနေတယ်ဆိုတာကအစ သိသောအမေ ဖြစ်သည်။ သူ့သူငယ်ချင်းတွေဆိုလျှင် သူ့အမေရဲ့စတိုလ်ကို အင်မတန် ကြိုက်ကြကာ သူတို့အမေတွေကိုတောင် သူ့အမေရဲ့ပုံစံအတိုင်း လိုက်ကျင့်ကြံနိုင်းကြတာဖြစ်သည်။ တကယ်တော့ အသက်လေးဆယ်ဆိုသော အသက်အရွယ်မှာ ဘာမှကြီးသော အသက်အရွယ်တော့ မဟုတ်သေး။

သူ့အမေသည် ရန်ကုန်တက္ကသိုလ်ကို အဆင့်အတန်းမြင့်မြင့် တက်ရောက်လာခဲ့သူဖြစ်ကာ အဲဒီခေတ်ထဲက ခေတ်နဲ့အညီ နေထိုင်ခဲ့သူဖြစ်သည်။ နဂိုတည်းက ခေတ်မီမီနှင့် လွတ်လပ်ပေါ့ပါးစွာ နေတတ်သူမို့ သူတို့သားအမိကြားထဲတွင် ကြီးကြီးမားမား ကွာဟချက်တို့မရှိ။ သားအမိ အချင်းချင်း သူငယ်ချင်းပေါင်း ပေါင်းကြကာ သည်းသည်းလှုပ်မနေသော ဆက်ဆံရေးမျိုးဖြစ်သည်။

"ကဲ … အိုမား၊ သား သွားတော့မယ်၊ အိုကေနော် … ဆီးယူ"

"ဆီးယူ … ဆီးယူ၊ ကားကို ဂရုစိုက်မောင်း"



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့အမေကို လက်ပြနှုတ်ဆက်ကာ အောက်ထပ်သို့ ဆင်းလာလျက် ပေါ်တီကိုအောက်မှာ ရပ်ထားသော သူ့ရဲ့ပြိုင်ကားပေါ်သို့ တက်ကာ မောင်းထွက်လာခဲ့သည်။ သူက ကား crazy တစ်ယောက် ဖြစ်သောကြောင့် ဂျစ်ကားနဲ့ပြိုင်ကား နှစ်စီးကို စိတ်ကြိုက်သ,ထားကာ တစ်လှည့်စီ စီးတာဖြစ်သည်။ သူ့ကားတွေမှာ ရန်ကုန်မြို့ပေါ်မှာ ပုံစံတူမရှိသော ကားတွေမို့ အဲဒီလိုဖြစ်ရခြင်းကိုလည်း သူက ဂုဏ်ယူသေးသည်။

သူသည် ကားမောင်းထွက်လာရင်းမှ သူငယ်ချင်းတစ်ယောက်ထံ ဖုန်းခေါ်လိုက်သည်။

"အေး ... ပြော"

"ဟေ့ကောင် ယောက်ဖ၊ ငါ ဒီမနက် နည်းနည်းနောက်ကျရင် ကျမယ်ကွ ... သိလား၊ ငါ့ အခု ဆေးထဲကိုသွားနေတာ"

"ဩော် ... ဩော် ... စားကျက်ပြောင်းတာလား"

"မဟုတ်ဘူးကွ။ မားသား ခိုင်ထားတဲ့ ကိစ္စတစ်ခုရှိလို့"

"ဟေ့ကောင် ... ဆေး(၁)မှာ ယမုံနာ ရှိတယ်မဟုတ်လား။ မင်းက ဘာလျှိုနေတာလဲ"

"မလျှိုပါဘူး ယောက်ဖရာ။ အဲဒီ ဟေဒီယမုံနာဆီကိုပဲ ရွှေ့နေတာပါ။ ငါ အကန့်မဟုတ်ပါဘူး။ မားသားပေးလိုက်တဲ့ ပစ္စည်းတစ်ခု သွားပို့နေတာပါ ...





မင်းနဲ့ ငါကြားမှာ အဲဒီလိုကိစ္စတွေ ဘယ်တုန်းက ရှိခဲ့ဖူးလို့လဲ။ အေးဆေး ယောက်ဖ၊ အဲဒါ လုမ်းပြောတာ။ တော်ကြာ မင်းတို့ ငါ့ကို မျှော်နေမှာစိုးလို့"

"အိုကေ ... အိုကေ ... ဒါဖြင့်ရင် အတန်းထဲမှာပဲ ဆုံမယ်"

"အေး ... ဘိုင့်ဘိုင်"

သူက ဖုန်းပိတ်လိုက်ပြီးသောအခါ ကားကို မြန်နှုန်းမြှင့်ပြီး မောင်းလာခဲ့သည်။ သူ့ကားသည် ဦးဝိစာရလမ်းမကြီးပေါ်တွင် မြားလေးတစ်စင်းလို တလှစ်လှစ်ပြေးနေသည်။ ကားတွေက တဖြည်းဖြည်း ရှုပ်လာတာကြောင့်မို့သာ အရှိန်ကိုနည်းနည်းလျှော့လိုက်တာဖြစ်သည်။ ဒါကို သူ့နောက်က ကားက စိတ်မရှည်သလို အချက်ပြကာ လမ်းတောင်းသည်မို့ ထစ်ခနဲဆိုလျှင်တိုသွားတတ်သောစိတ်က ပွစိ ပွစိ ရေရွတ်မိသည်။ လမ်းကဖြင့် ဘာမှတောင်းနေစရာမလို။ ကျော်ချင်လျှင် အလွတ်ကြီးပဲ ဖြစ်သည်။

"ဟာ ... ဘာလဲဟ၊ ကျော်ချင်ရင် ကျော်ပါလား၊ အလွတ်ကြီးပဲဟာကို"

သူက တင်းသွားသောစိတ်ဖြင့် နောက်ကြည့်မှန်ထဲကတစ်ဆင့် နောက်ကကားကို သူ ရှုံ့,ရှုံ့မိသည်။ ကားက စက်ရုံထုတ် Light truck အဖြူရောင်ဖြစ်ကာ ကားကိုမောင်းလာတာ မိန်းကလေးတစ်ယောက် ဖြစ်နေတာမို့ သူက နှုတ်ခမ်းတွန့်ရုံပြီးကာ ပခုံးတစ်ချက်တွန့်မိသည်။ ပြီးတော့ စိတ်တိုတိုနှင့် ကား အားကပ်မပေးဘဲ သူ့ဘက်ကို တမင်ပိုယူပစ်လိုက်သည်။ ကြား



www.burmeseclassic.com

www.burmeseclassic.com



ချိုဆိမ့်တဲ့ဟွန်းသံက လန့်ဖျပ်သွားတဲ့ဟွန်းသံ။ ဘေးကြည့်မှန်ထဲမှ နောက်က ကောင်မလေး၏ခေါ်သရိပ်ကို မြင်လိုက်ရသောကြောင့် သူက ပျော်သွားသည်။ ဘယ်နှယ် ကောင်မလေးက အမြင်မတော် ဆင်တော်နဲ့ခလောက် Light truck ကားကြီးကို မောင်းရသတဲ့ လား။ ဟာ ဟ … ကုန်ပို့တဲ့ ကလေးမလေးလားတော့ မသိ

ပြောတော့ ပြော၍မရ။ အခုခေတ်မှာ မိန်းမတွေ လည်း ကားကြီးကြီးတွေကိုမောင်းကာ မဂ်လာဈေးတို့ ယုဇန ပလာဇာတို့ကို ဆိုင်သွားဖွင့်တာတွေ ကြုံနေရပြီဖြစ်သည်။ ဘာပဲ ဖြစ်ဖြစ် သူကတော့ မိန်းကလေးပဲဖြစ်ဖြစ်၊ ယောကျ်ားလေးပဲဖြစ် ဖြစ် ကားမောင်းတဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ အကျောမပေး တတ်ချေ။

မိန်းကလေးဖြစ်လို့လည်း ဖွန်ကြောင်ပြီး အလျှော့ ပေးဖို့လည်း စိတ်ကူးမရှိ။ အခုလည်း သူက လမ်းပေးဖို့ လုံးဝ စိတ်ကူးမရှိဘူးဟူသော ဒီဇိုင်းမျိုးဖြင့် တမင်ဖယ်မပေးဘဲ ထား လိုက်သောအခါ ဘာအချက်မှ မပြတော့ဘဲ အနောက်မှအသာကပ် လိုက်လာသည်။

"ဟာ့ ဟ … မောင့်ကို အလျှော့ပေးပါပြီပေါ့လေ"

သူက ကိုယ့်အပြောကို သဘောတကျနှင့် ရယ်မိကာ ကားကို ပုံမှန်ပြန်မောင်းရင်း လမ်းကိုအာရုံစိုက်လိုက်စဉ်မှာ အဲဒီ Light truck က ဘေးကနေပြီး ဝေါခနဲ ကျော်တက်သွားသည်။ သူ့ကားက ပြိုင်ကားခပ်သေးသေးမို့ ဘေးကနေပြီး သတိလစ်စဉ်





မှာ ဝေါခနဲ ကျော်တက်သွားခြင်းဖြစ်သည်။ ဒါ သူ့ကိုလူလည် လုပ်သွားတာဖြစ်သည်။ သူ့ရဲ့မခံချင်စိတ်တွေသည် ဝုန်းခနဲတက် လာကာ အဲဒီကားကို ပြန်ကျော်ဖို့ ကြိုးစားသည်။ မိန်းကလေးတစ် ယောက် မောင်းသွားသော Light truck ကားတစ်စီးက သူ့ရဲ့ နောက်ဆုံးပေါ်ပြိုင်ကားကို ကျော်တက်သွားတယ်ဆိုတာ အစဉ် အဆက် ထိန်းသိမ်းလာသော သူ့ရာဇဝင်ကို ရိုင်းစေသည်။ သူ့ သူငယ်ချင်းတွေ ပါလာလျှင်တော့ သူ့ကို ဟားကောင်းလိုက်မည့် ဖြစ်ခြင်း။

သူက အံကိုတင်းတင်းကြိတ်ကာ သူ့မကားကို ပြန် ကျော်တက်ဖို့ ကြိုးစားနေသည်။ သို့ပေမဲ့ ကားကို အရှိန်လုံးဝ မလျှော့။ ငါးရဲ့ခေါင်းပုံစံရှိသော Lihgt truck ကြီးကို အပေအတေ ဒီဇိုင်းဖြင့် ကျွမ်းကျင်စွာ မောင်းနှင်နေသည်မို့ သူက မထိတရိ ပြုံးမိသည်။ သူ အမြဲတွေ့နေခဲ့ရသည်က အိညှက်ညှက် မလှုပ် တလှုပ် အီစီကလီ ကောင်မလေးတွေသာဖြစ်သည်။ အခုလို ခပ် ကျောကျော ခပ်မာမာ ဒီဇိုင်းကိုတော့ တစ်ခါမှ မမြင်ဘူး။ သူက အဲဒီကားကို ပြန်ကျော်ဖို့ ကြိုးစားသော်လည်း အဲဒီကားက မိန်း ကလေးက သူ့ထက်လျင်သည်။ သူမက သူ့ကိုကျော်တက်ဖို့ အခွင့်အရေး နည်းနည်းလေးပင် မပေး။ သူ လုပ်ခဲ့သလိုပင် မသိ မသာ ပိတ်မောင်းနေသည်ဟုတောင် ထင်ရသည်။ သူသွားမယ့် လမ်းကို သိသည့်အလား သူ ယူထားသည့် လမ်းကြောင်းအတိုင်း ရှေ့တည့်တည့်က ပိတ်မောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူက ဘယ်လိုမှ ကျော်တက်၍ မရတော့။ လမ်းမတော်ဆေးကျောင်းရှေ့သို့ ရောက်လျှင် သူမရဲ့ ကားကလည်း အဲဒီထဲသို့ပင် ကွေ့ချိုးပြီး ဝင်သွားသဖြင့် သူက မျက်ခုံးတစ်ချက် ပင့်မိသည်။ ဩော် ... မရွှေချောကလည်း ဆေးကျောင်းသူပဲနဲ့ တူတယ်။ ဟင် ... ဆေးကျောင်းသူ ဒီဇိုင်းကလည်း ပုဆိန်ကိုင်ပြီး ခွဲစိတ်မယ့် အကြမ်းပတမ်းဒီဇိုင်း။

သူက ကိုယ့်အတွေးကိုယ် သဘောတကျဖြစ်ပြီးကာ စိတ်ထဲ၌ အကြံအစည်တစ်ခုက လှစ်ခနဲ ပေါ်လာသည်။ အဲဒါကတော့ သူမရဲ့ကားနောက်ကို လိုက်မောင်းကြည့်ဖို့ပဲ ဖြစ်သည်။ သူ့ကို ကျော်သွားတာ ဘယ်လိုမိန်းကလေးမျိုးဆိုတာကို ကြည့်ချင်သောစိတ်လည်းပါသည်။ သူက အထွေအထူး သိပ်မစဉ်းစားနေတော့ပဲ သူမရဲ့ကားနောက်ကပဲ အသာအယာ မောင်းလာခဲ့သည်။ သူမက ပါကင်ထိုးရမည့် နေရာသို့ရောက်လျှင် လွတ်နေသော နေရာနှင့် ကွက်တိဝင်သွားအောင် ခပ်ကြမ်းကြမ်းကွေ့ထည့်လျက် ကျွီခနဲမြည်အောင် ကားကိုရပ်သည်။

(သူ ပါလာတာကို သိသောကြောင့် တမင်လုပ်သလားတော့ မပြောတတ်ချေ။) သူက သူမနှင့် မလှမ်းမကမ်းမှာ ပါကင်ယူပြီးနောက် ကားပေါ်က မဆင်းသေးဘဲ သူမ ဘယ်လိုပုံစံနှင့်ဆင်းလာမလဲဆိုတာကို စောင့်ကြည့်မိသည်။ Light truck ကားတံခါးတစ်ချပ်က ဖျတ်ခနဲ ပွင့်လာကာ ဖြူသွယ်သော ခြေသလုံးသား တစ်ဖက်က အရင်ထွက်ကျလာသည်။ စကတ်အတို





ဝတ်ထားခြင်းကြောင့် မဟုတ်ဘဲ ကားအမြင့်ပေါ်မှ ခြေတစ်ဖက်ကို အရင်ချသောကြောင့် ခြေသလုံးသား တစ်ဝက်တစ်ပျက်ကို သူက အရင်မြင်ခွင့်ရခြင်း ဖြစ်သည်။ အဲဒီလောက်ကတော့ သူက ရင်မခုန်ပါ။ ရန်ကုန်မြို့လယ်ကောင်တွင် အပြတ်အသတ်ရက်ရောသော မိန်းကလေး တော်တော်များများကို သူတို့ မကြာခဏ မြင်တွေ့ရပါသည်။

ခဏကြာတော့ သူက သူမရဲ့တစ်ကိုယ်လုံးကို အပြည့်အဝ မြင်တွေ့ရသည်။ သူသည် ဘာရယ်မဟုတ်ဘဲ အဲဒီမိန်းကလေးကို စူးစူးစိုက်စိုက်စိုက် ငေးကြည့်မိသွားသည်။ မိန်းကလေးသည် ကျောလယ်လောက်ရှိမည့် နက်မှောင်မှောင် ဆံပင်များကို အပြောင်သိမ်းပြီး စုစည်းထားပုံက တရုတ်မင်းသမီး ဂေါင်းလီ ဆံပင်စည်းထားသလိုမျိုး ရိုးရိုးရှင်းရှင်းရှိကာ Style တစ်ခုတော့ ရှိစေသည်။ ပြောင်ရှင်းနေသော မျက်နှာအနေအထားသည် တရုတ်မင်းသမီးတွေလိုပင် ဘာအရောင်အဆင်းမှ မရှိဘဲ ရိုးရိုးရှင်းရှင်းနဲ့ကို ဆွဲဆောင်မှုတစ်ခု ရှိနေတာဖြစ်သည်။ ဆေးကျောင်းသူမို့လို့ အလှမပြင်နိုင်တာလားတော့ မသိ။ အဲဒါတော့ သိပ်မဖြစ်နိုင်ဘူးဟု ထင်သည်။

ယမုံနာသည်လည်း Final Part I တက်နေသော ဆေးကျောင်းသူ ဖြစ်နေပေမယ့် ကျောင်းသွားသည့် အလှအပမှာတော့ အပြင်က ကောင်မလေးတွေထက် မသာတောင် မလျော့စေရ။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးသည် သူ့ကားလည်း ရပ်ထားမှန်း သိပေမယ့် ဒီဇိုင်းခပ်ဆန်းဆန်း သူ့ပြိုင်ကားကို ယောင်လို့တောင် လှည့်မကြည့်ပါ။ အဲဒီအတွက် သူက နည်းနည်းတော့ တင်းသွားသည်။ သူ့ကားကိုဆိုလျှင် မီးပွိုင့်မှာ ရပ်ထားပါက ဘေးကကား တွေရဲ့ စိတ်ပါဝင်စားစွာ အကဲခတ်ခြင်းကို အမြဲလိုလို ခံခဲ့ရတာ ဖြစ်သည်။ တချို့ကောင်မလေးတွေဆိုလျှင် လူနဲ့ကားနဲ့ တစ်ဝက်စီ ကြိုက်တယ်ဟူ၍တောင် ပြောစမတ်ပြုရသည်အထိ သူ့ရဲ့ပြိုင်ကား လေးက အင်မတန်လှပပါသည်။ သူကလည်း အဲဒါကို ဂုဏ်ယူ သည်။ အခုတော့ ဟိုကလေးမ လုပ်ထားသည့်အချိုးက ကားကို လည်း ဂရုမစိုက်ဘူးဟူသော အထာမျိုး။ သူက မေးကြောတွေကို တစ်ချက်ဆွဲတင်းကာ ကားပေါ်မှ ဆင်းလိုက်သည်။

သူမကတော့ သူ့ကို လှည့်တောင်မကြည့်။ သူမ ကိုယ်သူမ ဂျပန်ရောက်နေသည့်အလား ခြေလှမ်းတွေက အင်မတန် သွက်လက်စွာ လှမ်းနေသည်။ ဒီခေတ်ထဲမှာ တွေ့ရခဲသွားပြီဖြစ် သော ကချင်လွယ်အိတ်အနီလေးကို လွယ်ထားကာ ချည်ထည် ရိုးရာဝတ်စုံကို ရင်ဖုံးအကျီနှင့် ထဘီရှည်ရှည်ကို ခပ်ရိုးရိုးပဲ ဝတ် ဆင်ထားတာဖြစ်သည်။ သို့သော် ဘာ့ယ်နေရာကမှန်း မသိဘဲ သူမထံမှာ ဆွဲဆောင်မှုတစ်ခုတော့ ရှိနေသည်။ အရပ်မြင့်မြင့်နှင့် သွယ်လှလှ ကောင်မလေးသည် ဘာမှ ထူးထူးခြားခြား ပြင်ဆင် ထားတာ မဟုတ်ဘဲနှင့်ကို သူ့မျက်လုံးထဲ၌ တစ်ခုခု ထူးခြားဆွဲ





ဆောင်မှု ရှိနေသည်ဟု ထင်သည်။ အရိုးဆုံး ဝတ်စားဆင်ယင် ထားသော်လည်း မှိန်မနေဘဲ အဲဒီပုံစံကကို သူမအား စတိုင်လ် တစ်ခု ဖြစ်စေသည်။ သူသည် ဘာကြောင့်မှန်းမသိဘဲ သူမရဲ့ပုံစံ လေးကို ကြည့်ရင်း ကြည့်ရင်းနှင့် စိတ်ဝင်စားခြင်းကြီးစွာ ဖြစ် သွားသည်။

အဲဒါကြောင့် သူမနောက်မှ ခပ်သွက်သွက် လိုက် လာရင်းမှ အမောတကောပုံစံဖြင့် ခေါ်မိသည်။

"ဒီ ... ဒီမှာ ... ဒီမှာ"

သူ့ခေါ်သံကြောင့် သူမက ခြေလှမ်းတုံ့သွားကာ မျက်ခုံးနဲ့ လှည့်ကြည့်သည်။ "ဘာလဲ"ဟူသော စူးစမ်းစွာ လှမ်း ကြည့်လိုက်သော သူမရဲ့မျက်ဝန်းများနှင့် တည့်တည့်ဆုံရချိန်တွင် သူ့ရင်ထဲ၌ လင်းခနဲဖြစ်သွားသည်။ သူမရဲ့မျက်ဝန်းများနှင့် တည့်တည့်ဆုံရချိန်တွင် ညိုရည်လဲ့ပြီး ဝိုင်းစက်နေကာ အင်မတန် လှပပါသည်။ အထူးသဖြင့် မျက်တောင်တွေက အံ့သြစရာကောင်း လောက်အောင်ကို ကော့ညွှတ်ယှက်ခတ်နေကာ သူ့ဘဝတစ်သက် တာတွင် ဒီလောက် လှပထူထဲ စိပ်မည်းနေသော မျက်တောင်များ ကို ပထမဆုံးမြင်ဖူးတာဖြစ်သည်။ အနီးကပ်ကြည့်တော့မှ သွယ် တန်းနေသော စင်ရော်တောင်မျက်ခုံးများနှင့် တောက်ပရွှန်းလဲ့ သည့် မျက်ဝန်းတစ်စုံတို့သည် အင်မတန်လှပသော မျက်နှာတစ်ခု ဖြစ်အောင် ပံ့ပိုးပေးထားတယ်ဆိုတာ သဘောပေါက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ဘာအရောင်မှ မခြယ်သော Beauty Skin တွေထဲက မျက်နှာတစ်ခုလို အရိုးရှင်းဆုံး လုပနေသည့် မျက်နှာတစ်ခုပါပေ။

"ဘာလဲ ... ပြောလေ"

သူက ဘာမှမပြောသဖြင့် သူမက မေးတစ်ချက်ဆတ်ကာ ခပ်ဆတ်ဆတ် ထပ်မေးသည်။ ပုံစံက အချိန်သိပ်မရှိဘူးနော် ဟူသော ပုံစံမျိုးမို့ သူက သဘောတကျနှင့် ပြုံးမိသွားသောအခါ သူမ မျက်နှာက ပိုတင်းသွားသည်။ စူးခနဲကြည့်ကာ အနည်းငယ် တွန့်ရှုံ့သွားသော မျက်ခုံးတစ်စုံသည် သူ့ကို ငကြောင်စာရင်း သွင်းလိုက်တယ် ဆိုတာကို ဖော်ပြနေကာ ချာခနဲ လှည့်ထွက်သွားဖို့ ပြင်သည်။ ဒီတော့မှ သူက ကမန်းကတန်း ကပျာကယာဖြင့် ...

"ဆောရီး ... ဟိုဟာပါ။ ကိုယ်က ဒီကျောင်းကို ခုမှ ရောက်ဖူးတဲ့သူပါ၊ အဲဒါလေ အသိတစ်ယောက်ကို ပစ္စည်းလေးတစ်ခု ပေးစရာရှိလို့ Final Part I အတန်းတွေဘက်ကို မသွားတတ်လို့ပါ။ အဲဒါ ဘယ်လိုသွားရမလဲဟင်"

သူမ နှုတ်ခမ်းတွေက တစ်ချက် တင်းတင်းစေ့သွားကာ သူ့ကို အကဲခတ်သလို ကြည့်သည်။ သူက တကယ်ပါဟူသော ပုံစံမျိုးဖြင့် ခေါင်းတစ်ချက်ဆတ်ပြလိုက်လျှင် သူမရဲ့နှုတ်ခမ်းတွေက ပွင့်အာပြီးလာသည်။





"ကျွန်မနောက်ကို လိုက်ခဲ့"

"ဗျာ"

သူမှာ သူ့ကို အပိုမပြောဘူးဟူသော ပုံစံမျိုးဖြင့် ခပ်တင်းတင်း တစ်ချက်ကြည့်ကာ ...

"ရှင် မြန်မာစကားကို နားမလည်ဘူးလား။ ကျွန်မနောက်က လိုက်ခဲ့လို့ ပြောနေတာ။ ကျွန်မလည်း အဲဒီအတန်းဘက်ကို သွားမှာ။ ရှင်းလား"

"ဩော် ... ရှင်းပါပြီ။ ကျေးဇူးပါပဲ"

သူမက ဘာမှမပြောတော့ဘဲ ရှေ့ကနေ၍ ထွက်သွားသည်။ သူက ပခုံးတစ်ချက်တွန့်ကာ သူမနောက်မှ မြောက်ကြွ မြောက်ကြွ လိုက်လာခဲ့သည်။ အမှန်ဆိုလျှင်တော့ အဲဒီအတန်းတွေဘက်သို့ သူ့ဟာသူ မသွားတတ်လည်း ယမ်နာကို ဖုန်းဆက်လိုက်လျှင် ယမ်နာက သူရှိသော နေရာသို့ ရောက်လာကာ အဖြစ်အပျက်က အဆင်ပြေပြေလေးပဲ ဖြစ်သည်။ ဒါပေမဲ့ သူက အဲဒီအဖြစ်အပျက်မျိုးကို မလိုလားပါ။

သူသည် သူမနောက်က လိုက်ရတာကို ဆယ်တန်းတုန်းက ကောင်မလေးတစ်ယောက်နောက်ကို လိုက်ရသလိုမျိုး မြောက်ကြွ မြောက်ကြွ ဖြစ်ကာ ရင်တွေ ဘာတွေတောင်ခုန်လာသည်။ ဒါကမှ တကယ့်ကို အသစ်ဖြစ်သည်။ အခုခေတ်မှာ ကောင်လေးတွေ ကောင်မလေးတွေဟာ တစ်ယောက်နဲ့တစ်ယောက် အိုစီကလီလုပ်ဖို့ လွယ်ကူလွန်းသောကြောင့် နောက်ကနေ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



[illegible]ဟုသော အဖြစ်မျိုးမှာ တော်တော်ကိုရှားသွားပြီဖြစ်သည်။

ရှေ့က မိန်းကလေးသည် လမ်းလျှောက်တာ တော်တော်မြန်သည်။ မြန်ဆို သူမ ဖိနပ်ကလည်း လမ်းလျှောက်တာကို ဂရုစိုက်နေစရာ မလိုသည့် မိန်းမစီး သားရေဖိနပ်အပါးလေးဖြစ်သည်။ နေရာအနှံ့အပြားမှာ မြင်တွေ့နေရသည့် ရောင်စုံဒီဇိုင်းစုံ အနိမ့်အမြင့် ဖိနပ်မျိုးစုံ ကြားထဲတွင် သူမရဲ့ဖိနပ်က သူ့အတွက်မှတော့ အင်မတန် ဆန်းကြယ်နေသည်။ ကြည့်စမ်းပါဦး … ဆံပင်မည်းနက်နက်၊ ရိုးရာချည်ထည်ဝမ်းဆက်၊ သားရေဖိနပ်အပါး၊ ကချင်လွယ်အိတ်အနီလေးနဲ့ နှုတ်ခမ်းနီမဆိုးသော၊ Light truck ကားကိုမောင်းကာ ကျောင်းတက်လာသော ဆေးကျောင်းသူလေး တစ်ယောက်ဟာ ဒီလောက်ရိုးရှင်းစွာ နေထားတာတောင် ဘာကြောင့်များ ဆွဲဆောင်မှုအား ကောင်းပြီး စိတ်ဝင်စားဖို့ ကောင်းနေရတာတဲ့လဲ။

သူသည် အဖြစ်အပျက်ကို သဘောကျစွာနှင့် တစ်ကိုယ်တည်းပြုံးကာ ခေါင်းကိုယမ်းမိသည်။ တစ်လက်စတည်းမှာပဲ သူမကို စကားပြောချင်စိတ် ပေါ်လာသောကြောင့် ဘေးတိုက်အနေအထားမှ စကားလှမ်းပြောမိသည်။ ဘေးတိုက်မြင်နေရသော ဖြောင့်စင်းသွယ်တန်းသည့် နှာတံလေးသည်လည်း တစ်မျိုးသော ဆွဲဆောင်မှု ရှိနေပြန်တာပင်။ အင်း … ဒီမိန်းကလေးဟာ ဘာမှ မပြင်ထားတာတောင် တော်တော်ကြည့်ကောင်းသည့် စာရင်းထဲ





ဘွင်ပါသည်။ ဘယ်နေရာက ဆွဲဆောင်မှုအားတွေ ကောင်းနေလဲဆိုတာ မသိ။

"တော်တော်လျှောက်ရဦးမှာလားဟင်။ လိုသေးလား"

"ရောက်တော့မယ်"

သူမက စကားကို တိုတိုပြတ်ပြတ်ပဲ ပြန်ပြောသည်။ အသံသည် ကြားနေကြလေသံများလို နှုတ်သွက်ပစ်စေးကာ ချွဲမရသော လေသံမျိုး မဟုတ်ဘဲ ကြည်လင်ရှတသော အသံမျိုးဖြစ်သည်။ သူမ နှစ်လိုသောသူကို ချိုချိုသာသာ ပြောပါက အင်မတန်နားထောင်လို့ကောင်းမည့် အသံမျိုးဖြစ်သည်။ သူ သူမရဲ့အနောက်မှ အသာအယာလိုက်လာရင်း ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ အဲဒီအချိန်မှာပဲ ဘောင်းဘီအိတ်ထဲမှာ ထည့်ထားသော သူ့ဟန်းဒ်ဖုန်းက ထမြည်လာသောကြောင့် သူမက ဆတ်ခနဲ လှည့်ကြည့်မိသည်။ သူက တစ်ချက်ပြုံးပြလိုက်ရင်းမှ ဖုန်းကိုဖွင့်ကာ နားထောင်လိုက်သည်။

ဖုန်းက ယမုံနာ့ဆီမှ ဖြစ်သည်။ သူ လာမှာကို ကြိုသိထားသော ယမုံနာသည် သူ့ဆီကို လှမ်းဆက်တာ ဖြစ်လေသည်။

"ဟယ်လို … ယမုံနာ"

"အင်း … မိုးဇန်။ မေမေက မိုးဇန် ကျောင်းကို ရောက်လာမယ်ပြောတယ်၊ အဲဒါ ရောက်ခါနီးပြီလားလို့ လှမ်းဖုန်းဆက်တာ …

ဘယ်ရောက်နေပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုယ်လား၊ အင်း ... ရောက်တော့မယ်"

"ဟုတ်လား ... ဘယ်ရောက်တော့မှာလဲ"

သူက သူမကို မလုံသလို လှမ်းကြည့်လိုက်သော်လည်း သူမကတော့ သူ့ဘက်သို့ ယောင်ယောင်လေးသော်မျှ လှည့်မကြည့်ချေ။ သွားစရာရှိသည့်အတိုင်း ခြေလှမ်းကို ခပ်သွက်သွက် လှမ်းနေသည်။ တစ်နေရာအရောက်တွင် အတန်းတစ်ခုရှေ့၌ သူမက ခြေစုံရပ်ပြီးနောက် သူ့ကို ခပ်တင်းတင်းကြည့်ကာ...

"ဒီမှာ ရောက်ပြီ"

"အဲ ... ဟုတ်ကဲ့။ ကျေးဇူးပါပဲ"

သူမက ဘာမှမပြောတော့ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ကာ အခန်းထဲသို့ ဝင်သွားလေသည်။ သူသည် ရင်ထဲမှ တစ်စုံတစ်ခု ထုတ်ယူခြင်း ခံသွားရသောသူလို သူမရဲ့နောက်ကျောပြင်ကိုငေးကာ ဘာစကားမှပြန်မပြောနိုင်ဘဲ ရပ်ငေးပြီး ကျန်ခဲ့သည်။

"ဟယ်လို ... မိုးဇန်။ ဟယ်လို ... ကြားလား"

ဒါကို တစ်ဖက်မှ ယမုံနာက လိုင်းပြတ်သွားပြီ အထင်နှင့် နင်းကန်ကုန်းအော်သည်။

"အင်း ... ကြားတယ်၊ ယမုံနာ ဘယ်မှာလဲ၊ ကိုယ်က အခု အဲဒီ Part I တွေတက်တဲ့ အတန်းရှေ့မှာ ရောက်နေပြီ"

"ဟင် ... ဟုတ်လား။ ဘယ်မှာလဲ ခဏလေး၊ ယမုံနာ ထွက်လာခဲ့မယ်၊ သြော် ... တွေ့ပြီ ... တွေ့ပြီ၊ မိုးဇန်က ရောက်အောင် လာတတ်သားပဲ"





သူက ဖုန်းကိုနားမှာကပ်ထားရင်းမှ ယမုံနာ့ကို ဝေ့ဝဲ ရှာဖွေလိုက်လျှင် အခန်းတစ်ခုထဲမှ ထွက်လာသော ယမုံနာက ဖုန်းကိုင်ထားသောလက်ကို ဝှေ့ယမ်းပြရင်းမှ သူ့ဆီသို့လျှောက်လာသည်။ သူသည် ယမုံနာ လမ်းလျှောက်လာပုံကိုကြည့်ပြီး အခုနက ကောင်မလေး လမ်းလျှောက်သွားပုံကို မြင်ယောင်လာမိသည်။ အရိုးရှင်းဆုံး အနေအထားနှင့် ကောင်မလေးသည် သူ့အာရုံထဲတွင် ဘာကြောင့်များ ဒီလောက်စွဲထင်သွားသလဲတော့ မသိပါ။

"မိုးဇန် ကျောင်းမသွားခင် ဝင်လာတာလား"

ယမုံနာက ချိုသာသောအသံ၊ ချိုသာသော မျက်နှာပေးလေးဖြင့် အလန်းဆန်းဆုံး ပန်းပွင့်လေးပမာ မေးသည်။ သူမသည် ဘာကြောင့်မှန်းမသိဘဲ သူ့ကိုခေါ်လျှင် သူများတွေခေါ်သလို နေမြဲဟု မခေါ်တတ်ပါ။ နေမြဲမိုးဇန် ဆိုသော သူ့နာမည်ကို မိုးဇန်ဟုသာ နောက်ပိုင်းကနေ၍ ခေါ်တတ်သည်။

"ဟုတ်တယ်၊ မေမေလေ မနက်ခင်းကျမှ ယမုံနာ့ဆီလာပြီး ပေးဖို့ ပြောတာ"

"သြော် ... ယမုံနာလည်း ညတည်းက ဖုန်းဆက်မလို့ဘဲ၊ ကျူတိုရီယယ် ရှိတာနဲ့ စာဖတ်ရင်း ခေါင်းကိုက်ပြီးမေ့သွားတာ၊ ဟဲ ဟဲ ... ဆောရီးနော် မိုးဇန်"

"နဲဗားမိုင်းပါ ယမုံနာ၊ ရော့ ... ဖွင့်ကြည့်လိုက်ဦး၊ အထဲမှာ ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မိုးဇန်ကလည်း ပြောနေရမယ့် သူမျိုးတွေမှ မဟုတ်တာ။ လာပို့ပေးတာ ကျေးဇူးပဲ။ အဟင်း ... ကန်တင်းမှာ မုန့်လေး ဘာလေး လိုက်ကျွေးချင်သေးတာ၊ ကျူတိုရီယယ် ဖြေရတော့မှာဆိုတော့ အချိန်မရလို့"

"ဟာ ... ရပါတယ် ... ရပါတယ်။ စားရတယ်လို့ပဲ မှတ်ပါတယ်။ အလုပ်များတဲ့ ဆရာဝန်မကြီးကို ဒီလောက်တော့ နားလည်ပေးရမှာပေါ့ ...

အိုကေ ... ကိုယ့်ကို ခွင့်ပြုဦးလေ"

"အင်း ... နောက်မှ တွေ့မယ်နော်၊ တာ့တာ"

"အိုကေ ... ဘိုင့်ဘိုင်"

သူက ယမ်းနာ့ကို လက်ချောင်းလေးများ လှုပ်ခတ်နှုတ်ဆက်ပြရင်းမှ အသာလှည့်ထွက်လာခဲ့သည်။ အတန်းရှေ့မှ ထွက်လာခဲ့သော်လည်း သူ့အာရုံတွေသည် အတန်းထဲ ဝင်သွားသော ရိုးရိုးရှင်းရှင်း ကောင်မလေးတစ်ယောက်ထံတွင်သာ ရစ်ဝဲပြီး ကျန်ရစ်ခဲ့သည်။ ဖြစ်နိုင်လျှင် ဒီကောင်မလေးရဲ့ လှုပ်ရှားမှုပုံရိပ်များကို နောက်ထပ် တစ်နာရီလောက် စိမ်ပြေနပြေ ထိုင်ကြည့်ချင်နေသေးသည်။ ဒါပေမဲ့ သူမက အလုပ်ရှုပ်သော ဆေးကျောင်းသူလေးမို့ သူ့မှာ အဲဒီလို ကြည့်ဖို့ရာအတွက် အခွင့်မသာပါ။

ဘာပဲပြောပြော သူကတော့ သူမကို အာရုံထဲမှာ မှတ်ထားလိုက်ပြီဖြစ်သည်။ ပြင်ဆင်ခြယ်သမှု မရှိဘဲ အရိုးရှင်းဆုံး ပုံစံများဖြင့် ဆွဲဆောင်မှုတစ်ခုရှိသူ မိန်းကလေးကို သူ့စိတ်





ထဲမှာ နောက်တစ်ကြိမ်တော့ ထပ်ကိုတွေ့ရဦးမည်ဟုလည်း ထင်နေသည်မှာ ဘယ်လိုအာရုံလဲတော့ မပြောတတ်ပါ။ သူသည် ကားပါကင်သို့ ပြန်ရောက်လာသောအခါ အိတ်ထဲကဖုန်းကို ထုတ်လျက် သူမရဲ့ Light truck ကားကို ဓာတ်ပုံရိုက်လိုက်သည်။ ဒီကားနံပါတ်နှင့် ဒီကားကို ဘယ်နေရာပဲမြင်မြင် သတိရအောင်သာ ဖြစ်ပါသည်။

သူသည် သူမကိုယ်စား Light truck ကားအဖြူကြီးကို တစ်ချက်နှုတ်ဆက်ကာ ဆေးကျောင်းထဲမှ ကားကို ပေါ့ပါးသွက်လက်စွာ မောင်းထွက်လာခဲ့သည်။ လန်းဆန်းသောပန်းလေးတစ်ပွင့်လိုပင် ဖြစ်သော်လည်း တခြားပန်းပွင့်လေးတွေလို နူးညံ့ကာ တဖျပ်ဖျပ် လှုပ်ခတ်နေသော ဝတ်လွှာလေးတွေ မရှိဘဲ အေးစက်လန်းဆန်းနေသည့် ပန်းလေးတစ်ပွင့်နှင့်သာ တူသည်မို့ သူက သူမကို Frozen flower (ရေခဲပန်းလေး)ဟုသာတိတ်တခိုး နာမည်ပေးထားလိုက်တော့သည်။

♥ ➥ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဟား ... ဒီနေ့တော့ ထူးထူးဆန်းဆန်း ငါတူမလေး အပြင်ကိုသွားတော့မယ်ပေါ့။ မိုးတွေ ဘာတွေ ရွာနေဦးမယ်နော်၊ ဟား ဟား ...

ဘယ်ကိုလိမ့်မှာလဲ၊ ရည်းစားနဲ့ date ထွက်မှာလား"

လေးဖေက ပြောင်ချော်ချော် ရွတ်နောက်နောက်ဖြင့် နောက်လျှင် မာန်က စိတ်ပျက်သလိုဖြင့် နှာခေါင်းတစ်ချက်ရှုံ့ကာ လှေကားထက်မှ ဆင်းလာခဲ့သည်။ မာန်တို့ရဲ့အိမ်မှာ သမိုင်းဘက်တွင်ရှိသော ခြံဝင်းကျယ်တစ်ခုဖြစ်လျက် ခြံနောက်ဘက်ကျကျမှာက အဘိုးလက်ထပ်ထဲက ဆောက်ထားခဲ့သည့် ရေနံချေးဝနေသော ပျဉ်ထောင်အိမ် နှစ်ထပ်မည်းမည်းတစ်လုံးရှိကာ အဲဒီမှာ လေးဖေရယ်၊ မာန်ရယ်၊ အခုနောက်ပိုင်း မာန်တစ်ယောက် ကျောင်းစာတွေဖြင့် မအားလပ်တော့သဖြင့် ခေါ်ထားရသော အိမ်အကူ





အဒေါ်ကြီးတစ်ယောက်ရယ်၊ ဝပ်ရှော့က လေးဖေတပည့် ကောင်လေးနှစ်ယောက်ရယ်သာ ညအိပ်ညနေ နေထိုင်ကြသည်။ ကျန်တဲ့ အလုပ်သမားတွေက မနက်လာ ညနေပြန်တွေသာ ဖြစ်ကြသည်။

"ဘယ်သွားမှာလဲ၊ ခုလိုကျတော့လည်း လေးဖေ သမီးလေးက တက္ကဆက်က ကောင်းဘွိုင်မလေးလိုလို ဘာလိုလို"

"ကောင်းဘွိုင်မလို့ ရှိလား လေးဖေရယ်"

မာန်ရဲ့ စိတ်ပျက်သလို အပြောကို လေးဖေက ချစ်စနိုးဖြစ်သွားဟန်ဖြင့် မာန့်ရဲ့ခေါင်းလျှော်ပြီးစ ဆံပင်တွေကို ဆွဲဖွပစ်လျှင် မာန်သည်"အာ"ဟု သံရှည်ကြီးဆွဲကာ အော်ဟစ်မိသည်။ အမှန်တော့ ဘာမှမဟုတ်။ အားလပ်သော အချိန်လေးများတွင် ဒီတူဝရီးနှစ်ယောက်မှာ ဒီလိုပဲ နောက်နောက်ပြောင်ပြောင်နေ, နေကြဖြစ်သည်။

ဒီနေ့သည် မာန်ရဲ့ကျောင်းအားလပ်ရက်ဖြစ်သော စနေနေ့ဖြစ်သည်။ ဒါပေမဲ့ ထူးခြားစွာပင် မာန် ဒီနေ့ Shopping ထွက်မည်ဖြစ်သည်။

မာန်သည် ပြင်ဆင်ခြယ်သစွာ မနေတတ်သော်လည်း အဝတ်အစားကိုတော့ ကိုယ်နှစ်သက်သလို ကြည့်ကောင်းအဆင်ပြေအောင် ဝတ်တတ်သူ ဖြစ်လေရာ ကျောင်းမသွားသော ပြင်ပအချိန်များတွင်တော့ တီရှပ် (သို့မဟုတ်) ရှပ်အင်္ကျီကို ဂျင်း(န်)ပန်တစ်ထည်ဖြင့် လိုက်ဖက်ညီအောင် ဝတ်စားတတ်သူဖြစ်သည်။ အဲဒီတစ်ခုမှာ မာန်တို့တူဝရီးနှစ်ယောက်စလုံး တကယ်တူညီကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မာန်ကပဲ လေးဖေရဲ့ Country Design တွေကို ငယ်ငယ်လေးတည်းကပဲ မျက်စိထဲ ဝင်နေခဲ့လို့လားတော့မသိ။ မာန်ကိုယ်တိုင်ကလည်း Country Shirt များနှင့် ဂျင်း(န်)ကိုသာ စွဲလမ်းသူ ဖြစ်သည်။

အိမ်နေရင်း ဆိုလျှင်တော့ ချည့်ထည်ဘောင်းဘီပွကြီးတွေကို ဝတ်ဆင်တတ်သော မာန်သည် ကျောင်းသွားရင်တော့ လူကို သက်သောင့်သက်သာ ရှိစေမည့် ရိုးရာချည်ထည်များကိုသာ ဝမ်းဆက်ချုပ်ဝတ်တတ်သူ ဖြစ်သည်။ ကိုယ့်ထမင်း ကိုယ်စားရှာသူများအတင်း တုပ်ချင်သူမိန်းကလေးတွေကတော့ မာန့်ကို သက်သက်ထွင်တာဟုလည်း ပြောကြသေးသည်။ ပြောချင်ရာ ပြောကြပါစေ၊ မာန်ကတော့ သိပ်ဂရုမစိုက်တတ်ချေ။ မာန့်ရဲ့ခေါင်းထဲတွင် ရှိသော တစ်ခုတည်းသော ရည်မှန်းချက်မှာ စာမေးပွဲတိုင်းကို ဂုဏ်ထူးတွေနှင့်အောင်ကာ ထူးချွန်သော ဆရာဝန်တစ်ယောက်။

"ဒီနေ့ ညိုမိနဲ့ Shopping သွားမလို့ လေးဖေရဲ့။ ညိုမိကလေ အတန်းထဲက သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်ရှိတာကို လက်ဖွဲ့သွားဝယ်ရင်း တစ်ခါတည်း Shopping လေး ဘာလေးပါ လုပ်မယ်ဆိုတာနဲ့"

"ဘာဝယ်မှာလဲ၊ ဘယ် Shopping Mall ကိုသွားမှာလဲ"

"အင်း ... မသိဘူး။ ဟိုရောက်မှပဲ ကြည့်ရမှာပဲ။ သမီးက ဗိုလ်ချုပ်ဈေးက ကျောက်ပန်းချီကားချပ်လေး ဝယ်ပေးမလားလို့။ သူတို့က အိမ်ခွဲနေကြမှာဆိုတော့ သူတို့ဧည့်ခန်း





ထဲမှာ ချိတ်လို့ရတယ်လေ၊ တချို့ပစ္စည်းတွေက ပုံနေမှာ၊ မီးပူတို့ ထမင်းပေါင်းအိုးတို့က လူတိုင်းပေးမယ့် ပစ္စည်းတွေလေ ...

Shopping Mall ကတော့ ကမ္ဘာအေးက ဂမုန်းပွင့်ကို သွားမလားလို့"

"အင်း ... အဲဒါနဲ့ပဲ ဒီလို Country Design ဝတ်လာတယ်ပေါ့"

"ဒါပေါ့၊ လေးဖေရဲ့စတိုင်လ်အတိုင်းပေါ့"

မာန်က ပခုံးတစ်ချက်တွန့်ကာ ပြောလိုက်လျှင် လေးဖေက တဟားဟား အော်ရယ်သည်။ စွပ်ကျယ်အဖြူ၊ ဂျင်း(န်) ခပ်မွဲမွဲတစ်ထည်နှင့် နှုတ်ခမ်းမွေးစစထားသော လေးဖေရဲ့စတိုင်လ်သည် ကြီးလေ မိုက်လေ ဟူသော ကြီးမိုက်ဒီဇိုင်းမျိုးဖြစ်သည်။ အင်း ... ဒါကြောင့် အပျိုကြီးတွေက လေးဖေ ဆိုလျှင် အသည်းစွဲတာ ထင်ပါရဲ့။ လေးဖေလည်း ဒီတစ်သက် မိန်းမ မယူတော့ဘူးလား မသိ။ အသက်လေးဆယ်ဟူသော အသက်အရွယ်သည် ယောကျ်ားတစ်ယောက်အတွက်တော့ နောက်ကျသေးသည့်အရွယ်တော့ မဟုတ်ပါ။ ပြီးတော့ လေးဖေက ဆေးလိပ်၊ ကွမ်း၊ အရက် စတာတွေကိုရှောင်ကာ အားကစားလည်း လိုက်စားသူမို့ လေးဆယ်ဟုတောင် မထင်ရ။

ညိုမိကတောင် လေးဖေကို စတွေ့တွေ့ချင်းတုန်းက "နင့်အဖေက အမိုက်စားပဲ၊ ဘရက်ပစ်နဲ့တူတယ်" ဟု ချီးမွမ်းပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖူးလေသည်။ မာန်က နံရံမှာ ချိတ်ထားသော ကားသော့
လှမ်းဖြုတ်ကာ ...

"ကဲ ... အဲဒါဆို သမီး သွားတော့မယ်လေ။ လေးဖေ ဘ
မှာဦးမလဲ"

"အင်း ... လိုတာတော့ မရှိပါဘူး။ ဒါပေမဲ့ သမီးမျက်
ထဲမှာ လေးဖေအတွက်ဆိုရင် ? ? ဆိုပြီး သတိရမိတဲ့အ
ရှိရင် ဝယ်ခဲ့လိုက်ပေါ့ ...

အိုကေနော်"

မာန်က လေးဖေကို ပြောတတ်တယ် ဟူသေ
အကြည့်မျိုးဖြင့် တစ်ချက်ကြည့်ပြီးနောက် ...

"အင်းပါ ပြီးရော။ ဆိတ်သားဖတ်(ဖ်)ကတော့ မပါမပြ
နော်"

"အိုကေ ... အိုကေ ... Season က"

"စိတ်ချချနေ ဝယ်လာခဲ့မယ်၊ ကဲ ... လစ်ပြီ လေးဖေ
"အေး ... အေး ... ပိုက်ဆံထပ်ယူသွားဦးမလား သမီ
"ရတယ် လေးဖေ။ မယူတော့ဘူး၊ သွားပြီနော်"

မာန်က ဘောင်းလွယ်အိတ်လေးကို စလွယ်သို
ကာ အိမ်ပေါ်မှပြေးဆင်းရင်း အော်ခဲ့လျှင် ကားကို ဂရုစိုက်မော
ဟူသော လေးဖေရဲ့သတိပေးသံက နောက်ပါးမှ လွင့်စဉ်
ကျန်ရစ်ခဲ့သည်။ မာန်သည် ခြံထောင့်မှာ ရပ်ထားသော Li
truck ကားပေါ်ကိုတက်ကာ ကျင်လည်စွာ မောင်းထွက်လာခဲ့သည်





ညိုမိကို ဝင်ခေါ်ပြီးလျှင် ကမ္ဘာ့အေးဘက်သို့ ဆက်သွားမည်ဖြစ်
သည်။ ညိုမိနှင့် မာန်ရဲ့အိမ်မှာ သိပ်တော့မဝေးလှပါ။ ဆယ်တန်း
တည်းက စာအတူတူကျက်ကာ ပေါင်းလာခဲ့ကြသော မာန်နဲ့ညိုမိ
သည် ဆေးကျောင်းကိုလည်း အတူတူ တက်ခွင့်ရသောအခါ ပို၍
တွဲဖြစ်သွားကြသည်။

ညိုမိသည်လည်း မာန့်လိုပဲ အလှအပကို သိပ်စိတ်
မဝင်စားသော သာမန်ရွက်ကြမ်းရေကျို ကောင်မလေးတစ်ယောက်
သာ ဖြစ်သည်။ လူလတ်တန်းစားမိသားစုက မွေးဖွားလာသော
မိန်းကလေးပီပီ သုံးဖို့ ဖြုန်းဖို့ အခွင့်အရေး သိပ်မရှိဘဲ ကျောင်း
စာကိုသာ အပတ်တကုတ် ကြိုးစားသင်ယူသူ ဖြစ်သဖြင့် မာန်နဲ့
တွဲမိခြင်းလည်း ဖြစ်သည်။ အလှအပကို စိတ်ဝင်စားကာ သုံးဖို့
ဖြုန်းဖို့ စိတ်ဝင်စားသောသူဆိုလျှင် မာန်နှင့် သိပ်ကိုက်မှာ
မဟုတ်။ မာန်သည် ရှုပ်ရှုပ်ပွေပွေတွေ၊ ပကာသနတွေကို သိပ်စိတ်
မဝင်စားဘဲ ဘာကို ရိုးရှင်းစွာ ဖြတ်သန်းနေထိုင်လိုသူတစ်ဦး
ဖြစ်ပါသည်။

အပျော်အပါး အသွားအလာတွေကို သိပ်စိတ်မဝင်
စားဘဲ အားလပ်ချိန်တွေမှာလည်း သီချင်းနားထောင်၊ စာအုပ်
ဖတ် စတာတွေနဲ့ပဲ စိတ်အပန်းဖြေတတ်သူဖြစ်သည်။

မာန်သည် Mandalay FM Radio အစီအစဉ်ကို
နားထောင်လာရင်းမှ ကားကို ခပ်သွက်သွက် မောင်းလာခဲ့သည်။
စနေနေ့မို့ လမ်းမှာ ကားတွေကရှင်းကာ မောင်းလို့ကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခဏအကြာတွင် ညိုမိတို့အိမ်ရှေ့သို့ ရောက်သွားကာ ဟွန်းနှစ်ချက် ဆင့်တီးလိုက်တာနှင့် ညိုမိက အပြေးထွက်လာသည်။ ညိုညိုလုံးလုံးလေးနှင့် မျက်မှန်ထူလေး တပ်ထားသော ညိုမိကို မာန်က ညိုမိလှိုင်ဟု မခေါ်ဘဲ ညိုမိလုံးဟု နောက်တတ်သဖြင့် အမြဲရန်ဖြစ်ရသောသူလည်း ဖြစ်သည်။

"ဘောင်းဘောင်းတွေ ဘာတွေနဲ့ပါလား"

မိန်းမဝတ် လောင်းပန်အရှည်လေး ဝတ်လာသော ညိုမိကို မာန်က နောက်လိုက်လျှင် ညိုမိက နှာခေါင်းတစ်ချက်ရှုံ့ကာ ...

"နင့်ကို အားကျလို့ပေါ့၊ ကဲ ... ဘယ်သွားမှာလဲ"

"ဟဲ့ ... နင်ပဲ ကမ္ဘာအေးဂမုန်းပွင့်ဆို"

"အေးပါ ... ဟုတ်ပါတယ်၊ နင်က တခြားနေရာများ သွားချင်သလားလို့"

"မသွားချင်ပါဘူး။ အဲဒီမှာပဲ ဝယ်လို့ရတယ် မဟုတ်လား။ ငါက ဗိုလ်ချုပ်ဈေးက ကျောက်ပန်းချီလေး ဝယ်ပေးရင် ကောင်းမလားလို့ဟ ...

တချို့ဟာတွေကျတော့ သူတို့ဆီမှာ ပုံနေမှာ၊ ကိုယ်ပေးတဲ့လက်ဆောင်ပစ္စည်းကို တခြားမှာ ပြန်သွင်းတာ အသုံးမဝင်တာမျိုးလည်း မဖြစ်စေချင်ဘူးလေ"

"ဟင်း ... နင့်ကျောက်ပန်းချီကြီးကျတော့ရော ဘာအသုံးဝင်မှာမှတ်လို့"





"အဲဒါကြောင့် နင့်ကို ပိန်းတယ် ပြောတာ။ ကျောက်ပန်းချီဆိုတာ သူတို့အတွက် မင်္ဂလာရှိတဲ့ အတိတ်နိမိတ်နဲ့ ပေးတာ။ သူတို့က အိမ်ခွဲပြီးနေမှာပဲ ...

သူတို့ အိပ်ခန်းထဲမှာပဲဖြစ်ဖြစ် ဧည့်ခန်းထဲမှာပဲဖြစ်ဖြစ်၊ ချိတ်ထားလို့ရတယ်။ ကန့်ရီ ကိန္နရာပုံတို့ ဘာတို့ ပေးမှာပေါ့ ...

ကျောက်ပန်းချီကတော့ ဟိုလိုကြီး အသုံးဝင်တယ်တော့ ဘယ်ဟုတ်ပါ့မလဲ။ ဒါပေမဲ့ ပေးတဲ့သူလည်း သိက္ခာရှိတယ်၊ သူတို့လည်း သဘောကျမှာပဲ"

"အေးပါ ... အေးပါ၊ ငါတို့ကတော့ ကျောက်ပန်းချီတွေ ဘာတွေတော့ မတတ်နိုင်ဘူးဟေ့၊ တော်ပြီ အိပ်ရာခင်းဝမ်း ဆက်လောက်ဆို"

"နင့် အဲဒါလည်း The Best တို့ ဘာတို့ အဲဒီတံဆိပ်တွေဆို တစ်သောင်းကျော် ရှိတာပဲ"

"အေးလေ ... မင်္ဂလာဆောင်တဲ့ လူတွေတော့ ဘယ်လိုနေမယ် မသိ။ တို့တော့ ပိုက်ဆံကုန်တယ် ... ဟ ဟိ"

"ဟင်း"

မာန်က ညိုမိကို မျက်စောင်းတစ်ချက် လှည့်ထိုးရင်းမှ ကားကို ဂရုစိုက်မောင်းမိသည်။ အဲဒီလိုနှင့် မာန်တို့ကားမှာ သွားလိုသော ကုန်တိုက်သို့ ရောက်လာခဲ့ကြသည်။ မာန်သည် ပါကင်ထိုးပြီးသောအခါ ညိုမိနဲ့ အတူတူ ကုန်တိုက်ထဲသို့ အေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးဗူး လှမ်းဝင်လာခဲ့ကြသည်။ ပြီးတော့ ညိုမီ ဝယ်လိုသော အိပ်ရာခင်းအဆင်တွေကို ကူညီရွေးချယ်ပေးနေမိလေသည်။ ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်တတ်သော ထုံးစံအတိုင်း ဘေးဘီဝဲယာကိုလည်း မကြည့်ဖြစ်။

"ဒါလေးပဲ ယူလိုက်မယ်နော်"

"အင်း ... ကောင်းပါတယ်၊ အဲဒါက အပေခံတာပေါ့"

"ဟင်း ... အပေခံရအောင် လက်နှီးစုပ်လုပ်မှာကျလို့။ အိပ်ရာခင်းမှာပါဆိုမှ ဒေါက်တာဥာဏ်ကြီးရှင်"

ညိုမီမကလည်း မခေ။ မာန့်ကို နိုပ်ကွပ်သည်။ မာန်က သူမကို မျက်လုံးပြူးပြကာ နားထင်ကို လက်ညှိုးနှင့်တွန်းထုတ်ရင်းမှ ...

"ဘာဆိုင်လဲ၊ အဲဒါဆိုရင် နင် အဖြူဆွတ်ဆွတ်ပဲ ဝယ်ပေးလိုက်ပါလား"

"အဲဒါတော့ နင့်အလှည့်ကျမှပဲ ဝယ်ပေးတော့မယ်"

"အရူးမ ... ကဲ ... မြန်မြန်လုပ်၊ ပြီးရင် အပေါ်တက်မယ်၊ ငါ လေးဖေအတွက် ရှပ်လေး ဘာလေး ကြည့်ချင်သေးလို့"

"အေးပါ ... ငါလည်း အင်္ကျီလေး အဝတ်အစားလေး ကြည့်ချင်ပါသေးတယ်"

မာန်နဲ့ ညိုမီသည် အိပ်ရာခင်းတစ်စုံစာကို ရွေးချယ်ပြီးနောက် မာန်က စားသောက်တန်းဘက်မှာ အိမ်အတွက် လိုအပ်မည်ထင်သော တိုတိုထွာထွာ ပစ္စည်းလေးတွေကို ရွေးချယ်





...ယူနေလိုက်သည်။ လေးဖေက နှုတ်ခမ်းမွေး အာလူးကြော်...ကတတ်သဖြင့် အာလူးကြော်ဘူးက သုံးဘူး၊ ဖျော်ရည်ပုလင်း... အအေးဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များ စတာတွေကို ...င်းထဲ ကောက်ထည့်ရင်းမှ စင်အချိုးတစ်ခုမှာ လူတစ်ယောက်... တိုက်မိမလို ဖြစ်သွားသောကြောင့် "ဆောရီး"လိုက်ရပါသေး...သည်။ လူကိုတော့ မမော့်မကြည့်ဖြစ်။ အမယ်စုံသော ပစ္စည်းများ...ကို စနစ်တကျ ရွေးချယ်နေသောကြောင့် လူတွေကို သိပ်အာရုံ...စိုက်မိခြင်းဖြစ်သည်။

မာန်သည် လှည်းလေးကို ခပ်ဖြည်းဖြည်းတွန်းကာ ...ရှေ့သို့ ဆက်ထွက်လာခဲ့သည်။

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ... မင်းတို့က အဝတ်အစားဝယ်ဖို့လာတာလား။ မိန်းမတွေလို တိုလီထွာလီ ဟိုပစ္စည်း ဒီပစ္စည်းတွေ လျှောက်ဝယ်ဖို့ လာတာလား"

သူ့ရဲ့မကျေနပ်သလို အပြောကို ဘိုဘိုက ပေစောင်းစောင်းဖြင့်လှည့်ကြည့်သည်။ ကမ္ဘာ့အေးဂမုန်းပွင့် Shopping Mall မှာ အဝတ်အစားဝယ်ဖို့ ရောက်လာကြတာဖြစ်သော်လည်း သူ့ဘော်ဒါတွေက အပေါ်တက်ဖို့ စိတ်မကူးသေးဘဲ အောက်ထပ်က စားသောက်စရာ၊ အသုံးအဆောင် တိုလီမိုလီ ပစ္စည်းတွေကိုလည်း စပ်စုချင်သေးသည်။ အဲဒီဘက်မှာက သူတို့လို ယောကျ်ားလေး ငယ်ငယ်ရွယ်ရွယ်တွေ ဘယ်သူမှ မရှိဘဲ အိမ်ရှင်မတွေသာ ဈေးဝယ်ကြသည့်နေရာဖြစ်သည်။

"Shopping ထွက်ပါတယ် ဆိုမှတော့ အကုန်အစုံ ဝယ်ဖို့ပေါ့ကွ။ အေးဆေးပေါ့၊ မင်းက ဘာလောနေတာလဲ။ ဒီမှာ ငါ့အမေ မှာလိုက်တဲ့ပစ္စည်းတွေ List နဲ့ ဝယ်ပေးရဦးမယ် ...





သိပ်မများပါဘူး အမျိုးနှစ်ဆယ်လောက်တည်းပါ"

"ဟင်း"

သူက ပြင်းပြင်းထန်ထန် နှာခေါင်းရှုံ့မိလျှင် ဘိုဘိုက သူ့ပခုံးကို ဖက်ကာ ပြေရာပြေကြောင်း ဆိုသည်။

"ယောက်ဖကလည်းကွာ၊ မင်းကို ငါ နှုတ်ခမ်းမွေး အာလူးကြော် ဝယ်ကျွေးပါ့မယ်။ ငါ့ကားထဲမှာ ထည့်ထားရင် မင်းပဲ နှိုက်နှိုက်စားနေတဲ့ဟာလေ"

"ဘာဖြစ်လဲ ... အဲဒါက တွေ့လို့စားတာ၊ ကဲကွာ ... ကြာတယ်၊ ဝယ်မှာဖြင့်လည်းဝယ်ကြ၊ ဘာတွေမှန်းလဲ မသိဘူး၊ စိတ်ကုန်တယ်"

"ဟော့ကောင် ... တခြားဟာတွေလည်း ဝယ်ဖို့ရှိပါတယ်ကွ။ မင်းသုံးနေတဲ့ Shampoo တို့ Shower Gel တို့ ကြည့်ပေါ့"

သူက ဘာမှမပြောတော့ဘဲ ဘိုဘိုရဲ့ပခုံးကိုသာ နောက်ကနေ တွန်းလွှတ်လိုက်သည်။ အဲဒီလိုနှင့် စိတ်မပါ တပါဖြင့် ဟိုကြည့် ဒီကြည့် လုပ်နေသော သူသည် တစ်နေရာအရောက်တွင်တော့ ထောင့်ချိုးတစ်ခုကို အဖြတ်မှာ တစ်ဖက်က ကွေ့ဝိုက်ပြီး တွန်းလာသော တွန်းလှည်းတစ်စီးနှင့် တိုက်မိမလို ဖြစ်သွားသည်။ သူကလည်း ဆောရီး၊ ဟိုဘက်ကလည်း ဆောရီး။ ဒါပေမဲ့ ဟိုဘက်က ဆောရီးပိုင်ရှင်က သူ့ကို မော့်ကြည့်ဖော်တောင်မရ။ သူကလည်း အမှတ်တမဲ့ပင်။ ဒါပေမဲ့ သူ့စိတ်ထဲတွင် လှစ်ခနဲ ဖြစ်သွားကာ သူမကို ကမန်းကတန်း ငဲ့ကြည့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို ရှောင်ဖယ်ကာ တွန်းလှည်းကို ဆက်တွန်းဖို့ ဟန်ပြင်နေပြီဖြစ်သည်။ သူက ကမန်းကတန်း ငဲ့ကြည့်ရခြင်းဖြစ်ကာ အဲဒီပြကွက်သည် ရုပ်ရှင်တွေထဲကလိုပဲ Slow Motinon လေးနှင့် တူသည်။

သူသည် အဲဒီမျက်နှာတစ်ခုကို မြင်လိုက်ရသောအခါတွင် ရင်ထဲ၌ ဒိန်းခနဲ ဖြစ်သွားသည်။ ဟာ ... ဟိုမိန်းကလေး ဆေးကျောင်းသူ။

ဒီဇိုင်းတွေက ပြောင်းထားသဖြင့် ရုတ်တရက် မမှတ်မိသော်လည်း သေချာကြည့်မိသောအခါ သူမဆိုတာ သေချာသွားသည်။ ကြည့်စမ်း ... သူ့ရင်ထဲ၌ လှုင်ခနဲ ဖြစ်သွားပုံမှာ ဘယ်တုန်းကမှန့် မတူချေ။ သောကြာနေ့ကတင် သူမနဲ့ ဆုံတွေ့ခဲ့ရပြီး အခု တနင်္ဂနွေနေ့မှာ Shopping Mall တစ်ခုထဲ၌ တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ရခြင်းမှာ မိုးနတ်မင်းကြီးက သူ့ကို ကောင်းချီးပေးတာပဲ ဖြစ်ပါမည်။

သူသည် သူမနောက်ကနေ၍ တဖျပ်ဖျပ်ခုန်လာသော ရင်အခုံဖြင့် အသာအယာ လိုက်လာခဲ့သည်။ ကြည့်စမ်း ... ဒီလိုကျတော့လည်း သူမက အင်မတန် ကြည့်ကောင်းပါလား။ သူ ပင်လျှင် ရုတ်တရက် မမှတ်မိအောင် ဒီဇိုင်းတွေက လန်ထွက်နေသည်။ တကယ်တော့ သူမက ဘာမှ ထူးထူးခြားခြားကြီး ပြင်ဆင်ထားတာတော့ မဟုတ်ပါ။ ခေါင်းလျှော်ထားဟန်တူသော ဆံနွယ်တွေကို ဒီအတိုင်း ကျထားကာ ခပ်သွေ့သွေ့ရှိနေသော





ဆံနွယ်များသည် ဂျူလီယက်ဆံပင်ပုံလို အလယ်ခွဲခပ်ရှိုးရှိုးလေးဖြစ်ကာ ခေတ်ပေါ်ဆန်းပြားသော ဆံပင်တွေကြားထဲ၌ တစ်မျိုးထူးခြားသလို ဖြစ်နေသည်။ နီညိုရောင် အကွပ်စိပ်စိပ် ရှပ်အင်္ကျီကို လက်ခေါက်ဝတ်ထားကာ အင်္ကျီစကို ဘောင်းဘီထဲ ထည့်ဝတ်ထားပြီး ခါးပတ် ပတ်ထားပုံသည် တကယ်ကို Style ကျသည်။ ချုပ်ရပ်ကာ အဆီပိုမရှိသော ဖိုက်သားပြင်နှင့် အလောတော်ညီညွတ်သော အိုးလှလှလေးထက်တွင် Sky Blue ဂျင်း(န်)မှာ ပန်းရစ္စာတင်နေသည်။

ကြည့်စမ်း ... သူမက Country Style ဝတ်ထားတာပါလား။ သူမနဲ့ Country Design မှာ အတော်ပဲ လိုက်ဖက်မှုရှိသည်။ ဘာမှမထူးခြားသော နီညိုရောင်ရှပ်အင်္ကျီလေးနှင့် ဂျင်း(န်) တစ်ထည်ပင် ဖြစ်သော်လည်း အဲဒီလို အရိုးရှင်းဆုံး စတိုင်လ်ကကို သူ့ရင်ထဲမှာ တစ်ချီတည်းနဲ့ ဖွဲ့ကျန်စေသည်။ သူက သူမနောက်သို့ တကောက်ကောက်ဖြင့် မသိမသာ လိုက်ပါနေသော်လည်း သူမကတော့ သတိတောင် ထားမိပုံမပေါ်။ အိမ်သုံးပစ္စည်းတွေကို ဂရုတစိုက် ရွေးချယ်ဝယ်ယူနေသည်။ အာလူးကြော်ဘူးတွေနားသို့ အရောက်မှာ သူမက သုံးဘူးလောက်ကို ခြင်းထဲပစ်ထည့်သည်။ ဟာ ... စားလှချည်လား။ သူက အားကျစိတ်ဖြင့် သူမအနားသို့ ကပ်သွားကာ အာလူးကြော်တစ်ဘူးကို လှမ်းယူလိုက်သည်။ သူမက ကိုယ်ကို အနည်းငယ် ယို့သွားသော်လည်း သူ့ကိုလှည့်တောင်မကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ... နေနိုင်သူကြီး။

သူက ဖွဲ့မလျှော့သေးပါ။ အာလူးကြော်ဘူးကို ပိုက်ကာ သူမနောက်မှ လိုက်ပါဆဲ။ သူ့ကို ဘိုဘိုက နောက်နေပြီး လက်တို့သည်။ ဘာလဲဟူသောသဘော။ သူက ပြုံးစိစိဖြင့် ပခုံးတွန့်ပြလိုက်သည်။ တကယ်တော့ သူက ဘိုဘို့ကို ကျေးဇူးတင်ရမှာဖြစ်သည်။ ဘိုဘိုသာ အိမ်ရှင်မကြီးသဖွယ် ဒီနေရာမှာ ဈေးဝယ်မထွက်ခဲ့လျှင် သူမကို သူ တွေ့ခွင့်ရမှာ မဟုတ်။ ဘိုဘိုက သူ့အနားကပ်ကာ အသာအယာ မေးသည်။

"ဟော့ကောင် ... လိုက်ကြူမလို့လား။ မင်းကတော့ကွာ တွေ့မရှောင်ပဲ"

"တွေ့မရှောင် မဟုတ်ဘူး။ လုံးချော ... ဟဲ ဟဲ"

"ဟင်း ... ဘာလဲ။ ရည်းစားမရှိရင် မနေတတ်တဲ့ အထာလား"

"မဟုတ်ပါဘူးကွာ။ အေးဆေးနေစမ်းပါ ဒါက မင်းတို့သိနေကြ အကန့်တွေနဲ့ မတူဘူး"

"အောင်မာ ... လာသေးတယ်။ ကဲ ... ဘယ်လိုလဲ၊ ငါက ဝယ်လို့ပြီးပြီ၊ ကက်ရှာသွားတော့မလို့။ မင်းက နောက်က လိုက်ဦးမှာလား"

"လိုက်မှာပေါ့၊ ဒီခွင်ကို လက်လွှတ်စရာလား၊ အေးဆေးပါကွာ မင်းကလည်း၊ ဒီနေ့အဖို့ ငါ့ပါရမီကို ဖြည့်ပေးဖို့ မင်း စဉ်းစားတော့ ... ဟဲ ဟဲ"





"ဟာ ... မင်းကိုတော့ မနိုင်တော့ဘူး"

"မနိုင်ရင် လွှတ်သာချလိုက်တော့၊ အေးဆေး ... အေးဆေး"

"ဟော့ကောင်တွေ ဘာလဲကွ"

နောက်မှ ရောက်လာသော ဂျွန်နဲ့ လင်းသက်က ထပ်၍ စပ်စုပြန်သည်။ သူက အေးဆေး ဟူသော အထာဖြင့် မျက်စိတစ်ဖက် မှိတ်ပြလိုက်ကာ သူမနောက်မှ အာလူးကြော်ဘူးကိုပိုက်လျက် အသာအယာ လိုက်ပါလာမိသည်။ သူမက သူငယ်ချင်းတစ်ယောက်နဲ့ လာတာဖြစ်ပြီး ခဏနေတော့ ဝယ်လို့ပြီးသွားဟန်တူကာ တွန်းလှည်းကို ကက်ရှာသို့ တွန်းသွားသည်။ သူမနောက်မှ သူတို့အုပ်စုကလည်း ထက်ကြပ်မကွာ။ Cashier မှာ တန်းစီတော့လည်း သူတို့အုပ်စုမှာ တပျော်တပါးကြီး။ သူမကတော့ သတိထားမိလား မထားမိလားတော့ မသိ။ သူမနောက်က ညိုညိုလုံးလုံးလေးကတော့ သူတို့အုပ်စုကို အကဲခတ်နေသည်။ သူသည် အဲဒါကိုလည်း သိပ်ဂရုမစိုက်ပါ။ ဘေးတိုက်မြင်နေရသော သူမရဲ့ မျက်နှာလေးကိုသာ အရိပ်တကြည့်ကြည့်ဖြင့် ရှိနေသည်။ သူမ မျက်နှာလေးက ဟိုတစ်နေ့က တွေ့ခဲ့သည့်အတိုင်းပဲ ဒီနေ့မှာလည်း ဘာမှပြင်ဆင်မထားပါ။ ဒါပေမဲ့ ပြင်ထားတဲ့ သူတွေထက်တောင် လှပပါပေသည်။ အထူးသဖြင့် မျက်တောင်ဖျားတွေက အံ့သြစရာကောင်းလောက်အောင်ကို ကော့ညွတ်နေကြသည်။

ဘာ Mascara မှလည်း သုံးထားဟန် မတူပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက သူမ ပိုက်ဆံရှင်းပြီးတာနှင့် ကောင်တာပေါ်ကို သူ ယူထားသော အာလူးကြော်ဘူးကို တင်ပေးလိုက်သည်။ ညိုညိုလုံးလုံး ကောင်မလေးက သူ့ကို မျက်လုံးပြူးဖြင့် လှည့်ကြည့်ကာ ...

"ကျွန်မ အရင်ရှင်းရမှာ"

"အစ်ကို ... ခဏလေး စောင့်ပါနော်"

ကက်ရှာက ကောင်မလေးကလည်း သူ့ကို အပြုံးဖြင့် လှမ်းပြောသည်။ သူက ညိုလုံးလေးကို ပြုံးစစဖြင့် ပခုံးတစ်ချက် တွန့်ပြလိုက်လျှင် ကောင်မလေးက ကလေးလို အထာဖြင့် နှုတ်ခမ်းဆူကာ လှည့်သွားသည်။ သူမကတော့ ဘာတွေ အကြံရှိသေးလဲတော့ မသိ။ အထုပ်တွေကို ယူမသွားသေးဘဲ ကက်ရှာမှာ အပ်နေသေးသည်။ ကြည့်ရတာ အပေါ်ထပ်သို့တက်ပြီး ပတ်ဦးမည့် ဒီဇိုင်းပင်။ အိုကေ ... သင့်ခ်ယူ။ ဒီတော့လည်း သားသားတို့ အကြိုက်ပေါ့။ သူကတော့ အာလူးကြော်တစ်ဘူးကို အပ်ခဲ့ဖို့ မကောင်းတတ်သဖြင့် ရင်ဝယ်ပိုက်လာခဲ့ရသည်။ တကယ်လည်း သူမတို့က အပေါ်ထပ်သို့ တက်ကြသေးသည်။ သူတို့အုပ်စုကလည်း သူမတို့နောက်မှ ထက်ကြပ်မကွာချေ။ ကြာတော့ ညိုလုံးလေးက သူတို့ ဘာခွင်ကို ဆောင်သလဲဆိုတာ ရိပ်မိလာဟန်တူသည်။ သူတို့ကို လှည့်ကြည့် လှည့်ကြည့် လုပ်ကာ ကလေးအထာဖြင့် နှုတ်ခမ်းတွေလည်း ဆူထားသဖြင့် သူတို့အုပ်စုက ရယ်ချင်ကြသေးသည်။





သူမကတော့ သူတို့ကို တစ်ချက်မှ လှည့်မကြည့်ပါ။ ဒါပေမဲ့ မျက်နှာထားကတော့ နည်းနည်းမာသည့်ဘက်သို့ ရောက်သွားသည်ဟု ထင်သည်။ အိုကေ ... ဒါလည်း အသစ်ပါပဲ။ သူ့ရဲ့အေးစက်လန်းဆန်းသော ရေခဲပန်းလေးမှာ အင်္ကျီဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားလျှင် ဘိုဘိုက လက်ကုတ်သည်။

"ဟေ့ကောင် ... ဟိုမှာ ယောကျ်ားဝတ် အဝတ်အစားဆိုင်ထဲ ဝင်သွားပြီ။ လိုက်ဝင်မှာလား"

"ဝင်မှာပေါ့ကွ။ ပိုတောင်ကောင်းသေးတယ်။ ဘရာစီယာဆိုင်ဝင်တာမှ မဟုတ်တာ"

"ဟာ ... ဟိုက မိန်းကလေးတန်မဲ့ မိန်းမအဝတ်အစားဆိုင်တော့ မဝင်ဘဲနဲ့ ယောကျ်ားအဝတ်အစားဆိုင်ဝင်လို့ ပြောနေတာ။ ကေနှ မင်းဟာက လိုင်စင်ရှိပြီးသားကြီးနဲ့ တူတယ်"

"ဟေ့ကောင် ... မင်း ဘယ်ခေတ်မှာ နေနေတာလဲ"

"ပုဂံခေတ်"

"လာပြီး အရူးထမနေနဲ့၊ ယောကျ်ားအင်္ကျီဆိုင် ဝင်တာနဲ့ပဲ သူ့မှာ ယောကျ်ားရှိရမှာလား။ ကြည့်ရတာ ရည်းစားတောင် ထားဖူးတဲ့ပုံ မပေါ်ဘူး"

"ဟွန်း ... အဲဒါကြီးကတော့ မိုင်တွေပိုပြီး လမ်းလျှောက်ပြီ၊ ယောကျ်ားမရှိတောင် ရည်းစားတော့ ရှိမှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူးဆိုမှကွာ။ ဟော့ကောင် သူရွေးနေတာ Country Shirt တွေကွ ... မိုက်တယ်။ သူ့ကြည့်ရတာ Country Style ကို ကြိုက်တယ်နဲ့ တူတယ် ...

ဟော့ကောင် ... ဟို ... Alter Shirt အတို အကွက်လေးတွေ မိုက်တယ်နော်။ မဆိုးဘူး။ ဟိုတစ်နေ့ကတောင် မေမေက ငါ့ကို အောက်က Vest ခံပြီး အပေါ်က အဲဒါ ထပ်ဝတ်ပါလားလို့ ပြောနေသေးတယ်။ ကြည့်ရအောင်ကွာ"

"အေး ... မဆိုးဘူး။ လှသားပဲ"

သူ့သူငယ်ချင်းတွေက သူ ပြသော Alter Shirt အတိုလေးများကို အာရုံဝင်စားသွားကြသော်လည်း သူကတော့ အဲဒီထဲသို့လည်း အပြည့်အဝ အာရုံမဝင်စားနိုင်ပါ။ သူမကိုသာ သံယောဇဉ်မပြတ်စွာဖြင့် အရိပ်တကြည့်ကြည့် ဖြစ်နေသည်။ သူမကတော့ သူ့ဘက်သို့ လှည့်တောင်မကြည့်။ သူ နည်းနည်းတော့ ကျွဲမြီးတိုချင်သွားသည်။ သူ့ကိုဆိုလျှင် ကောင်မလေး တော်တော်များများက စိတ်ဝင်တစား အကဲခတ်ကြသည်ဖြစ်လေရာ သူမက ဝတ်ကျေတန်းကျေလေးတောင် ကြည့်ဖော်မရသဖြင့် ပုံမှန်တော့ မဟုတ်ဘူးဟု ထင်သည်။ သူက သူမရွေးနေသော ရုပ်အင်္ကျီတွေကို တစ်ချက် လှမ်းရှိုးလိုက်လျှင် နည်းနည်းရိုးသော ပုံစံတွေကို တွေ့ရသည်။





ကြည့်ရတာ သူမအဖေအတွက် ဝယ်တာဖြစ်နိုင်သည်။ အိုကေ ... လက်တွေ့တရားကိုမှ နှစ်သက်ခုံမင်သော သူက သိပ်ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သူမအနားသို့ လျှောက်သွားလိုက်သည်။ သူ့ရင်ထဲတွင် သူမ သူ့ကိုမှတ်မိလား၊ မမှတ်မိဘူးလား ဆိုတာလည်း သိချင်ပါသေးသည်။ သူက သူမရဲ့ဘေးတွင် အသာရပ်လိုက်ကာ ...

"ဒီမှာ"

သူ့ရဲ့ခေါ်သံကြောင့် သူမက သူ့ကို တစ်ချက်လှည့်ကြည့်သည်။ သူ့မျက်နှာကို ကြည့်တာဖြစ်သောကြောင့် သူမရဲ့ မျက်ဝန်းတွေနဲ့ သူက တည့်တည့်ဆုံတွေ့ခွင့်ရသဖြင့် သူမကို ကျေးဇူးတင်မိသွားသည်။ သူမ မျက်ဝန်းတွေက ညိုရည်လဲ့ကာ သိပ်လှပါသည်။ အထူးသဖြင့် မျက်တောင်ရှည်ကြီးတွေက အစစ်တွေ ဟုတ်ရဲ့လားဟု သံသယရှိလောက်အောင်ကို ထူထဲကော့ညွှတ် လှပနေကြသည်။ သူမ မျက်ဝန်းထဲတွင် အလင်းစက်လေး တစ်စက် လက်သွားပုံထောက် သူမလည်း သူ့ကို မှတ်မိသွားဟန်တူသည်။

"မင် ရွေးနေတာ မင်းအဖေ အတွက်လားဟင်"

သူမ မျက်လုံးတွေက ဘာလဲဟ ဟူသော သဘောဖြင့် တွန့်ချိုးသွားကြသည်။ သူမ ဘာမှမပြောခင် သူက ထပ်ပြီး ဆက်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာပါ၊ ကိုယ်လည်း ဆရာတစ်ယောက်ကို ကန်တော့စရာရှိလို့လေ။ အဲဒါ လူကြီးကြိုက်အဆင်ကို မရွေးတတ်လို့ မင်းကတော့ ရွေးတတ်တယ်နဲ့ တူတယ်။ အဲဒါ အကူအညီတောင်းတာပါ ...

ကိုယ့်အတွက်လည်း တစ်ထည်လောက် ရွေးပေးပါလား"

သူမ နှုတ်ခမ်းများက တင်းတင်းစေ့ကာ သူ့ကို ခပ်မာမာပဲ ပြန်ပြောသည်။

"ဒီဆိုင်မှာ ကျွမ်းကျင်ဝန်ထမ်းတွေ ရှိသားပဲ။ သူတို့ကို ရွေးခိုင်းပေါ့"

"မဟုတ်ဘူးလေ၊ ကိုယ် ပြောတာက"

သူမက သူ့စကားကို ဆုံးအောင်တောင် နားမထောင်ချေ။ ကောင်တာဘက်ကို ချာခနဲ ပြန်လှည့်သွားရင်း သူ့ကိုတောင် မကြည့်တော့ဘဲ ခပ်မာမာပဲ ပြောသည်။

"ဆောရီး ... ကျွန်မ မလုပ်မပေးနိုင်ဘူး"

သူမ ပြောတာကို ကြားသွားသော ဆိုင်ကဝန်ထမ်းကောင်မလေးက သူ့ကို တောင်းပန်တိုးလျှိုးသော မျက်လုံးများဖြင့်ကြည့်ကာ ခေါင်းလေးညွှတ်ပြီး ဝင်ပြောသည်။

"အစ်ကိုက ဘယ်အသက်အရွယ်လောက်အတွက် လက်ဆောင်ပေးချင်တာပါလဲရှင်၊ ကျွန်မတို့ ကူညီနိုင်ပါတယ် အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ် လို့တာကို ပြောပါရှင့်"





"ကိစ္စမရှိပါဘူး ... သင့်ခ်ယူ"

သူက မျက်နှာပြောင်ပြောင်နဲ့ပဲ အဲဒီအနားက အောင်မြင်စွာ ဆုတ်ခွာလာခဲ့သည်။ သူ စကားသွားပြောတာကို သိသော သူငယ်ချင်းတွေက သူ့ကို ငုံလင့်သော မျက်လုံးတွေဖြင့် ဆီးကြိုမေးသည်။

"ဟေ့ကောင် ... Fine လား"

"မ Fine ဘူးကွ။ Fire ပဲ"

"ဟုတ်လား ... မင်းကို လောင်ကျွမ်းပစ်လိုက်တယ်ပေါ့"

"အစစ်ပဲ။ ကဲ ... မင်းတို့ကောင်တွေက ဘယ်လိုလဲ။ ဟိုက ရွေ့တော့မယ်နဲ့ တူတယ်၊ လုပ်လေ ... မင်းတို့ဝယ်ပြီးရင် ရှင်းလိုက်ကြတော့"

"ဟေ့ကောင် ... ဒီဆိုင်ထဲကို ခေါ်လာတာက မင်းနော်၊ သူကျတော့ မဝယ်ဘဲနဲ့ ငါတို့အိတ်ထဲက ရေတွေပဲ ဖိတ်ကုန်တာ"

"အေးပါကွာ၊ ငါက ဟိုမှာ သွား try နေရတာ မင်းတို့လည်း မြင်ရဲ့သားနဲ့"

"မြင်ပါတယ်၊ မင်းရဲ့ငှက်ပျောအူတိုင် ဆီသုတ်ထားတဲ့ မျက်နှာကို။ ဟိုကလည်း ဓားသွေးကျောက်ကို အရည်ဖျော်ပြီး လိမ်းထားတဲ့မျက်နှာနဲ့၊ လိုက်လည်း လိုက်ပါရဲ့။ ပွဲကတော့ ကြည့်ကောင်းတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒါဆိုလည်း ဆက်ကြည့်ပေါ့ကွာ။ ကဲ ... သွားရှင်းချေ။ ဟိုမှာ သူတို့တောင် သွားရှင်းနေပြီ"

သူ့သူငယ်ချင်းတွေက သူ့ကို လှျာထုတ်ပြော ကာ ဝယ်ထားသော အဝတ်အစားဖိုးတွေကို ကောင်တာမှာ သွား ရှင်းကြသည်။ သူကတော့ လိုက်မသွားတော့ဘဲ အဝင်ဝနား တင် မတ်တတ်ရပ်ကာ သူမကိုပဲ လက်ပိုက်ပြီး စိမ်ပြေန ရှုစားနေလိုက်သည်။ ငွေရှင်းပြီး ထွက်လာသော သူမကတော သူ့ရှေ့မှ ဖြတ်အလျှောက်တွင် ဖုတ်လေသည့်ငါးပိ ရှိတယ် တောင် မထင်ဘဲ မြို့လယ်ကောင်မှာ ကြော်ငြာစာရွက်ဝေသူ အဖက်မလုပ်သလို ခေါင်းမော့ကာ ခါးကော့ပြီး လျှောက်သွား သည်။

လုံးဝ ဂရုမစိုက်ဘူးဆိုသော ခပ်မာမာ အထာ ဖြစ်သည်။ သူက မထိတရိပြုံးကာ ဘော်ဒါတွေကို နောက်ကလိုက် လာခဲ့ဖို့ အချက်ပြရင်း သူမတို့နောက်မှ ပါသွားသည်။ ဒီတစ်ခါ တော့ သူက ပေါတင်လိုက်တာဖြစ်သည်။ ဒါကို သူမကမကျေ နပ်သည့်အလား မျက်နှာကြောကို တင်းထားလျက် ဆားကညိုလုံး လေးကတော့ ကလေးတစ်ယောက်လို ရှုပုပ်ထားသည်။ ပုံစံတွေက ရှစ်တန်းကျောင်းသူကို ရည်းစားစာ လိုက်ပေးလို့ လုပ်ထားသည့် အချိုးအချိတ်တွေ ဖြစ်လေရာ သူက ရယ်ချင်စိတ်ဖြင့် အသည်း ထဲမှာ ကလိ ကလိ ဖြစ်ရသည်။





သူ့ရာဇဝင်တွင် သူ့ကို ဒီလောက် ခါးခါးသီးသီး း‌လုပ်ပြသော မိန်းကလေးမျိုးကို မတွေ့ဖူးသေးချေ။ တချို့က နှမ်းကြီး မကြည်သော်လည်း သူမလောက်ကြီးတော့ တင်းတင်း မာကြီး မဟုတ်ကြ။ ဒီခေတ် ဒီခါထဲမှာ ယောကျာ်းလေး မိန်း လေး တော်တော်များများက ကိုယ့်အထာနဲ့ကိုယ် အေးဆေးပဲ ဖြစ်လေရာ သူမလို မှုန်တင်းတင်းရပ်ကြီးသည် သူ့ကို အထူး ဆန်းဖြင့် အံ့သြစေလေသည်။ ပြီးတော့ အသည်းယားကာ စိတ်ဝင်စားစေသည်။ သူမတို့က ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း TBY Jeans ဆိုင်ထဲသို့ ဝင်သွားပြန်သည်။ အိုကေ ... ကိုယ် သည်း အဲဒီ Jeans ကို ကြိုက်တာပေါ့ ကလေးမရဲ့။

သူကလည်း အဲဒီ Jeans ဆိုင်ထဲသို့ လိုက်ဝင်သွား သည်။ ဒီတစ်ခါတော့ ညိုလုံးကလေး၏ မျက်စောင်းဒဏ်ကို သီသီသာသာပင် ခံရလေသည်။ သူမကတော့ သူ့ကို လှည့်ပင်မ ကြည့်။ နက်ပြာရောင် ရွှန်းစိုနေရသည့် Sknney Jeans အကျပ် တစ်ထည်ကို စိတ်ဝင်တစား ကြည့်ရှုနေသည်။ သူကလည်း သူမ နဲ့ မလှမ်းမကမ်းမှာ TBY တံဆိပ်ပါသော တီရှပ်အကျပ်များကို ကြည့်နေလိုက်သည်။ သူမနဲ့ အရောင်ဝန်ထမ်းတို့၏ အချီအချ ပြောနေသော စကားသံများကိုလည်း ကြားနေရသဖြင့် သူက နားစွင့်ထားမိသေးသည်။

"ဝတ်ကြည့်လို့ရတယ်နော် အစ်မ၊ Fitting Room ရှိတယ် လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ခါးဆိုက်စ်နဲ့မှန်းရင် ရတယ် မဟုတ်လား"

"ရတော့ ရပါတယ်။ အစ်မဝတ်ဖို့ မဟုတ်လား။ စမ်းဝတ်ကြည့်ပေါ့ အစ်မရဲ့။ အဆင်မပြေ ဖြစ်နေမှာ စိုးလို့ပါ"

"အင်းလေ ... ဝတ်ကြည့်ပါလား၊ နင်ကလည်း"

ညိုလုံးလေးက သူမကို တိုက်တွန်းသည်။ သူမက မဝတ်ချင်သလို ပုံစံမျိုးဖြင့် အီးအဲဆွဲကာ စိတ်ရှုပ်နေဟန်တူသည်။ သူမ ဘာကို စိတ်ရှုပ်သလဲဆိုတာကို သူ သိပါသည်။ သူ ရှိနေသောကြောင့် သူမ မဝတ်ချင်တာဖြစ်သည်။ ဘောင်းဘီအသစ်ကို ဝတ်ပြီး ဆိုင်ထဲသို့ ထွက်မလာချင်တာဖြစ်သည်။ ဒါပေမဲ့ ထွက်မလာတော့ဘူးဟု ဆုံးဖြတ်လိုက်သလဲတော့ မပြောတတ်ပါ။ သူမ သူငယ်ချင်းကို ခေါ်ကာ အဝတ်လဲခန်းရှိရာသို့ ထွက်သွားသည်။ ငါးမိနစ်လောက် ကြာသောအခါ ပြန်ထွက်လာသည်။

ဘယ်လိုလဲ တော်လား၊ အဆင်ပြေလား ဟူသော မေးသံတွေကို ကြားရပြီးနောက် သူမက ဘောင်းဘီအတွက် ငွေရှင်းနေတာကို တွေ့ရသည်။

ပြီးတော့ TBY Jeans ဆိုင်ထဲမှ ပြန်ထွက်လာကြသည်။ အဲဒီအခါမှာလည်း သူက နောက်ပါးကနေ၍ ထက်ကြပ်မကွာ လိုက်ဆဲဖြစ်သည်။ လေးငါးလှမ်းလောက် လှမ်းပြီးတုန်းမှာ သူမက ဖြုန်းဆို နောက်လှည့်လာကာ သူနဲ့ပက်ပင်းရင်ဆိုင်လိုက်သဖြင့် သူတောင် လန့်ဖျပ်သွားရသည်။





သူမရဲ့ဒေါသရောင်သင့်နေသော မျက်ဝန်းများက သူ့ကို စူးစူးရှရှ စိုက်ကြည့်ကာ ...

"ဒီမှာ ... ရှင် ဘာဖြစ်လို့ ကျွန်မတို့နောက်ကနေ လိုက်နေရတာလဲ"

အိုကေ ... သူကလည်း သူမထံက ဒီလိုမျိုး ဒေါသတကြီး တုံ့ပြန်မှုမျိုးကိုပဲ မျှော်လင့်ထားတာဖြစ်သည်။ သူ့ကို ဥပေက္ခာပြုကာ ဂရုမစိုက်သော ပုံစံမျိုးထက် ဒီလို ဒေါသတကြီးရန်တွေ့တာမျိုးက ပို၍ ရင်ခုန်ဖို့ ကောင်းပါသည်။

"ကိုယ်လား"

သူက သူ့ရင်ဘတ်သူ လက်မနှင့်ပြန်ထိုးကာ အူကြောင်ကြောင်ပုံစံ တမင်ဖမ်းပြီး ပြောလိုက်လျှင် သူမရဲ့ဒေါသမျက်ဝန်းများက ပို၍မှေးကျဉ်းသွားကြသည်။

"တောက် ... ရှင် အူကြောင်ကြောင် လုပ်မနေနဲ့၊ ဘယ်လိုလူလဲ၊ ရှင် လူတစ်ယောက်ရဲ့အခွင့်အရေးကို နားမလည်ဘူးလား။ သူများနောက်ကနေ ဒီလိုပဲ တကောက်ကောက်လိုက်နေရလား"

"အဲဒီလို လိုက်နေတာက မင်းအတွက် အနှောင့်အယှက်ဖြစ်လို့လား"

"ဘာဆိုင်လို့ မဖြစ်ရမှာလဲ။ ရှင်က ဘာသဘောနဲ့ လိုက်နေတာလဲ"

"မင်းကို စိတ်ဝင်စားလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့မျက်လုံးတွေက ပြူးထွက်သွားကာ သူက တော့ အဲဒီပုံစံကို အကြီးအကျယ် သဘောကျသွားသည်။ သူမရဲ့ ပြူးနေသော မျက်လုံးများသည် ခဏလေးအတွင်းမှာပဲ မှေးကျဉ်း သွားကြကာ သူ့ကို အထင်သေးသော ပုံစံဖြင့် ချာခနဲ လှည့်ထွက် သွားသည်။ တစ်ခုခု ပြောတော့မယ့်ပုံစံမှ ဘာမှမပြောတော့ဘဲ ထွက်သွားတာမို့ သူ့မှာ မချင့်မရဲဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ ညိုလုံး လေးကလည်း သူမလက်ကို လိုက်ဆွဲရင်း သူ့ကို မျက်စောင်း လှည့်ထိုးကာ စောင်းငန်း စောင်းငန်းဖြင့် ပါသွားသည်။

သူမတို့က ဈေးထပ်မဝယ်တော့ချေ။ အောက်ထပ် သို့ ပြန်ဆင်းသွားကာ ကက်ရှာမှာ အပ်ထားသော ပစ္စည်းတွေကို တောင်းယူလျက် အပြင်သို့ ပြန်ထွက်သွားကြသည်။ ဘိုဘိုက သူ့အနားသို့ ကမန်းကတန်း ပြေးကပ်ကာ ...

"ဟော့ကောင် ... မင်း လိုက်နေတာကို မခံစားနိုင်လို့နဲ့တူ တယ်။ Shopping တောင် ဆက်မထွက်ဘဲ ပြန်တော့မယ်"

"အိုကေ ... ကောင်းတာပေါ့။ သူ့အိမ်ကို လိုက်ကြည့်တာ ပေါ့"

"ဟော့ကောင် ... ငါတို့က Shopping မပြီးသေးဘူးကွ"

"မပြီးသေးရင် နေခဲ့ကြပေါ့။ ငါတော့ အသည်းလေးနောက် က လိုက်ပြီး လစ်ပြီ"

"ဟော့ကောင် ... အဲဒါဆို မင်းက ငါတို့ကို ပြန်လာခေါ် မှာလား"





"အရမ်းလည်း မလုပ်ဘူး။ အာမလည်း မခံဘူး"

"မိုက်ရိုင်းတယ်၊ အေး ... အဲဒါဆို ငါတို့လည်း လိုက်မှာ ပေါ့။ ပြီးရင်တော့ မင်း ငါတို့ကို နေ့လယ်စာကျွေးရမယ် ဟော့"

"အိုကေ ... ငတ်နေတဲ့သူတွေကို ကျွေးရတာ ကုသိုလ်ရ ပါတယ်"

သူ့သူငယ်ချင်းတွေက သူ့ကို ဝိုင်းပြီးဆဲရေးထော ပနာပြုကြသော်လည်း သူက ဂရုမစိုက်အားပါ။ သူ့မျက်လုံးတွေ က သူမကို တရစပ် လိုက်ကြည့်နေရသောကြောင့် ဖြစ်သည်။ သူမက တင်းမာသော မျက်နှာထားဖြင့် ဝယ်လာသော အထုပ် အပိုးတွေကို ကားနောက်ခန်းထဲသို့ ပစ်တင်ထည့်ကာ ကားပေါ်သို့ ဇွေ့ခနဲ ခုန်တက်သည်။ တံခါးပြန်ပိတ်သံကလည်း ချိုင်းခနဲ။ ကားကတော့ ဟိုနေ့တည်းက သူ တွေ့ခဲ့သည့် Light rauck ကားကြီးဖြစ်သည်။

"ဟော့ကောင် ... မင်းဆော်က အပေအတေပဲ။ မှုကြိုကျောင်း ကြိုကားကြီးနဲ့"

"ဟက် ... ဟက် ... အဲဒီစတိုင်လ်ကိုပဲ ကြိုက်နေတာ"

သူက စက်နှိုးပြီး ကားကို ပါကင်ထဲမှ ထုတ်နေလျှင် သူမကားက ဘေးအစွန်မှာမို့ အရင်မောင်းထွက်သွားနိုင်သည်။ ဒါပေမဲ့ ကားမောင်းကျွမ်းကျင်သော သူကလည်း သူ့ကားကို ပါကင်ထဲမှ အလျှင်အမြန်ထုတ်ကာ သူမကားနောက်က တရစပ်



www.burmeseclassic.com

www.burmeseclassic.com



မောင်းလိုက်သွားနိုင်သည်။ သူ့ကားပါလာတာကို သိသော သူမက သူ့ကားကို မျက်ခြည်ပြတ်နိုင်ဖို့ ကြိုးစားသည်။ သို့သော် မအောင်မြင်ပါ။ သူမ ဘယ်လောက်ပဲ ကားမောင်းကျွမ်းကျင်ကျွမ်းကျင် သူ့ကိုတော့ ဖြတ်ချထားခဲ့၍မရ။ သူ့ကို ဖြတ်ချထားခဲ့ချင်သော ကောင်မလေးကို သူက သဘောကျစိတ်ဖြင့် လေတချွန်ချွန် ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

သူမရဲ့ကားက သမိုင်းဘက်ကို ဦးတည်သွားကာ ညိုလုံးလေးကို အရင်ချပေးသည်။ ပြီးတော့ ဆက်မောင်းသည်။ သိပ်မကြာသော အချိန်လေးအတွင်းမှာပင် ကားဝပ်ရှော့နှင့်ဆင်တူသော ခြံဝင်းတစ်ခုထဲသို့ ချိုးကွေ့ဝင်သွားတာကို တွေ့လိုက်ရလေသည်။ သူသည် မလှမ်းမကမ်းမှာ ငါးမိနစ်လောက် ရပ်စောင့်ကာ အခြေအနေကို စနည်းနာသော်လည်း သူမက ပြန်ထွက်မလာတော့။ သူက ကားပေါ်မှာဆင်းကာ မလှမ်းမကမ်းမှာရှိသော စတိုးဆိုင်လေးသို့ လျှောက်လာရင်း ပီကေဝယ်ကာ ဆိုင်ရှင်ကောင်မလေးကို မိတ်ဖွဲ့သလို တစ်ချက်ဖမ်းပြီး ပြုံးပြလိုက်ပါသည်။

"ညီမ … ဒီဝပ်ရှော့က ဆေးကျောင်းသူကို သိလားဟင်"

သူက တမင်အစ်ပြီး မေးလိုက်လျှင် ကောင်မလေးက ခေါင်းညိတ်ပြသည်။

"မေမာန်မိုးကို ပြောတာနဲ့ တူတယ်"

မေမာန်မိုးတဲ့။ နာမည်လေးကြားရုံနဲ့ သူက ရင်ခုန်သွားသည်။ လူနဲ့နာမည်နဲ့ လိုက်သည်ဟု ထင်ပါသည်။





"ဟုတ်တယ်၊ သူ့နာမည်က မေမာန်မိုးတဲ့လား"

ကောင်မလေးက ခေတ်လူငယ်ပီပီ သူနဲ့ ရင်ဘတ်ချင်းနီးသည်။ သူ့အထာကို သဘောပေါက်စွာဖြင့် လှစ်ခနဲပြုံးကာ …

"အင်း …။ သူ့ဦးလေးကတော့ သူ့တူမနား ဘယ်သူမှ အကပ်မခံဘူးနော်"

"ဦးလေး ! ။ သူ့မှာ ဦးလေးဆိုးဆိုး ရှိတယ်ပေါ့"

"ဟုတ်ပါ့ … ရှိပါ့"

သူက ကောင်မလေးရဲ့အပြောကို မျက်လုံးပြူးကာ ပခုံးတွန့်ပြမိသည်။ အဲဒီနောက် ကျေးဇူးပဲဟုဆိုကာ သူ့ကားဆီသို့ ပြန်လှည့်ထွက်လာခဲ့သည်။ ကားပေါ်တက်ပြီး မောင်းထွက်လာလျှင် သူငယ်ချင်းတွေက ရှစ်မိုင်က ရွှေဘဲစားသောက်ဆိုင်ကိုသွားဖို့ လော်ဆော်ကြသည်။ သူကလည်း သူမနဲ့ပတ်သက်ပြီး သိသင့်သလောက် သိခွင့်ရခဲ့ပြီမို့ ကျေနပ်သောစိတ်ဖြင့် မောင်းပေးလိုက်သည်။ ရှစ်မိုင်က ရွှေဘဲစားသောက်ဆိုင်မှာ ကျေးဇူးရှင်များက ဘဲကင်တစ်ပိုင်းကို အားရပါးရလွေးကာ သူမအကြောင်းကို တစ်ခုတ်တစ်ရ စပ်စုကြသည်။ သူကလည်း အဲဒီလို ပြောပြချင်သောကြောင့် ဒီလိုကျွေးတာ ဖြစ်ပါသည်။

"ဟော့ကောင် … အဲဒီဧယားက ဘယ်တုန်းက လန်းထားတဲ့ဧယားလဲ။ အထာကတော့ မင်းကို ရေလည်တင်းတယ်ဆိုတဲ့အထာနဲ့။ မင်းတော့ မသိဘူး ။ ငါတို့အတွက်တော့ အသစ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း အသစ်ပါပဲ"

သူက ဘဲကင်တစ်ဖတ်ကို မြှုံ့ရင်းမှ သူမမျက်နှာကို ပြန်လည်မြင်ယောင်လာကာ ပြောမိသည်။ ဂျွန်က သူ့ကို မေးဆတ်ပြရင်းမှ ...

"မသိလို့ မေးပါဦးမယ်။ မင်းက သူ့ကို အတည်လိုက်တော့မလို့လား။ ဘာကို ကြိုက်တာလဲ၊ ပုံစံကတော့ မိုက်ပါတယ်။ သူက ဘယ်ကလဲ။ ငါတို့တောင် မသိလိုက်ရပါလား"

"အေးဟေ့ ... သူ့ကို ငါက ပြီးခဲ့တဲ့ သောကြာနေ့ကမှ စတွေ့တာ၊ တွေ့တာကတော့ ထုံးစံအတိုင်း ငါနဲ့ကားချင်း ပြိုင်မောင်းကြရာကနေ စ,တာပဲ ...

သူက ဆေးကျောင်းက၊ ယမုံနာတို့နဲ့ same batch ပဲ။ အဲဒီလို စ,တွေ့တည်းက ငါက သူ့ပုံစံကို အရမ်းစိတ်ဝင်စားသွားတာ၊ သူကတော့ ငါ့ကို don't care ပဲ၊ အဲဒါကိုလည်း ပိုစိတ်ဝင်စားတယ်"

"ဒီနေ့ကတော့ ထူးထူးခြားခြား ဆုံကြတယ်ပေါ့"

"အေးပေါ့၊ သူ့ကိုတွေ့တော့ ငါ အရမ်းပျော်သွားတာ။ ငါ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို တွေ့လို့ ပျော်သွားတယ်ဆိုတာ မရှိသေးဘူး။ အဲဒီ feel ကိုတော့ ငါ့ကိုယ် ငါ အံ့သြတယ်"

"ဘာလဲ ... မင်း ကကယ်ထိသွားတယ်ပေါ့"





"ထိသွားတယ် ... ထိသွားတယ်။ နောက်နေ့ကစပြီး သူ့ကို try တော့မယ်"

"တကယ်လား၊ ငြိမ်သက်နေတဲ့ မင်းရဲ့ရင်ခုန်သံတွေ ပြန်လည်နိုးထလာပြန်ပြီပေါ့။ ဒိုကေ ... ငါတို့ကို ဒီလိုဘဲကင် ကျွေးရတဲ့ အကျိုးကျေးဇူးကြောင့် အဲဒီတစ်ယောက်သော သူလေးနဲ့ မင်းနဲ့ အဆင်ပြေပါစေကွာ"

"No ... No တစ်ယောက်သောသူလို့ မပြောနဲ့၊ သူ့မှာ နာမည်ရှိတယ်၊ မေမာန်မိုးတဲ့"

"ဩော် ... အေးပါ၊ မေမာန်မိုးလေးနဲ့ အဆင်ပြေပါစေပေါ့ကွာ၊ အဆင်မပြေလည်း အားမလျှော့ပါနဲ့။ ယောကျ်ားပဲ။ မသကာ ပါးရိုက်ခံရပြီး အမျိုးသမီးရေးရာ ရောက်ရုံလေး တင်ပေါ့ ... ဟုတ်လား"

"အေး ... အမျိုးသမီးရေးရာတော့ ရောက်မှာ မဟုတ်ဘူး"

"ဘာလဲ ... အမျိုးသားရေးရာ ရောက်မှာလား"

"ထွတ် ... အသာနေစမ်းပါကွာ၊ ပြောတာကို ဆုံးအောင် နားမထောင်ဘူး၊ ဟို စတိုးဆိုင်က ကောင်မလေးက ငါ့ကို သတိပေးလိုက်တယ်ကွ၊ သူ့ဦးလေးက သူ့တူမအနားကို ဘယ်အကောင်မှ အကပ်မခံဘူးတဲ့။ ဦးလေးဆိုးတဲ့ ...

ဒီတော့ ကံအကောင်း အကြောင်းမလှရင် ဆေးရုံ ဆေးခန်းတွေ ရောက်ကိန်းမြင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ကြားရတာ အားတက်ဖွယ်ပါပဲ။ ဘာပဲပြော ပြော စိတ်အားမလျှော့ပါနဲ့ကွာ၊ မင်း ဆေးရုံရောက်လည်း ငါတို့က လာမေးမှာပါ"

"ခြေထောက်ကျိုးသွားရင်လည်း ဗိုးရဲတွန်းပေးဖို့ အဆင်သင့် ပါပဲ"

သူ့သူငယ်ချင်းတွေက သူကျေးသော ဘဲကင်ကိုစား ကာ သူ့ကို ဝိုင်းဖဲ့ကြသော်လည်း သူကတော့ ပခုံးသာ တွန့်ပြ လိုက်သည်။ သူ့ခေါင်းထဲတွင်တော့ သူမကို ဘယ်လိုလိုက်ရမလဲ ဆိုသော အကြံအစည်တွေကိုသာ ရေးဆွဲအကြံထုတ်လျက် သူ့ နှုတ်ခမ်းတွေက ကျေနပ်စွာဖြင့် တဖြည်းဖြည်း ပြုံးလို့လာခဲ့သည်။

မေမာန်မိုးရေ ...။ အေးစက်လန်းဆန်းနေတဲ့ ရေခဲ ပန်းကလေး။ မင်းလေးက (၁၅၀၀)F ဆိုရင်ရော အရည်ပျော်ကျမှာ လားကွယ်။

♥ ➡ ♥





## ၅

"ဟား ... ဒီနေ့ Breakfast ကလည်း ထမော်ကျင်းလား ဟေ့၊ ဘာလို့ ထမော်တွေ ကျင်းရတာလဲ။ မနေ့က ဆိတ်သားဖတ်ဖ်တွေ ဝယ်လာတယ်မဟုတ်လား။ Seasons က"

လေးဖေက မနက်စောစော Breakfast စားဖို့ရာ [illegible]င်းစားခန်းထဲသို့ ဝင်လာပြီး မာန် ပြင်ဆင်ထားသော ထမင်း [illegible]ကြော်တွေကိုမြင်လျှင် ဆိတ်သားဖတ်ဖ်ကို တမ်းတသည်။ လေးဖေ [illegible]က်ရှာသော တစ်ခါတစ်ရံမှ စားရသည့် ဆိတ်သားဖတ်ဖ်ကို [illegible]ယ်ခဲ့ရသဖြင့် မာန် တကယ်ပဲ စိတ်မကောင်း။ စိတ်မကောင်း [illegible]နှင့်အတူ တွေးမိလေတိုင်း ဟိုသကောင့်သားမျက်နှာကို မြင်[illegible] [illegible]ောင်ကာ ဒေါသထွက်ရသည်။ မာန့်နောက်ကနေပြီး အရှက်မရှိ [illegible]ကောက်ကောက် လိုက်နေသောကြောင့် စိတ်တိုဒေါသထွက်ကာ [illegible]တောင် ဆက်ဝယ်ချင်စိတ် မရှိတော့ဘဲ ပြန်လာခဲ့သော မာန်



www.burmeseclassic.com

www.burmeseclassic.com



သည် လေးဖေကြိုက်သော ဆိတ်သားဖတ်ဖ်ကို ဝယ်ဖို့ တကယ်ပင် မေ့လျော့ကာ အိမ်ရောက်တော့မှပဲ သတိရတော့တာဖြစ်သည်။

မာန်သည် စားပွဲမှာဝင်ထိုင်လိုက်သော လေးဖေရှေ့ သို့ ကော်ဖီတစ်ခွက်ကို ချပေးလိုက်ရင်းမှ ...

"ဆောရီး လေးဖေရေ။ ဒီနေ့ သမီး ကျောင်းကပြန်လာရင် မမေ့မလျော့အောင် တကယ်ဝယ်ခဲ့ပါ့မယ်။ မနေ့က သမီး မေ့လာလို့ပါ"

"အေး ... ဘာဖြစ်လို့ မေ့လာရတာလဲ။ မနေ့က သမီးပြန် လာတာလည်း နည်းနည်းတော့ စောသားပဲ။ ပြန်လာတုန်း ကလည်း ရုပ်ကြီးက စူပုပ်လို့။ လေးဖေက ဧည့်သည်ရှေ့ နဲ့ စကားပြောနေတာနဲ့ အိမ်ထဲကို ကူးမလာနိုင်တာ ... ဘာတွေဖြစ်လာတာလဲ၊ ဘယ်ကောင်လေးက ရည် စားစကား လိုက်ပြောလို့လဲ"

လေးဖေရဲ့အနောက်အပြောင်စကားက တကယ် နေသဖြင့် မာန်က ဟွန်းခနဲ နှာခေါင်းရှုံ့ပြလျှင် လေးဖေ တဟားဟားနှင့် အော်ရယ်ကာ ထမင်းကြော်ကိုပဲ အားရပါး စားသောက်သည်။

"အလကားပါ လေးဖေရာ၊ ဘယ်က ဇာတ်ပျက်တွေ မသိပါဘူး။ အခုခေတ် ယောကျာ်းလေးတွေလည်း ဒေါ တော်ကို မျက်နှာပြောင်လာကြပြီနော် ...





အခုတွေ့ အခုပဲ နောက်ကလိုက် အသည်းအသန်။ တွေ့တာနဲ့ ကြိုက်တယ်တန်းပြော၊ အရှက်ကို မရှိကြတော့ ဘူး။ လေးဖေတို့ခေတ်ကရော အဲဒီလိုပဲလား"

"အဟွတ် ... ဟွတ် ... အောင်မယ်လေး၊ တို့ခေတ်တွေ တောင် ပါလာပြီ။ ဩော် ... လက်စသတ်တော့ မနေ့က ကောင်လေးတစ်ယောက်က ခုမြင် ခုကြိုက်ပြီး ရည်းစား စကား လိုက်ပြောလို့ပေါ့လေ၊ ဟုတ်လား"

"ရည်းစားစကားတော့ လိုက်မပြောပါဘူး။ ဒါပေမဲ့ စိတ် အနှောင့်အယှက် ဖြစ်ရအောင် နောက်ကနေ တကောက် ကောက် လိုက်နေတာကို ပြောတာ ...

အဲဒါနဲ့ သမီးလည်း စိတ်တိုပြီး ဈေးတောင်ဆက်မ ဝယ်တော့ဘူး။ ဒေါသတွေထွက်ပြီး ကုန်တိုက်ထဲကနေ ဆောင့်ကြီးအောင့်ကြီး ပြန်ထွက်လာတာ ...

Seasons ရှေ့က ဖြတ်တာတောင် ဆိတ်သားဖတ်ဖ် ကို သတိမရတော့ဘူး"

"ဩော် ... ငါ့ကို ဆိတ်သားဖတ်ဖ်ငတ်အောင် လုပ်တဲ့ အကောင်ပေါ့လေ။ သမီးကားနောက်ကရော လိုက်လာသေး လား"

"လိုက်တာပေါ့၊ အိမ်ရှေ့အထိတောင် ပါလာတယ်။ ဘယ် လိုမျက်ခြည်ဖြတ်မောင်းမောင်း မရဘူး၊ သူ့ကားက ဘယ် ကြားထဲဖြစ်ဖြစ် လိုက်ဝင်လို့ရတဲ့ ပြိုင်ကားအနုတ်အပုတ် လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ပြိုင်ကားလား။ ဒါဆိုရင်တော့ ပိုက်ဆံရှိတဲ့ ရေပေါ်ဆီ ငနဲသားတွေပဲ နေမှာပေါ့"

"ရေပေါ်ဆီငနဲသားလား အာဝါသားလားတော့ မသိဘူး။ ပြင်ဆင်ထားတာလည်း မင်းသား ရှုံးလောက်တယ်။ ယောကျ်ားတန်မဲ့ ရေမွှေးနံ့ကလည်း တထောင်းထောင်း။ မျက်နှာကလည်း တစ်နေ့ တစ်ခါများ ပေါင်းတင်ထားသလားတောင် မသိပါဘူး ...

မမိုက်ပါဘူး လေးဖေရယ်။ ကဲ ... စောစောစီးစီး စိတ်တိုစရာတွေ ပြန်မပြောချင်တော့ပါဘူး၊ ဒီနေ့တော့ ကျောင်းဆင်းတာနဲ့ ရွှေပုစွန်ကနေ ဆိတ်သားဖတ်ဖ်သွားဝယ်လာခဲ့မယ်။ Promise ... Promise "

မာန်က လက်သန်းတစ်ချောင်းထောင်ကာ ပြောလိုက်လျှင် လေးဖေက မိန့်မိန့်ကြီးပြုံးကာ ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။ ထမင်းကြော်ကို လက်စသတ်စားပြီးသော မာန်သည် ကျောင်းသွားဖို့ ပြင်ဆင်ရန်အတွက် အိမ်ပေါ်သို့ တက်လာခဲ့သည်။ မာန့်အတွက်တော့ ကျောင်းသွားဖို့ အပြင်သွားဖို့ ပြင်ဆင်ရာမှာလည်း သူများမိန်းကလေးတွေလို အရမ်းကြီး အချိန်ပေးစရာမလိုပါ။ လက်သည်းအလှပုံဖော်ခြင်း၊ လက်သည်းနီဆိုးခြင်းကို ဝါသနာမပါသော မာန်ရဲ့လက်ချောင်းများသည် သဘာဝအတိုင်း ပန်းသွေးရောင်တောက်ကာ တိုတိုရှင်းရှင်း ညီညီညာညာပဲ လှီးဖြတ်ထားသည်။





မာန်သည် မျက်နှာကို နို့ရည်တစ်မျိုး သုံးစွဲပြီးသောအခါ သနပ်ခါးရေကျဲ ပွတ်လိုက်သည်။ ထိုအခါ အံ့သြစရာကောင်းအောင်ကိုပင် မာန်ရဲ့အလှပြင်ဆင်မှုမှာ ပြီးဆုံးသွားလေသည်။ အဝတ်အစားနဲ့ ပတ်သက်ရာမှာ သူများတွေလို ခေါင်းရှုပ်ခံချင်သော မာန်သည် ကျောင်းတက်သည့်ဝတ်စုံ ယူနီဖောင်းသဘောမျိုးဖြင့် ချည်ထည်အပွင့်နုပ်နုပ် ဝမ်းဆက်များ၊ ကချင်ဝတ်စုံများ ဝမ်းဆက်များကို ရင်ဖုံး၊ ခါးတင် ဝမ်းဆက်တွေ ချုပ်ထားလိုက်ကာ အဲဒီပုံစံတွေချည်းသာ မရိုးတမ်း ဝတ်ဆင်သည်။ တခြား လှလှပပ တောက်တောက်ပြောင်ပြောင်တွေ မဝတ်ဆင်လို။ ကျောင်းချိန်ပြင်ပ အိမ်နေရင်းတော့ တီရှပ်နှင့် ဘောင်းဘီကို နှစ်သက်သော မာန်က ကျောင်းတက်ချိန်မှာတော့ သိပ်ထင်ထင်ပေါ်ပေါ် မနေလို၍ အဲဒီလိုပဲ ရိုးရှင်းစွာ ဝတ်စားဆင်ယင်တာဖြစ်သည်။

အခုလည်း နက်ပြာရင့်ရောင် ကချင်ဝမ်းဆက်ဝတ်စုံကို ဝတ်ဆင်ပြီးသောအခါ ကျောင်းသွားဖို့ အဆင်သင့်ဖြစ်ပြီဖြစ်သည်။ ပခုံးကျော်ရုံ ကျောလယ်လောက်မှာ ဝဲနေသည့် ဆံနွယ်တွေကို အုပ်လုံးသိမ်းကာ ခေါင်းစည်းကွင်းတစ်ခုနှင့် နောက်ဘက်မှာ စည်းနှောင်လိုက်သည်။ ခေါင်းစည်းကွင်းတောင်မှ ဒီဇိုင်းတွေဘာတွေ ပါတာကို မရွေး။ အနက်ရောင် ရိုးရိုးကိုသာ ရွေးချယ်အသုံးပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြီးစီးသောအခါ မာန်ကျောင်းသွားဖို့ အဆင်သင့် ဖြစ်သွားချေပြီ။ မာန်သည် ကချင်လွယ်အိတ်အနီလေးကို ကောက်ယူကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ စားပွဲပေါ်မှာ အဆင်သင့်တင်ထားသော ထမင်းချိုင့်ခြင်းတောင်းကိုယူကာ အိမ်ထဲမှ ထွက်လာခဲ့လျှင် လေးဖေက ခြံထဲမှနေ၍ လက်လှမ်းပြသည်။ မာန်က ပြုံးပြုံးလေး လက်ပြန်ပြရင်းမှ ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။

ကားမောင်းလာရင်းမှ မာန့်ရဲ့အာရုံတွေသည် တစ်ခုခု ကို ရိပ်မိသလိုဖြင့် နောက်ကြည့်မှန်ထဲမှ ကြည့်လိုက်လျှင် မှန်းတီး ဖွယ်ရာ ပြိုင်ကားတစ်စင်းကို တွေ့မြင်လိုက်ရလေသည်။ တောက်_ အစုတ်ပလုတ်ကောင် လိုက်လာပြန်ပြီ။ မာန်က ဒေါသထွက်ထွက် ဖြင့် ကားကို အရှိန်တင်မောင်းဖို့ ကြိုးစားသည်။ ဒါပေမဲ့ ချက် ချင်းပဲ သတိပြန်ကပ်လာတာက ယာဉ်တိုက်မှုတွေ များနေ၍ ဆင်ခြင်ရမည်ဆိုတာပဲဖြစ်သည်။ ဒါကြောင့် ပုံမှန်နှုန်းထားအတိုင်း ပဲ ပြန်မောင်းလာခဲ့သည်။ သူ့ကားက ဒီတစ်ခါတော့ မာန့်ကို ကျော်တက်ဖို့ မကြိုးစားတော့ဘဲ နောက်ပါးကသာ တရိပ်ရိပ်ဖြင့် လိုက်ပါလာတာဖြစ်သည်။

သူ့ကို ဒေါသထွက်ပြီး မောင်းလာတာနဲ့ ကျောင်းကို တောင် ဘယ်လိုရောက်လာမှန်းတောင် မသိတော့ချေ။ ကားပါ့ကင် မှာ ပါ့ကင်ထိုးပြီး ကားတံခါးဖွင့်ကာ ဆင်းနေတုန်းမှာပဲ သူက မာန့်ရဲ့အနားသို့ ရောက်ရှိလို့ လာလေသည်။ မာန်က ကားတံခါး





ကို သော့ခတ်ပြီး ဒီဘက်သို့ လှည့်လိုက်ချိန်ဝယ် သူ့မျက်နှာကြီး ကို ဘွားခနဲ ရင်ဆိုင်လာရသည်။ သူကတော့ ကြိုတင်စီစဉ်ပြီး ထားဖြစ်သော အပြုံးတစ်ခုဖြင့် မာန့်ကို ခပ်ပြုံးပြုံး လုပ်ပြနေသည်။ မာန်သည် မျက်နှာကို တင်းခနဲလုပ်ကာ ချာခနဲ လှည့်ထွက်ဖို့ ပြင်သည်။

သူက မာန့်ရှေ့မှ ပိတ်ကာရပ်လိုက်လျှင် မာန်သည် ပါးဖောင်းအောင်ပင် ဒေါသထွက်လို့ သွားရသည်။

"ရှင် ... ဒါ ဘာလုပ်တာလဲ"

"ဟိုး ... အဲဒီလောက်ကြီး ဒေါသမကြီးပါနဲ့။ ကိုယ် အလှူခံမဟုတ်ပါဘူး"

"အလှူခံမဟုတ်ရင် သူတောင်းစားလား"

မာန်ရဲ့ပစ်ပစ်နစ်နစ် အမေးကြောင့် သူက မျက်နှာ နီ့မဲ့သွားသည်။ ဒါပေမဲ့ မဖြုံဘူးဟူသော ဒီနိုင်းဖြင့် ပခုံးနှစ်ဖက် ကိုတောင် တွန့်လိုက်သေးကာ ...

"ဒါကတော့ မင်းလည်း တောင်းစားဖူးမှာပါ"

"ဘာ ... ရှင် ... ဘာပြောတာလဲ၊ မိုက်ရိုင်းလှချည်လား"

"ရိုင်းတာ မဟုတ်ဘူးလေ။ ကိုယ် ပြောတာက မင်း မုန့် ဟင်းခါး ဝယ်စားဖူးတယ် မဟုတ်လား။ ဝယ်စားဖူးရင် ဟင်းရည်းနည်းနည်းလေးလောက်ဆိုပြီး မင်း တောင်းမသောက် ဖူးဘူးလား ...

ကိုယ် ဆိုလိုတာက အဲဒါမျိုးကို ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မာန်သည် ပလေစိချောက်ချက် ပြောတတ်သူ [illegible] စိတ်ကုန်လွန်းစွာဖြင့် ဆက်မပြောတော့ဘဲ ချာခနဲ လှည့်ထွက် [illegible] လာခဲ့သည်။ ဒါကိုလည်း ဘသားချောက နောက်က ကပ်ပါလာ [illegible] တုန်းပင်။

"ခဏလေးနေပါဦး။ ကိုယ် ပြောတာကို မင်း စိတ်ဆိုးသွား [illegible] လား။ ဆောရီး ... ကိုယ်က မင်းကို ခင်လို့စ,တာပါ [illegible] ဒီမှာ ... ပလိစ်၊ မင်းနဲ့ ကိုယ်နဲ့ မိတ်ဆွေဖြစ်ခွင့် ရမလား [illegible] ကိုယ့်ကို မင်းရဲ့သူငယ်ချင်းတစ်ယောက်အဖြစ် သတ်မှတ် [illegible] ပေးပါလား၊ ဘယ်လိုလဲ ... ပလိစ်"

မာန်က နှုတ်ခမ်းကို တင်းတင်းစေ့ကာ ဘာမှပြန် [illegible] မပြော။ သူက လက်မလျှော့ဘဲ ဘေးကနေ လိုက်ပါလာပြီးမှ ...

"ဟိတ် ... ကိုယ့်ကို တစ်ခုခု ပြန်ပြောဦးလေ။ ကိုယ့်ကို [illegible] သူငယ်ချင်းအဖြစ် သတ်မှတ်တယ်ပေါ့၊ ဆိတ်ဆိတ်ငြိမ်ခြင်း [illegible] သည် ဝန်ခံခြင်းတဲ့နော်"

မာန်သည် ဒီတောက်တဲ့ကိုတော့ အပြတ်ရှင်းတော့ [illegible] ဟူသော အတွေးဖြင့် ခြေလှမ်းတွေကိုရပ်ကာ သူ့ကို တည့်တည့် [illegible] လှည့်ရင်ဆိုင်လိုက်သည်။ သူက မာန် ဘာပြောမလဲ ပြောလေ [illegible] သော ပုံစံဖြင့် ခပ်ပြုံးပြုံး စောင့်နေသည်။

"ရှင် ကျွန်မကို ဆက်မနှောင့်ယှက်ရင်ကောင်းမယ်၊ ကျွန်မ [illegible] ရှင်တွေ့ဖူးနေကျ မိန်းမမျိုး မဟုတ်ဘူး။ ရှင်နဲ့ ဘာမှ [illegible] မပတ်သက်ချင်ဘူး။ ဒီလောက်ဆို သဘောပေါက်တော့ [illegible]





"မင်း ပြောတာတွေကို သဘောတော့ ပေါက်ပါတယ်။ ဒါပေမဲ့ ကိုယ်က အဒီလို ပြောလိုက်တာနဲ့ လွယ်လွယ်နဲ့ နောက်ဆုတ်ပေးမယ့် ယောကျ်ားမျိုး မဟုတ်ဘူး ...

မင်းကို လမ်းကြုံလို့ လိုက်ကြောင်နေတာလည်း မဟုတ်ပါဘူး မေမာန်မိုး"

ဘုရားရေ... သူက မာန်ရဲ့နာမည်ကိုတောင် သိလို့ ပါလား။ မာန်သည် ဒီတစ်ယောက်ကိုတော့ လျှော့မတွက်သင့်ဘူး ဆိုတာ သဘောပေါက်သွားသည်။ အင်းလေ ... ပုံစံကိုကြည့်ရ ကတည်းက သင်းဟာ ခပ်ကဲကဲ ခပ်ရဲရဲ ဆိုတာ သဘောပေါက် ထားပြီးသား ဖြစ်ရသည်။

"အင်းလေ ... မင်းအနေနဲ့ ကိုယ့်ကို ချက်ချင်းလက်ငင်း ကြီး ပြန်မခင်နိုင်သေးတာ သဘာဝတော့ ကျပါတယ် ...

အိုကေလေ ... မင်း သိထားဖို့က မင်းအနားမှာ ကိုယ် အမြဲရှိနေမှာပါ။ ကိုယ့်နာမည်လောက်တော့ မင်း မှတ်ထားပေါ့၊ နေမြဲမိုးခနတ်တဲ့၊ ဒဂုံတက္ကသိုလ် Maths က အကြင်နာ ကျောင်းသားလေးပါ ...

အိုကေ ... ဘိုင့်ဘိုင်။ ကိုယ့်ကို ခွင့်ပြုဦးနော်၊ မင်း အတွက် သာယာတဲ့နေ့လေးတစ်နေ့ ဖြစ်ပါစေ"

သူက ပြောချင်ရာတွေ ပြောသွားကာ ချာခနဲ လှည့်ထွက်သွားသည်။ မာန်သည် ဒေါသစိတ်တွေ တနုံ့နုံ့ဖြင့် စာ သင်ခန်းထဲသို့ ဝင်ရောက်လာခဲ့သည်။ မာန့်ထက် အတန်းဖော်ကို

www.burmeseclassic.com



ကြိုတင်ရောက်နှင့်နေသူ ညိုမိက မာန့်ရဲ့မျက်နှာကို မြင်တာနှင့် ခပ်ချွဲချွဲမေးသည်။

"ဟဲ့ ... မျက်နှာကလည်း စောစောစီးစီး ရှစ်ခေါက်ချိုးနဲ့ ဘာဖြစ်လာတာလဲ။ အကြွေးတောင်းတာ မရခဲ့လို့လား"

"နင့်ကြီးတော်ကြီး အကြွေးမရ,ရမှာလား။ စောစောစီးစီး စေတန်နတ်ဆိုးနဲ့ တွေ့လာလို့"

"ဟေ ... စေတန်နတ်ဆိုးနဲ့ ... ဘယ်သူလဲ"

"ဘယ်သူရှိရမလဲ၊ ဟိုတစ်နေ့က ဂမုန်းပွင့်မှာ တွေ့ခဲ့တဲ့ အစုတ်ပလုတ်ပေါ့"

"ဟဲ့ ... အဲဒီတစ်ယောက်လား၊ သူက အခု နင့်နောက်က လိုက်လာတာပေါ့၊ ဘယ်အချိန်က လိုက်လာတာလဲ"

"ငါ အိမ်ကထွက်ကတည်းကနဲ့ တူပါတယ်၊ ငါ့ကားနောက်က ကပ်ပါလာတာပဲ"

"ဟဲ့ ... အဲဒီတော့ သူက နင့်အနောက်ကနေ လိုက်လာပြီး ရည်းစားစကား ပြောတာပေါ့ ... ဟုတ်လား။ အမယ်လေး ... ရင်တုန်စရာကြီး၊ ဘာတွေပြောတာလဲ"

"ဟာ ... ဒီမုန်ကြောင်မကတစ်မျိုး။ ဘာတွေ ပြောရမှာလဲ၊ ဘာရည်းစားစကားမှလဲ မပြောဘူး။ စိတ်တိုရတဲ့အထဲ သင်းအကြောင်း မေးမနေနဲ့"

"သြော် ... နင်က ငါ့ကိုတော့ မပြောဘဲ နင်တစ်ယောက်တည်း ကျိတ်ကြွေမယ်ပေါ့လေ၊ ဟုတ်လား"





မာန်က စိတ်ကုန်သလိုဖြင့် ဘာမှဆက်မပြောတော့ဘဲ လွယ်အိတ်ထဲမှ ကျောင်းစာအုပ်ကို ထုတ်ယူကာ ဖွင့်လိုက်လျှင် ညိုမိက သွားဖြဲဖြဲဖြင့် မာန့်ရဲ့ပခုံးတစ်ဖက်ကို လာဖျစ်ညှစ်သည်။

"ငါက အလကား နောက်တာပါဟာ၊ အဲဒီတစ်ယောက်က ချောတာတော့ ချောတယ်နော်။ ပြင်ဆင်ထားလိုက်တာများ မိုဒယ်ဘွိုင်းလား မှတ်ရတယ် ...

ဖက်ရှင်အရမ်းကျတာပဲ။ ဒါပေမဲ့ လူကို ပြူးပြူးကြီး စိုက်ကြည့်ပြီး နောက်ကနေ တကောက်ကောက် လိုက်နေတာကိုတော့ မနှစ်သက်ပါဘူး ...

အတင့်ရဲလိုက်တာ ... နော်"

"ရဲတာတော့ ဘာရဲသလဲ မမေးနဲ့၊ ငါကလည်း အဲဒီပုံစံကိုပဲ အမြင်ကတ်တာ။ အသည်းအသန် ပုံစံတွေဟာ တကယ့်ကို over ၊ မိုင်တွေ ပိုပြီးလမ်းလျှောက်မှန်း သိသာစေတယ်"

"သြော် ... ဒါကတော့ မိုင်တွေပိုပြီး လမ်းလျှောက်မှ ခရီးပိုရောက်မှာပေါ့"

"ကျွတ် ... ညိုမိနော်၊ နင်က တစ်ခါတည်း မြင်ရဖူးတဲ့ အနောင့်အယှက်ကောင်ဘက်က ပါနေတာလား"

ညိုမိက ပါးစုံကြီးနှစ်ဖက် တက်လာအောင် တဟက်ဟက်နှင့် ရယ်မောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟာ၊ ငါက နင့်ကိုမှ သူလို ပဲများများက ဘာကြောင့် ရွေးပြီး သဘောကျသွားလဲဆိုတာ သိချင်လို့ ပါ။ သူနဲ့ နင်နဲ့စာရင် သူကမှ နင့်ထက် အလှပိုပြင်ထား ဦးမယ် ... ဟား ဟား"

မာန်သည် ဒီတစ်ခါတော့ ညိုမိရဲ့စကားကို မအော် တော့ဘဲ မျက်စောင်းသာ တစ်ချက်ထိုးမိလေသည်။ ညိုမိ ပြော တာလည်း ဟုတ်တော့ဟုတ်သည်။ အဲဒီတစ်ယောက်ဟာ ယောကျ်ား တန်မဲ့ ပြင်ဆင်ထားသည်မှာ တော်ရုံမိန်းကလေးတောင် လိုက်မမီ ချေ။ ဆံပင်ပုံစံကို ပုံကျသပ်ရပ်အောင် ဂျယ်လ်နဲ့ ထောင်ရတာက တစ်မျိုး၊ အင်္ကျီကလည်း တော်ရုံ တက္ကသိုလ်ကျောင်းသားလောက် ဝတ်တာမဟုတ်ပါ၊ အထဲက ဖြူနက်အစင်း ရှပ်အင်္ကျီလက်တိုကို အပေါ်က ဗီရိုတ်ပုံစံ စပို့ရှပ်အကျပ် ထပ်ဝတ်ထားကာ လည်ပင်း မှာ ဆွဲထားသော Fancy ကြိုး တိုတုတ်တုတ်၊ ခပ်မိုက်မိုက်နာရီ ပုံစံ၊ ပုတီးလိုလိုလက်ပတ်၊ အောက်က Sinney ဘောင်းဘီအနက် မှာ ကြိုးတွေကလည်း တိုးလို့းတွဲလန်း။

နားမှာက နားကပ်တစ်ဖက်၊ နဖူးပေါ်မှာက မျက်မှန်၊ လူမရောက်ခင် တစ်မိုင်လောက်က ရနေသည့် မွှေးရနံ့ စသဖြင့် လူတစ်ကိုယ်လုံးစာအတွက် ဖက်ရှင်အချိန်တွေကို ဘယ်လောက် များပေးရမှာပါလိမ့်။ ဆေးကျောင်းသားတစ်ယောက်သာဆို ဒီလူလို ပုံစံ အလှပြင်နေတာနဲ့ စာမေးပွဲအောင်မှာ မဟုတ်တော့။ အဲဒီပုံစံ ကို တခြားကောင်မလေးတွေသာ သဘောကျပြီး ရင်ခုန်ချင်





ရင်ခုန်မှာ ဖြစ်ပေမယ့် မာန်ကတော့ ရုပ်ရှင်မင်းသားတစ်ယောက် လည်း မဟုတ်ဘဲနဲ့ အဲဒီလောက် အလှပြင်ထားခြင်းကို သဘော လည်းမကျ။ နှစ်လည်း မနှစ်သက်။ ဘယ်လိုယောကျ်ားမျိုးကိုမှ သဘောကျတယ် မရှိပေမယ့် ဒီလိုပြင်ဆင်လွန်းသော ယောကျ်ား မျိုးကိုတော့ တကယ်သဘောမကျတာ အမှန်ပဲဖြစ်တော့သည်။

မာန်သည် ရည်းစားထားဖို့ ဆိုတာလည်း စိတ်မဝင် စား၊ အချစ်ဆိုတာလည်း ဘာမှန်းမသိဘဲ မာန်သိတာက ဆေးပညာ ကိုသာ အပတ်တကုတ် ကြိုးစားသင်ဖို့၊ လေးဖေကို ကျေးဇူးဆပ် ဂရုစိုက်နိုင်ဖို့သာ မာန့်ခေါင်းထဲတွင် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၆

"ဟဲ့ ... သား။ ကျောင်းသွားတော့မှာလား၊ စောလှချည်လား"

သူက ကျောင်းသွားဖို့ရာ ဝတ်စုံပြည့် ပြင်ပြီး ဆင်ပြီး ထမင်းစားခန်းထဲမှာ Breakfast စားသောက်နေတုန်းမှာပဲ သူ့အမေက ရောက်လာတာဖြစ်သည်။ သူ့အမေကဖြင့် အခုမှ အိပ်ရာထလာကာ မျက်နှာသစ်ပြီးကာစပုံ။ သူက မေမေ့ကို ဟဲ ခနဲရယ်ပြကာ လက်ဝါးတစ်ချက် ထောင်ပြရင်း ...

"ဟိုင်း ... မောနင်း မေမေ၊ လာ ... လာ ... ဒီမှာ မေမေ့အတွက် မန္တလေးနန်းပြားသုပ် စပါယ်ရှယ်။ ရှယ်ဝမ်းတီးလေးရော ...

သား စောစောထပြီး သွားဝယ်ထားတာ၊ လာစား မေမေ၊ ဟဲ ဟဲ ... ကြိုက်တယ် မဟုတ်လား"





သူ့အမေက သူ့ကို ဘာတွေလွဲနေလဲဟူသော ပုံစံဖြင့် မျက်မှောင်တစ်ချက်ကျုံ့ကာ ကြည့်သည်။ တကယ်လည်း အရင်တုန်းကဆို သူက ကျောင်းချိန်နီးမှ ကမန်းကတန်းထ,ကာ သူ့အမေက ခွတ်အတင်း တက်,တက်နှိုးရသူ ဖြစ်သည်။ ဒီလိုမျိုး စောစောထလျက် အပြင်သွားပြီး စားစရာတွေ ဘာတွေဝယ်တယ်ဆိုတာလည်း ထုံးစံမရှိခဲ့။ တကယ်ကို အံ့သြစရာကြီးဒီမိုင်းဖြစ်သည်။

သူ့အမေက အင်မတန်ကြိုက်သော လက်ဖက်ရည် ပုံမှန်ချိုဆိမ့်ကို တစ်ငုံ ငုံကာ သူ့ကို အကဲခတ်သလို ကြည့်သည်။

"နန်းပြားသုပ်လေ မေမေ။ နယ်လိုက်တော့ ပွကုန်ဦးမယ်"

သူ့အမေက ဖြစ်ရတယ်ဟူသော ပုံစံမျိုးဖြင့် နှုတ်ခမ်းကို တစ်ချက်မဲ့ပြကာ နန်းပြားသုပ်ကို ဇွန်း ခက်ရင်းနဲ့နယ်သည်။

"တစ်ခုခုတော့ မှားနေပြီနဲ့ တူတယ်"

အဲဒါက သူ့အမေ ပြောသောစကား။ သူက ဗျာ ဘာလဲ ဟူသော ပုံစံမျိုးဖြင့် လေးဖြူ လုပ်ပြလိုက်သည်။ (ရှုံ့ချင်ယောင်ဆောင်တာကို ဆိုလိုတာပါ ခင်ဗျာ)။

"ငါ့ကို ဖားတယ်ဆိုရအောင်လည်း မင်းကို မုန့်ဖိုးအလျှံအပယ် ပေးထားတာပါနော်။ လောလောဆယ် ဘိုင်ပြတ်နေတာ အရေးပေါ် ငွေလိုနေတာများ ရှိနေလို့လား"

"အာ ... မေမေကလည်း၊ သားရဲ့ရိုးသားဖြူစင်တဲ့ ချစ်ခြင်းမေတ္တာကို ဒီလိုမစော်ကားပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို သူ့မေမေက ဟက်ခနဲပဲ ကိုရီးယား မင်းသမီးတွေ ရယ်သလို ရယ်သည်။ ပြီးတော့ နန်းပြားသုပ်ကို ပါးစပ်ထဲ သွင်းထည့်ကာ အရသာခံဝါးရင်း ခေါင်းတဆတ်ဆတ် ညိတ်ကာ သူ့ကို အကဲခတ်နေသည်။

"သား"

"ဗျာ ... ဘာလဲ မေမေ"

"မေမေ့ကို မှန်မှန်ပြောစမ်း၊ မင်း ဘာတွေထူးခြားနေတာ လဲ"

"ဟာ ... ဘာထူးခြားလို့လဲ မေမေကလည်း။ ဘာမှမထူး ခြားပါဘူး။ ကိုယ့်အမေကြိုက်တဲ့ အစားအသောက်လေး တွေ ဝယ်ပေးထားတာ၊ ဘာထူးထူးခြားခြားများ ဖြစ်နေ လို့လဲ"

"အဲဒါကိုက ထူးခြားနေတာပေါ့၊ မင်း မေမေ့အပေါ် ဘယ်တုန်းက အဲ့လိုသိတတ်ဖူးလို့လဲ။ မင်း လိုချင်တာ တောင်းချင်တာ ရှိရင်တောင် မျက်နှာချိုသွေးရုံပဲ ရှိတာ_

ဒီလိုဒီဇိုင်းတွေတော့ မကြုံဖူးပါဘူး။ အသစ်တွေ ပဲ"

သူ့အမေက ပခုံးကိုတွန့်ကာ ပြောသည်။ သူက သူ့အမေရဲ့ပုံစံနဲ့ အပြောကြောင့် မျက်နှာကို တစ်ချက်ရှုံ့မဲ့ကာ_

"မေမေကလည်းဗျာ၊ သူများကြားရင် သားကပဲ အမေအပေါ် မသိတတ်တဲ့ကောင်လို့ ထင်နေဦးမယ်။ မေမေကြိုက်တဲ့





အစားအသောက်တွေ သား ဝယ်ပေးဖူးပါတယ်။ City Mart ကနေ ပန်းသီးတို့၊ စပျစ်သီးတို့ သား ဝယ်ခဲ့ဖူးပါတယ်"

"တစ်နှစ်မှ တစ်ခါလောက်ပါဟယ်၊ ကဲပါ ... အဲဒါက အဓိက မဟုတ်ပါဘူး၊ သားလေး ထူးတော့ ထူးခြားနေပါ တယ်။ ဘာလဲ ... ပြောစမ်းပါ ...

ငါ့ကို အသစ်တွေ မကျွေးစမ်းပါနဲ့၊ အုံးကိုက်အောင် လာစားနေပြန်ပြီ။ နဂိုကမှ စိန်ဈေးကျလို့ စိတ်ညစ်နေရတဲ့ အထဲ"

သူက မေမေ့ရဲ့အပြောကို မနိုင်ဘူးဆိုသော ပုံစံဖြင့် ပခုံးတွန့်ကာ လက်ဝါးဖြန့်ပြလိုက်ရသည်။

"ဘာမှ မစားပါဘူး မေမေရာ၊ သား ကျောင်းကို စောစော သွားမှာမို့ စောစောထတာပါ၊ ညကလည်း စောစောအိပ် တယ်လေ ...

စောစောထလို့ မေမေ့အတွက် သတိရပြီး သွားဝယ် ထားတာ။ ဒါပဲ ... ရိုးရိုးလေးပဲ၊ မေမေ ဘာမှလျှောက်ပြီး စား,မနေနဲ့"

သူ့အမေက နန်းပြားသုပ်ကို တစ်ဇွန်းကော်စားရင်း သူ့ကို မျက်လုံးလှန်ကြည့်ကာ ...

"ကျောင်းက ဘာလို့ စောစောသွားရတာလဲ"

"သားကျောင်းကို မဟုတ်ပါဘူး၊ သား ကောင်မလေး ကျောင်းကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ကောင်မလေးလဲ။ သား ပြောတော့ ရည်းစားနဲ့ ပြတ်သွားပြီဆို"

"ဟုတ်တယ်လေ၊ ခုဟာက အချစ်သစ်။ အမှန်အကန် ဟဲ ဟဲ ... သူနဲ့ သားနဲ့က ကျောင်းချင်းမတူဘူး မေမေ ရဲ့။ သူ့ကျောင်းကိုသွားပြီး သူ့မျက်နှာလေးကို ရှိုးပြီး သူ နဲ့ စကားလေး ဘာလေး ပြောပြီးမှ သား ကျောင်းကို ပြန် ရမှာ"

သူ့အမေက ဩော် ဩော် ဩော် ဟူသော ပုံစံမျိုး ဖြင့် မေးငေါ့ပြသည်။ သူက လက်ဖက်ရည်ကို လက်ကျန်မော့ သောက်လိုက်ပြီးမှ ထိုင်ရာမှထကာ သူ့အမေပါးကို ရွှတ်ခနဲနမ်း ရင်း နှုတ်ဆက်သည်။

"ကဲ ... My mother ချစ်မေမေ။ သား သွားတော့မယ်။ ဒီနေ့ တစ်နေ့တာလုံး မေမေ့အတွက် အဆင်ပြေတဲ့နေ့လေး ဖြစ်ပါစေ ... ဘိုင့်ဘိုင်"

"အိုကေ ... ဘိုင့်ဘိုင်။ Good lucks My son"

သူက သူ့အမေကို လက်ပြကာ ပေါ်တီကိုအောက် မှာ ရပ်ထားသော ဂျစ်ကားကို မောင်းထွက်လာခဲ့သည်။ ဒီနေ့တော့ သူ့ရဲ့ပြိုင်ကားကို မသုံးတော့ပါ။ သူမ နည်းနည်းလောက် မျက်စိ လည်သွားအောင်ဖြစ်သည်။ မျက်စိလည်သွားတယ်ဟုသာ ပြော ရပေမယ့် သူ့ကားက မျက်စိနောက်စရာ ရေပက်ခံထွက်သည့် မန္တလေးစတိုင်လ်ဂျစ်ဖြစ်သည်။ ဆောင်းဘောက်စ်တွေ၊ ပိုက်ကျ





တွေ၊ မီးသီးမီးလုံးဆန်းဆန်းတွေဖြင့် ဂြိုဟ်သားတွေရဲ့ပန်းကန်ပြား ဒီဇိုင်း ပေါက်နေသော သူ့ကားကို ကျားပေါက်ရဲ့ AD 3000 ဒီရိုးခွေထည့်ဖွင့်ကာ မြူးကြွပေါက်ကွဲစွာဖွင့်ပြီး မောင်းလာခဲ့သည်။

"ခေတ်ရှေ့ကိုပြေး ... လိုက်လို့ဝေး မေ့နေ ဂလိုဘယ်လိုက် ဈေးရှင်း ... ဂြိုဟ်သားမိတ်ဆွေများ ရောက်နေမလား စောင့်နေကြ ... အနောက်မြေကမ္ဘာက အရှူးတွေ ... မင်း မွေးတဲ့ကလေး မင်းကိုတွေ့ မေ့ချင်သလိုလိုဖြစ်နေ ... ယဉ်ကျေးမှု ပျက်ပြား စိတ်ဓာတ်များ ယိမ်းယိုင်သွား ... အိုင်တီကမ္ဘာကြီးမှားနေ"

IT ကမ္ဘာကြီးက မှားနေလား မမှားနေဘူးလားတော့ မသိ။ သူ့နှလုံးသားကတော့ တကယ်ကို မှားနေခဲ့ပြီဟု ထင်သည်။ သူသည် မေမာန်မိုး ဆိုသည့် ကောင်မလေးကို ဘာကြောင့်များ ဒီလောက် စွဲလမ်းသွားသလဲတော့ မပြောတတ်ပါ။ တင်းမာနေ သည့် မျက်နှာထားကပဲ သူ့ကို ပို၍ဆွဲဆောင်အားတွေ ကောင်းစေ သလားတော့ မပြောတတ်။ ရေခဲပန်းလေးတစ်ပွင့်လို အေးစက် မာကျောနေသည့် မျက်နှာထားလေးသည် သူ့ကို ဘာကြောင့် ရူးသွပ်သွားအောင် ဖြစ်စေသလဲတော့ မပြောတတ်ပါ။

တကယ်ကိုပဲ ရေခဲပန်းကလေး (Rrozen Flower)ရဲ့ ခပ်မာမာအကြည့်တွေအောက်မှာ သူ့နှလုံးသားသည် ပြိုလဲစွာကျ ရှုံးခဲ့ပြီဟု ထင်သည်။ ဘယ်မိန်းကလေးကမှ မဆက်ဆံဖူးသော အေးစက်မာကျောသည့် ဆက်ဆံမှုတွေသည် အဲဒီမာကျောမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကပဲ သူ့နှလုံးသားအား တိုက်စားသွားသလားတော့ မပြောတတ် သူသည် ရေခဲပန်းလေးဟု တိတ်တခိုး နာမည်ပေးထားသော ကောင်မလေးကို တစ်နေ့ မမြင်ရလျှင် မနေနိုင်အောင် ဖြစ်ရသည် ဒါကြောင့် မနက်တိုင်း သူမတို့လမ်းထိပ်မှာ သွားစောင့်ကာ သူ ကားနောက်ကနေ အမြဲလိုက်ပါဖို့ ကြိုးစားကာ ကားပေါ်ကင်က အတန်းဘက်သို့သွားရာ လမ်းတစ်လျှောက်တွင် သူက စကားလို ပြောခြင်းဖြစ်သည်။ ဒီလိုမှ မလုပ်လျှင်လည်း သူမ အနားကပ်နို ဖို့ အခွင့်အရေးက သိပ်မရှိချေ။

သူမရဲ့ဖုန်းနံပါတ်ကို ရနိုင်ဖို့ အပူတပြင်း စုံစမ်း သော်လည်း ခုထက်ထိကို မရနိုင်သေး။ ဖုန်းဆက်လျှင်လည်း သူမက အေးအေးဆေးဆေး လက်ခံစကားပြောမည်ဟုတော မထင်ပါ။ ဒါပေမဲ့ Messages လေးတွေ ပို့ပြီးတော့ သူ့ရင်ထဲက စကားတွေကို ခြွေချနိုင်မည်ဟု ထင်သည်။ သူသည် သူမကား နောက်မှအသာကပ်ကာ လိုက်ပါလာခဲ့သော်လည်း သူမက ထူးခြား ထင်ရှားသော သူ့ဂျစ်ကားကို သတိထားမိဟန် တူသွားသည်။ ကျောင်းရောက်သွားတော့လည်း ထုံးစံအတိုင်းပင် ခပ်မာမာ မျက်နှာ ထားနဲ့ပဲ ကားတံခါးကို ဂျိုင်းခနဲ ဆောင့်ပိတ်ကာ ခပ်သွက်သွက် လျှောက်ထွက်ဖို့ပြင်သည်။ သူကလည်း ကြိုက်မရှက် ဝတ်မရှက် ဟူသော စကားအတိုင်း မျက်နှာပြောင်ပြောင်နဲ့ပဲ အနားကပ် ကြိုးစားရသည်။

"ဟယ်လို ... မောနင်း"





သူမက တည့်တည့်ကြီး ရယ်ပြကာ လက်ချောင်း ...တောင် လှုပ်ခတ်နှုတ်ဆက်ပြနေသော သူ့ကို မမြင်သလိုဖြင့် ခပ်တည်တည် ကျော်တက်သွားသည်။ ဒီလောက်တော့ သူက ...မှုပါ။ သူမအနားကနေ ကပ်ပြီး လိုက်ပါသွားသည်။ သူ့ရဲ့ရေခဲ ပန်းကလေးသည် ဒီနေ့တော့ ခရမ်းရောင် ကချင်ဝမ်းဆက်ကို ကချင်လွယ်အိတ် အနက်ရောင်ဖြင့် လိုက်ဖက်ညီစွာ ဝတ်ဆင်ထား သည်။ ဂျူတီကုတ်ကို လက်မှာချိတ်ကာ ခြင်းတစ်ဖက်ဆွဲထား သော ပုံစံလေးသည် သူ့ရင်ကို အတိုင်းမသိ အေးချမ်းစေသည်။

သူက သူမ ခြင်းတောင်းလေးကို ကူဆွဲပေးချင်စိတ် ပေါ်လာသဖြင့် ...

"ခြင်းတောင်းလေး ကိုယ့်ကိုပေးပါလား မေမာန်မိုး။ ကိုယ် မင်းဘေးနားက ဒီလိုကြီး လိုက်နေရတာ အားနာလို့ပါ။ ခြင်းတောင်း မပေးချင်ရင် လွယ်အိတ်ပေးလေ၊ ကိုယ်လွယ် ပေးမယ်။ စင်ကာပူစတိုင်လ်ပေါ့ ... ဟဲ ဟဲ"

သူက ပြောင်ပြောင်နောက်နောက် ပြောသော်လည်း သူမက တစ်ခုမှ ပြန်မပြော။ သူမရဲ့မျက်နှာသည် သနပ်ခါးအစား စားသွေးကျောက်ကို အရည်ဖျော်ပြီး လိမ်းလာသလား မှတ်ရသည်။ တင်းမာအေးစက်နေသော်လည်း ဒီမျက်နှာလေးကိုပဲ သဘောကျ နေသူမို့ ရေခဲပန်းကလေးဟု တင်စားထားတာပဲ ကြည့်တော့။

အိုကေ ... သူမ ဘယ်လောက်ပဲတင်းတင်း သူက တော့ မဖြုံပါ။ နောက်ဆုတ်ဖို့လည်း မစဉ်းစားပါ။ သူက အဲဒီလို ခပ်ခက်ခက်လေးဆိုလျှင် ပိုကြိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာမရလို့ မျက်နှာကြီး စူပုပ်နေတာလား။ ဪ နောက်နေ့တွေကျရင် ကားတံခါးပိတ်ရင် ဖြည်းဖြည်း ညင်သာ ပိတ်ပါကွာ ...

ကိုယ်က မင်းဆီကို နေ့တိုင်းလာမှာ၊ အဲ ... စေ တနင်္ဂနွေကလွဲလို့ပေါ့။ အဲဒီတော့ နေ့တိုင်း အဲဒီလိုသာ ပိတ်နေရင် မင်း ကားတံခါးကြီး ပြုတ်ထွက်လာလိမ့်မယ်"

သူမက ဘာမှပြန်မပြော။ အိုကေ ... မပြောလည် ပြဿနာမရှိ။ တစ်နေ့နေ့တော့ ပြောရှာလာလိမ့်မည်။ သူမ မပြောတော့လည်း သူကပဲ ပြောရတော့မှာဖြစ်သည်။

"မေမာန်မိုး ... မင်းရဲ့ဖုန်းနပါတ်လေးကို ကိုယ် သိခွင့် ရှိမလား"

ဒီတစ်ခါတော့ သူမက တကယ်ကို သည်းမခံနိုင် တော့သည့် ပုံစံဖြင့် သူ့ဘက်သို့ ခပ်ထင်းထင်း လှည့်ကြည့်သည် အားပါ် ... စူးရှတောက်ပြောင်နေသော မျက်ဝန်းများမှာ စတီး ဓားသွားတွေလို တလက်လက် တောက်ပကာ သူ့ရင်ခွင် အသွားထက်ထက်ဖြင့် ခွဲချတော့မလို ဖြစ်သည်။ ဒါပေမဲ့ မျက် တောင်ဖျားတွေက နိုစီးချင်စရာ ကောင်းလောက်အောင်ကို ညို့ဖ ဖြားယောင်နေသည်။

"ဒီမှာ ... ရှင် လူလိုနားမလည်ဘူးလား။ ရှင့်ကို ကျွန် ကောင်းကောင်းပြောနေတာနော်။ ရှင့်ကို ကျွန်မ စိတ်မဝင် စားဘူး၊ ကျွန်မကို လိုက်မနှောင့်ယှက်နဲ့တော့၊ ကြာရင် ကျွန်မ အဆိုးမဆိုနဲ့နော်"





တွေ့တယ်မလား၊ သူမ သူ့ကို စကားမပြောဘဲ နေနိုင်ပါဘူး ဆိုတာလေ။

"ခက်တာပဲ မေမာန်မိုးရဲ့၊ ကိုယ်က မင်းကို စိတ်ဝင်စား ပြီး မင်းနဲ့မိတ်ဆွေသူငယ်ချင်း ဖြစ်ချင်ပါတယ်လို့ ရိုးရိုး သားသား ပွင့်ပွင့်လင်းလင်း ပြောထားတာလေ။ ဒါကို မင်းက လက်မှမခံတာ"

"လက်ခံစရာလား။ ကျွန်မမှ ရှင်နဲ့ မိတ်ဆွေသူငယ်ချင်း မဖြစ်ချင်ဘဲ။ ရှင် ဘာအချိုး ချိုးမယ်ဆိုတာ ကျွန်မ မသိ ဘူးများ ထင်နေလား ...

ဒီမှာ ကျွန်မက ရှင်တွေ့ဖူးတဲ့ မိန်းမမျိုး မဟုတ်ဘူး"

"သိပါတယ်၊ အဲဒါတွေကြောင့်လည်း ကိုယ်က မင်းကို သဘောကျ နှစ်ခြိုက်ရတာပေါ့"

"ဘာ ... တောက်၊ ရှင် ပြောလေ ကဲလေပါလား"

"ဟုတ်ကဲ့၊ မှန်းရင်လည်း ပြုံပါတယ်၊ ဪ ... ဟိုဟာ လေ၊ ပါးစပ်ကို ပြောတာပါ"

သူမက သူ့ကို မျက်ဝန်းများ ဖေ့းစင်းကြည့်သည်။ အသေသတ်ချင်သည့် အငြိုးဖွဲ့မျက်ဝန်းများမှာ သူ့အတွက်တော့ မက်စရာ ကောင်းလွန်းလှပါသည်။ ပြီးတော့ အံကိုတင်းတင်း ကြိတ်ကာ ချာခနဲ လှည့်ထွက်သွားသည်။ ဒီတစ်ခါတော့ သူက ကက်မလိုက်တော့ပါ။ ပြန်အလှည့်မှာပဲ ခပ်လှမ်းလှမ်းမှာ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာသော ယမုံနာကို လှမ်းတွေ့လိုက်ရသည်။ တွေ့တော့လည်း သူက ဘာမှမဖြစ်ပါ။ လှမ်းတွေ့တော့လည်း ပြုံးပြနှုတ်ဆက်ရုံ ဖြစ်သည်။

“ဟိုင်း ... မောနင်း”

ယမုံနာက သူ့ကို အံ့ဩသော မျက်လုံးများဖြင့် ပြုံးပြသည်။ ဒီကျောင်းကိုလာတာ သူမဆီများ လာတယ်ဟု ထင်နေသလား မပြောတတ်ပါ။ သူသည် ခုရုပ်မှနောင်ရှင်းမည့်ကိစ္စအတွက် သူမကို ဘာမှမကွယ်ဝှက်ဖို့ ဆုံးဖြတ်ထားသည်။ ယမုံနာဆီက သူမနဲ့ပတ်သက်သော information လေးတွေတော့ ရချင်ရနိုင်ပါသည်။

“မောနင်းပါ ... မိုးဇေ် ဘယ်ကိုလာတာလဲ”

“ဆေးကျောင်းကို လာတာလေ”

“အေး ... ဆောရီး၊ ကိစ္စရှိလို့လား၊ အန်တီဇေက လွှတ်လိုက်တာလားဟင်”

“မဟုတ်ပါဘူး။ ကိုယ် တွေ့ချင်တဲ့လူတစ်ယောက်ဆီ လာတာ။ အရင်နေ့တွေကလည်း လာတယ်။ ယမုံနာ မတွေ့ဖြစ်လို့ပါ”

“ဟုတ်လား၊ အင်း ... ထူးဆန်းလိုက်တာ”

“မထူးဆန်းပါဘူး။ ကဲ ... ယမုံနာ ကိုယ့်ကို အချိန်ဆယ့်ငါးမိနစ်လောက် မပေးနိုင်ဘူးလား”





သူမက နာရီကို တစ်ချက်ကြည့်ကာ ခေါင်းညိတ်သည်။ အဲဒီလိုနှင့် ယမုံနာက ဆေးကျောင်းကန်တင်းမှာ သူ့ကို ဧည့်ခံပါသည်။ သူသည် စားသုတ်သုတ် သွားသုတ်သုတ် သုတ်ခေတ်ကြီးထဲမှာ ဘာကိုမှ သိပ်ဝေ့ဝိုက်မနေတော့ပါ။ ယမုံနာကလည်း အချိန်တွေအများကြီး သိပ်မပေးချင်။ ဒါကြောင့် မှာမဖြစ် မှာထားရသော ကော်ဖီမစ်ကို တစ်ငုံ ငုံပြီးတာနဲ့ ချက်ချင်းစကားစသည်။

“မယုံနာ ... မေမာန်မိုးကို သိလား”

ယမုံနာရဲ့မျက်ဝန်းများက လက်ခနဲ ဖြစ်သွားကြသည်။ ဒီလောက်ဆို သူမလည်း သဘောပေါက်သွားပြီ ဖြစ်ပါသည်။

“သိတယ် ... ယမုံနာတို့အတန်းထဲကပဲ။ ဘာလဲ ... ယူက ...”

သူက ကော်ဖီကို နောက်ထပ်တစ်ငုံ ထပ်ငုံကာ ခေါင်းညိတ်ပြလိုက်သည်။ နောက်ထပ် တစ်ငုံ ငုံပြီးလျှင် ကော်ဖီက ကုန်ပြီ။ အဲဒီအချိန်မှာ သူမရဲ့သတင်းအချက်အလက်တွေလည်း သူ့ထံတွင် ပြည့်စုံနေပါလိမ့်မည်။

“သူ့အကြောင်းလေး ယမုံနာ သိသလောက် ပြောပြပါလား”

ယမုံနာက သူ့ကို အာဂယောက်ျားပါလား ဟူသော အကြည့်မျိုးဖြင့် ကြည့်ကာ ပခုံးတစ်ချက် တွန့်ပြသည်။ ပြီးတော့ သူမသည်လည်းပဲ မမှာမဖြစ် မှာထားရသော ပလိန်းတစ်ခွက်ကို မော့ပြီးမှ သူ့ကို စကားပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ ယမုံနာတို့က သိပ်မခင်ပါဘူး။ သူ့ဒီဇိုင်းကလည်း တစ်မျိုးပဲလေ၊ ဒါပေမဲ့ ရှောပ်တော့ မရှိပါဘူး။ သူက [illegible] တော့သိပ်ကြိုးစားတယ်၊ 1st MB တည်းက စာမေးပွဲတိုင်းကို ဂုဏ်ထူးနဲ့ အောင်ခဲ့တာလေ ...

သူလည်း သူ့ဟာနဲ့သူတော့ Attrection ရှိတော့ လိုက်တဲ့သူတွေတော့ ရှိပါတယ်။ ဒါပေမဲ့ ခုချိန်ထိအေးဆေးပဲ၊ ရည်းစားလည်း မရှိဘူး။ အဲဒါမျိုးတွေလည်း စိတ်ဝင်စားပုံ မပေါ်ဘူး။ အပေါင်းအသင်းလည်း နည်းတယ် ...

သူ့ဟာသူပဲ နေတတ်တာ။ အပြုသဘောနဲ့ ဝေဖန်ရရင်တော့ အေးဆေးတယ် ပြောရမှာပေါ့။ ဒီလောက်ပါပဲ ယမုံနာ သိတာတော့ အဲဒီလောက်ပဲ မိုးဇန့်ရဲ့"

"သူ့ဖုန်းနံပါတ်ရော မသိဘူးလား၊ အဲ ... မသိဘူးဆိုရင်လည်း နည်းနည်းလောက် စုံစမ်းပေးလို့ မရဘူးလား"

"အင်း ... သိတော့ မသိဘူး။ ဒါပေမဲ့ သူက ဖုန်းမကိုင်ဘူးနဲ့တူတယ်။ ကျောင်းမှာ သူ ဖုန်းပြောနေတာမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

"ဟုတ်လား ... စိတ်ဝင်စားဖို့ ကောင်းပါတယ်"

"မိုးဇန်က သူ့ကို ဘယ်တုန်းက တွေ့သွားတာလဲ၊ တွေ့တာ မကြာသေးဘူးနဲ့ တူတယ်"





သူက နောက်ဆုံးလက်ကျန် ကော်ဖီကို အကုန်အစင် မော့ချလိုက်သည်။ ပြီးတော့ ခွက်ကို ပန်းကန်ပြားပေါ်အချ လှကလည်း ခေါင်းညိတ်၊ ကွက်တိပဲဖြစ်သည်။

"ဟုတ်တယ်"

"မိုးဇန် အတွက်တော့ အသစ်ဖြစ်နေမှာပေါ့။ အင်းလေ... အဆင်ပြေပါစေလို့ ဆုတောင်းပေးပါတယ်။ ကော်ဖီဖိုး ရှင်းလိုက်တော့မယ်နော်"

ပလိန်းတစ်ခွက် သုံးရာတန်လောက်ကိုလည်း သူက လုမရှင်းဖြစ်တော့ပါ။ ယမုံနာကိုသာ ကျေးဇူးတင်စကားကို လိုက်လိုက်လဲလဲ ပြောမိသည်။

"Thanks you so much for your စေတနာ ... ဟဲ ဟဲ"

သူ့စကားကို ယမုံနာက ပြုံးမဲ့မဲ့ဖြင့် ခေါင်းညိတ်ပြသည်။ ပိုက်ဆံရှင်းပြီးသွားသောအခါ သူတို့နှစ်ယောက်စလုံး ပြိုင်တူထရပ်လိုက်ကြသည်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နှုတ်ဆက်ကာ သူက သူ့ကားရှိရာသို့ ပြန်လျှောက်လာကာ သူ့ကျောင်းထဲသို့ မောင်းထွက်လာခဲ့သည်။ သူ့ကျောင်းသို့ ရောက်သောအခါ ကန်တင်းမှာက သူငယ်ချင်းတွေဆုံပြီး သူလာတာကို မြင်သောအခါ လက်ဝါးတွေ အသီးသီး ထောင်ပြကြသည်။ သူက အဲဒီလက်ဝါးတွေကို တဖြန်းဖြန်းနဲ့ လိုက်ရိုက်ပြီးမှ ခုံတစ်ခုံမှာ ပစ်ဝင်ပြီး ထိုင်လိုက်သည်။

"ဘယ်လိုလဲ ... အခြေအနေ"



www.burmeseclassic.com

www.burmeseclassic.com



ဂျွန်က သူ့ကို ပြုံးစစဖြင့် မျက်စပစ်ပြီး မေးသည်။ သူက ကုလားထိုင်ကိုမှီပြီး နှုတ်ခမ်းကို တစ်ချက်စုကာ လုပ်နေကျ ပုံစံအတိုင်း ပခုံးတွန့်ပြီး ပြုံးပြလိုက်သည်။

“ဒီလိုပါပဲ၊ အသည်းလေးက တင်းမာဆဲပဲ။ ဒါပေမဲ့ မင်းတို့ သိထားဖို့က ရေခဲတုံးတစ်တုံးဟာ ရေခဲမှတ်တစ်ခုမှာ ပြန်လည် အရည်ပျော်စမြဲပဲလေ”

“မင်ကောင်မလေးကတော့ ရေခဲတုံး မဟုတ်လောက်ဘူးနဲ့တူတယ်။ ကျောက်တုံးပဲ ဖြစ်လိမ့်မယ်”

“ကျောက်တုံးလည်း ကျောက်ခွဲစက်နဲ့တွေ့ရင် အမှုန့်ဖြစ်သွားတာပဲလေ၊ ဒီတစ်ပတ် ဆန်းဒေးကျရင် သူ့ဦးလေးဝပ်ရှော့မှာ ကားသွားပြင်မယ်ကွ။ အဲဒါ မင်းတို့ လိုက်ခဲ့ကြဦး”

သူ့အပြောကို ဘိုဘိုကတော့ ကြောက်ရွံ့သွားဟန်ဖြင့် ပခုံးကျုံ့ပြသည်။ လင်းသက်ကတော့ မနိုင်ဘူးဟူသော ပုံစံဖြင့် တစ်ချက်မဲ့ပြသည်။ ဂျွန်ကတော့ ရှိစုမဲ့စု မွေးထားရသော မုတ်ဆိတ်လေး လေးငါးပင်ကို ဝင်းဦးစတိုင်လ်မျိုးဖြင့် ပွတ်သပ်ကာ ...

“ငါ မသိလို့ မေးပါဦးမယ်၊ ဒီတစ်ခါက မင်း ဒီကောင်မလေးကို အပီအပြင် လိုက်နေတာလား။ သူ့ကို တကယ်ပဲ Heart ထိသွားတယ်ပေါ့”

“ထိတယ် ... ထိပါတယ် ဆိုကွာ”

“မင်း မတိတာတွေရော ရှိသေးလို့လား”





“ဟောကောင်တွေ ... ဘူ့ဘူ့ချင်း တစ်လာရှိုးမနေနဲ့။ အရင်ရည်းစားတွေတုန်းက မင်းတို့လည်းသိတယ်၊ တစ်ယောက်နဲ့ တစ်ယောက် တွေ့တာနဲ့ မျက်လုံးချင်းက စကားပြောပြီးသား။ မင်း ဘာကောင်လဲ၊ ငါ ဘာကောင်လဲ ပြောစရာ မလိုဘူး ...

တစ်ယောက်အထာကို တစ်ယောက်က နပ်တယ်။ အဲဒါကြောင့် လွယ်လွယ်လေးနဲ့ ရည်းစားဖြစ်ကြတယ်။ တွဲရတာ ပျင်းလာကြရင် အေးဆေးပဲ လမ်းခွဲကြတယ် ...

ခင်ကြီးကျယ်၊ ခင်အရစ်တက်၊ ခင်ဂျီကျ၊ ခင်စိတ်ကောက်တို့နဲ့ကြုံပြီး စိတ်ပျက်ရတော့လည်း ကိုယ်ကစပြေးရတာပေါ့ကွာ ...

သူ့ကိုတော့ ဘယ်သူနဲ့မှ မတူတဲ့ ခံစားမှုမျိုးနဲ့ပဲကွာ။ တစ်မျိုးပဲ အချစ်ဆိုတာ တကယ်ပြောရခက်တယ်။ သူ့ကို စ,တွေ့တည်းက ခပ်တည်တည် ခပ်တင်းတင်းနဲ့ ရှင်းသန့်နေတဲ့ သူ့ပုံစံကို အရမ်းစိတ်ဝင်စားသွားတာ။ ယမုံနာကလည်း ပြောတယ်၊ သူ့မှာ Attrectiln တစ်ခုတော့ ရှိတယ်တဲ့ ...

အရင်တုန်းကတော့ သူ့ Attrection လေးကို စိတ်ဝင်စားတာပေါ့။ နောက်ကျတော့ သူ့ကို ချစ်ကို ချစ်သွားတာ။ သူ့ကို တစ်နေ့မမြင်ရရင် မနေနိုင်ဘူးကွာ။ ငါ တစ်ခုခု ပြောလိုက်လို့ ရှုံးရှုံးရှဲရှဲ ဖြစ်သွားတဲ့ သူ့ပုံစံလေးကို အရမ်းအသည်းယားတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို မြင်လိုက်ရရင် အချစ်ဆိုတာကို ပိုပိုပြီး သဘောပေါက်လာတယ်။ သူ ငါ့ကို တင်းလေလေ ငါက သဘောကျလေလေ၊ ကြိုးစားလေလေပဲ၊ လူဆိုတာ ခက်ခဲတာကိုမှ ပိုတန်ဖိုးထားကြတာလေ”

“အေး ... ဒါဖြင့်ရင် ငါ မေးပါဦးမယ်။ မင်းကောင်မလေးနဲ့တော့ သိပ်မဆိုင်ပါဘူး။ မင်းတို့ ယောကျ်ားတွေက မိန်းကလေးတစ်ယောက်ကို လွယ်လွယ်ရရင် သိပ်တန်ဖိုးမထားဘူးပေါ့၊ ဟုတ်လား”

လင်းသက်ရဲ့အမေးကို သူက တဟားဟားနှင့် အော်ရယ်မိသည်။

“ဟေ့ကောင် ... မင်းစကားက ဘာစကားလဲ။ မင်းတို့ ယောကျ်ားတွေဆိုတော့ မင်းက မိန်းမလား”

“မဟုတ်ပါဘူးကွာ၊ မင်းကလည်း ငါက စကားရောသွားလို့ပါ။ ကဲ ... ပြော ... ပြော။ မင်းတို့အားလုံး ခံစားရသလို ဖြေနိုင်တယ်။ မင်းတို့တွေက မိန်းကလေးတစ်ယောက်ကို လိုက်တဲ့နေရာမှာ ခက်မှ ဒီကောင်မလေး တန်ဖိုးရှိတယ်လို့ သတ်မှတ်တာလား ...

ကိုယ်လိုက်တာနဲ့ အေးဆေးပဲ ဆိုတဲ့ ဆော်တွေ၊ ကိုယ့်ကို အသာတကြည်ပဲ ဆိုတဲ့မှာတွေကျတော့ တန်ဖိုးမထားဘူးပေါ့၊ ဟုတ်လား”

“အဲဒီလိုတော့လည်း မဟုတ်ဘူးကွ”





အဲဒီစကားကို ဝင်ပြောသူမှာ သူ မဟုတ်ပါ။ သူ့လိုပဲ ရည်းစားခပ်များများလေး ထားခဲ့ဖူးသူ ဌန်ပဲဖြစ်သည်။

“မင်းပြောသလို ကိုယ်ကလိုက်တာနဲ့ အေးဆေးပဲ ဆက်ဆံတာတို့၊ ပွင့်ပွင့်လင်းလင်း ဆက်ဆံတာတို့နဲ့ ပတ်သက်ပြီး ဒီမိန်းကလေးရဲ့တန်ဖိုးကို သွားနှိမ်လို့ မရဘူးလေ။ မိန်းကလေးတစ်ယောက်ရဲ့ ရိုးသားမှုက သိသာတာပဲ ...

ငါကတော့ ရိုးသားပွင့်လင်းတဲ့ မိန်းကလေးတွေကို သဘောကျတယ်။ ကိုယ်တောင်းတဲ့ အဖြေကို ချက်ချင်းပေးလိုက်လို့လည်း အထင်သေးစရာ မရှိပါဘူး၊ အရင်ခေတ်နဲ့တော့ သိပ်မတူတော့ဘူးကွာ ...

တစ်ပတ်လောက်နဲ့တွေ့ပြီး ရည်းစားဖြစ်သွားတာမျိုးကျတော့လည်း ငါတော့ မကြုံဖူးသေးဘူး၊ အေး ... ဒါပေမဲ့ မင်း ပြောသလို အရမ်းကြီး လွယ်နေတာကျတော့လည်း သိပ်အစစ်အမှန် မဟုတ်တော့ဘူး ထင်တာပဲ ...

အဲဒါကြီးကျတော့ နည်းနည်း ပေါ့ပျက်ပျက် နိုင်သွားတာပေါ့။ တော်ရုံလောက်ကတော့ အေးဆေးပါ၊ မင်းကရော နိုင်မြ”

“ငါကလည်း မင်းလိုပါပဲ။ ငါ ရည်းစားတွေ ထားခဲ့တယ်ဆိုပေမယ့် တစ်ပတ်လောက်ကွေ့ပြီးတော့ တစ်ပတ်အတွင်းမှာပဲ ဖြစ်သွားတာတော့ မကြုံဖူးပါဘူး။ တစ်လလောက်ပေါ့ကွာ ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ကွာ၊ မိန်းကလေး တစ်ယောက်ကို လိုက်ရာမှာ တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်ကြပြီး နားလည်မှု ရှိကြပြီဆိုရင် အချိန်ကာလတွေက အဓိက မဟုတ်ပါဘူးကွာ။ လှယ်တာတွေ ခက်တာတွေကလည်း အဓိက မဟုတ်တော့ဘူး ...

ကိုယ်တကယ်ချစ်တဲ့ ကောင်မလေးက ကိုယ့်ကိုပြန်ချစ်တာလောက် ပျော်ဖို့ကောင်းတဲ့ကိစ္စ ရှိပါ့ဦးမလား။ ကိုယ့်ကို အလွယ်တကူ အနှားအကပ်မခံတော့လည်း ကြိုးစားရတာပေါ့ကွာ။ ဒါပါပဲ” -

သူ့စကားအဆုံးတွင် သူငယ်ချင်းတွေက နားလည်သလိုဖြင့် ငြိမ်သက်သွားကြသည်။ သူ့မျက်လုံးထဲတွင် သူမရဲ့ ရှုးရှတောက်ပြောင်သော မျက်ဝန်းညိုကြီးများကို မြင်ယောင်လာသည်။ အဲဒီမျက်ဝန်းများကို ခြံခတ်ထားသော ရှည်သွယ်ကော့ညွတ်သည့် မျက်တောင်ဖျားတွေမှာ တစ်ရေးလောက် တက်အိပ်ခွင့် ရချင်လိုက်တာ။

♥ ➥ ♥





## ၇

မာန်သည် နောက်ပါးမှ ကပ်ပါလာသော ပြိုင်ကားကိုမြင်လျှင် ခါတိုင်းလို ဒေါသထွက်ဖို့ထက် စိတ်ပျက်ခြင်းတွေသာ စုနေမိတော့သည်။ နေ့တိုင်း နေ့တိုင်း ဘယ်နေ့မှ ပျက်ကွက်ရတယ်လို့ မရှိဘဲ မာန်ကျောင်းသွားလျှင်ကျောင်း၊ ဆေးရုံဘက်မှာ တသင်ရသည့်ရက်တွေဆိုလျှင် ဆေးရုံကြီး စသဖြင့် မာန်သွားလေရာကို လိုက်ပါသူ အဲဒီတစ်ယောက်ကို ဘယ်လိုနှိမ်နင်းရမှန်းတောင် မသိတော့ချေ။ မာန် ဘယ်လောက်ပြောပြောလည်း သင်းက နားပုံမပေါ်ချေ။ မာန် ပြောလိုက်သော စကားတိုင်းအတွက် သူ့မှာ တုံ့ပြန်ပြောစရာ စကားလုံးတို့ကလည်း အဆင်သင့်ရှိနေတတ်သည်။

အခုဆိုလျှင် မာန့်ရဲ့နောက်သို့ သူ လိုက်ပါနေသည်မှာ တစ်လကျော်ခန့် ရှိခဲ့ပြီဖြစ်သည်။ မာန့်ကားနောက်မှာ အမြဲလိုလို ပါလာတတ်သော သူ့ကို ကျောင်းကလူတွေကတော



www.burmeseclassic.com

www.burmeseclassic.com



သတိထားမိနေခဲ့ပြီဖြစ်သည်။ နဂိုတည်းကမှ သူ့ပုံစံက ရုပ်ရှင်မင်းသားတစ်ယောက်လို ထင်းထွက်နေသည် ဖြစ်လေရာ၊ သူများနဲ့မတူသော သူ့ကားဒီဇိုင်း၊ သူ့ရဲ့ဝတ်ပုံစားပုံဒီဇိုင်း စတာတွေကြောင့် သူများ ဘေးကလိုက်ပါလာလျှင် မာန့်မှာ မျက်နှာကို ဘယ်နားသွားထားရမှန်း မသိအောင် ရှက်လည်းရှက်ကာ စိတ်ညစ်ရသည်။ သူကတော့ ဘယ်လိုမှနေဟန်မရှိပါ။ လမ်းဘေးမှာ ရည်းစားစကား လိုက်ပြောသူလို ပေါ့ပေါ့ပါးပါးနှင့် သက်သောင့်သက်သာ ရှိလှ၏။

အခုလည်း မာန့်ရဲ့အနားသို့ ကပ်လာတာနှင့် သူ့ထံမှ ရေမွှေးနံ့က ထောင်းခနဲ။ မာန်သည် ကိုယ်တောင် မိန်းကလေးတန်မဲ့ ရေမွှေးကို မကြိုက်သူဖြစ်လေရာ အဲဒီအနံ့တွေရလျှင် တကယ်ပဲ ခေါင်းတွေမူးလာတော့သည်။

"မောနင်း မေမာန်မိုး။ မင်းဆီက ခြင်းတောင်းလေး ကိုယ့်လက်ထဲကို လွှဲမပေးနိုင်ဘူးလား။ အဲဒီခြင်းတောင်းလေးကို ဆွဲပေးခွင့်ရဖို့ မင်းဆီက ခယတောင်းဆိုနေတာပါနော်"

မာန်သည် ခုလည်းပဲ စိတ်ပျက်လက်ပျက်ဖြစ်ကာ သူ့ကို စကားပြောချင်စိတ် မရှိသောကြောင့် ကိုယ့်လမ်းကိုယ်သာ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ အဲဒီမှာပဲ သူက ထင်မှတ်မထားတာ တစ်ခုကို လုပ်လိုက်တာဖြစ်သည်။ အဲဒါကတော့ မာန့်လက်ထဲက ခြင်းတောင်းလေးကို ဆတ်ခနဲ ဆွဲယူလိုက်တာ





ဖြစ်လေသည်။ ရုတ်တရက်မို့ မာန့်မှာ ဘာမှမတတ်နိုင်ဘဲ ခြင်းတောင်းမှာ သူ့လက်ထဲသို့ ပါသွားရသည်။ မာန်သည် အဲဒီအပြုအမူကြောင့် မီးဝင်းဝင်းတောက်အောင် ဒေါသထွက်သွားကာ ...

"ရှင် ဘာလုပ်တာလဲ၊ ဟင် ... ရှင် သိပ်ရမ်းကားလှချည်လား"

"ကိုယ် ရမ်းကားတာ မဟုတ်ပါဘူး၊ မင်းကို ကူညီတာပါ"

"ကူညီရအောင် ရှင့်ကို ဘယ်သူက ကူညီခိုင်းနေလို့လဲ၊ ကျွန်မခြင်း ပြန်ပေး"

"မင်း ထမင်းချိုင့်ကို ကိုယ် မစားပါဘူး။ မင်း အတန်းရှေ့ရောက်ရင် ကိုယ် ပြန်ပေးမယ်"

"မလိုဘူး။ အတန်းရှေ့ထိလည်း ရှင် လိုက်စရာမလိုဘူး။ ကျွန်မခြင်းကို အခုပြန်ပေးလို့ ပြောနေတယ်နော်"

မာန်သည် တကယ်ပဲ ဒေါသထွက်လာသောကြောင့် အသံတွေတောင် တုန်နေလေသည်။ သူ့ လုပ်ပုံမှာ တဖြည်းဖြည်းနှင့် အတင့်ရဲလာပြီး စော်ကားသည့် အဆင့်ကိုတောင် ရောက်နေပြီဟု မာန်က သတ်မှတ်သည်။ သူက မာန့်ကို တည်တည်ငြိမ်ငြိမ်ပင် ပြန်ကြည့်ကာ ...

"ဘာဖြစ်လို့ ဒေါသတွေ အရမ်းကြီးနေရတာလဲ မေမာန်မိုးရဲ့။ မင်းရဲ့ခြင်းလေးကို ဆွဲပေးတဲ့ကိစ္စမှာ ဒီလောက်တောင် ဒေါသထွက်ဖို့ လိုသေးလို့လား ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်ကြီး စိတ်မလှုပ်ရှားနဲ့လေ။ တော်ကြာ ညကကျက်ထားတဲ့စာတွေ မေ့နေဦးမယ်"

"တောက် ... အရမ်းကားကောင်၊ နင်တော့ သေတော့မယ်နော်"

"မင်းက ကိုယ့်ကို သတ်ချင်နေတာလား။ ဟား ဟား ... ဒါက မင်းသတ်စရာ မလိုပါဘူး။ မင်းအချစ်ကို မရခဲ့ရင် ကိုယ် အလိုလို သေသွားမှာပါ"

မာန်သည် မဖြစ်နိုင်သော ပလေစီချောက်ချက် စကားများကို ရင်ခုန်ဖို့ဝေးစွ။ အော့နလုံးပင် နာလာလေသည်။ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ကာ သင်းကို ဘယ်လိုပညာပေးရမလဲ ဆိုတာကို အသည်းအသန် စဉ်းစားသည်။ သူကတော့ တစ်လောကလုံးမှာ သူနဲ့ မာန် နှစ်ယောက်တည်းရှိသည့်အလား သဘောထားကာ ပဲများများတွေဖြင့် စကားဆက်ပြောသည်။

"မေမာန်မိုး ... မင်းကို ကိုယ် တစ်ခုတော့ အလေးအနက် ပြောချင်တယ်။ ကိုယ် ဒီလိုတွေ လုပ်နေရာ မင်းကို သက်သက်နှောင့်ယှက်နေတာ မဟုတ်ပါဘူး။ မင်းနောက်ကို အပျင်းပြေ ပေါ့ပေါ့လေး သဘောထားပြီး လိုက်နေတာလည်း မဟုတ်ပါဘူး ...

မင်းကို ကိုယ် တကယ် အလေးအနက် ထားတာပါ၊ အဲဒါကိုတော့ မင်း ယုံကြည်စေချင်တယ်"





"အရူးကောင် ! နင့်လုပ်ရပ်တွေကို ရပ်တန်းက ရပ်တော့နော်။ ကြာလာရင် ငါ့ဆီမှာ သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်ဆုံးသွားလိမ့်မယ်"

"ဒါဆို ရှေ့ပိုင်းကာလတွေက ကိုယ့်ကို မင်း သည်းခံခဲ့တဲ့ အချိန်ကာလတွေပေါ့၊ အား ... ကိုယ် လွင့်သွားပြီ မေမာန်မိုးရယ်၊ ဒီညအဖို့ တော်တော်နဲ့ အိပ်ပျော်တော့မှာ မဟုတ်တော့ဘူး ...

Thank you so much for your သည်းခံမှု ... ဟင်း ဟင်း"

မာန်သည် ဒီတစ်ခါတော့ ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။ သူက ဘယ်လိုမှ မျှော်လင့်မထားတာမို့ နောက်သို့ ပက်လက်လန်ကျတော့မလို ဖြစ်သွားစဉ်မှာ မာန်က သူ့လက်ထဲက ဆွဲခြင်းကို ဆောင့်ခနဲ ပြန်ဆွဲယူပြီး သူ့ကိုလည်း လက်ညှိုးငေါက်ငေါက် ထိုးကာ ...

"မှတ်ထား ! ငါက နင်လုပ်သမျှ ခံနေမယ့် မိန်းမမျိုး မဟုတ်ဘူး ...

ဒါ အစပဲ ရှိသေးတယ်မှတ်"

ဘာပဲဖြစ်ဖြစ် အတင့်ရဲလွန်းသူ သင်းကို ဆောင့်တွန်းပစ်ကာ လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောခွင့်ရလိုက်သည့်အတွက် မာန်သည် နည်းနည်းတော့ ကျေနပ်ရသွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လှည့်မကြည့်စတမ်း ချာခနဲ လှည့်ထွက်လာခဲ့လျှင် သူ့အနောက်က နောက်ပါးမှနေ၍ မာန့်ရဲ့ကျောပြင်သို့ လာရောက် ရိုက်ခတ်သည်။

"ဟော့ … မေမာန်မိုး။ မင်း ဘယ်လိုပဲ ကိုယ့်ကို ဆက်ဆံ ဆက်ဆံ ကိုယ်ကတော့ မင်းကို ဘယ်တော့မှ နောက်မဆုတ်ဘူးကွ၊ သိလား …

ဒါလည်း အစပဲ ရှိသေးတယ်မှတ်"

မာန်သည် ခုထိ ဟာလေးမလျှော့သေးသော သူ့စကားကြောင့် အံကိုတင်းတင်းကြိတ်ကာ စာသင်ခန်းထဲသို့ ဝင်လာခဲ့သည်။ မာန့်ထက် အရင်ကြိုရောက်နှင့်သူ ညိုမိက မာန့်ရဲ့ မျက်နှာကိုကြည့်တာနှင့် မာန် ဘာဖြစ်လာတယ်ဆိုတာကို ချက်ချင်း ရိပ်မိသည်။

"ဘာလဲ … ဒီနေ့တော့ ရည်းစားစကား ပြောလိုက်ပြီနဲ့တူတယ်"

"အေး … ရည်းစားစကား မပြောပေမယ့် ဒီကောင်ကတော့ တော်တော် တရားလွန်နေပြီဟာ၊ ငါ့ခြင်းတောင်းကိုတောင် ဆွဲလုနေပြီ။ ငါလေ ကျောင်းထဲမှာမို့ ဒေါသကို တော်တော် ထိန်းထားရတယ်။ အပြင်မှာသာဆို ကားချင်း ခေါင်းချင်းဆိုင် တိုက်ပစ်မိပြီ …

တောက် … စိတ်တိုလွန်းအားကြီးလွန်းတော့ သင်းရင်ဘတ်ကို ဆောင့်တွန်းပစ်ခဲ့တယ်၊ အေးရော"





"ဟယ် … နင်ကလည်း ကျောင်းထဲမှာ ပွဲကြမ်းခဲ့တာပေါ့။ ဒုက္ခပါပဲ၊ အေး … ငါကလည်း သူ့အကြောင်းတွေ နင့်ကို ပြောပြဖို့ စောင့်နေတာ …

ငါ့သူငယ်ချင်းတစ်ယောက်က သူတို့ ဒဂုံတက္ကသိုလ်ကပဲလေ၊ အဲဒါ သူ့ကို သိတယ်တဲ့။ သူတို့အုပ်စုက ကျောင်းမှာဆို နာမည်ကြီးတွေတဲ့ …

ပိုက်ဆံလည်းရှိတယ်၊ ရုပ်လည်းချောတယ်ဆိုတော့ ကောင်မလေးတွေက သည်းသည်းလှုပ်ပဲတဲ့"

"တော်စမ်းပါဟာ၊ သူ့အကြောင်းများ စိတ်မဝင်စားပါဘူး၊ အလကား … ရေပေါ်ဆီ လူပေါ့ကြော ဒီဗိုင်းတွေပါ"

"ဩော် … စိတ်မဝင်စားပေမယ့် နင် သိထားအောင် ပြောပြတာလေ။ အေး … နေမြဲမိုးဇန်က ရည်းစားကလည်း အရမ်းများတယ်ဆိုပဲ။ ကျောင်းမှာဆိုလည်း တကယ့်ဂေါ်လီတွေတဲ့။ သူနဲ့တွဲခဲ့တဲ့ ရည်းစားတွေကလည်း တကယ့် အလန်းတွေနော်။ ဒါကိုများ ငါ့သူငယ်ချင်း ရိုးရိုးလေးကို ဘာကြည့်ကြိုက်သွားရတာလဲ မသိဘူး။ အေး…၊လေ … ရိုးရိုးလေးကိုပဲ တစ်ခါတည်း ပစ်ကျသွားတာ နေမှာပေါ့"

"တော်စမ်းပါဟာ၊ ငါကိုက ကံနိမ့်နေလို့ နေမှာ၊ တောက် … သင်းတစ်ယောက်နဲ့တော့ ငါ တကယ်ပဲ စိတ်ဆင်းရဲတယ်။ ငါ့နောက်ကနေ အဲလို တကပ်ကပ် 'ကပ်ပါနေတာမျိုးကို မကြိုက်ပါဘူး …



www.burmeseclassic.com

www.burmeseclassic.com



လေးဖေကို ပြောရင် ပိုဆိုးမှာစိုးလို့၊ ငါ့မှာလည်း သူ့နိုးသေလို့ မငိုဝံ့ ဖြစ်နေတယ်၊ တကယ်ပဲ"

"အေး .... နင့်လေးဖေသာ သိလို့ကတော့ ပွဲကြမ်းလိမ့်မယ် နင့် ဦးလေးကလည်း တူမထိ မားကြည့်ဆိုတဲ့ အစားထဲက ဟင်း ... သိတော့ပါဘူး ...

အဲ ... ဒါပေမဲ့ ငါ သတိထားမိတာ တစ်ခုပြော ရရင် သူ့ကြည့်ရတာ နင့်ကို တကယ်ကြွေနေတဲ့ပုံပဲ သိလား"

အဲဒီအပြောကြောင့် မာန်သည် မျက်လုံးပြူး ပ ဖောင်းသွားကာ ညိုမိရဲ့နဖူးကို ဖုန်းခနဲ ပိတ်ရိုက်လိုက်သည်။

"အားလားလား ... သေပါပြီ။ လက်ပြတ်ကြီးနဲ့ရိုက်တာ အကြမ်းပတမ်းမကြီး၊ ငါက ဟုတ်လို့ ဟုတ်တယ် ပြော တာကို"

"ဘာမှ ဟုတ်မနေနဲ့၊ ဒီလို လူမျိုးက ဘာတကယ်ကြွေ တယ်ဆိုတာ ဖြစ်နိုင်မှာလဲ၊ အဓိပ္ပာယ်မရှိတာ"

"ဩော် ... တကယ်ကြွေတယ် ဆိုရင်တော့ နင်က ပြန် ကြိုက်မယ်ပေါ့"

"ညိုမိမနော် ... ငါ ထပ်လုပ်မိတော့မယ်"

"ဟုတ်တယ်လေ။ သူ ရည်းစားတွေ များတယ်ဆိုတာ အရင်တုန်းကဟဲ့။ ခုတော့ နင့်တစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲ လိုက်နေတာ ...





သူ့လို လူတစ်ယောက်အတွက် မိန်းကလေး မရှား ပါဘူး။ မိန်းကလေးတွေကကို သူ့ကို ဖုန်းစ,ဆက်ပြီး အိ နေကြတာပဲ။ လွယ်တာလေးတွေ ကြိုက်ချင်ရင် သူ့အနား မှာပုံလို့။ နင့်ကို တကယ် Heart ထိလို့သာ ဒီလောက် အပြောအဆိုခံပြီး လိုက်နေတာပေါ့"

"ကဲ ... မိညိုမိ၊ ညည်း ဆက်ပြောဦးမှာလား"

မာန်က မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်လျှင် တကယ်စိတ်ဆိုးနေပြီဆိုတာ သိသော ညိုမိက လျှာတစ်လစ်ဖြင့် ဇက်ပုသွားသည်။ မာန်သည် ဒီနေ့ စာမေးမှာမို့ စာအုပ်ကိုထုတ် ကာ ပြန်ပိတ်နေရင်းမှပဲ ခုနက အနှောင့်အယှက်ကို တဖြည်းဖြည်း မေ့လျော့သွားတော့သည်။

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



သူက ဝပ်ရှော့ရှိရာ ခြံဝင်းထဲသို့ ကားကိုချိုးကွေ့ဝင်လိုက်စဉ်မှာပဲ ဒီနေ့ရှာဟာ သူမ ရှိနေပါလားဟူသော အသိဖြင့် နှလုံးသားတစ်ခုလုံး နွေးထွေးသွားရသည်။ အဲဒီအဖြစ်အပျက်ကို လူတိုင်း ဖြစ်ဖူးကြပါလိမ့်မည်။ ကိုယ်ချစ်ခဲ့သူနဲ့ ပတ်သက်သော သက်ရှိသက်မဲ့လေးကအစ ကိုယ့်စိတ်ကို ခံစားမှုတစ်ခုခု ဖြစ်စေသည်။ ချစ်သူကို အရမ်းလွမ်းတဲ့အခါမှာ သူ့အိမ်ရှေ့သွားလိုက်လျှင် အလွမ်းတွေက အတော်အသင့် သက်သာသွားသလို ဒါဟာ ချစ်သူရဲ့ ကွန်းခိုရာလေးပါလားဟူသော အသိကလည်း နှလုံးသားကို တစ်မျိုးတစ်မည် ဆွတ်ပျံ့စေသည်။ နောက်ဆုံး သူတို့အိမ်က ထမင်းချက် အဒေါ်ကြီးကို တွေ့ရလျှင်တောင် နှလုံးသားက ပူနွေးသွားတတ်သေးသည်။

"ဟော့ကောင် ... ဖြစ်ပါ့မလား"

ဒီနေ့ကျမှပဲ သူက အုပ်စုထဲတွင် သတ္တိအရှိဆုံး ဘိုဘို့ကို ခေါ်လာမိရက်သား ဖြစ်နေသည်။ ကျန်တဲ့နှစ်ကောင်က သူတို့ကောင်မလေးတွေနှင့် Date လုပ်ပြီးသား ဖြစ်နေသောကြောင့်





ဘယ်လိုမှ ခေါ်၍မရ။ ဒီတော့ ကြောက်ကြောက်နှင့် လိုက်ပေးရသော ဘိုဘို့ကိုသာ ကျေးဇူးတင်ရမလို ဖြစ်နေသည်။

"ဖြစ်ပါတယ်ကွာ မင်းကလည်း။ ဝပ်ရှော့ကို ကားလာပြင်တာပဲ၊ ဘယ်သူပြင်ပြင်ပေါ့။ မသိတဲ့ အလှူအိမ် ထမင်းဝင်စားတာမှ မဟုတ်တာ"

သူက ကားစက်ကိုသတ်ကာ ကားပေါ်မှဆင်းရင်း ပြောလိုက်သည်။ ကားပေါ်မှဆင်းလာသော သူတို့နှစ်ယောက်ထံသို့ ဝပ်ရှော့မှ အလုပ်သမား ဖြစ်ဟန်တူသော ကောင်လေးတစ်ယောက်က လျှောက်လာသည်။ သူကတော့ ခြံထဲသို့ မသိမသာ အကဲခတ်ကာ သူမများ ဘယ်နေရာက ထွက်ပေါ်လာမလဲဆိုတာ ရင်တခုန်ခုန်ဖြင့် စောင့်မျှော်နေမိသည်။ သူမရဲ့ အိမ်နေရင်းစတိုင်လ်လေးက ဘယ်လိုများပါလိမ့်။

"အစ်ကိုတို့ ကားပြချင်လို့လား မသိဘူး"

"အေးကွ ... လုပ်ပါဦး။ ညီလေးတို့ ဆရာက ဘယ်မှာလဲ"

သူက ဦးလေးဆိုးဆိုးဟု နာမည်ကြီးသော ဘိုးတော်ကို တွေ့ချင်ဇောဖြင့် မေးလိုက်သည်။

"အစ်ကိုကြီးက ကားတစ်စီး ကြည့်နေလို့ ခဏနေရင် လာပါလိမ့်မယ်။ ဘာဖြစ်တာလဲ ကျွန်တော့်ကို ပြောလေ"

"ဪ ... ကားကကွာ မောင်းရင်းနဲ့ ခဏ ခဏ ထိုးရပ်သွားတယ်။ မောင်းရတာ သိပ်မကောင်းဘူး၊ အဲဒါကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရတယ်လေ အစ်ကို။ ကျွန်တော် ကြည့်ပေးမယ်၊ ခဏလောက် စက်ဖုံးဖွင့်ပေး"

သူက ကောင်လေးကို စက်ဖုံးဖွင့်ပေးလိုက်ပြီးနောက် သူကိုယ်တိုင်ကတော့ အိမ်ထဲသို့ ဟိုဟိုဒီဒီ ငေးဝဲအကဲခတ်ကာ သူမရဲ့အရိပ်လေးတွေကို ရှာဖွေနေမိသည်။ ခြံထောင့်မှာက ဘိုးဘွားလက်ထက်က ဆောက်ထားခဲ့သော အုတ်ခံပျဉ်ထောင်အိမ်လေးတစ်လုံးက သပ်သပ်ရပ်ရပ် ရှိနေသည်။ ဒီအိမ်လေးထဲမှာများ သူမ ရှိနေမလား။ ရှိနေဖို့က များပါသည်။ သူသည် သူမရှိနေသော အင်ပါယာထဲမှာ ခြေချမိခဲ့ပြီဟုသော အသိက သူ့နှလုံးသားကို ပူနွေးတုန်ယင်စေသည်။

အပေါ်ထပ်က အခန်းလေးတွေမှာ ခန်းဆီးစလေးတွေက လှုပ်ခါဝဲပျံနေလေရာ၊ ဘယ်အခန်းကများ သူမအခန်းဖြစ်မလဲဟု သူက တွေးတောနေမိသည်။

"ညီလေးတို့ ပိုင်ရှင်က ဘယ်မှာလဲ"

သူ့ကိုယ်စား ဘိုဘိုက ဝင်ရောက်စပ်စုပေးသည်။ ကောင်လေးက စက်ကိရိယာတွေကို ကြည့်ရှုစစ်ဆေးနေရာမှ သူတို့ကို တစ်ချက်မော့ကြည့်ကာ ...

"ဟော့ဟိုက အကျီအစိမ်းရောင်နဲ့ အစ်ကို"

သူက တစ်ချက် လှမ်းရှိုးလိုက်သည်။ ကားစက်ခေါင်းထဲသို့ကြည့်ကာ မေးစေ့ကိုပွတ်ရင်း တစ်ခုခု ပြောနေသောသူဟာ ချစ်စွာသော ချစ်သူလေးရဲ့ ဦးလေးတဲ့။ သူက ပခုံးတစ်ချက်





တွန့်မိတော့မလို ဖြစ်သွားသည်။ ဆံပင်က ဘရက်ပစ်တို့လို တိုတိုရှင်းရှင်းနှင့် စတိုင်လ်ကျသော ပုံစံမျိုး ညှပ်ထားကာ လူပုံစံကလည်း အရပ်မြင့်မြင့်နှင့် ကြံ့ကြံ့ခိုင်ခိုင် ပုံစံမျိုး ဖြစ်သည်။ အစိမ်းရောင်တီရှပ်မှာ အဖြူရောင်စာတန်းများပါသော စတေးကာနှင့် အောက်က ဂျင်း(န်)ဘောင်းဘီ ခပ်မွဲမွဲကို ဝတ်ဆင်ထားသော ပုံစံမှာ အန်းတိတ်ဘိုးတော် မဟုတ်မှန်း သိသာစေသည်။ အသက်က သုံးဆယ့်ငါးနှင့် လေးဆယ်ကြားမှာပဲ ရှိသည့်ပုံစံဖြစ်ကာ ခပ်တည်တည် ဒီဇိုင်းပဲဖြစ်သည်။ အင်း ... တူမကို ထိလို့ကတော့ သည်းခံမှာမဟုတ်။ ပုံစံကတော့ လက်ယဉ်မည့်ပုံစံဖြစ်ကာ သတိထားဆက်ဆံ တည့်အောင်ပေါင်းရမှာမို့ သူက စိတ်ထဲကနေ၍ ကျိတ်၍ ပခုံးတွန့်လိုက်မိသည်။

"အစ်ကို့ကားက Filter ကြောင်နေတာ။ ကြေးပိတ်နေတာပေါ့၊ ဖြုတ်ဆေးမှ ရမယ်။ လဲချင်လည်း လဲပေါ့။ ဖြုတ်ဆေးမယ်ဆိုရင်လည်း ရတော့ ရတယ်။ ဒါပေမဲ့ ပြန်ပြန်ပိတ်နေမှာ ကြောက်ရတယ်"

"ရတယ် ပိတ်ပါစေ၊ ကောင်းတာပေါ့"

"ဗျာ"

"ဩော် ... ဟိုဟာလေ။ ရပါတယ် ခုတော့ ဖြုတ်ပဲ ဆေးလိုက်ပါ။ လဲဖို့ပစ္စည်းက ပါမလာဘူးလေ။ နောက်တစ်ပတ်ကျမှပဲ လာလဲလိုက်တော့မယ် ...

အခုဟာက ဖြုတ်ပဲ ဆေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ အဲဒါဆို ကျွန်တော် လုပ်ပေးမယ်လေ။ ခဏ တော့ စောင့်ပေး"

"ရတယ်၊ ညနေမှပြီးလည်း ကိစ္စမရှိဘူး"

"ဗျာ ... ဟို ... ညနေထိတော့ မကြာပါဘူး"

"အေးပါ ကြာလည်း ရတယ်၊ အေးအေးလုပ်၊ ပြဿနာ မရှိပါဘူး"

"ဟုတ်ကဲ့ ... ဖြတ်ဆေးတာက ခဏလေးပါ။ အစ်ကိုတို့ ဟိုမှာ ခဏလောက် ထိုင်စောင့်ပါ"

သူတို့နှစ်ယောက်ကို ကောင်လေးက ဗာဒံပင်အောက် ရှိ ခုံတန်းလျားတစ်ခုကို ညွှန်ပြသည်။ ဘိုဘိုနဲ့ သူက တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ ခုံတန်းလျားသို့ လျှောက်လာခဲ့ကြ သည်။ "အားမာန်ဝပ်ရှော့"ဟု အမည်တွင်သော ဒီဝပ်ရှော့မှာ အပ်ထားသော ကားအစီးရေမှာ ခြောက်စီး ခုနစ်စီးလောက်တော့ ရှိသည်။ သူ့ဟာသူတော့ လည်ပတ်လုပ်ရှားနေသည်ဟု ပြောရ ရသည်။ ခဏနေတော့ သူမရဲ့ဦးလေးတော်က သူ့ကားကိုသတိ ထားမိသွားဟန်ဖြင့် လာကြည့်သည်။ သူ့ကားကလည်း လှ ဆန်းပြားသော ပြိုင်ကားမို့ ဂရုတစိုက်ကြည့်ကာ ကောင်လေးကို တစ်ခုခု မေးလိုက်ဟန်တူသည်။ ကောင်လေးက ဖြေလိုက်သော ကြောင့် သူတို့ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ အသိအမှတ် ပြုသလိုဖြင့် ခေါင်းတစ်ချက်ဆတ်ကာ တခြားကားတွေကို ဆက် ကြည့်နေသည်။





သူကတော့ အိမ်ထဲသို့သာ လည်တဆန့်ဆန့်ဖြင့် မျှော်မျှော် ရှိနေရသည်။ သူမကိုတော့ အရိပ်လေးမျှပင် မမြင်ရ သေးချေ။ ခြံထောင့်မှာ ရပ်ထားသော Light truck အဖြူရောင်ကို တွေ့ရခြင်းကြောင့် သူမတော့ အိမ်ထဲမှာပဲ ရှိနေတယ်ဆိုတာတော့ ဆဋ္ဌမအာရုံဖြင့် အလိုလို သိနေသည်။ အဲဒီအချိန်မှာပဲ ခဏအတွင်း လမင်းက ကမ္ဘာမြေကို သက်ဆင်းလာခဲ့တာဖြစ်သည်။ သူမနဲ့ ညိုလုံးလေးတို့သည် အိမ်ထဲမှ ထွက်လာကြကာ ညိုလုံးက လက် ထဲမှာ စာအုပ်တွေကို ပိုက်ထားပုံထောက် သူမဆီကို စာလာကျက် တာပဲ ဖြစ်ရမည်။ သူမက ညိုလုံးကို လိုက်ပို့ဖို့ရာအတွက် ညိုလုံး နဲ့အတူ လျှောက်လာသည်။

ရုတ်တရက်မို့ သူမတို့နှစ်ယောက်စလုံး သူ့ကိုမမြင် သေးပါ။ သူသည် သူမရဲ့ပုံစံကို သတိလက်လွတ် ငေးမောနေမိ သည်မှာ အသက်တောင်မရှူမိဘူးဟု ထင်သည်။ သူမသည်ကျော လယ်လောက်ရှိ ဆံနွယ်များကို ကိုရီးယားမင်းသမီးတွေလို ထိပ် ဘက်နားမှာ ကပိုကရို ထုံးဖွဲ့ထားပြီး တီရှပ်အဖြူရောင်လေးကို ချည်သားဘောင်းဘီတိုလေးဖြင့် လွတ်လပ်ပေါ့ပါးစွာ ဝတ်ဆင်ထား သည်။ ဘာမှကို ထူးထူးခြားခြား ပြင်ဆင်မထားပါ။ ဘယ်တုန်း ကမှလဲ မပြင်ဆင်ခဲ့။ ဒါပေမဲ့ သူ့မျက်လုံးထဲမှာ သူမက နတ် သမီးတစ်ပါးထက်တောင် သာလွန်နေသည်။ ကွင်းထိုးဖိနပ်ထူထူ ကိုစီးကာ လွတ်လပ်ပေါ့ပါးသော ပုံဖြင့် လမ်းလျှောက်လာပုံ မှာ ကမ်းခြေရောက်နေသလို ဒီဇိုင်းမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အား ... မင်းနဲ့များ ကမ်းခြေတစ်ခုခုမှာ တစ်ပတ်လောက် သွားအနားယူလိုက်ရရင် ကိုယ်ရှူးများသွားမလား မသိဘူး မေမာန်မိုးရယ်။

သူက သူမကို ရှူးသွပ်စွာ ငေးမောနေမိတုန်းမှာပဲ သူမနဲ့ ညိုလုံးက သူ့ကို လှမ်းမြင်သွားသည်။ သူ့ကိုလှမ်းကြည့်လိုက်သော သူမရဲ့မျက်ဝန်းများနှင့် တစ်စက္ကန့်လောက် ဆုံသွားရတာကို သူ့မှာ သွေးပျက်ချင်သလို ဖြစ်သွားရသည်။ သူမက တော့ သံမျက်နှာဖုံးကို ချက်ချင်းပဲ ကောက်တပ်လိုက်သလို တင်းမာခက်ထန်သွားသည်။

ကိစ္စမရှိပါ။ သူ့ စချစ်ခဲ့တာကိုက အဲဒီလို အေးစက်နေဖယ်သော မျက်နှာလေးကိုပဲ ဖြစ်ပါသည်။ သူမက တင်းသွားသော မျက်နှာထားဖြင့် ညိုလုံးကို ခြံဝထိလိုက်ပို့သည်။ သူ့ရှေ့ကဖြတ်အလျှောက်၌ သူ့ရင်ခုန်သံတွေ နည်းနည်းမြန်နေပါသည်။ အဲဒီအချိန်မှာပဲ သူမ ဦးလေးထံမှ အသံထွက်လာသည်။

"ဟေး ... ညိုမီ၊ ပြန်လာပြီလား"

"ဟုတ် ... ပြန်ပြီ လေးမာန်၊ တာ့တာ"

"အေးပါ ... အေးပါ။ ထမင်းစားမသွားတော့ဘူးလား"

"စားတော့ဘူး လေးမာန်။ ဝင်စရာရှိသေးလို့။ နောက်မှ"

"အေး ... အေး"

ဪ ... ညိုလုံးလေး နာမည်က ညိုမီတဲ့ကိုး။ သူ ပေးထားတဲ့ နာမည်နှင့် တစ်လုံးပဲ ကွဲသွားပါသည်။ သူမက





ညိုလုံးကို တံခါးဝအထိ လိုက်ပို့ပေးပြီးသောအခါ သူမရဲ့ဦးလေးရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။ ဘိုဘိုက အဲဒီခြံကွင်းကိုကြည့်လျက် သူ့ကို အသာလက်ကုတ်ရင်း ပြောသည်။

"ဟော့ကောင် ... ပြေး ... ပြေးရအောင်"

"ဟာ ... ဘာဆိုင်လို့ ပြေးရမှာလဲ။ မင်းကလည်း ကြောက်လိုက်တာ"

"ကြောက်တာ မဟုတ်ဘူး။ ဟိုမှာ သူ့ဦးလေးဆီ သွားနေပြီ။ မမြင်ဘူးလား ဘဲကြီးက ငါတို့ကို တွယ်လွှတ်လိမ့်မယ်"

"ဘာဆိုင်လို့ တွယ်ရမှာလဲကွ၊ မင်းကလည်း အဓိပ္ပာယ်မရှိ"

"ဟော့ကောင် ... မင်းသာ မွန်နေပြီး မမြင်တာ။ ဟိုခြံထောင့်က သရက်ပင်မှာ သဲအိတ်ကြီး ချထားတာ မမြင်ဘူးလား။ အဲဒါ ဘဲကြီး လက်ဝှေ့ထိုးကျင့်တဲ့ အိတ်ကြီးဖြစ်မှာပေါ့ ...

မင်းနော် ... ငါတော့ မြင်ယောင်တယ်၊ မေးရိုးတွေ ထောင် ယားလာသလိုပဲ"

ဘိုဘိုက မေးကိုပွတ်ပြီး ပြောသည်။ သူက ဒီကောင်ပြောသော ခြံထောင့်ကို လှမ်းကြည့်လိုက်လျှင် သရက်ပင်မှာ ချိတ်ဆွဲထားသော လက်ဝှေ့အထိုးလေ့ကျင့်သည့် သဲအိတ်ကြီးကို မြင်တွေ့လိုက်ရသည်။ ဒါကြောင့် ဘိုးတော်ကို ကြည့်ရတာ ကြွကြွရွရွနိုင်နိုင်နဲ့ အားကစားလိုက်စားတဲ့ပုံစံ ပေါက်နေတာကိုး။ သူက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးမိသော်လည်း စိတ်ထဲကတော့ မကြောက်မိခဲ့ပါ။ အခြေအနေက ဒီလောက် ဆိုးရွားမည်ဟုမထင်ပါ။

သူမက ဦးလေးအနားသို့ ကပ်လိုက်ပြီး တစ်ခုခု ပြောလိုဟန်တူသည်။ ဦးလေးက ခေါင်းညိတ်ပြသည်။ ပါးစပ်က လည်း အေး အေး ဟု ပြောဟန်တူပါသည်။ ကြည့်ရတာ ထမင်းစားဖို့ ခေါ်နေတာလား မပြောတတ်ပါ။ ဟိုလူကြီးက ချက်ချင်း မလိုက်သဖြင့် သူမက လက်မောင်းကိုဆွဲကာ ခေါ်သည်။ ဒီတော့မှပင် လူကြီးက ရယ်ကာ မောကာနှင့် သူမ ဆွဲခေါ်ရာနောက် သို့ အူသာတကြည် ပါသွားသည်။ ကြည့်စမ်း ... အဲဒီလူကြီးနေရာမှာ သူဆိုလျှင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ သူမက သူ့လက်မောင်းကို ဖက်တွယ်မှီခိုတဲ့ အဆင့်ကို ဘယ်တော့များရောက်လာမှာပါလိမ့်။ သူကတော့ မျှော်လင့်ပါသည်။ အချစ်နဲ့ အမုန်းသည် ကျောချင်းကပ် အနေအထားမှာပဲ အမြဲနေကြတာ ဖြစ်သည်။

သူသည် ထိုင်ရာမှထကာ သူ့ကားနားသို့ လျှောက်သွားလိုက်သည်။ ကောင်လေးက သူလာတာကို မြင်သောအခါ တစ်ချက် မော့ကြည့်ပြီး ...

"ပြီးတော့မယ် အစ်ကို"

"ရတယ် အေးအေးလုပ်ပါ။ ဒီကားပြင်ခက ဘယ်လောက်ကျလဲ"





"ဗျာ ... အဲဒါ လေးမာန်ကို ပေးရမှာ ခင်ဗျ"

"အိုကေ ... ကိုယ် ပေးလိုက်မယ်၊ ရော ... ဒါကတော့ ညီလေးအတွက် ကိုယ့်ရဲ့ဘောက်ဆူး"

သူက တစ်ထောင်တန်နှစ်ရွက်ကို ထုတ်ပေးလိုက်လျှင် ကောင်လေးက အဲခနဲဖြစ်သွားသည်။ ချက်ချင်းတော့ မယူ။ စိတ်ဝင်စားပုံတော့ ရပါသည်။ သူက ပြုံးကာ ထပ်တွန်းပေးလိုက်သည်။

"ယူပါကွ! ကိုယ်က မင်းကို ခင်လို့ မင်လို့ ပေးတာပါ။ ပြီးတော့ မင်းကို မေးစရာလေးရှိလို့"

ဒီတော့မှ ဝပ်ရှော့ဆရာလေးသည် တန်ရာတန်ကြေးအတွက် ရတယ်ဆိုတာကို သဘောပေါက်သွားကာ ကျေးဇူးပဲ အစ်ကိုဟု ဆိုလျက် သူ့လက်ထဲက ထောင်တန်နှစ်ရွက်ကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်သည်။

"ဒီဝပ်ရှော့မှာ ဖုန်းရှိလား"

"ရှိတယ် အစ်ကို"

"ဟုတ်လား၊ တစ်ဆိတ်လောက် ကိုယ့်ကို ပြောပြနိုင်မလား"

"ဟို ... အစ်ကိုက ဘယ်သူ့ဆီ ဆက်မလို့လဲ မသိဘူး"

"သြော် ... နောက်တော့ မင်းကို ပြောပြမှာပေါ့"

ကောင်လေးက သူ့မျက်နှာပေးနှင့် အပြောကိုကြည့်ကာ ချက်ဆို နားခွက်က မီးတောက်သွားသည်။ ခေါင်းကုတ်ကာ တရှုံ့ရှုံ့ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အစ်ကိုက မလေးဆီ ဆက်မလို့လား၊ အဲ ... အဲဒါ ဆိုရင် ပြဿနာတက်မယ်နဲ့ တူတယ်ဗျ"

"မတက်စေရပါဘူးကွာ၊ မင်း ဘာမှမဖြစ်စေရဘူး၊ စိတ်ချ နေ။ ဒီမှာ မင်းမပေးလည်း ဒီဖုန်းနံပါတ်လောက်ကတော့ ငါ့ဘာသာ စုံစမ်းလို့ရပါတယ်ကွ ...

ဒါနဲ့ မေးပါဦးမယ်။ ဒီအိမ်မှာက သူတို့တွေဝရီးနှင့် ယောက်တည်းရှိတာလား"

"ဟုတ်တယ် အစ်ကို။ မလေးရဲ့မိဘတွေက ငယ်ငယ်လေး တည်းက ဆုံးသွားကြတာ။ လေးမာန်ကပဲ မလေးကို စောင့်ရှောက်လာတာပေါ့"

"ဩော် ... ဩော် ... ဒါဆိုရင် သူ့တူမကို သူ တော်တော် ချစ်မှာပေါ့နော်"

"ဟာ ... ချစ်တာတော့ ဘာချစ်သလဲ မမေးနဲ့။ သူ့တူမ အနားကို ဘယ်သူမှ အကပ်မခံဘူး"

"ဩော် ... ဩော် ... ကပ်ရင် ဘာလုပ်တာလဲဟင်"

"ဘာလုပ်တာလဲ သိချင်ရင် ကပ်ကြည့်လိုက်ပေါ့"

အဲဒီစကားကို ကောင်လေးက ပြောတာမဟုတ်ပါ။ အဲဒီလေသံသည် သူ့ရဲ့ကျောဘက်မှ ထွက်ပေါ်လာသော လေသံ ဖြစ်တာကြောင့် သူက ဆတ်ခနဲ ဖြစ်သွားကာ သူ့နောက်သို့ လှည့်ကြည့်လိုက်လျှင် သူ့ကို ခပ်တည်တည်နှင့် အေးစက်စက် ကြည့်နေသော လေးမာန် ဆိုသည့် ဘိုးတော်ကို တွေ့လိုက်ရသည်။ သူက ဟဲခနဲရယ်ကာ ရှူးချင်ယောင် ဆောင်လိုက်ရသည်။





"ဩော် ... ဦး ... အဲ ... လေးလေး"

"ဘာလေးလေးလဲ၊ မင်းက ငါ့တူမကို အမြဲတမ်းနှောင့် ယှက်နေတဲ့ကောင်ဆို။ အခုရော ဘာကိစ္စနဲ့ ဒီခြံထဲအထိ ရောက်လာရတာလဲ"

"ဟိုဟာလေ ... ကားလာပြင်တာပါ"

"မင်း ဘာမှ လျှောက်ပြီး ထွင်လုံးတွေလုပ်မနေနဲ့။ ရန်ကုန် မြို့ထဲမှာ ဝပ်ရှော့တွေ မှုလိုပွထနေတာ။ ဒီဝပ်ရှော့ကိုမှ မင်း ရောက်လာတာကိုက မင်း မရိုးသားတာ"

"ဟာ ... မဟုတ်ပါဘူး၊ မြို့ထဲက ဝပ်ရှော့တွေက ဒီဝပ် ရှော့လောက် မကောင်းလို့ပါ"

"ဟောကောင် ... ဘာမှလာပြီး လျှောက်ဖောမနေနဲ့၊ မကောင်းရအောင် မင်းကားက ဘာဖြစ်နေလို့လဲ။ စည်သူ ... သူ့ကားက ဘာဖြစ်တာလဲ"

"ဒီဇယ် Filter ကြောင်တာ လေးမာန်။ ကြေးပိတ်တာပါ"

ဘိုးတော်က သူ့ကို ရှုတည်တည် ပြန်လှည့်ကြည့် ကာ ...

"ဒီလောက်နဲ့တော့ မြို့ထဲက ဘယ်နေရာမှာပဲဖြစ်ဖြစ် ကြုံ တဲ့ဘက်မှာ ဝင်လုပ်လို့ရတယ်။ ဒီသမိုင်းဘက်ထိ ရောက် လာစရာအကြောင်းကို မရှိဘူး။ ဒါ မင်း သက်သက်ခွင် ဆင်ပြီး ရောက်လာတာ"

"မဟုတ်ပါဘူး။ ကျွန်တော်က လေးလေးရဲ့ပညာကိုလေး စားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဘာလေးစားတာလဲ။ မင်း ဘာအကြံအစည်
နဲ့ ရောက်လာတယ်ဆိုတာ ငါတူမပြောလို့ ငါ သိပြီးသား
မင်း တော်တော် အတင့်ရဲပါလားကွ ... ဟင် ...

လမ်းမှာလည်း လမ်းမှာမို့လို့၊ ကျောင်းမှာလည်း
ကျောင်းမှာမို့လို့ အမျိုးမျိုး မရိုးနိုင်အောင် နှောင့်ယှက်
တာ။ အေး ... တစ်ခါတည်း ပြောလိုက်မယ် နောက်နော
ငါ့တူမကို ထပ်ပြီးမနှောင့်ယှက်နဲ့။ နှောင့်ယှက်လို့ကတော့
ငါ့အဆိုး မဆိုနဲ့ကွ၊ ကြားလား"

"ဟုတ်ကဲ့ ... ကြံ့တုန်း ကျွန်တော်ကလည်း တစ်ခါတည်း
ပြောလိုက်ပါ့မယ်။ ကျွန်တော့်ရှလည်း ဦးတူမကို တကယ်
အလေးအနက် ရည်ရွယ်ထားတာပါ ခင်ဗျ"

"ဘာကွ ... ဟော့ကောင်၊ မင်း ..."

ဘိုးတော်က ပြောပြောဆိုဆို သူ့ရဲ့ကော်လာ
ဆောင့်ဆွဲလိုက်လျှင် အခြေအနေက ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်
သူကတော့ သိပ်မကြောက်ပါ။ ဒီလူကြီး သူ့ကို တကယ်မ
သေးဘူးဆိုတာ သူ သိပါသည်။ ဒါကြောင့် ဘိုးတော်ကို ခပ်
အေးပဲ ပြန်စိုက်ကြည့်နေလိုက်လျှင် သူ့ကို ဖြံခြောက်နေ
ဘိုးတော်က စိတ်လျှော့လိုက်ဟန်ဖြင့် အကျႌစလို လွှတ်ပေးလို
သည်။

"တောက် ... မင်းတို့ ထွက်သွားကြတော့။ နောက်တစ်
မင်းတို့မျက်နှာတွေကို မမြင်ချင်ဘူး"



ဘိုးတော်က ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်
သွားလျှင် ဘိုဘိုက ပြုံးပြုံးဖျားဖျားဖြင့် သူ့အနားသို့ ချက်ချင်း
ရောက်လာသည်။ ဘိုဘို့မျက်နှာမှာ သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော်
ဖြစ်နေတာကို သူက ရယ်ချင်သွားသည်။

"ဟော့ ... ဟော့ကောင်၊ လစ်ကြစို့ကွာ။ အခြေအနေမကောင်း
ပါဘူးလို့၊ မင်းကို ငါပြောသားပဲ"

"ဘာမှ မဖြစ်ပါဘူးကွာ အေးအေးပေါ့။ ညီလေး ဗြီးဗြီ
လား။ အဲဒီဦးလေးက အဲလိုပဲ ဒေါသကြီးတတ်လား"

"ဟာ ... ကြီးတာမှ ရက်ရက်စက်စက်ပဲ။ အစ်ကို့ဟာ
အစ်ကို အပြင်မှာ လှုပ်ရှားရင် လှုပ်ရှားပါဗျာ။ သူနဲ့မတ်
သက်တဲ့နေရာတော့ ရောက်မလာပါနဲ့ ..."

သူက မလေးကို ထိရင် ဘယ်သူ့မျက်နှာမှ ထောက်
တာမဟုတ်ဘူး ...

ကဲ ... အစ်ကို့ကား ပြီးသွားပြီ၊ ကောင်းသွားပြီ။
အစ်ကို့ကားက ကြေးလည်း အဲ့လောက်ပိတ်တာ မဟုတ်ပါ
ဘူး။ လေးမာန် ပြောသလို သက်သက် ခွင်ဆင်တာမဟုတ်
လား ... ဟဲ ဟဲ"

ကောင်လေးက ကားစက်ဖုံးကို ပိတ်ပေးရင်း သူ့ကို
ခပ်ဖြဲဖြဲ ပြောသည်။ သူက ဟုတ်နေတာမို့ ဘာမှမပြောတော့ဘဲ
ခုံးတစ်ချက်သာ တွန့်ပြလျက် ကားပေါ်တက် မောင်းထွက်လာ
သည်။ သူ့သူငယ်ချင်း ဘိုတို့မှာ အဲဒီခြံဝင်းထဲကနေ၍ အပြင်
ဘက်ကို ရောက်တော့မှပဲ သူ့ကို စကားဟဟ ပြောနိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ ... ဘဲကြီးက မင်းရဲ့အကျီကော်လာစကိုလည်း ဆွဲဆောင့်လိုက်ရော ငါကတော့ မင်းကို ကိုင်ပြီလို့ကို ထင်တာ ...

ဘဲကြီးကလည်း ကြမ်းတမ်းလိုက်တာ။ ဟော့ကောင် မင်း အခြေအနေက ဆေးမီသေးတယ် ဆိုရင်လည်း စော စောစီးစီး ဘက်ခ်ဂီယာထိုးလိုက်တော့"

"ဘာဆိုင်လို့ ထိုးရမှာလဲ၊ ဒီလောက်လေးတော့ ကြောက် မယ်များ ထင်နေလား။ အဲဒီလို ဖြုံခြောက်တိုင်းသာ နောက် ဆုတ်ရရင် ငါ့ကို ကြောက်လို့ ထင်သွားမှာပေါ့ ...

ခြောက်တိုင်း ကြောက်တဲ့ကောင် ဆိုပြီးတော့ ပြောစ မှတ် တွင်သွားမှာ။ ရှေးရှေးကလည်း ဘဲကြီးက ဒီလိုပဲ ဖြုံခြောက်ခဲ့ပုံ ရပါတယ်၊ အဲဒီကောင်တွေထဲမှာ ငါပါသွား လို့ မဖြစ်ဘူး ...

ပြီးတော့ ငါက မေမာန်မိုးကို တကယ်ချစ်တာ။ ဒါကြောင့် လွယ်လွယ်နဲ့တော့ လက်မလျှော့ဘူး။ အချိန် တွေ ရှိပါသေးတယ်ကွာ။ မေမာန်မိုးရဲ့နှလုံးသားက သံမဏိ နဲ့လုပ်ထားတာမှ မဟုတ်တာ"

"မေမာန်မိုးရဲ့နှလုံးသားက သံမဏိနဲ့လုပ်ထားတာ မဟုတ် ပေမယ့် သူ့ဦးလေး လက်သီးကတော့ သံလက်သီးနဲ့တူ တယ် ...





မင်းကွာ ... ထိုးမိလို့ကတော့ အောက်မေးရိုးအပြုတ် ပဲ။ တော်ပြီဟော့ ... နောက်နောင်တော့ အဲဒီခြံများ ဘယ် တော့မှ မလိုက်ဘူး"

"အေးပါကွာ ... ငါလည်း သိပါတယ်။ ကြာကြာဝါးမယ့် သွား အရိုးကြည့်ရှောင်ရမှာပေါ့။ ဒါပေမဲ့ ဒီနေ့ကတော့ တန်ပါတယ် ...

အသည်းလေးရဲ့ အိမ်နေရင်း ဒီဇိုင်းက ရေလည် လန်းတယ်ကွာ။ ပိုတောင် ကြွေသွားပြီ"

သူ့ရဲ့ ရေရေလည်လည် ဖီးလ်တက်နေသော အပြော ကို ဘိုဘိုက နှုတ်ခမ်းတစ်ချက်မဲ့ကာ လှောင်ပြောင်သည်။ သူက တော့ ချစ်စဖွယ်ကောင်းသော သူမရဲ့ပုံစံကို မျက်စိထဲက မထွက် ပါ။ ပြီးတော့ သူမဦးလေးကို တိုင်ပြောသော လုပ်ရပ်လေးကို သည်း သဘောတကျနှင့် ရယ်ချင်သေးသည်။ သူမ ဘာပဲလုပ်လုပ် နောက်မဆုတ်ဖို့ဟူသော သန္နိဋ္ဌာန်သည် သူ့ရင်ထဲမှာ စွဲမြဲစွာခိုဝင် ခဲ့ပြီဖြစ်သည်။

အား ... အရမ်းချစ်သွားခဲ့တာပါ ရေခဲပန်းကလေး ရယ်။

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၆ ၀ ၉

"ယော ... မောနင်း၊ ဒီနေ့ ရာသီဥတု သာယာတယ်နော်"ဟူသော စကားသံဖြင့် မာန့်ရဲ့ဘေးနားသို့ ရောက်လာသူက ဘယ်သူလဲလို့ မေးစရာ မလိုပါ။ အဲဒီတစ်ယောက်သည် မာန်ဘို့လမ်းထိပ်တွင် မနက်တိုင်း လာစောင့်ကာ မာန့်ကားနောက်ကနေ၍ ပါလာတတ်ပြီးတော့ ကားပါကင်ကနေ၍ အတန်းသို့သွားရာလမ်းမှာ ဘေးကနေ အမြဲကပ်ပါလာတတ်ပြီး စကားတွေပြောမည်။ ပြီးလျှင် ပြန်သွားမည်။ ဒီလိုလုပ်လာပုံမှာ နှစ်လကျော်တောင် ရှိလာခဲ့ပြီဖြစ်ရာ မာန်ကလည်း သင်းဆိုလျှင် ဖုတ်လေသည့်ငါးပိ ရှိတယ်လို့တောင် မသတ်မှတ်။ နင်ပဲငဆ ပြောလွှတ်လည်း သင်းကမနာ။ ကိုယ်ထိလက်ရောက် ဆိုးဆိုးဝါးဝါး နှောင့်ယှက်တာ မဟုတ်၍လည်း မာန့်မှာ ဘယ်သူ့မှ တိုင်တန်းမရ။

ဝပ်ရှော့သို့ တစ်ခါရောက်လာပြီး၍ လေးမာန်နဲ့ချွန်လွှတ်လိုက်သော်လည်း သင်းက ဖြုံပုံလည်းမရ။ မာန်သည် ဒီ





တစ်ယောက်ကတော့ဖြင့် ဘယ့်နှယ်ပါလိမ့်ဟူသော ထင်မြင်ချက်ဖြင့် ကိုယ့်ကိုယ်ကိုယ် ဧဝေဇဝါ ဖြစ်မိသောအခါ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်စိတ်ဆိုးမိလေသည်။

"မေမာန်မိုး ... မင်း ရုပ်ရှင်တွေ ဘာတွေ ကြည့်ရတာဝါသနာပါလား။ သမ္မတမှာ ဟော့ရှော့(၂) ရုံတင်တော့မှာ။ ကြိုတင်လက်မှတ်တွေ ရောင်းနေပြီ ကြည့်မလား"

မာန်သည် အဲဒီအပြောကြောင့် ဘတ်ခနဲ ဖြစ်သွားကာ သူ့ကို ခပ်ရှုးရှုး လှည့်ကြည့်လျက် ...

"ရှင် ဘာစကား ပြောတာလဲ၊ ကျွန်မကို ဘယ်လိုမိန်းမစားမျိုးများ ထင်နေလို့လဲ"

"ဟာ ... ဘာတွေ တလွဲလျှောက်တွေးနေတာလဲ။ မင်းကိုကိုယ်နဲ့အတူတူ ကြည့်ဖို့ခေါ်တာ မဟုတ်ပါဘူး။ မင်းကြည့်မယ်ဆိုရင် မင်းနဲ့ ညီလုံး ... အဲ ... အဲ ... ညီမိအတွက် လက်မှတ်ဝယ်ပေးမလို့ ပြောတာ"

"ဝယ်ပေးမနေနဲ့ မကြည့်ဘူး"

"အေးပါ၊ အကုန်အကျ သက်သာတာပေါ့"

အဲဒီအပြောကြောင့် မာန်က သူ့ကို လှည့်ကြည့်ပြီး မျက်စောင်းထိုးမိတော့မလို ဖြစ်သွားသည်။ အဲဒီတစ်ယောက်သည် မာန့်ကို အသည်းအသန် လိုက်နေတာ မှန်သော်လည်း စကားပြောတဲ့ပုံစံတွေကတော့ တခြားသူတွေနဲ့ မတူချေ။ မာန်က တစ်ခုခု ပြောလိုက်လျှင် အဲဒါကို သင်းက ကန့်လန့်ပြန်ပြောတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အစပထမပိုင်းတော့ မာန်သည် ဘယ်လိုလူပါလိမ့်ဟု စနိုးစနောင့် အုံသြရသော်လည်း အဲဒီလို ကန့်လန့်ပြန်ပြောခဲ့ရတာကိုပဲ မသိစိတ်က သဘောကျနေသလားတော့ မပြောတတ်ချေ။

လူ့စိတ်ဆိုတာလည်း တစ်ခါတလေတော့လည်း ဆန်းကြယ်ပါသည်။ ကိုယ်ပြောသမျှ ခေါင်းငုံ့ငြိမ်ခံနေတာမျိုးထက် ကိုယ့်ကို ဘုဘောက်ပြန်ပြောတာမျိုးကလည်း ဘယ်လိုဆွဲဆောင်မှုတစ်မျိုးလဲတော့ မပြောတတ်ပါ။

"မေမာန်မိုး ... မင်းတို့ Final စာမေးပွဲတွေတောင် နီးလာပြီနော်။ စာတွေ ရပြီလား"

"အဲဒါ ရှင့် အပူပါလား။ နေစမ်းပါဦး၊ ရှင် ဒီလိုပဲအားအားယားယား အချိန်တွေ ဖြုန်းနေတော့မှာလား ... ဟင်။ ရှင့်ကျောင်းရော ရှင်တက်ဖို့ စိတ်မကူးတော့ဘူးလား"

သူက မာန့်ရဲ့အမေးကြောင့် နှုတ်ခမ်းနှစ်ဖက်စွန်းကို ကော့တက်သွားအောင် ပြုံးသည်။ အဲဒီအပြုံးကို မာန်သည် ငေးခနဲ ဖြစ်သွားပြီးမှ ကိုယ့်ကိုယ်ကိုယ် မေးမိတာ မှားများမှားသွားပြီလားဟု နောင်တရချင်သွားသည်။ သို့သော် သူ့အပြုံးက ဘာနဲ့မှ မထိသော အပြုံးမျိုး ဖြစ်သည်။

"ကိုယ် ကျောင်းတက်ပါတယ်။ မင်းဆီကို အခ,စား ဝင်ပြီးတာနဲ့ ကိုယ့်ကျောင်းကို သွားတာပဲလေ"

"ဒီမယ် ... ရှင့်ကို ကျွန်မ တစ်ခုပြောမယ်။ ရှင့်အနေနဲ့ ဒီကိုလာရတာ အချိန်ကုန် လူပန်း မာတ်ဆီကုန်တယ်"





"ဓာတ်ဆီကုန်တာ မဟုတ်ပါဘူး။ ကိုယ့်ကားက ဒီဇယ်ကားပါ"

အရေးထဲ အရစ်တက်နေသော သကောင့်သားကို မာန်က ခပ်တင်းတင်း ကြည့်လိုက်လျှင် သူက နှုတ်ခမ်းကိုစုပြီး ဘာ ထုံးစံအတိုင်း ပခုံးကို တွန့်ပြသည်။ မာန်ပင်လျှင် သူ့ပုံစံကို နေ့တိုင်းနီးပါး တွေ့နေ၍ အမူအရာတွေကိုတောင် အလွတ်ရတော့ချည် ဖြစ်သည်။

"ရှင့်ဟာရှင် ဒီဇယ်ကားပဲဖြစ်ဖြစ် CNG ကားပဲဖြစ်ဖြစ် ကျွန်မဆီ လာနေတာ ရှင့်အတွက် ဘာမှအကျိုးမရှိဘူး။ ဘာမှထူးခြားလာမှာ မဟုတ်ဘူး ...

အဲဒီတော့ ရှင် ဒီအလုပ်တွေကို စွန့်လွှတ်လိုက်တော့"

"ကိုယ့်အတွက် အကျိုးရှိပါတယ်"

မာန်က ဘာအကျိုးရှိတာလဲ ဟူသော စကားကို သူ့အား မျက်လုံးများဖြင့် မေးမိသည်။ သူက ခေါင်းတစ်ချက်ညိတ်ပြီး ဆက်ပြောလေသည်။

"ကိုယ်က မင်းကို အမြဲတမ်း မြင်တွေ့နေချင်တဲ့ ကောင်လေ မေမာန်မိုးရဲ့။ ဒီတော့ မင်းကို မြင်တွေ့ခွင့်၊ ခုလိုမျိုး မင်းဘေးနားမှာ ခဏတာရှိနေခွင့်ရတာကိုက ကိုယ့်အတွက် အကျိုးအမြတ် တစ်ခုပေါ့ ...

ကျေးဇူးပြုပြီး မင်းအနားက ကိုယ့်ကို မနှင်ပါနဲ့ မေမာန်မိုးရယ်။ ဒီအတိုင်း ငေးကြည့်နေခွင့်လေးတောင် မပေးချင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပြောကြောင့် မာန့်ရင်ထဲ၌ တစ်မျိုးဖြစ်သွားသည်။ ငါ့စိတ်တွေ ဘာဖြစ်နေပါလိမ့် ဟူသော အတွေးတွေ ဝင်ရောက်လာသောအခါ၊ သူဟာ ရည်းစားများခဲ့သော မိန်းမကျမ်းကျေသူတစ်ယောက်ဟူသော အတွေးကပါ ခေါင်းထဲသို့ ထပ်မံဝင်ရောက်လာသည်။ အဲဒီကျလျှင်တော့ မာန့်အတွေးထဲမှာ တင်းခနဲ ဖြစ်သွားလျက် စိတ်တွေက သံမဏိဘက်သို့ အလိုလိုပြောင်းလဲသွားသည်။ ဒါကြောင့် သူ့စကားကို မာန်က လှောင်ပြောင်သရော်မိလေသည်။

"ဒီမှာ အဲဒီလို ပလေစိချောက်ချက် စကားတွေကို ရှင်တွဲဖူးတဲ့၊ ရှင့်ရည်းစား မိန်းကလေးတွေကိုသာ သွားပြောရင် ယုံကြမှာ။ ကျွန်မကို အဲဒီလို အပြောတွေနဲ့ ရှင် လာပြီး နှူးနှပ်ဖို့ မကြိုးစားနဲ့"

"ကိုယ် နှူးနှပ်နေတာ မဟုတ်ပါဘူး။ ကိုယ် မင်းကိုဝန်ခံပါတယ် မေမာန်မိုး၊ ကိုယ် ရည်းစားတွေ ထားခဲ့ပါတယ်။ မင်းလည်း ခေတ်လူငယ်တစ်ယောက်ပဲကွာ ...

ဒီခေတ်ထဲမှာ ရည်းစားထားကြတယ်ဆိုတာ ဆန်းတဲ့ကိစ္စမဟုတ်ပါဘူး၊ ဒီလိုပဲ ရည်းစားပြတ်တာလည်း ဆန်းတာမဟုတ်ပါဘူး ...

ကိုယ်ထားခဲ့တဲ့ ရည်းစားတွေကို မချစ်ဘဲ မင်းနဲ့မှ ချစ်တတ်ပြီဆိုရင်လည်း မင်းက ဟားဦးမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါဟာ အမှန်တရားပါ"





သူ့အမှန်တရားကို မာန်က မဲ့ရွဲ့ပြလိုက်သည်။ သူက အတန်းရှေ့သို့ ရောက်သောအခါ ဆက်မလိုက်တော့ဘဲ မာန့်နာမည်ကို တိုးဖွဖွခေါ်သည်။

"မေမာန်မိုး"

သူမို့ မာန့်ကို နာမည်ခေါ်လျှင် ဘယ်တော့မှ အဖျားဆွတ်ခေါ်ခြင်း မရှိပါ။ မာန့်ကို လိုက်သောသူတချို့ဆိုလျှင် သူများတွေ ခေါ်သလို မာန်ဟု ရောယောင်ဖောယောင် လိုက်ခေါ်တတ်သော်လည်း သူကတော့ ဘာကြောင့်မှန်းမသိ။ နာမည်အပြည့်အစုံကိုသာ ခေါ်လေ့ရှိသည်။

မာန်က သူ့ရဲ့နူးညံ့တိုးဖွဲ့သော အသံကြောင့် ရုတ်တရက် အညှို့ခံရသူလို ဖြစ်သွားကာ သူ့ကို ကြောင်တောင်တောင် လှည့်ကြည့်မိသည်။ မာန့်ကိုကြည့်နေသော သူ့မျက်ဝန်းများမှာ အစစ်အမှန်တွေလားဟု ထင်ယောင်ထင်မှား ဖြစ်ရအောင် ရီဝေနက်ရှိုင်းနေကြသည်။

"မင်းကို ကိုယ် ဘယ်တော့မှ နောက်ဆုတ်မှာ မဟုတ်ပါဘူးလို့။ မင်း ကိုယ့်ကို ယုံကြည်လာသည့်အထိ ကြိုးစားပါ့မယ်။ အဲဒါလေး တစ်ခုတော့ မင်းသိအောင် ကိုယ်ပြောချင်တာပါ ...

အိုခေ ... ဆီးယူ တမောရိုး"

သူက လက်ချော...းမော...မှား လှုပ်ခတ်ပြကာ ခြေလှမ်းတွေကို သုံးလေးလှမ်း ဘက်စ်ပြန်ဆုတ်သည်။ ပြီးတော့မှ



www.burmeseclassic.com

www.burmeseclassic.com



ချာခနဲ လှည့်ထွက်တာဖြစ်သည်။ သူ့ရဲ့ပုံစံမှာ အဲဒီအတိုင်း မေ့ တိုင်းပဲဖြစ်ကာ ဘယ်တော့မှ ရိုးသွားတယ်ဟူ၍ မရှိ။ နေပူပူ နှီး ရှာရှာ ဒီအတိုင်းပဲ ဖြစ်လေသည်။ မာန်သည် သက်ပြင်းတစ်ချက် ချကာ စာသင်ခန်းထဲသို့ ဝင်ခဲ့သည်။ ညိုမိက ထုံးစံအတိုင်း မာန့် ကို ပြောင်စပ်စပ်ဖြင့် ကြည့်ကာ ...

“ဒီနေ့လည်း ဂျက်လီနဲ့ပဲလား”

“ဘာဂျက်လီလဲ”

“ဝေးပါဟာ၊ Body Guard ကို ပြောနေတာ။ ဘယ်လိုလဲ မင်းသားကလည်း လက်မလျှော့သေးဘူးလား”

“အလကားပါ”

မာန့်ရဲ့အလကားပါဟူသော အသံက အားပျော့ လျက်ရှိသည်။ စာအုပ်ကို ထုတ်နေသော်လည်း မာန်ရဲ့စိတ်တို့ သည် သွားခါနီး နှုတ်ဆက်သွားသော သူ့အပြုံးကိုသာ မြင်ယောင် လျက်ရှိသည်။

မာန် ဘာတွေဖြစ်နေပြီလဲ။ မာန့်ဘဝတစ်သက်တာ တွင် ယောကျ်ားတစ်ယောက်ကို ဤမျှ ခေါင်းထဲ၌ နေရာထည့် မပေးဘူးခဲ့။ မာန်ရဲ့မျက်နှာကြောနှင့် တုံ့ပြန်မှုကို ကြောက်သည့် အတွက် တော်ရုံတန်ရုံလည်း မာန့်အနားသို့ မကပ်ရဲကြချေ။ သူ ကတော့ ဒီလိုမဟုတ်။ မာန် ဘာပြောပြောလဲ မဖြုံ။

မာန်သည် ညိုမီ ကြားသွားမှာ စိုးသည့်အတွက် သက်ပြင်းကို တိတ်တခိုးချကာ မသိမသာ ခေါင်းယမ်းမိသည်။





“မာန် ... နင့်ကို ငါ တစ်ခုမေးမယ်။ နင် ငါ့ကိုမညာတမ်း ဖြေပေးမလား”

“ဘာကိုလဲ”

“ပြန်မမေးနဲ့လေ၊ နင် ဖြေမလား မဖြေဘူးလား ဆိုတာကို ပဲပြော”

“မေးကြည့်ပေါ့”

“နင် နေမြဲမိုးဖန်ကို အရင်ကလောက်တော့ အမြင်မကတ် တော့ဘူး မဟုတ်လား”

“ငါ့ပုံစံက အဲလို ဖြစ်နေလို့လား”

“တွေ့လား ... နင်က ငါမေးတဲ့ဟာကိုပဲ ပြန်ပြန်မေးနေ တာ”

“ဟုတ်တယ်လေ၊ ငါက နင်မေးတိုင်း ဖြေရမှာလား။ ကဲပါ ... ဘာလဲ ငါက အဲဒီလိုပုံစံ ပေါက်နေလို့လား”

“အင်း ... ငါပြောရင် နင် စိတ်မဆိုးနဲ့။ နင့်ပုံစံက အရင် တုန်းကလောက် နေမြဲမိုးဖန်ကို မခါးသီးတော့တာ အမှန် ပဲလေ ...

အဲဒါဟာ အခြေအနေကောင်းခြင်းရဲ့ အစလားလို့ ငါထင်နေတယ်”

“ဘာအခြေအနေကောင်းရမှာလဲ။ ငါက အဲလို ရေပေါ်ဆီ ယောကျ်ားမျိုးကို မကြိုက်တတ်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တာနဲ့ ချစ်တာနဲ့က ထပ်တူညီမှ မကျတာ
လူတစ်ယောက်ကို မကြိုက်ပေမယ့် နှလုံးသားက ချစ်သွာ
တာမျိုးတွေလည်း ရှိတတ်တာပဲ"

"အောင်မာ... ညည်းကများ အချစ်နဲ့အကြိုက်ကို သရုပ်ခွဲလို့"

"ဟုတ်တယ်လေ၊ ငါက နှင့်ထက်စာရင် သိသေးတယ်
နေမြိုးဇန်က ကျောင်းမှာလည်း အေးဆေးပဲတဲ့။ ရည်းစာ
များတာတွေလည်း မရှိတော့ဘူးတဲ့ ...

ကောင်မလေးတွေနဲ့လည်း ကင်းကင်းရှင်းရှင်းပဲတဲ့
သူ ဆေး(၁)မှာ မနက်တိုင်း အခစားဝင်နေတာလည်း
တို့ကျောင်းက လူတွေ သိတာပဲ"

"နှင်က ဘာကိစ္စ အဲဒါတွေ စုံစမ်းနေရတာလဲ"

"တကူးတကနဲ့ ဒဂုံထိ သွားစုံစမ်းရတာမှ မဟုတ်တာ
ငါ့အိမ်ဘေးက ကောင်မလေးက ဒဂုံကပဲကိုး။ ဟဲ့ ...
က ငါ့သူငယ်ချင်း တစ်ယောက်လုံးကို အသည်းအသ
လိုက်နေမှတော့ ဒီလောက်တော့ သိထားရမှ ဖြစ်မှာပေါ့

သူက နှင့်ထက်တော့ တစ်ဆင့်မြင့်တယ်ဟ သိလား"

"ဘာတစ်ဆင့်မြင့်တာလဲ"

"ဩော် ... သူ့မှာ အဖေတော့ မရှိတော့ဘူး၊ အမေတော့
ရှိတယ်လေ၊ သူ့အမေက စိန်ကုန်သည်ဆိုပဲ၊ နှင့်မှာ
မိဘနှစ်ယောက်လုံး မရှိတော့ဘူး၊ သူ့မှာက မအေတ
ယောက်လုံး ရှိသေးတယ်။ အဲဒါကို ပြောတာ ...





ဖတာဆိုးလေးဆိုတော့ အမေက အလိုလိုက်ထားလို့
ရေပေါ်ဆီလေး ဖြစ်နေတာ နေမှာပါဟယ်။ ခပ်ပေါ့ပေါ့
လေးပေါ့။ ဟိုလိုကြီး ဆေးခြောက်ရှူ၊ အရက်သောက်၊
ဖဲရိုက်၊ မိန်းမလိုက်စားနေတဲ့ဟာမျိုး မဟုတ်ပါဘူး"

"အမယ်လေး ... နင်-မှန်မှန်ပြောစမ်း မိညိုမိ။ ဟိုက နင့်
ကို ငါမသိအောင် ဘာတွေများ ကျိတ်ပြီး လာဘ်ထိုးထား
လဲ ... ပြော"

"ဘာမှ လာဘ်မထိုးဘူး။ အဲဒီအစုတ်ပလုတ်ကိုလည်း
ငါက လာဘ်မထိုးလို့ မုန်းနေတာ။ တကယ်ဆို သူ့မယား
လိုချင်ရင် သူ့လင် လုံနဲ့ထိုး အဲ ... အဲ ... ဟုတ်ပါဘူး၊
အဲဒီစကားပုံက ဒီနေရာမှာ သုံး လို့မဖြစ်ပါဘူး ...

ဘယ်လိုပြောရမလဲ၊ နင့်ကို ကြိုက်နေရင် နင့်သူငယ်
ချင်း ငါ့ကို ပိအောင် ပိုးအောင် ပေါင်းရမှာ မဟုတ်လား။
သူငယ်ချင်းတွေရဲ့ ကဏ္ဍကလည်း အရေးပါတယ်လေ။
သူငယ်ချင်းတွေ အပို့ကောင်းရင် ကောင်းသလို၊ ချစ်ခရီးက
ရှေ့ရောက်နိုင်တာပဲ မဟုတ်လား"

မာန်သည် တရားဟောသလို အေးအေးဆေးဆေး
ပြောနေသည့် ညိုမိကို မျက်လုံးအပြူးသားဖြင့် ကြောင်ကြည့်မိ
ချက် သတိဝင်လာသောအခါ မျက်နှာကို ကုတ်ဖွဲ့ဆွဲပစ်ချင်စိတ်
ပေါက်သွားသည်။

"နင် ... နင် ... ကြည့်စမ်း၊ နင်က သစ္စာဖောက်ပေါ့။
ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဖောက်ပါဘူး၊ ငါက သူ အဲ့လို မလုပ်တာကို သဘော ကျတာ။ တချို့က အောင်သွယ်ကို အရမ်းအားကိုးတယ် လေ။ သူငယ်ချင်းတွေရှိရင် သူငယ်ချင်းတွေကို ကပ်တာ တို့ ဘာတို့။ သူကတော့ ကာယကံရှင်က အဓိကဆိုတဲ့ မှုကိုပဲ လက်ကိုင်ထားတယ်နဲ့ တူတယ်နော်၊ ဟိ ဟိ"

"တော်ပြီ မိန်းမ၊ ဆက်မပြောနဲ့တော့ တော်ပြီ"

မာန်က မျက်နှာထားတင်းတင်းဖြင့် ဆိုလိုက်လျှင် ညိုမီက လျှာထုတ်ပြောင်ပြပြီး စာအုပ်ကိုဖွင့်ကာ ဖတ်နေသည်။ မာန်သည်လည်း စာအုပ်ဖွင့်ဖတ်ပေမယ့် အတွေးထဲမှာ ညိုမီ ပြောသွားသော စကားတို့က ရစ်ဝဲပြီး ကျန်ရစ်ခဲ့သည်။ ညိုမီနဲ့ ဒီလိုကိစ္စတွေ တစ်ခါမှ မဆွေးနွေးဖူးသေးတာမို့ ဆွေးနွေးရမှာ ရှက်သလို ဖြစ်နေသော်လည်း မာန့်ဦးနှောက်ထဲမှာတော့ သင်ခန်း စာတွေနဲ့ထပ်တူ သူ့အာရုံက ဝင်ရောက်ပျှပ်နေသည်။ ပညာသင် ချိန်မှာ ရည်းစားမထားသင့်ဘူး၊ အနှောင့်အယှက် ဖြစ်စေတယ် ဟူသော မာန့်ရဲ့စကားကို သူငယ်ချင်း တစ်ယောက်ကတော့ ဒီလို ပြောဖူးသည်။

"ဆေးကျောင်းမှာ စာမေးပွဲတွေကများ၊ စာတွေခက်နဲ့ စိတ် ညစ်ဖို့ ကောင်းလေလေ အချစ်ရှိဖို့က အရေးကြီးလေလေ ပေါ့။ ရည်းစားလေးထားပြီး ရည်းစားနဲ့ ချစ်ကြည်နူးခွင့် ရတာလည်း စိတ်ကို တစ်မျိုး Relax ဖြစ်စေတာပဲလေ -

ငါတို့ကတော့ ကိုယ့်ကို အရမ်းချစ်တဲ့ ချစ်သူမျိုးထား ထားမှာပဲကော။ ဆေးကျောင်းသားကိုတော့ ရည်းစားပြန်





တော်ချင်ဘူး။ ဘာလို့လဲဆိုတော့ သူလည်းရှုပ် ကိုယ်လည်း ရှုပ်နဲ့ သိပ်မမိုက်ဘူး၊ တခြားက ဘဲဆိုတော့ ကိုယ့်ကို ဂရုစိုက်နိုင်တယ်၊ စာများလို့ ရည်းစားမထားဘူးဆိုတာ ရှားတယ်၊ စာများလို့ကို ထားသင့်တာ ...

ရည်းစားနဲ့ ခေါင်းဆေးတာပေါ့၊ ဟဲ ဟဲ"

မာန်သည် အဲဒီစကားလေးကို ပြန်လည်ကြားယောင် မိသောအခါ သက်ပြင်းကို အသာအယာ ချမိသည်။ မျက်လုံးထဲ တွင် ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်သော၊ ကိုယ်လိုချင်တာကို ရအောင်ယူတတ်မည့်ပုံရှိသော နေမြိုးဇန် ဆိုသည့် လူတစ်ယောက် ကို မြင်ယောင်လာမိသည်။ ညိုမီ ပြောသလိုပင် သူ့ဘက်က သူငယ်ချင်းတွေကိုလည်း အားမကိုး၊ မာန့်ဘက်က သူငယ်ချင်း ကိုလည်း အားမကိုးဘဲ သူ့ဟာသူ တစ်ကိုယ်တော် ရှက်လွှင့်နေ သော ဒီဒိုင်းကို မာန့်ရဲ့မသိစိတ်မှာ နှစ်ခြိုက်နေမိပြီလား။

အို ... မဖြစ်သင့်ဘူး ထင်ပါရဲ့နော်။ သူဟာ ယုံချင်စရာကောင်းသော လူတစ်ယောက် မဟုတ်ပါဘူးလို့ သိ,သိ လျက်နဲ့ကို ယုံချင်နေမိတာကိုက မာန့်ခေါင်းတွေ ရှုပ်လှသည်။ မျက်ဝန်းတွေက လူတစ်ယောက်ရဲ့ နှလုံးသား ပြတင်းပေါက်ဆို လျှင် အဲဒီပြတင်းပေါက်မှတစ်ဆင့် အစစ်အမှန် ဆိုတာတွေကို လှမ်းတော့ မြင်နေသည်ဟု ထင်ပါသည်။

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၉

သူသည် ဒီနေ့တော့ မာန်တို့ကျောင်းကို နေ့ခင်းဘက်မှ ရောက်သွားသည်။ မနက်ပိုင်းက သူတို့ကျောင်းမှာ ကျူတိုရီယယ် ရှိသောကြောင့် ဖြစ်သည်။ သူက စာသင်ခန်းနားမှာ မယောင်မလည် အကဲခတ်လိုက်သော်လည်း သူမနဲ့ ညိုလုံးကို မတွေ့ရ။ အဲဒီနားက တစ်ယောက်ထံမှာ စုံစမ်းလိုက်တော့မှ နေ့လယ်ခင်း ထမင်းစားချိန်ဟု သိရသည်။ သူသည် အတန်ငယ်ရင်းနှီးဖူးသော ကန်တင်းသို့ လိုက်သွားခဲ့သည်။ ဟိုရောက်တော့ သူမနဲ့ ညိုလုံးကို စားပွဲတစ်ခုမှာ ထိုင်နေတာကို တွေ့ရသည်။ ထမင်းစားနေတာတော့ မဟုတ်။ သူမက ထရိုင်ဇာလို အနက်ရောင်ဆွယ်တာ ခပ်ပါးပါးကို အပေါ်ထပ် ထပ်ဝတ်ထားကာ မျက်နှာနီမြန်းမြန်းဖြင့် ထိုင်နေသည်။ မြင်လိုက်တာနဲ့ကို နေမကောင်းမှန်း သိသာစေသောဒီဇိုင်း ဖြစ်သည်။





သူက သူမတို့စားပွဲရှေ့မှာ သွားရပ်လိုက်လျှင် သူမက မျက်လုံးဝိုင်းများဖြင့် မော့ကြည့်သည်။

“မေမာန်မိုး ... မင်း နေမကောင်းဘူးလား”

စိုးရိမ်သံအပြည့်ပါသော သူ့စကားကြောင့် သူမက အရင်လောက် မျက်နှာမတင်းတော့ဘဲ မျက်လွှာချသွားသည်။ သူကလည်း စားပွဲဝိုင်းမှာ ခပ်တည်တည်နှင့် ဝင်ထိုင်လိုက်သည်။ သူမကလည်း ဘာမှမပြောပါ။ ဝေဒနာတစ်ခုကို ခံစားနေရပုံဖြင့် အသာနှုတ်ဆိတ်သည်။ သူသည် ရေခဲပန်ကလေး နေမကောင်းဖြစ်နေပုံကိုကြည့်ကာ သနားစိတ်က ရင်နဲ့အပြည့် ဖြစ်လာသည်။

“ဘာဆေးသောက်ထားလဲ၊ နေမကောင်း ဖြစ်နေတာကို ကျောင်း ဘာဖြစ်လို့ တက်ရတာလဲ”

“အံမယ် ... သူက ဆရာဝန်ကျနေတာပဲ။ နေမကောင်းဖြစ်လည်း စာမေးပွဲရှိတော့ တက်ရတာပေါ့”

အဲဒါက ညိုလုံးက ဝင်ဖြေတာဖြစ်သည်။ သူမကတော့ နှာတစ်ချက်ရှုံ့ရင်း စားပွဲပေါ်မှ ကော်ဖီကို ယူသောက်သည်။ သူ့ကိုတော့ ဘာမှမပြော။ စားပွဲဝိုင်းမှ နှင်မထုတ်ပုံထောက် အခြေအနေကောင်းသည်ဟု ယူဆရမည် ဖြစ်ပါသည်။

“ဘာစားပြီးပြီလဲ၊ ထမင်းစားလို့တော့ မရဘူးနဲ့ တူတယ်”

“ဟုတ်တယ်၊ ဘာမှ မစားရသေးဘူး။ ကြေးအိုးမှ သောက်ချင်တယ်လို့ ချဉ်ခြင်းတပ်နေတယ်”

“ဟာ ... ညိုမီကလည်း ဘာတွေ လျှောက်ပြောနေတာလဲ”



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူမက ချက်နှာပွပွဖြင့် ညှိလုံးကို ဟန့်သော်လည်း သူမကတော့ မတ်တတ်ထရပ်ပြီးသား ဖြစ်သည်။ ပြီးတော့ သူမ ရှေ့ကို လက်သုံးချောင်း ထောင်ပြကာ ...

"သုံးမိနစ်ပဲစောင့်"

"ဘာလဲ ... ဘာသုံးမိနစ်မှ စောင့်စရာ မလိုဘူး၊ မစားဘူး"

"စားတာ မစားတာ မင်း အလုပ်လေ၊ ဝယ်ပေးဖို့က ကိုယ့်တာဝန်၊ ဒီနားမှာ နီးနီးလေးပဲဟာ၊ တရုတ်တန်းကို ဆင်းဝယ်လိုက်ရုံပဲ ...

ခဏပါပဲ၊ စောင့်နေနော် ကိုယ်ဝယ်လာခဲ့မှာ"

"ဟာ ... ဟော့ ... ဟော့"

သူက တားမြစ်သလိုဖြင့် မအော်ဟစ်သော်လည်း သူကား နောက်သို့လှည့်မကြည့်စတမ်း။ သူ့ကားသည် ချစ်သူ စားဖို့ရာအတွက် ကြေးအိုးရောင်းသည့် တရုတ်တန်းသို့ တာဝန် ကျေစွာ ပြေးလွှားနေသည်။ မိုးနတ်မင်းကြီးက ကြည်ဖြူသော ကြောင့် သူ့ကားလေးသည် မီးနီကိုလည်း တစ်ပွိုင့်မှမမိ။ ကြေးအိုး ဆိုင်မှာလည်း သိပ်အကြာကြီး မစောင့်ရ။ ဒါကြောင့် သူမဆီကို အမြန်ဆုံးနည်းဖြင့် ပြန်ရောက်လာသည်။

ကြေးအိုးထုပ်ကြီး ဆွဲလာသော သူ့မှာ ကန်တင်း မှာ ထိုင်နေဆဲ သူမတို့နှစ်ယောက်ကို မြင်တော့မှပင် ရင်ထဲက အလုံးကြီး ပြုတ်ကျတော့သည်။

(အကယ်၍ မရှိတော့လျှင်လည်း သူက သူမအတန်း ရှေ့အထိ သွားပြီး ပေးဦးမှာဖြစ်သည်။)





"မြန်မြန်လာ ကျေးဇူးရှင်။ မမက သွားတော့မယ်လုပ်နေ လို့ မနည်းဆွဲထားရတာ"

သူက ပခုံးတစ်ချက် တွန့်ပြီးနောက် စားပွဲထိုးလေး ကိုခေါ်ကာ ကြေးအိုးကို ထည့်ခိုင်းလိုက်သည်။ ပြီးတော့ ဖိုင်တောင် မထိုင်တော့ပါ။ သူမကိုသာ ငေးကြည့်မိလျက် ...

"စိတ်သန့်သန့်နဲ့ စားပါ မေမာန်စိုး။ ကိုယ် မင်းဆီက ဘာမျှော်ကိုးမှုနဲ့မှ ဝယ်လာတာ မဟုတ်ဘူး။ မင်းဆန္ဒကို ဖြည့်ဆည်းပေးချင်ရုံ သက်သက်ပါ ...

အိုကေ ... ကိုယ် ရှိနေရင် မင်း ဖြောင့်ဖြောင့်စား နိုင်မှာ မဟုတ်ဘူး၊ လွတ်လွတ်လပ်လပ် စားပါ။ ကျန်းမာ ရေးကို ဂရုစိုက်ပါ ...

အိုကေနော် ... ဆီးယူ တူနိုက်ချ်( c u tonight)"

သူက သူမကို နှုတ်ဆက်နေကြ ထုံးစံအတိုင်း လက်ချောင်းလေးများ လှုပ်ခတ်ပြကာ ခြေလှမ်းသုံးလှမ်းစာ နောက်ကို ဆုတ်ပြီးမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ သူမမျက်နှာကို ခဏ လေး တွေးလိုက်ရပေမယ့် သူ' ကျေနပ်ခဲ့ပါသည်။ နေမကောင်း ဖြစ်တာတော့ စိတ်မကောင်းပါ။ ဖြစ်နိုင်လျှင် စာကြိုးစားသော ဆေးကျောင်းသူလေးကို သူက တယုတယ ပြုစုချင်လှပါသည်။

အဲဒီလို နေ့မျိုးကိုလည်း တိတ်တဆိတ်တော့ မျှော် လင့်ရတာပင်။

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



မာန်သည် ထွက်ခွာသွားသော သူ့ရဲ့ကျောပြင်ကို ကြည့်ကာ ညိုမိကို မျက်စောင်းတစ်ချက် လှည့်ထိုးမိသည်။ မျက်စောင်း ထိုးမိသော်လည်း စိတ်ထဲက ဘာကိုကျေနပ်မှန်းမသိ ကျေနပ်တာကိုလည်း တိတ်တဆိတ် ဝန်ခံရဦးမည်။ မာန့်အပေါ်မှာ စိုးရိမ်ပူပင်စိတ် အပြည့်ရှိသော သူ့မျက်ဝန်းများနှင့် မာန့်ဆ ကို ဖြည့်ဆည်းပေးချင်သော သူ့အလေးထားမှုသည် ဘာကြောင့် မာန့်ကို တွေဝေကျေနပ်စေတာပါလိမ့်။

"ဟဲ့ ... စားလေ၊ အမယ်လေး ... အနံ့ကလည်း မွှေးလိုက် တာ၊ နင်လည်း အများကြီး မကုန်ဘူး မဟုတ်လား၊ ငါ့ကို တစ်ဝက်ကျွေး"

"ငတ်ကြီးကလည်း ကျလိုက်တာ"

"အောင်မာ ... နင်လည်း မကုန်ဘဲနဲ့များ၊ ဟဲ ... ဟဲ နင်လည်း ကံဇာတာတွေ တော်တော်တက်နေတယ်နဲ့တူ တယ်နော်။ ပါးစပ်က တ,လိုက်တာနဲ့ မဖြစ်နိုင်တဲ့ ကြေးအိုး ကြီးက ရောက်ချလာတယ် ...





ကဲပါ ... နင် စားနိုင်အောင်လို့ ဟိုက ပြန်တောင် သွားပေးတာ၊ လွတ်လွတ်လပ်လပ်သာ စားပေတော့"

မာန်က ဘာမှမပြောတော့ဘဲ ကြေးအိုးရည်တစ်ဇွန်းကို အသာခပ်ယူသောက်လိုက်သည်။ ချိုဆိမ့်သော အရသာသည် မာန့်လျှာပေါ်တွင် စိမ့်ဝင်ဖြတ်စီးသွားသည်။ စားချင်တဲ့ အစားအသောက်ကို စားချင်တဲ့အချိန်မှာ စားရတာလောက် အရသာမရှိဟု ထင်မိလေသည်။ ပန်းကန်တစ်ခု ထပ်တောင်းကာ ညိုမိ့ကို တစ်ဝက်ခွဲပေးလိုက်သည်။ ညိုမိကလည်း မငြင်းပါ။ ချက်ချင်းပင် အားရပါးရ ဆက်စားရင်း ...

"နေပါဦး၊ သူ ပြောသွားတာ see you tonight ဆိုပါလား၊ နင့်အိမ်ကို ညဘက်လာမယ်ဆိုတဲ့ သဘောလား"

မာန်လည်း အဲဒါကို နည်းနည်းတော့ ထူးဆန်းနေသည်။ အခါတိုင်းဆိုလျှင် သူ ပြောလေ့ရှိတာက ဆီးယူတူမောရိုးလ် ဟုသာဖြစ်သည်။ ခုတော့ ဘာလဲဆိုတာ မာန်လည်းနားမလည်။ ညိုမိ ပြောသလို နင့်အိမ်ကို လာမှာလားဆိုတာက စဉ်းစားစရာ ဖြစ်နေသည်။ အဲဒီလောက်တော့လည်း မဖြစ်နိုင်ပါ။

"မာန် ... သူက နင့်ကို တရားဝင် ဖွင့်ပြောပြီလားဟင်"

"မပြောပါဘူးဟာ"

"ဟင် ... ဒီလောက် လိုက်နေတာတောင် မပြောဘူးလား၊ ဒါပေမဲ့ သူ့ပုံစံက နင့်ကို ချစ်နေတယ်ဆိုတာ အသိသာကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပြောကြောင့် မာန့်ရင်ထဲ၌ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ ဘောလုံတစ်ယောက်ကတောင် သိသာစေသော သူ့ချစ်ခြင်းများကို တိုက်ရိုက်ဆက်ဆံနေရသည့်မာန်က မသိဘဲနေမတဲ့လား။ ခံစားချက်တို့ဖြင့် နက်ရှိုင်းနေသော သူ့ရဲ့အကြည့်တို့နှင့် ဆုံလေတိုင်း မာန့် ရင်ခုန်သံတွေ ခပ်တိုးတိုးလေး ကျယ်နေတာကို မာန်တစ်ယောက်ပဲ သိသည်လေ။

"အေးလေ ... နင်ကလည်း ကျောင်းနဲ့ အိမ်နဲ့ပဲဆိုတော့ သူက အေးအေးဆေးဆေး ဖွင့်ပြောချိန် ဘယ်ရမလဲ။ ပြီးတော့ သူများတွေက အေးအေးဆေးဆေး ဖွင့်ပြောတယ်ဆိုတာက တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးပြီး ကောင်မလေးက ကြည်ဖြူတဲ့ အရိပ်ယောင် ရှိကြတယ်လေ ... နင့်ကတော့ ခပ်တင်းတင်းဆိုတော့ သူကလည်း အပိအပြင် လိုက်ရုံပဲ တတ်နိုင်တာပဲ"

မာန်သည် ညိုမီရဲ့ဝေဖန်မှုကို ဟစ်စုံတစ်ရာ ပြန်မပြောမိ။ ကြေးအိုးကိုသောက်ရင်းမှ သူ့မျက်နှာကို ထပ်မြင်ယောင်မိသည်။ ကြေးအိုးသောက်ပြီးသွားသောအခါ အစာဝင်သွားပြီဖြစ်၍ ဆေးသောက်လိုက်သည်။ အရေးကြီးသော အတန်းတစ်ခုကိုသာ တက်ပြီးတော့ နောက်အတန်းတွေ ဆက်မတက်ဖြစ်တော့ချေ။ အိမ်ပြန်ရောက်လာသော မာန့်ကို လေးဖေက စိုးရိမ်စွာဖြင့် ကြိုဆိုသည်။

"သက်သာရဲ့လား သမီး၊ စာမေးပွဲရော ဖြေနိုင်ခဲ့ရဲ့လား"





"ဖြေနိုင်ပါတယ် လေးဖေ၊ ရပါတယ်"

"အေး ... အေး ... နားလိုက်ဦး၊ ဘာစားပြီးပြီလဲ၊ လေးဖေ ဘာဝယ်ပေးရမလဲ။ သမီး စားချင်တာရှိရင် ဝယ်ခိုင်းလိုက်မယ်"

"ရတယ် လေးဖေ၊ သမီး စားခဲ့ပြီးပြီ၊ ဆေးလည်းသောက်ပြီးပြီ။ ခဏ နားလိုက်ဦးမယ်"

"သက်သာရဲ့လား၊ ဆေးခန်းသွားမလား"

"ရတယ်။ မသွားတော့ဘူး၊ ညနေကျရင် ကောင်းသွားမှာပါ"

"အိုခေ ... အိုခေ ... နားလိုက်ဦး"

လေးဖေက အိမ်ပေါ်က ပြန်ဆင်းသွားလျှင် မာန်သည် ကျောင်းကဝတ်စုံတွေကို လဲလိုက်ကာ သက်သောင့်သက်သာရှိသော ချည်သားဘောင်းဘီဝမ်းဆက်ကို ဝတ်ဆင်လိုက်သည်။ ပြီးတော့ အိပ်ရာထက်တွင် ဖြေလျှော့လှဲလိုက်သည်။ မာန့်ရဲ့ဝမ်းဗိုက်ထဲတွင် ရသာရှိသော ကြေးအိုးများက ငြိမ်သက်စွာ ရှိနေကြသည်မဟုတ်။ အစာအိမ်ရဲ့ အစာခြေခြင်းကို ခံနေရမည်။ ဒီလိုပဲ မာန့်ရဲ့နှလုံးသားသည်လည်း သူ့ရဲ့မျက်ဝန်းတွေ၊ စကားတွေအောက်မှာ တဖြည်းဖြည်းချင်း အရည်ပျော်ကျရတော့မည် ထင်သည်။

မာန် သူ့ကိုချစ်မိတာလား။ အဲဒီမေးခွန်းသည် မာန့်ကိုယ်မာန်တောင် မသေချာ။ မာန်သည် တစ်စုံတစ်ခုကို စွတ်တရွတ် သတိရမိကာ အိပ်ရာထက်မှ ဖျတ်ခနဲ ထမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မာန်ရဲ့စာကြည့်စားပွဲပေါ်ရှိ စာအုပ်တစ်အုပ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်ကာ ခုတင်ပေါ်သို့ ပြန်လှဲချမိသည်။ အဲဒီစာရွက်လေးမှာ ညိုမီတစ်ယောက် ဘယ်က ဘယ်လို ရလာမှန်း မသိသော အချက်အလက်လေးတွေ ပါဝင်သည်။ ညိုမီ ပြောတာကတော့ အင်တာနက်ထဲကနေ ကူးလာခဲ့တာဟု ပြောသော်လည်း မာန်ကတော့ အင်တာနက်လည်း သိပ်မသုံးသူမို့ မသိ။ စာရွက်ထဲမှာ ရေးထားသော အကြောင်းအရာများမှာ လူတစ်ယောက်ကို ချစ်မိနေလား၊ စိတ်ဝင်စားနေမိပြီလား ဆိုတာကို ဆန်းစစ်သောအချက်များဖြစ်သည်။

မာန်သည် ပထမဆုံးအချက်ကို စတင် ဖတ်ရှုလိုက်သည်။

(၁) ဘယ်လောက်ပဲ အိပ်ချင်နေပါစေ အိပ်ခါနီး အချိန်လေးမှာ အိပ်မပျော်ခင် သူ့အကြောင်းကို စဉ်းစားမိတယ်ဆိုရင် သေချာပါတယ် သူ့ကို ချစ်မိသွားလို့။

အင်း ... မာန်တစ်ယောက် အိပ်ခါနီးအချိန်မှာ သူ့အကြောင်းကို စဉ်းစားဖူးပါသလား။ အရင်တုန်းကတော့ မစဉ်းစားဖူးပါ။ နောက်ပိုင်းကျတော့မှ မာန်သည် အိပ်တော့မည်ဆိုလျှင် ဘာရယ်မဟုတ်ဘဲ သူ့အကြောင်းတွေက ခေါင်းထဲသို့ ဖျတ်ခနဲ ဖျတ်ခနဲ ရောက်ရောက်လာခြင်းဖြစ်သည်။ တကူးတက လှမ်းတွေးတာတော့ မဟုတ်။ မသိစိတ်ကနေ၍ ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်ရောက်လာခြင်းဖြစ်သည်။ အဲဒါကရော မာန်က သူ့ကိုချစ်မိနေလို့





တဲ့လား။ သိပ်တော့ မဖြစ်နိုင်သေးဘူးဟု ထင်သည်။ ကဲ ... နောက်တစ်ခု။

မာန်က အမှတ်စဉ်(၂)ကို ဆက်၍ဖတ်လိုက်သည်။

(၂) သူ့ရဲ့ဖုန်း ဒါမှမဟုတ် သူ့ဆီက Message လေးတွေကို စောင့်နေမိရင် သူ့ကို ချစ်နေမိလို့။

မာန်က ဟန်းဒ်ဖုန်း မကိုင်သဖြင့် သူ့ရဲ့ဖုန်းနဲ့ Mesaages တွေကိုတော့ မျှော်လင့်နေစရာ အကြောင်းမရှိ။ မာန်သည် ခေါင်းကို တစ်ချက်ယမ်းလိုက်မိပြန်သည်။ ကဲ ... နောက်တစ်ခု။

(၃) အတူရှိနေတဲ့အချိန် သူ့ကို ဂရုမစိုက်ဟန် ဆောင်နေပေမယ့် ကိုယ့်မြင်ကွင်းထဲက သူ ပျောက်သွားရင် အပူတပြင်းလိုက်ရှာတာ၊ သူ ထွက်သွားတော့မှ သူ့ကို လိုက်ချောင်းကြည့်တာတွေဟာ ချစ်လို့။

အင်း ... အဲဒါ ဆိုရင်တော့ ? ? ။ အဲဒီစာကြောင်းကတော့ မာန့်ကို တော်တော်အတွေးပွားသွားစေသည်။ မာန်သည် ကိုယ့်ဘေးမှာ သူ ရှိနေစဉ်တုန်းတော့ တကယ်ပဲ ဂရုမစိုက်ဟန် ချိုးထားတာတော့ မဟုတ်။ အစတုန်းတည်းက တကယ်ကိုပဲ ဂရုမစိုက်ခဲ့တာဖြစ်သည်။ နောက်ပိုင်းမှာတော့ သူ ထွက်ခွာသွားလျှင် သူ့ကျောပြင်ကို မသိမသာ ငေးကြည့်နေမိတတ်တာ၊ သူ ထွက်သွားပေမယ့် သူ့အရိပ်တို့က မာန့်အနားမှာ ကျန်ရစ်ခဲ့သလို ဖြစ်နေတာတွေကို ကိုယ့်ကိုယ်ကိုယ်လည်း သတိထားမိခဲ့တာ ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒါတွေဟာ အချစ်တဲ့လား။ မာန်ကတော့ အချစ်ဟုမယူဆသေးပါ။ ဒါပေမဲ့ အဲဒီလို ဖြစ်,ဖြစ်နေတာတွေကိုက မာန့်အတွက် ရာဇဝင်ရိုင်းစေသည်။

မာန်သည် ခေါင်းကို ခပ်ပြင်းပြင်း ခါယမ်းမိရင်း နောက်တစ်ချက်ကို ထပ်ဖတ်မိသည်။

(၄) သူ ဖျားနေရင်၊ ထိခိုက်ဒဏ်ရာရရင် လိုတာထက် ပိုစိုးရိမ်တာက သူ့ကိုချစ်လို့။

အင်း ... အဲဒါကတော့ မကြုံဖူးသေး။ ဒါပေမဲ့ သူ့ဘက်ကကြည့်ပြီး ပြောရမယ် ဆိုရင်တော့ သူဟာ မာန်ဖျားနေသည့်အတွက် သူ့မျက်ဝန်းတွေထဲမှာ မာန့်အတွက် စိုးရိမ်စိတ်တွေကို မြင်နေခဲ့ရသည်။ မာန့်ကို ဂရုစိုက်သော မျက်ဝန်းများသည် ဟန်ဆောင်မှုတွေ မပါဝင်ဘဲ အစစ်အမှန်တွေဆိုတာ မာန် ခံစားနားလည်လို့ ရပါသည်။ မာန်သည် နံပါတ်(၅)အချက်ကို ဆက်ဖတ်လိုက်သည်။

(၅) သူ့အကြောင်း၊ သူ့သတင်းတွေကို အမြဲနားစွင့်နေတတ်ရင်လည်း သူ့ကို ချစ်လို့။

အင်း ... အဲဒါကလည်း အရင်က စိတ်မဝင်စားခဲ့ပေမယ့် အခုတော့ ညိုမီ ပြောပြလျှင် မာန်က စိတ်မဝင်စားသလိုဟန်ဖြင့် စိတ်ဝင်စားစွာ နားထောင်နေတတ်ပြီဖြစ်သည်။ သူ့မှာ အဖေ မရှိတော့တာ၊ ဖတဆိုး တစ်ဦးတည်းသော သားလေးဖြစ်တာ၊ သူ အရင်က ရည်းစားတွေ ရှိခဲ့ဖူးမယ့် အခုချိန်မှာ မာန့်





တစ်ယောက်တည်းကိုပဲ အသည်းအသန် လိုက်နေတာ စသဖြင့် သူ့အကြောင်းတွေက မာန့်ကို စိတ်ခံစားမှုအသစ်တွေ ပေးစွမ်းစေနိုင်သည်။ အားလား ... ဒါဖြင့်ရင် မာန်က သူ့ကို ချစ်နေမိပြီတဲ့လား။ အဲဒီလိုတော့လည်း မာန့်ကိုယ်မာန် မထင်ပါ။ ဒါပေမဲ့ ဘာမှန်းမသိသော ဝေဒနာတစ်မျိုးသည် မာန့်ရင်ထဲတွင် မွှေနှောက်နေသည်။

မာန်သည် စာရွက်လေးကို ဘေးသို့ အသာချကာ ချက်လုံးနှစ်လုံးကို မှိတ်ထားရင်းမှ အသက်ကို ပုံမှန်ရှူနေမိသည်။ အဲဒီအချိန်မှာပဲ ဖုန်းမြည်သံတစ်ခုက ထွက်ပေါ်လို့လာကာ မာန်က ဖုန်းကိုမကိုင်ဖြစ်။ မာန့်အခန်းထဲက ဖုန်းက လိုင်းခွဲသွယ်ထားခြင်းဖြစ်ကာ မာန့်ထံသိုလာသောဖုန်း ဟုတ်,မဟုတ် မသေချာ၍ပင်။ ခဏကြာတော့ ဒေါ်ကြီးက မာန့်အခန်းတံခါးဝသို့ ရောက်လာကာ ...

"မာန်လေး ... သမီးဖုန်းကွယ့်"

"ဟုတ်ကဲ့ ဒေါ်ကြီး။ ကိုင်လိုက်မယ်"

မာန်က အိပ်ရာထက်မှဖုန်းကို လှမ်းယူကာ ကိုင်လိုက်သည်။

"ဟယ်လို"

"မေမာန်မိုး ... ကိုယ်ပါ"

မာန်သည် အဲဒီအသံကို ကြားတာနဲ့ လက်ဖျားတွေက တောင့်တင်းသွားသည်။ သူ ဖုန်းဆက်တာပဲ။ မာန်တို့အိမ်ရဲ့ ဖုန်းနံပါတ်ကို ဘယ်တုန်းက ရသလဲတော့ မပြောတတ်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ ရထားတာလည်း ကြာပြီဖြစ်နိုင်သည်။ မာန်က သူနဲ့ ဖုန်းမပြောလော့က်ဘူး ဆိုတာကို သိသဖြင့် မဆက်တာ ဖြစ်နိုင်လော်ကသည်။ အဲဒီအတွက် မာန့်စိတ်ထဲတွင် သူ့သဘောထားနဲ့ ခံယူချက်ကို သဘောကျသလိုလို ဖြစ်သွားသည်။

မာန်က ငြိမ်နေသဖြင့် သူက ဆက်ပြောသည်။

"ကိုယ် နေမြို့မိုးဖန်လေ"

"ရှင် ဘာကိစ္စနဲ့ ဆက်တာလဲ"

"မင်းကို လူမမာ သတင်းမေးတာပါ၊ ဘယ်လိုလဲ၊ သက်သာလား။ နေကောင်းသွားပြီလား"

"အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ကွ၊ ကိုယ်က မင်းကို ချစ်နေတဲ့ကောင်ပဲ"

"ဟင် ... ရှင် ဘာစကားပြောတာလဲ"

"မင်းမေးလို့လည်း အမှန်အတိုင်း ဖြေရတာလေကွာ။ ကဲပါ ... နေမကောင်းဖြစ်နေတဲ့ဟာကို ဒေါသတွေထွက် မနေစမ်းပါနဲ့။ ကျန်းမာရေးကို ဂရုစိုက်လေကွာ ...

ညဘက်တွေ အိပ်ပျက်သိပ်မခံပါနဲ့၊ ဟုတ်လား"

"ဒီမှာ ... ရှင် ကျွန်မကို ဘာမှ ဆရာလာလုပ်နေစရာ အကြောင်းမရှိဘူး။ ရှင်နဲ့လည်း ဖုန်းပြောစရာ အကြောင်း မရှိပါဘူး၊ ဒါပဲ ... ကျွန်မ ဖုန်းချတော့မယ်"

"နေပါဦး၊ ကိုယ်ကလည်း မင်းနဲ့ ဖုန်းပြောချင်လို့ ဆက် တာမဟုတ်ပါဘူး"





အဲဒီအပြောကြောင့် မာန့်ရင်ထဲတွင် မခံချင်စိတ်တို ... လှစ်ခနဲ ဖြစ်ထွန်းသွားသည်။ သူဟာ အဲဒီလို ဂျစ်တီဂျစ်ကန် ... စောင်းစောင်း အပြောတွေနဲ့ပဲ မာန့်ကို ဆွဲဆောင်နေတာလား ... တော့ မပြောတတ်ပါ။ မာန်က တရှူးရှူးနဲ့ ဒေါသတွေထွက်နေ ... န်းမှာပဲ သူက ဆက်ပြောသည်။

"ကိုယ်က ဖုန်းမပြောချင်ဘူး ဆိုတာက မင်းမျက်နှာကိုပဲ ကြည့်ပြီး ပြောချင်လို့လေ။ အပြင်မှာ လူချင်းတွေ့ပြီး မပြောရဲလို့ ဖုန်းထဲက ကြူတတ်တဲ့ ယောကျ်ားမျိုးတွေထဲမှာ ကိုယ် မပါဘူး ...

ကဲပါ ... ဒီညတော့ မင်း စာကျက်မှာ မဟုတ်ဘူး မှလား"

မာန်က ဘာမှပြန်မပြောမိဘဲ နှုတ်ဆိတ်နေမိသည်။ ... က်ဖြန်မှာ ဘာစာမေးပွဲမှ မရှိတာရော၊ နေမကောင်းတာရော ... ါင်းကာ မာန်က ဒီညတော့ အေးအေးဆေးဆေးနားဖို့ စိတ်ကူး ... းပြီဖြစ်သည်။ စာအုပ်လေး ဘာလေး ဖတ်လျက် စောစောအိပ် ... စိတ်ကူးထားသော မာန်သည် သူ ဘာပြောမှာပါလိမ့်ဟု စိတ် ... စားသွားသည်။ ဘာမှပြန်မဖြေသေးသော မာန့်ကို သူက ... ပြောလေ"ဟု ထပ်ပြောသည်။ သူ့ကြည့်ရတာ မာန့်ကို သူ ... က်နေသော မိန်းကလေးဆိုပြီး သိပ်ခဲယယ ဆက်ဆံတာလည်း ... ွေ့ရ၊ ဒါပေမဲ့ မာန်ဘာပြောပြောလည်း အပြုံးမပျက်ချေ။ ... ယ်လိုလူမှန်းကို မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလုပ်မလို့လဲ"

"မင်းကို Relax ဖြစ်အောင် သီချင်းလာဆိုပြမလို့။ ဒီည တော့ မင်းရဲ့ CD ကို အနားပေးထားလိုက်ပေါ့၊ ဟုတ်ပြီ လား"

"မဆိုနဲ့၊ ရှင့်ကို ဘယ်သူက နားထောင်မယ် ပြောနေလို့လဲ"

"ဒါပေမဲ့ ကိုယ် ဆိုတာကို မင်း ကြားရမှာပဲလေ။ နား ထောင်ကြည့်ပါဦး၊ ကိုယ့်အသံကို နားထောင်ပြီးရင် မင်း R ဓာနည်ကိုတောင် ကြိုက်မှာမဟုတ်တော့ဘူး ...

အိုကေ ... သိပ်အများကြီး မဆိုပါဘူး။ ခံစားချက် နဲ့ တိုက်ဆိုင်တာတွေလောက်ပေါ့၊ ကဲ ... ဘိုင့်ဘိုင်၊ မင်း နားလိုက်ဦး။ ညကိုးနာရီမှာ ကိုယ်တို့ရဲ့ ပလက်ဖောင်းရှိုးကို စ,မယ်"

သူက ပြောပြောဆိုဆိုဖြင့် ဖုန်းကို ချသွားသည်။ မာန်သည် ဖုန်းခွက်ကိုကိုင်လျက် ငေးပြီးကျန်ရစ်ခဲ့သည်။ အဲဒီ နောက်မှာတော့ တနုံ့နုံ့ဖြင့် အိပ်ရာထက်မှာ လှိမ့်နေမိတော့သည်။ ညနေဘက်မှာ လေးဖေနဲ့အတူတူ ထမင်းစားပွဲဝိုင်မှာ ထိုင်ဖြစ် လျှင် လေးဖေကတောင် မှတ်မှတ်ရရ မေးလာခဲ့သေးသည်။ လေးဖေက ထမင်းစားပြီး မာန်ကတော့ ကြက်စွပ်ပြုတ် သောက် နေခဲ့တာဖြစ်သည်။

"သမီးဆီကို ဟိုကောင်လာသေးလား"





နေမြဲမိုးဇန်ကို ဆိုလိုမှန်း သိသော်လည်း မာန်က တော့ နည်းနည်း ရှုးချင်ယောင် ဆောင်လိုက်သေးသည်။

"ဘယ်သူ့ကို ပြောတာလဲ လေးဖေ"

"ဟိုတစ်ခါ ဝပ်ရှော့ကိုတောင် ခွင့်ပန်ပြီး လာတဲ့ကောင် လေ။ မင်းသား ရှုံးအောင် အလှပြင်ထားတဲ့ကောင်ကို ပြောတာ"

"ဪ ... လာတော့ လာတယ်၊ ဒါပေမဲ့ မာန့်ကိုတော့ ဘာမှမပြောတော့ပါဘူး"

– ဘာကြောင့် ညာမိသွားသလဲ ဆိုတာတော့ မာန့်ကိုယ် နှ် မသိပါ။

"ဟင်း ... လာတာကတော့ လာသေးတယ်ပေါ့။ ပုံစံကိုက အချိုးမပြေတဲ့ကောင်၊ ခပ်တင်းတင်းပဲ ဆက်ဆံနော်သမီး။ ဒီကောင်တွေက ဘာမှ အလေးအနက်ထားတဲ့ကောင်တွေ မဟုတ်ဘူး။ ခပ်ပေါ့ပေါ့သမားတွေ"

"ဟုတ် ... လေးဖေ"

"အေး ... မနက်ဖြန် ကျူတိုရီရယ် မရှိတော့ဘူး မဟုတ် လား။ ဒီညတော့ စာမကျက်ဘဲ အေးအေးဆေးဆေး နား လိုက်တော့လေ။ စောစောအိပ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

စားသောက်ပြီးသောအခါ မာန်က ကိုယ်လက်သန့် ပြီးနောက် အိမ်ပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ ဝတ္ထုစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်နှင့် အိပ်ရာပေါ်မှာ အေးအေးဆေးဆေး နှပ်ဖို့ပြင်သော မာန်သည် မျက်လုံးကလည်း နာရီကို တစ်ချက်ကြည့်မိသေးသည်။ နာရီက ခြောက်နာရီခွဲကို ညွှန်ပြနေသည်။ ကိုးနာရီမှာ သီချင်းလာဆိုမှာတဲ့။ မာန်သည် အဲဒီအသိကြောင့် နည်းနည်း နေရထိုင်ရခက်ကာ ဝတ္ထုထဲသို့ မနည်းစိတ်နှစ်လိုက်ရသည်။ ဘယ်လောက်တောင်များ စိတ်နှစ်ထားသလဲတော့ မပြောတတ်၊ တခေါင်ခေါင်တဒင်ဒင်ဖြင့် ဂစ်တာကြိုးညှိသံတွေ ကြားတော့မှ ဂ တို့ရောက်လာပြီဆိုတာ သိရသည်။

မာန်သည် ဒိတ်ခနဲ ဖြစ်သွားသော ရင်ခုန်သံနှင့်အတူ ခန်းဆီးစကို အသာဟဲကာ ချောင်းကြည့်လိုက်လျှင် လမ်းရဲ့တစ်ဖက်မှာ ရပ်ထားသော သူ့ရဲ့ပြိုင်ကားကို တွေ့ရသည်။ ပြိုင်ကားရဲ့စက်ဖုံးပေါ်မှာ တက်ထိုင်နေတာက သူနဲ့ သူ့သူငယ်ချင်းတစ်ဦးဖြစ်သည်။

ဂစ်တာတွေဖြင့် သူတို့အုပ်စု၏ လှုပ်ရှားမှုသဲ့သဲ့ကို မီးရောင်အောက်မှာ မြင်နေရသည်။ ခဏကြာလျှင် ဂစ်တာသံက စတင်ထွက်ပေါ်လာပြီး မာန်ကြိုက်သော "ကောင်မလေး"သီချင်းကို စတင်တီးခတ်သည်။

မာန်သည် ဂစ်တာသံနဲ့ သီချင်းသံရဲ့အစပထမပိုင်းလေးကို ကြားရုံနဲ့တင် သူပြောတာကို ယုံကြည်သွားသည်။ ဂစ်တာလက်သံကလည်း မညံ့သလို၊ ဆိုနေသော အသံကလည်း တက်ယှ်ကို ပိုင်ပိုင်နိုင်နိုင်။





"ဒီတစ်ညတော့ ကောင်မလေးရာ ... သံစဉ်လေးနဲ့ သူ အိပ်ဖို့ရာ ... ဂစ်တာလေးတစ်လက် ကိုယ်ထမ်းလို့လာ ... မင်းလေး အိပ်ပြီလား ... မအိပ်သေးနဲ့ ကောင်မလေးရာ"

မာန်သည် သီချင်းထဲမှာ မျောနေသောကြောင့် သီချင်းပြီးဆုံးသွားတာကိုတောင် မသိတော့ချေ။ သီချင်းတစ်ပုဒ်ပြီးတော့မှပင် ပြတင်းပေါက်နောက်ကွယ်မှာ ရပ်နေသော ကိုယ့်ကိုယ်ကိုယ် ပြန်သတိရကာ အိပ်ရာထက်သို့ ပြန်လှည့်ရောက်ရှိလာသည်။ မာန် အိပ်ရာထက်မှာ လှဲချလိုက်စဉ်မှာပဲ သူတို့အဖွဲ့မှ နောက်တစ်ပုဒ် တီးခတ်သည်။ ဒီတစ်ခါ ဆိုတာကလည်း မာန်ကြိုက်သော ထက်နေကြည်ရဲ့သီချင်းတစ်ပုဒ်ဖြစ်သည့် "နောက်ဆုတ်ဖို့ ကြိုးစားရင်း"။

"ညလေးတစ်ည ကောင်းကင်ကြီးထက်မှာ ... နေရာတကာ ကိုယ်ထင်ပြနိုင်တဲ့ မင်းပေါ့ကွာ ... နောက်ဆုပ်ဖို့ ကြိုးစားရင်း ရှေ့ဆက်တိုးမိ ... မေ့ပျောက်ဖို့ အားထုတ်မှ ပိုမိုကာ သတိရမိ"

ဩော် ... သူက မာန့်ကို မေ့ပျောက်ဖို့ အားထုတ်သတဲ့လား။ ဖြစ်တော့ ဖြစ်နိုင်ပါသည်။ မာန် ဆက်ဆံနေသော ပုံစံမှာ တော်ရုံယောကျ်ားလေး နောက်ဆုတ်သွားချင်သည့် ဆက်ဆံနေပုံမျိုးဖြစ်သည်။ ဒီအတွက် သူများနောက်ဆုတ်သွားလေမလား။ သို့သော် သူကတော့ မာန့်ရဲ့မျက်ဝန်းတွေထဲသို့ တည့်တည့်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ မင်းကို ကိုယ် ဘယ်တော့မှ နောက်မဆုတ်ဘူးဟု ရဲရဲ ဝံ့ဝံ့ ပြတ်ပြတ်သားသား ပြောသွားတာကိုလည်း မှတ်မိသေးသည်။ အဲဒီအပြောသည် မာန့်အနားနားမှာ ခုလေးတင် ကပ်ပြောလိုက် သလို နွေးထွေးစွာ ဖိုလှိုက်သွားသည်။

"မင်းရဲ့ဆံနွယ်တွေ လေမှာလွင့်နေတယ် ... ညင်သာစွာ နမ်းရှိုက်ခွင့်တော့ ရချင်လည်း ... တကယ်ဆိုရင် ဝေးဝေး က လှမ်းကြည့်ရင် ... ရင်ထဲနွေးညှဲ့ လွမ်းနေရုံလေးပဲ ...

အိပ်မက်သာဆို ပြန်ငြိမ်နေလိုက်ပါမယ် ... ကြာလာ ရင် ရှန်းထွက်ဖို့ သိပ်ခက်မယ် ... ဒါဆိုရင် မခင်တွယ် လုံလောက်မယ့် အကြောင်းအရင်း ... မင်းဆီမှာ ရှာတော့ မတွေ့ခဲ့ဘူးကွယ် ... ကိုယ် ဘယ်လို ဆက်လုပ်ရမယ်တော့ မသိအောင် ... မင်းစိတ်နဲ့ တွေဝေပြီး ပူလောင်ရင်း ... ရင် ခုန်သံ မကျယ်ခင် ငါ မေ့လိုက်ချင်လည်း ...

နင် မမြင်လိုက်ရတဲ့ ကြိုးချည်သွား ... စိတ်ကူးနဲ့ ရူး ... မင်းနဲ့ နီးချင်ပြီ ချစ်ခွင့်ရပြီ ... ငါဟာ တစ်ယောက် တည်း ထိန်းချုပ်ထားဖို့ ခက်နေပြီ ...

မင်း အချစ် ရချင်ပြီ"

မာန်သည် အတွေးထဲမှာ နစ်နေသဖြင့် သီချင်း နောက်တစ်ပုဒ် ပြောင်းသွားတာတောင် မသိလိုက်။ ဒီတစ်ခါ သော သီချင်းကလည်း သူ့ရဲ့ခံစားချက် ဖြစ်ပုံရသည့် ကောင်းမြင့်





ရဲ့ "ချစ်ခွင့်ရချင်ပြီ" သီချင်းဖြစ်သည်။ သူ့ သီချင်းတွေဟာ ခံစား ချက်နဲ့ သီဆိုနေသော သီချင်းများ ဖြစ်နေတာကြောင့်လားတော့ မသိ။ တကယ်ကိုပဲ နားထောင်လို့ ကောင်းတာတော့ မငြင်းနိုင်ပါ။ အဲဒီအချိန်မှာပဲ သီချင်းသံက တုံ့ခနဲ ရပ်သွားကာ စကားသံအချို့ ကို ကြားရလျှင် မာန်သည် အိပ်ရာထက်မှထကာ ပြတင်းပေါက် မှ ချောင်းကြည့်မိသည်။ အဲဒီမှာ မာန်တွေ့ရတာက သူတို့အဖွဲ့ ကို သွားရှုပြဿနာရှာနေသော လေးမာန်ကိုပဲ ဖြစ်ပါသည်။

အဲဒီအဖြစ်အပျက်ကြောင့် မာန် နည်းနည်းစိတ်ရှုပ် သွားသည်။ ကြည်လင်နွေးထွေးနေသော စိတ်ကလေးမှာ ဘယ်ကို လွင့်ထွက်သွားသလဲတော့ မသိပါ။ "လေးဖေကလည်းနော်" ဟူ သော ဟန့်တားသည့် အတွေးလေးမှာ မာန့်ဦးနှောက်ထဲ၌ ပေါ် လာကြောင်း လေးဖေသာသိလျှင် မာန့်ကို နားရင်းအုပ်ချင်နေမည် လား မပြောတတ်။ မာန်သည် အိမ်ပေါ်ကနေ ချောင်းကြည့်ကာ စိတ်တိုတတ်သော လေးဖေအတွက် စိတ်ပူလာသည်။ ဒါကြောင့် စိတ်တထင့်ထင့်နဲ့ ချောင်းကြည့်နေတုန်းမှာပဲ အောက်ထပ်က ဆူညံ ဆူညံ အသံတွေကို ကြားရခြင်းဖြစ်သည်။ အော်ဟစ်သံ၊ တွန်းသံ၊ ဆွဲလွဲသံတွေကို ကြားရပြီးတဲ့နောက်မှာပဲ မာန်က အခန်းတံခါးကိုဖွင့်ကာ အောက်သို့ အပြေးအလွှား ဆင်းခဲ့သည်။ အောက်ထပ်မှ ဒေါ်ကြီးကလည်း မာန့်ဆီကို တက်လာမည့်ပုံစံနှင့် လှေကားဝမှာ ဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်နေတာလဲဟင် ဒေါ်ကြီး"

"အေး ... အိမ်ရှေ့မှာ ကောင်လေးတွေ ဂစ်တာလာတီး နေတာကို လေးမာန်က သွားထွက်ပြောရင်းနဲ့ ပြဿနာဖြစ် နေကြတာနဲ့ တူတယ်ကွယ် ...

ဒုက္ခပါပဲ၊ အကျယ် အကျယ်နဲ့ မငြိမ်းဖွယ်တွေဖြစ် ကုန်တော့မှာပဲ"

ဒေါ်ကြီးကပါ ညည်းညူနေလျှင် မာန်က ပို၍စိတ် ပူလာသည်။ အဲဒီအချိန်မှာပဲ လေးမာန်က ဒေါသတကြီးဖြင့် အိမ်ထဲသို့ ပြန်ဝင်လာလေသည်။ မာန်သည် လေးမာန် အနားသို့ ပြေးကပ်သွားမိကာ ...

"လေးမာန် ... ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဟိုမှာ အိမ်ရှေ့မှာ သံသေးသံကြောင်နဲ့ သီချင်းလာဆိုနေကြတာလေ။ သမီးက နေကောင်းတာ လည်း မဟုတ်ဘူး။ အလကား စိတ်အနှောင့်အယှက်ဖြစ် အောင် အဲဒါ လေးမာန် သွားထွက်ပြောတာ။ အဲဒါကို ဂျစ်ကန်ကန် ပြန်ပြောနေလို့ လက်သီးနဲ့ ဆွဲထိုးပစ်ခဲ့တယ်"

မာန်သည် ပါးစပ်မှ အသံမထွက်နိုင်ဘဲ ပါးပေါ် အဟောင်းသား ပွင့်သွားသည်။ မျက်လုံးထဲတွင် သူ့ပုံရိပ် ချက်ချင်းပဲ မြင်ယောင်ပြီးလာသည်။ ဒါကြောင့် သေချာအောင် ထပ်ပြီး မေးလိုက်သည်။





"ဘယ်သူ့ကိုလဲဟင် လေးဖေ၊ ဘယ်ကလူတွေလဲ"

"ဘယ်ကလူတွေရမှာလဲ၊ ဟိုတစ်ခါ ဒီကိုလာတဲ့ကောင် တွေပေါ့။ အတင့်ရဲတဲ့ ကောင်တွေလေ၊ မှတ်လောက် သားလောက်ရှိအောင် သံလက်သီးတစ်လုံးကျွေးပြီး ဆုံးမ လိုက်တယ် ...

*ကဲ ... သမီး၊ အပေါ်ပြန်တက်တော့။ ဘာမှ စိတ် အနှောင့်အယှက် ဖြစ်မနေနဲ့၊ အေးအေးဆေးဆေး အိပ်တော့၊ အလကားကောင်တွေ၊ ပေကပ်ကပ် ဂျစ်ကန်ကန်နဲ့"*

လေးဖေက ဒေါသတကြီးဖြင့် ပွစိ ပွစိ ရေရွတ်ကာ နောက်ထဲဝင်သွားသည်။ မာန်သည် ရင်ထဲမှာ တစ်မျိုးဖြစ်လာ သောစိတ်ဖြင့် အပေါ်သို့ ပြန်တက်လာခဲ့သည်။ မာန့်ရင်ထဲတွင် ဘယ်လိုမှ မကောင်းချေ။ တကယ်တော့ သူတို့က အိမ်ရှေ့မှာ သီချင်းလာဆိုတယ် ဆိုပေမယ့် အနှောင့်အယှက်ဖြစ်အောင် သံသေး သံကြောင်နဲ့ ဝူးဝူးဝါးဝါး အော်ဟစ်နေကြတာလည်း မဟုတ်။ အဆောင်ရှေ့မှာ သီချင်းဆိုသူတွေလိုတောင် ဘာသီချင်းနဲ့ဖျော်ဖြေ ပါမယ်၊ ညာသီချင်းနဲ့ ဖျော်ဖြေပါမယ် ဆိုတာတွေတောင် လာ တာမဟုတ်။ သီချင်းအေးအေးလေးတွေကို တိတ်တိတ်ဆိတ်ဆိတ် နဲ့ အေးအေးဆေးဆေး ဖျော်ဖြေနေကြခြင်းဖြစ်သည်။ မာန်သည် လည်း အဲဒီသံစဉ်တွေကြားမှာ မွေ့လျော်အေးဆေးနေခဲ့တာဖြစ် သည်။ ခုတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



လေးမာန်က သူ့ကို လက်သီးနှင့် ပိတ်ထိုးလိုက်သတဲ့။ သူကတော့ ဘာမှပြန်မလုပ်ဘူးဟု ထင်သည်။ ပြန်မလုပ်လို့ပဲ ဒီလောက်နဲ့ပြီးသွားတာ ဖြစ်နိုင်သည်။ သူတို့ကသာ အခြေအတင်တွေ ပြန်လုပ်နေလျှင် ဒီကိစ္စက ဒီလောက်နဲ့တောင်ပြီးမှာမဟုတ်တော့။ မာန်သည် ခေါင်းကို ဖြည်းဖြည်းချင်းယမ်းကာ ဒီကိစ္စမှာတော့ လေးမာန် လွန်သည်ဟု ထင်မိလေသည်။ သူ့အတွက် သနားစိတ်သည် မာန့်ရင်ထဲ၌ အုံဖွဲ့ပြီး တည်နေပြီဖြစ်သည်။ ဘာ့ကြောင့်မှန်းမသိဘဲ မာန်သည် မနက်ဖြန်ကို အကြီးအကျယ်မျှော်လင့်နေမိသည်။

သူ မနက်ဖြန် မာန့်ဆီ ရောက်လာနိုင်ပါ့မလား။





## ၁၀

"ငါ့သားလေးက နံရိုးပေါင်းကို မစားဘူးလား"

သူ့အမေက သူ စားနေသော မြူစွမ်ပန်းကန်ကို ကြည့်ပြီး မေးလိုက်တာဖြစ်သည်။ သူ့မှာ ညက မာန်ရဲ့ဦးလေး လက်စွမ်းပြသော ဒဏ်ရာကြောင့် မေးရိုးတစ်ခုလုံး နာကျင်နေကာ နံရိုးပေါင်းကို မစားနိုင်ပါ။ အောက်နှုတ်ခမ်း အတွင်းသားကလည်း ပေါက်သွားသေးသည်။ တော်တော်တော့ လက်ဆပြင်းသည့် ဘိုးတော်ပဲဖြစ်သည်။ သူက မာန့်မျက်နှာကြောင့် ဘာမှပြဿနာ ပြန်မလုပ်ဖြစ်ခဲ့ပါ။ ဒါကြောင့်လည်း ဒီလောက်နဲ့ပဲ ပြီးသွားတာဖြစ်သည်။ သူ့သူငယ်ချင်းတွေကတော့ သူ့ဘက်က မကျေနပ်ကြ။ ဒါပေမဲ့ ရပ်ကွက်က သူများရပ်ကွက်၊ သူများမြို့နယ်ဖြစ်ကာ၊ ပြဿနာလာရှာသူ ကိုယ်တိုင်က ချစ်သူရဲ့ဦးလေးအရင်းခေါက်ခေါက် ဖြစ်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးရောက် ဂါတ်ရောက် ဖြစ်ရလျှင် သူ့အမေ ပါလာမှာစိုးတာကြောင့် သူက အခြေအနေတွေကို ချိန်ထိုးတွက်ဆ ကာ ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်ခဲ့တာဖြစ်သည်။ မာန့်ကို ချစ်ခဲ့တာသည် ပေါ့ပေါ့ဆဆ မဟုတ်ခဲ့တာကြောင့် အရာအားလုံးကို သည်းခံနိုင်စွမ်း ရှိပါသည်။

"ဘာလို့ မစားတာလဲ သား"

"အင်း ... ဒီနေ့ စားချင်စိတ် သိပ်မရှိလို့"

"အလိုတော် ... ထူးထူးဆန်းဆန်းပါလား။ အရင်က နံရိုးပေါင်းဆို အသေအလဲ တွယ်တဲ့လူက။ သားစားရအောင် မနေ့ကတည်းက စီစဉ်ခိုင်းထားတာလေ ...

ဘာလို့ မြူစွမ်တွေ သောက်နေရတာလဲ၊ ဟင် ... သားမေးစေ့က ဘာဖြစ်တာလဲ၊ ယောင်နေပါလား၊ နှုတ်ခမ်းကရော ကွဲထားတာလား"

"အင်း ... ဘာမှမဖြစ်ပါဘူး"

"ဘာလို့ ဘာမှမဖြစ်ရမှာလဲ။ ကြည့်စမ်း ... ဟုတ်နေတာကို။ ဒါကြောင့် မြူစွမ်တွေပဲ သောက်နေတာပေါ့၊ ဟုတ်လား"

သူ့အမေက သူ့ကို အရိပ်တကြည့်ကြည့် ဖြစ်နေသော အမေပီပီ သူ ဘာဖြစ်နေတယ် ဆိုတာကို ချက်ချင်းရိပ်မိသွားကာ သူ့အနားသို့ ရောက်လာလျက် သူ့မေးစေ့ကို စေ့စေ့စပ်စပ် ကိုင်တွယ်ကြည့်ရှုသည်။





"ပြောစမ်း ... ဒါက ဘာဖြစ်တာလဲ။ ရန်ဖြစ်လာတာပေါ့ ဟုတ်လား"

"ရန်မဖြစ်ပါဘူး မေမေရာ၊ ဒီလိုဖါပဲ"

"ဟဲ့ ... ရန်မဖြစ်ဘဲနဲ့ ဒီဒဏ်ရာက အလကားရနေပါ့မလား၊ ပြောစမ်း ... သားကို ဘယ်သူလုပ်လွှတ်လိုက်တာလဲ"

"ဒီလိုပါပဲ မေမေရာ။ အခန့်မသင့်လို့ ဖြစ်သွားတာပါ။ ဟိုလို ရန်ပွဲကြီးတွေဖြစ်တာ မဟုတ်ပါဘူး။ ရန်ဖြစ်ရင် သား ဒီလို အိမ်ကိုအေးအေးဆေးဆေး ပြန်လာမလား မေမေရဲ့"

"အို ... ဘာပဲဖြစ်ဖြစ် ဒီလို ဒဏ်ရာရလာတယ် ဆိုကတည်းက မကောင်းတာပဲ၊ သားနော် မင်းကို မေမေက လွှတ်လွှတ်လပ်လပ် နေခွင့်ပေးထားတာ ဒီလို ပေါက်ကရ အလုပ်တွေလုပ်ဖို့ မဟုတ်ဘူး ...

ဒီလိုတွေ စည်းပျက် ကမ်းပျက် ဖြစ်နေမယ်ဆိုရင် မင်းကို မေမေ ကျပ်ရလိမ့်မယ်"

"အာ ... မကျပ်ပါနဲ့ မေမေရာ၊ စိတ်ချပါ၊ နောက်မဖြစ်စေရပါဘူး၊ ဒါကလည်း တမင်တကာ မရည်ရွယ်ဘဲ စကားများသွားလို့ ဖြစ်သွားတာပါ ...

စိတ်မပူပါနဲ့ မေမေရော၊ နောက် ဒါမျိုး မဖြစ်စေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ကောင်လေးနော်၊ ကြပ်ကြပ်သတိထား"

"ဟုတ်ကဲ့ပါ မေမေရာ၊ ဝေါမီသော်ဖော်၊ သွေ့ပုချိ၊ ဝေါ အိုက်နီ၊ ကဲ ... ချစ်မေမေလေး၊ သား ဒိုးတော့မယ်"

"ဒိုး ဒိုး ... ကောင်းကောင်းလည်း ဒိုးဦး"

"ဟဲ ... ဟဲ ... တာ့တာ"

သူက သူ့အမေရဲ့ပါးကို တစ်ချက်နမ်းမွှေးကာ အိမ်ထဲမှ ကားမောင်းပြီး ထွက်လာခဲ့သည်။ ဒီနေ့တော့ သူမတို့ လမ်းထိပ်ကို မသွားတော့ဘဲ သူက ဆေးကျောင်းကိုပဲ ဒါရိုက် မောင်းလာခဲ့သည်။ ကျောင်းရောက်လျှင် သူ့ကားကို ထိုးနေကြ ပါကင်မှာ မထိုးဘဲ တစ်နေရာမှာ ထိုးထားလိုက်ကာ သူမကို ပုန်း၍စောင့်နေလိုက်သည်။ သူမကားလေးကတော့ ရောက်နေကျ အချိန်အတိုင်း ရောက်လာကာ သူမက ကားတံခါးဖွင့်လျက် ဆင်းလာသည်။ မနေ့ကထက်စာလျှင်တော့ နည်းနည်းလန်းဆန်း သယောင်ရှိသော သူမသည် အဖြူရောင် ရုပ်အင်္ကျီလက်ရှည်လေးကို ကချင်လုံချည်အနက်ရောင်ဖြင့် သပ်ရပ်သန့်ရှင်းစွာ ဝတ်ဆင်ထား သည်။

အပြာရောင်လေးထောင့်ဆွဲခြင်းလေးကို ဆွဲကာ ခပ် မတ်မတ်နဲ့ ကြော့ကြော့ရှင်းရှင်း လမ်းလျှောက်လာပုံမှာ လူနာတွေ အားကိုးချင်စဖွယ်ဖြစ်သော ဆရာဝန်မလေးရဲ့ရုပ်သွင် ပေါက်ပါ သည်။ တကယ်တော့ သူ့ရဲ့ချစ်သူ ကောင်မလေးမှာ တခြားဘယ် ကောင်မလေးနဲ့မှ မတူသော ငြိမ်းချမ်းသည့် အလှပိုင်ရှင်လေးဖြစ်





သည်။ သူ တွေ့ဖူးသော မိန်းကလေးတွေလို ပဲများများ၊ စတိုင်လ် များများ၊ အခြေကြီးကြီးထဲက မဟုတ်ဘဲ တကယ့်ကို သဘာဝ ဆန်သော ကောင်မလေးမျိုးပဲ ဖြစ်ပါသည်။ သူက သူမရဲ့ပုံစံကို အကဲခတ်ကြည့်မိသည်။

သူ့ကိုယ်သူ ဘဝင်မြင့်ပြီး ပြောတာမဟုတ်ပါ။ သူမရဲ့ မျက်လုံးလေးတွေသည် တစ်စုံတစ်ယောက်ကို ရှာဖွေနေ သလိုပဲဟု သူ ခံစားရပါသည်။ ပြီးတော့ လည်ပင်းလေးတွေက ဟိုကြည့် ဒီကြည့် ဖြစ်နေသည်။ သူသည် ကြည်နူးစွာဖြင့် တစ် ချက်ပြုံးလိုက်ကာ သူမရဲ့အနောက်ကနေ အသာကပ်လိုက်လာခဲ့ သည်။

သူမက Sixth Sense ရနေသလားတော့ မပြောတတ် ပါ။ အေးနားမကျတကျ ရောက်လာသော သူ့ကို တစ်ချက်စောင်း ငဲ့ကြည့်သည်။ သူက အပြုံးတစ်ပွင့်ဖြင့် နှုတ်ဆက်ကာ ခေါင်းတစ် ချက် ဆတ်ပြလိုက်သည်။ အရင်လိုတော့ သိပ် fresh ဖြစ်သော ဒိုင်းကို မလုပ်။ သူမ မျက်ဝန်းတွေသည် သူ့ကိုမြင်သောအခါ သက်ခနဲ တောက်ပသွားသည်ဟု ထင်သည်။ ပြီးတော့ ချက်ချင်း သိလိုပဲ မျက်လုံးက သူ့ဒဏ်ရာကို ရှာဖွေတွေ့ရှိသွားသည်။

"ရှင့် မေးစေ့နဲ့ နှုတ်ခမ်းက ဒဏ်ရာက ..."

"အန်ကယ်ကြီးရဲ့ ချစ်သက်လက်ဆောင်ပေါ့"

"ဘယ်လိုဖြစ်ရတာလဲ၊ ရှင်က လေးမေကို ဘာတွေသွား ပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပြောရပါလားကွာ၊ သူက မင်း ဆက်မဆိုနဲ့ပြန်တော့လို့ ခွေးမောင်းသလို မောင်းထုတ်နေလို့ နောက်ဆုံးတစ်ပုဒ်လောက်တော့ ဆိုပါရစေလို့ ပြောမိတာနဲ့ ဆွဲထိုးတော့တာပါပဲ"

သူမက ဖြစ်မှဖြစ်ရလေဟူသော အကြည့်မျိုးဖြင့် ကြည့်သည်။ အဲဒီအကြည့်တွေထဲတွင် ကရုဏာရိပ်တွေ ပါဝင်နေသောကြောင့် သူ့ရင်ထဲ၌ အတိုင်းထွက်အလွန် ကျေနပ်သွားသည်။ လက်သီးတစ်လုံး၏ နောက်ဆက်တွဲ အကျိုးကျေးဇူးမှာ တုမတော်၏နှလုံးသားတစ်စုံဆိုတာ ဘိုးတော်ကြီး သိမှသိပါလေစ။ သည်းခံခြင်းတရားသည် အောင်မြင်ခြင်းတရားတစ်ခု ဆိုတာကို ပညာရှိအဆက်ဆက် မိန့်ဆိုခဲ့ကြတာကို မှတ်မိနေပါသေးသည်။

"လေးဖေအတွက် ကျွန်မ ကြားထဲက တောင်းပန်ပါတယ်"

အို ... တောင်းပန်သတဲ့။ ဒါ သူ့နတ်သမီးလေးရဲ့ နှုတ်ဖျားမှ ထွက်ကျလာသော စကားမှ ဟုတ်ပါလေစ။ သူသည် ဘုံကြီးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ်ကို မမြင်ဘူးသလို ငေးကြောင်ပြီး ကြည့်နေမိသည်။ သူမက သူ့ကို အတန်ကြာ စိုက်ကြည့်နေပြီးမှ တစ်ချက်ပြုံးပြသည်။ သူသည် အဲဒီအပြုံးကို မြင်ရသောအခါ သိဝိမင်းကြီး ရှုံးသွားရတယ်ဆိုသော အကြောင်းကို ထူးပြီး မအံ့သြတော့ချေ။ သူက ငေးကြောင်ကြည့်နေစဉ်မှာပဲ သူမက သူ့လက်ထဲသို့ တစ်စုံတစ်ရာကို ကမ်းပေးသည်။



သူ ငုံ့ကြည့်လိုက်သောအခါ ထမင်းချိုင့်၊ ရေဘူး၊ ...ကြပ်၊ ဂျူတီကုတ် စတာလေးတွေ စီရရီထည့်သိုထားသော ...မရဲ့လေးထောင့်ခြင်း ပြာပြာလေး ဖြစ်သည်။ သူသည် မယုံနိုင် ...င်းများစွာဖြင့် သူမကို မော့်ကြည့်မိသည်။ သူမက သူ့ကိုမျက် ...တောင်ဖျားတွေ ကော့တက်လာအောင် ပြုံးပြနေသည်။

အို ... အဲဒီ မျက်တောင်ဖျားတွေပေါ်မှာ တစ်ရေး ...လောက် တက်အိပ်ချင်လိုက်တာ။

♥ ➡ ♥

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာကြီး ဦးဖိုးကျားသည် အခမဲ့ကူလီထ
ရခြင်း၏ အကျိုးကြောင့် ပညာတတ် ဖနောင့်သံစူးစိတ်ဓာတ်
ရှင် တက္ကသိုလ်ကျောင်းသားတစ်ယောက်ကို အမြင်မှန်ရလာအော
စွမ်းဆောင်နိုင်ခဲ့သည်။ သူသည်လည်း အမြင်ကတ်သည့်ပုဒ်မ
ဘလိုင်းကြီး အထိုးခံလိုက်ရသော လက်သီးတစ်လုံးရဲ့အကျိုးကြေ
မာနခဲကလေး မေမာန်မိုး၏ အသိအမှတ်ပြုမှုကို ရရှိခဲ့လေသ
လူဆိုသည်မှာ ကံကောင်းခြင်းကို စတင်ခံစားလာရသောအခါ
လောကကြီးဟာ တရားမျှတမှု ရှိပါလားဟု ယုံကြည်လက်ခံ
တတ်ကြသည်။ အခုချိန်မှာလည်း သူ့အတွက် လောကကြီးသ
တရားမျှတမှုရှိသည်ဟု ထင်ပါသည်။

မေမာန်မိုးနဲ့ သူသည် အခုဆိုလျှင် တစ်ယော
တစ်ယောက် ကြည်ဖြူစွာ ဆက်ဆံသည့် အနေအထားသို့ ရော
နေပြီဖြစ်သည်။ နေ့ခင်း ထမင်းစားချိန်ဆိုလျှင် သူက သူမ
သို့ အပြေးအလွှား ရောက်သွားကာ သူမနဲ့အတူ တွေ့ဆုံ
ကြိုးစားဆဲ။ တစ်ခါတလေမှာတော့ နေ့ခင်းဘက်တွေမှာ သူ





ညိုလုံးတို့ သစ်ပင်ရိပ်က ခုံလေးတွေမှာ စာအတူထိုင်ဖတ်နေတာ
ကို တွေ့ရစမြဲ။ အဲဒီအခါမျိုးတွေမှာ သူ ရောက်သွားလျှင်တော့
ညိုလုံးက အလိုက်တသိ ရှောင်ပေးတတ်သည်။ ဒါကြောင့်လည်း
သူက ကျေးဇူးသိတတ်ခဲ့ပါသည်။ ဒီနေ့လည်း သူက အတန်းပြီး
သွား၍ သူမတို့ကျောင်းသို့ နေ့ခင်းဘက် ထွက်လာခဲ့လျှင် ညိုလုံး
နဲ့ သူမကို သစ်ပင်ရိပ်အောက်က ခုံတန်းလေးမှာ စာအတူထိုင်
ဖတ်နေတာကို တွေ့ရသည်။ သူက ညိုလုံးအတွက် ဝယ်လာသော
ချယ်လီဘူးကို ကမ်းပေးလိုက်သည်။

"ဘာလဲ ... နင်က ငါ့ကို တစ်နေ့တစ်မျိုးနဲ့ လာဘ်ထိုးနေ
တာလား"

"လာဘ်ထိုးတာတော့ မဟုတ်ပါဘူး။ ပူဇော်ပသတာ
ပါ"

"ဟင်းနော် ... မုန့်ကြွက်ကလေး ကျွေးသလို ဟိုမုန့် ဒီမုန့်နဲ့
တော့ မရတော့ဘူး၊ ကြက်ကြော်ကို ဟမ်ဘာဂါတို့နဲ့မှ
ရမယ်"

"ဆီဒိုးနားမှာ သွားစားချင်လည်း ရတယ်၊ ဒါပေမဲ့ နင်နဲ့
ငါ နှစ်ယောက်တည်း သွားရမှာ ဆိုရင်တော့ မသွားဘူး"

"အောင်မာ ... အစုတ်ပလုတ်ကြီး ... ဟင်း။ ဘယ်သူက
ရော နင်နဲ့ နှစ်ယောက်တည်း သွားမယ် ပြောနေလို့လဲ"

"ဒါပေမဲ့ နင့်စိတ်ထဲမှာ ကျိတ်ကြံရင် ကြံနေမှာပေါ့"

"ဟင်း ... သွားသေလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ညိုလုံးက ဒေါသထွက်ထွက်နှင့် ဆောင့်ဆောင့်အောင့် အောင့် ထထွက်သွားလျှင် သူက ခပ်ပြုံးပြုံးဖြင့် သူမကို လှည့်ကြည့် လိုက်သည်။ သူမက အေးချမ်းသော အပြုံးတစ်ခုဖြင့် ထိုင်နေသည်။ သူက သူမရဲ့ဘေးတွင် အသာအယာ ဝင်ထိုင်လိုက်သည်။ သူ ထိုင်လျှင်ထိုင်ချင်း သူမကပဲ စကားစတင်ပြောပါသည်။

"နေမြဲမိုးဇန် ... ရှင် တစ်လကို ရေမွေး ဘယ်နှပုလင် လောက် ကုန်လဲ"

သူက သူမ ဘာကိုဆိုလိုပြီး မေးတယ်ဆိုတာ သိ သည်။ သူက သူမရဲ့မေးပုံလေးကို သဘောကျစွာဖြင့် ပြုံးကာ ပြန်မေးလိုက်သည်။

"စိတ်ဝင်စားလို့လား"

"စိတ်ဝင်စားပါတယ်၊ တစ်လ တစ်လ ရှင့်အလှပြင်စရိ ကလည်း တော်တော်ကုန်မှာပဲနော်"

သူက ဒီတစ်ခါ အပြောကိုတော့ မပြုံးနိုင်တော့ အသံထွက် ရယ်မောမိသည်။ ပြီးတော့ သူမကို အင်မတန် မြတ်နိုးသော မျက်ဝန်းများဖြင့် ငေးကြည့်မိကာ ...

"ကိုယ့်အလှပြင်စရိတ်ကို ကိုယ့်မားသားလေးက တတ် ပါတယ်"

"ဘယ်လို ! မားသားလေး၊ ဟုတ်လား"

"အင်း ... မားသားကြီး မဟုတ်တဲ့ မားသားလေး ဒီမှာ ကြည့်။ မသိရင် ကိုယ့်ရဲ့အဒေါ် ဒါမှမဟုတ် အ လို့တောင် ထင်ရတယ်"





သူက Wallet ထဲတွင် အမြဲဆောင်ထားသော မေမေ့ရဲ့ Half PC ကိုယ်တစ်ပိုင်းဓာတ်ပုံလေးကို ထုတ်ပြလိုက် သည်။ ဓာတ်ပုံထဲတွင် သူ့အမေသည် ကားတံခါးကို မှီရပ်နေ တာ အနက်ရောင်ကုတ်အင်္ကျီ။ အဖွေအလိပ် ဆံပင်တို့ကို ယဉ်စစ မျက် ပြေပြစ်နူးနယ်သော မိတ်ကပ် အနေအထားဖြင့် အထက် တန်းကျစွာ ချောမောနေသည်။ မနှစ်တုန်းက ရိုက်ထားသော ဓာတ်ပုံ ဖြစ်သော်လည်း ဒီနှစ်မှာလည်း ဒီအတိုင်းသာ ဖြစ်လေသည်။

"ဟယ် ... ဒါ ရှင့်အမေ"

သူမက အံ့ဩဟန်ဖြင့် ဆိုသည်။ သူသည် သူ့အမေ ရဲ့ နုပျိုလှပမှုအတွက် အမြဲဂုဏ်ယူရသူ ဖြစ်ပါသည်။

"ဟုတ်ပါ့၊ အဲဒါ ကိုယ့်ကို သူကိုယ်တိုင် ဝမ်းနဲ့လွယ်မွေး ခဲ့တဲ့ ချစ်မေမေပါခင်ဗျာ၊ အခုမှ ဖိုတီပဲရှိပါသေးတယ်"

"ရှင့်အဒေါ်လို့ပဲ ထင်ရတယ်နော်"

"That's Right ။ စိတ်ပျို ကိုယ်နုတာလည်း ပါမှာပေါ့။ မေမေက ကိုယ်နဲ့ ဘော်ဒါပေါင်း ပေါင်းတာကွ။ တစ်ခါ တလေ ကိုယ်တို့တောင် သူ့ကို လိုက်မမှီဘူး။ အရမ်းလန်း တယ် ..."

"အင်း ... ရှင့်မှာ အဖေ မရှိတော့ဘူးဆို။ ဒါဆို ရှင့်အမေ က တစ်ယောက်တည်း ရုန်းကန်လှုပ်ရှားနေရတာပေါ့။ သနားပါတယ်။ ရှင်က မအေကို မသိတတ်တဲ့သားနဲ့ တူ တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမအပြောကြောင့် သူက ရှုံ့မဲ့လို့ သွားမိသည်။ ဒါပေမဲ့ ဒါဟာ စေတနာစကားဟု ခံစားမိသဖြင့် အိလည်လည်ကြီးနဲ့တော့ ကြည်နူးဖို့ ကောင်းပါသည်။

"ကိုယ့်အမေက မင်းပြောသလောက်လည်း ရှန်းကန်လှုပ်ရှားနေရတာ မဟုတ်ပါဘူးကွာ။ သူ့အလုပ်ကို ကြော့ကြော့မော့မော့လေးသွားပြီး Air Con ခန်းထဲမှာနေ ကြော့ကြော့မော့မော့လေး ပြန်လာရတာပါ ...

မင်း ပြောသလိုကြီး ပင်ပန်းရုန်းကန်စွာ ရှာမနေရပါဘူးကွာ"

"ဘာပဲဖြစ်ဖြစ်ရလေ၊ ရှင့်ကို ရှာကျွေးနေရဟဲ့ အမေမုဆိုးမပဲ မဟုတ်လား။ အရိပ်ထဲမှာ ဘယ်လောက် ခိမ်ကျတယ်ပဲပြောပြော ဦးနှောက်တော့ စားရမှာပဲလေ ...

ရှင့်အနေနဲ့ အမေကို သိတတ်ပြီး တစ်နှစ်နေလို့မှ တစ်ခါလောက်တောင် ဇက်ကြောလေး ဘာလေး ဆွဲပေးဖူးလို့လား။ မေမေ အလုပ်မှာ အဆင်ပြေလား၊ ပင်ပန်းလားဟင်လို့ တစ်ခွန်းတောင် မေးဖူးလို့လား"

"အာ ... အာ ... ဘာတွေလဲကွာ။ ဒီမှာ မေမာန်မိုး။ ကိုယ် မင်းဆီကိုလာတာ၊ မင်းရဲ့လက်ချာတွေကို နားထောင်ဖို့ မဟုတ်ဘူးနော် ...

မင်းအနေနဲ့ ကိုယ့်ကို ဒီလိုလက်ချာတွေ ရိုက်ချင်တယ်ဆိုရင်လည်း ဒီလို ဖားတစ်ပိုင်း ငါးတစ်ပိုင်း အနေအထားနဲ့တော့ ရိုက်ပိုင်ခွင့် မရှိဘူး"





"ဘာရယ် ... ဘာဖားတစ်ပိုင်း ငါးတစ်ပိုင်း အနေအထားလဲ"

"ဟုတ်တယ်လေ၊ မင်းနဲ့ ကိုယ်နဲ့က ချစ်သူတွေမှ မဖြစ်ကြသေးတာ။ ကိုယ်ကပဲ မင်းကို ချစ်နေတာ။ မင်းကမှ ကိုယ့်ကို အချစ်တွေ ပြန်မပေးသေးတာ။ ဒီတော့ ကိုယ်တို့ အနေအထားက ဖားတစ်ပိုင်း ငါးတစ်ပိုင်း ဆက်ဆံရေးပေါ့ ...

ဟိုမရောက် ဒီမရောက် လွန့်လွန့်လူးလူး"

သူ့အပြောကို သူမက တစ်ချက်ရယ်သည်။ သူသည် ...ပွေးနေသော မျက်နှာလေးကို စိမ်ပြေနပြေ ငေးကြည့်နေရင်းမှ ...င်ထဲတွင် အချစ်စိတ်တွေက လှိုက်တက်ပြီးလာသည်။ တစိမ့်စိမ့် ...ကြည့်လေ ချစ်လေ ဆိုတာ ဒါမျိုးလားတော့ မသိပါ။

"မေမာန်မိုး"

သူက နူးညံ့တိုးသက်စွာ ခေါ်လိုက်လျှင် သူမက ...ရှိသော မျက်ဝန်းများဖြင့် လှည့်ကြည့်သည်။ သူသည် သူမမျက် ...နီးထဲသို့ ထည့်တည့်စိုက်ကြည့်ကာ အချစ်ဓာတ်တွေကို ပို့လွှတ် ...ိုက်ပါသည်။

"မင်း ကိုယ် တကယ်ချစ်တယ် ဆိုတာကို မယုံဘူးလား"

သူမ အဖြေရကျပ်သွားဟန် တူသည်။ တော်တော် ... မဖြေပုံထောက်တော့ ယုံတယ်လို့ ထင်ရပါသည်။ မယုံဘူးဆို ...ျှင် မယုံဘူးလို့ ပြန်ပြောရမည် မဟုတ်ပါလော။ သူမကတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အားနာနေမည့်လူမျိုး မဟုတ်ပါ။ သူက တိတ်ဆိတ်နေသော သူမကို စာနာထောက်ထားစွာဖြင့် နောက်ထပ်မေးခွန်းတစ်ခု ပြောင်းမေးလိုက်သည်။

"အိုကေ ... ဒါဖြင့်ရင် နောက်တစ်ခု ပြောင်းပေးမယ် မင်း ကိုယ့်ရဲ့အပြုအမူတွေ၊ ထားပါတော့ကွာ ကိုယ့်နေ ထိုင်ပုံတွေ၊ နောက် ကိုယ့်ရဲ့ History အဲဒါတွေကို အ စားနေတာလား"

"ရှင့်မိုဝက်ကို ကျွန်မ မကြိုက်တာတော့ အမှန်ပဲ"

"ဟား ဟား ... အဲဒီလို ပွင့်ပွင့်လင်းလင်း ပြောတာ သဘောကျတာပဲ။ ဒါပေမဲ့ မင်း တစ်ခုသိထားဖို့က အချ အကြိုက်က ထပ်တူမကျတတ်ဘူး ကောင်မလေးရဲ့ ...

ကဲပါ ... ကိုယ့်ရဲ့ History ကတော့ သမိုင်းဖြ သွားပြီမို့ အတိတ်မှာ ကျန်ရစ်ခဲ့ပြီ။ ဘာမှပြင်လို့မရ ဘူး။ မင်းလည်း ခေတ်နဲ့အညီ နေထိုင်တဲ့သူပါ။ အ တုန်းကဆိုတဲ့ အတွေးကြီးနဲ့ ခပ်ပိန်းပိန်း စဉ်းစားတတ် လူမျိုးတွေထဲမှာ မင်း မပါဘူး မဟုတ်လား။ အဲဒီ အတိတ်ဆိုတာ ထားလိုက်တော့ ...

လက်ရှိ ကိုယ်နေပုံထိုင်ပုံတွေကတော့ မင်းမကြိုက် တာ ဘာတွေရှိလဲ ... ပြော၊ ကိုယ် အတတ်နိုင်ဆုံး လို လျော့ပြင်ဆင်ပေးမယ်၊ ကိုယ့်ရာဇဝင်ကို မင်း ကြည့်လို ပါ။ မိန်းကလေးတစ်ယောက်ကို လိုက်လျှော့ပြင်ဆင်ပေး





တာ ဘာတစ်ခုမှ မရှိခဲ့ဘူး။ အဲလိုကောင်တွေကိုလည်း အထင်မကြီးခဲ့ဘူး ...

ဒါက မင်းကို မတွေ့ခင် အချိန်ထိပေါ့လေ။ ကိုယ် မင်းကို တကယ်ချစ်တာပါ မေမာန်မိုး။ အဲဒီအတွက် မင်း ဆန္ဒဆိုတာတွေကို လိုက်လျောချင်စိတ်တွေ ဖြစ်လာတယ်။ ဒါဟာ ချစ်သူကို တကယ်ချစ်မိသွားတဲ့ ယောကျ်ားလေး တိုင်းရဲ့ ဆန္ဒပါ ...

ကဲ ... ပြော၊ မင်း မကြိုက်တာ ဘာတွေလဲ။ ရေ မွှေးဆွတ်တာ မကြိုက်ဘူးလား"

သူ့အပြောကို သူမက နှစ်လိုစွာပြုံးသည်။ အဲဒီအပြုံး ကြောင့် ပါးမို့လေးနှစ်ဖက်က မြင့်တက်လာသောအခါ သူ အင် မတန် အသည်းယားသွားပါသည်။

"အဲဒါတွေက အသေးအဖွဲ့တွေပါ။ လူတစ်ယောက်မှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုတာ ရှိတာပဲလေ ...

ရှင် ကျောင်းပြီးတော့မယ် မဟုတ်လား။ ကျောင်းပြီး ရင် ဘာလုပ်ဖို့ စဉ်းစားထားလဲ"

"အမှန်အတိုင်း ပြောရင်တော့ မစဉ်းစားထားပါဘူး၊ ဒါပေမဲ့ မင်းခုလိုမေးလိုက်တော့ စဉ်းစားရမယ်ဆိုတာ သိလာတယ် ...

အဲဒါကမင်းအတွက် အရေးကြီးနေလို့လား၊ ဘာလဲ မင်းက ကိုယ် အလုပ်အကိုင် အတည်တကျနဲ့ဆိုရင် လက်ထပ်ဖို့အထိတောင် စဉ်းစားတော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောကို သူမက မျက်စောင်းတစ်ချက် ထိုးပါသည်။ အဲဒီမျက်စောင်းလေးသည် နူးညံ့ကာ မိန်းမဆန်လွန်းအားကြီးသောကြောင့် သူ့ဆီမှာ ဒေါ်လာတစ်သန်းနဲ့ လာဝယ်လျှင်တောင် ရောင်းမှာမဟုတ်ပါ။

"ရှင့်ကို ကျွန်မ စကားအကောင်းပြောမယ် နေမြိုးဇန်။ ကျွန်မက လူတစ်ယောက်ရဲ့တန်ဖိုးကို သူ့ရဲ့လေးနက်တဲ့ စိတ်ဓာတ်နဲ့ပဲ ဆုံးဖြတ်တာ။ ဘဝကို လေးနက်စွာ ဖြတ်သန်းတဲ့ လူတွေကိုပဲ အထင်ကြီးတယ် ...

ကျွန်မ ဆိုလိုတဲ့ အဓိပ္ပာယ်က တလေးတနက်နဲ့ လေးလေးပင်ပင် လူပုဂ္ဂိုလ်တွေကို မဆိုလိုဘူး။ ဒါပေမဲ့ ကိုယ့်ဘဝကိုယ် ခိုင်မာတဲ့ ရည်မှန်းချက်ရှိတဲ့ လူမျိုးကိုပဲ အထင်ကြီးတယ်။ ကိုယ် ဘာလဲ ဘယ်လဲ မသိတဲ့လူမျိုးကိုတော့ သိပ်အထင်မကြီးဘူး ...

ရှင်ဟာ စိတ်ထားလေးက မဆိုးပါဘူး၊ ဒါပေမဲ့ ..."

"လူလေးကသာ ဆိုးချင်နေတာပါပေါ့၊ ဟုတ်လား"

သူမရဲ့စကားမဆုံးခင် သူက ဖြတ်ပြောလိုက်သော်လည်း သူမက စိတ်မဆိုးပါ။ အသာအယာပဲ ပြုံးလို့နေသည်။ သူက ထိုင်ရာမှထကာ သူမရှေ့သို့ တည့်တည့်ထရပ်လိုက်သည်။ ပြီးတော့ လေးနက်သော မျက်ဝန်းများဖြင့် သူမကို အနိုင်အမာ ပြောမိပါသည်။





"မေမာန်မိုး ... မင်း ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရပါမယ်။ ကိုယ်က မင်းအတွက် အဓိပ္ပာယ်ရှိတဲ့ လူတစ်ယောက် ဖြစ်စေရပါမယ် ...

အိုခေ ... ဘိုင့် ဘိုင်"

သူက သူမကို နှုတ်ဆက်လက်ပြကာ ထွက်ခွာဖို့ ပြင်သည်။ သုံးလေးလှမ်းလောက် လှမ်းပြီးစဉ်မှာ သူမထံမှ ခေါ်သံတစ်ခု ထွက်ပေါ်လို့လာသည်။

"နေမြိုးဇန်"

သူက လည်ပင်းလေးပဲ လှိမ့်ကြည့်လိုက်သည်။ သူမက သူ့ကို အဓိပ္ပာယ်တစ်မျိုးပါသည့် မျက်ဝန်းများဖြင့်ကြည့်ကာ နှုတ်ခမ်းများက ချိုရီစွာ ပြုံးနေကြသည်။

"မေးခွန်းတစ်ခု မေးမယ်၊ ဖြေမှာလား"

သူက ချစ်စဖွယ် ခေါင်းညိတ်ပြလိုက်သည်။ (ချစ်စဖွယ် ခေါင်းညိတ်ပြတာကို မိန်းကလေးတွေမှ ညိတ်ပြတတ်တာ မဟုတ်ပါ။ ယောကျာ်းလေးတချို့လည်း တတ်သည်။)

"ရှင် ကျွန်မကို ဘာဖြစ်လို့ မေမာန်မိုးလို့ပဲ ခေါ်နေရတာလဲ"

"မင်းအတွက် ရည်ရွယ်ထားတဲ့ နာမည်လေးတစ်ခုရှိပါတယ်၊ ဒါပေမဲ့ ခုတော့ ခေါ်လို့မဖြစ်သေးဘူး။ အိုကေ"

သူက မျက်စိတစ်ဖက်မှိတ်ကာ မေးဆတ်ပြီး ပြုံးပြလိုက်လျှင် သူမက သွားဖြူတန်းလေးပေါ်အောင် ရယ်မောကာ တစ်ဖက်သို့ အသာအယာ လှည့်သွားသည်။ သူ့ရဲ့မျက်စိတစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



မိတ်ညကို သူမ ကြွေဆင်းသွားပြီဆိုတာ သူ သိပါသည်။ သူသည် သူမကို ဆီးယူတူမော်ရီးလ်ဟု အကျယ်ကြီး အော်ပြောခဲ့ကာ လေတချွန်ချွန်လေးဖြင့် ထွက်လာခဲ့သည်။ တစ်ချက် တစ်ချက်မှာ အပျော်လွန်ပြီး သစ်ပင်က သစ်ရွက်တွေကိုတောင် လှမ်းခုန်ပြီး ထိဆော့လိုက်သေးသည်။ သူ့ရင်ထဲတွင် ဓာတ်စုဖြင့် မျောနေသည်။

ဒါတောင် အဖြေမရသေး။ ဒါပေမဲ့ မြင့်မြတ်သော ချစ်ခြင်းမေတ္တာသည် သူမ်ရင်ထဲမှာ သူ့အတွက် ဖွဲ့တည်ပေးနေတယ်ဆိုတာ သူ သိသည်။ အဘယ်ကြောင့်ဆိုသော် ဒီရက်ပိုင်းတွင် သူမ ပိုလှလာသောကြောင့်ဖြစ်သည်။ မိန်းကလေးတွေသည် အချစ်နဲ့ထိတွေ့သောအခါ အရင်ထက် ပိုလှလာတတ်ကြသည်။ ချစ်သူရှိသော မိန်းကလေးများကတော့ ကမ္ဘာ့အလှမယ်လေးများသာ ဖြစ်ပါသည်။

♥ ➡ ♥





## ၁၁

လူတစ်ယောက်ကို ချစ်မိသွားလျှင် သူနဲ့ပတ်သက်သော အရာတိုင်းကို အကောင်းမြင်သွားတတ်သလား၊ အပြစ်မမြင်တော့ဘဲ ရှိတတ်သလားတော့ မပြောတတ်ပါ။ မာန်သည် City FM မှ လွှင့်နေသော "အပြစ်မမြင်"ဆိုသည့် သီချင်းလေးကို နားထောင်ရင်းမှ သူ့အကြောင်းက ခေါင်းထဲသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ လူတစ်ယောက်အကြောင်းကို တကူးတက မစဉ်းစားပါဘဲနှင့် ခေါင်းထဲသို့ အမှတ်တမဲ့ ရောက်ရောက်လာတတ်ခြင်းဟာ အဲဒီတစ်ယောက်ကို ချစ်နေလို့များလား။ မာန့်ရင်ထဲတွင် သူ့အတွက်တော့ ရင်ခုန်သံ ခပ်ပါးပါးလေးတစ်စင်း ရှိနေသည်။

"ချစ်သူ့ဘေးနားမှာ နေတဲ့ခဏ ... နှုးညံ့ချွေးထွေးသလို အကြည့်လေးများထဲ ... တင်းထားမယ် တို့စိတ်ကူးတွေ အခိုးအငွေ့ ဖြစ်ကာရယ် ... နှလုံးသားဟာ ပန်းလိုတွေ ကျတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မမြင်ပါဘူး ... ချစ်ချင်တာပဲ သိတဲ့နောက်_
ဖြစ်သမျှဟာ အကောင်းပဲပေါ့"

အရင်ကဆို ဒီလိုနူးညံ့လွန်းအားကြီးသော သီချင်းမျိုးကို မာန် မကြိုက်ခဲ့။ အခုတော့ အသံချိုအေးအေးလေးနှင့် နူးညံ့လွန်းသော ဒီသီချင်းသည် မာန့်ရင်ခွင်ကို တည့်တည့်လာထိနေသည်။ သူဟာ ထင်ထားသလောက်လည်း ပေါ့သွမ်းဆိုးရမ်းနေသည့် လူတစ်ယောက် မဟုတ်ဘူး ဆိုတာလည်း မာန် သိခဲ့ရပြီဖြစ်သည်။ တစ်နေ့ကလေးတွင် မာန်နဲ့ သူနဲ့ စကားပြောကြတော့ သူက မာန့်ကို ချိုရီသော မျက်ဝန်းများဖြင့် ကြည့်ကာ "မင်းက ကိုယ့်ကို ပြောင်းလဲယူပေါ့ မေမာန်မိုးရဲ့၊ မင်းလက်ထဲမှာက ကိုယ့်နှလုံးသားရှိတာပဲဥစ္စာ၊ မင်းက ကိုယ့်ဘဝအတွက် အလင်းရောင်လေးပါ"ဟု ပြောခဲ့သော စကားသည် ညအိပ်ရာဝင်ခါနီးထိ မာန့်နားထဲမှာ စွဲပြီးကြားနေခဲ့တုန်း ဖြစ်သည်။ မာန် သူ့ကို ချစ်မိနေပြီလား။ မာန်သည် ကိုယ့်ကိုယ်ကိုယ် အဲဒီလိုပြန်မေးတိုင်း ရင်ထဲမှာ နူးညံ့စွာ လှုပ်ခတ်သွားလေ့ရှိပါသည်။

ကျောင်းသို့ ရောက်သောအခါ သူက ကားပါကင်မှာ မာန့်ထက်အရင် ကြိုရောက်နေလျက် ဆီးကြိုပြုံးပြသည်။ အဖြူရောင် Alter ရှပ်လက်တိုနှင့် အနက်ရောင် ဂျင်း(န်)တစ်ထည်ကို ရိုးရိုးရှင်းရှင်း ဝတ်ထားသော သူသည် ခါတိုင်းထက် ရှင်းလင်းသပ်ရပ်နေသလို ခံစားရသည်။ သူက ပြုံးပြကာ မာန့်အနားသို့ ရောက်လာသည်။ သူက မနှုတ်ဆက်ခင် မာန်က ကြိုတင်ပြီးနှုတ်ဆက်ထားလိုက်သည်။





"ဒီနေ့ ရှင် နည်းနည်း ထူးခြားနေသလိုပဲ"

"ဟုတ်လား ... ပိုကြည့်ကောင်းတယ်လို့ရော မထင်မိဘူးလား"

သူက အဲဒီလိုပြောလျှင် မာန်က ဘာမှမပြောဘဲ အသာပြုံးမိသည်။

"မေမာန်မိုး ... မင်း ကိုယ့်ကို လက်ဖက်ရည်လေး ဘာလေး မတိုက်ချင်ဘူးလား"

"တိုက်ချင်ပါတယ်"

"အိုကေ ... ဒါဆိုရင် ကန်တင်းကို ချီတက်ကြစို့"

မာန်က သူနဲ့တွဲပြီး ကန်တင်းသို့ ထွက်လာခဲ့သည်။ မာန့်ရဲ့ခြင်းကို သူက ဆွဲပေးပါသည်။ ကျောင်းထဲမှ လူတော်တော်များများက သူနဲ့ မာန့်ကို အသိအမှတ်ပြုသလို ကြည့်ပေးသွားကြသည်။ ကန်တင်းသို့ရောက်လျှင် သူရော မာန်ရောက လက်ဖက်ရည်တစ်ခွက်စီသာ မှာသည်။ တကယ်တော့ သူဟာ လက်ဖက်ရည်သောက်ချင်တာထက် မာန်နဲ့ စကားပြောချင်တယ်ဆိုတာ မာန် သိသည်။ မာန်ကလည်း သူနဲ့ စကားပြောချင်သေးသည်။ လူတစ်ယောက်နဲ့ တစ်ယောက် စကားပြောကြည့်လျှင် တစ်ယောက်စိတ်ကို တစ်ယောက်က ပိုသိသည်ဟု ထင်ပါသည်။

"မေမာန်မိုး ... အရင်က ကိုယ့်ဒီဇိုင်းနဲ့ အခုဒီဇိုင်းကို မင်း ဘယ်ဟာ ပိုအာရုံတွေ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လေးပဲ ကောင်းပါတယ်"

"ဟုတ်လား၊ မင်းက Country Style တွေ ကြိုက်တယ်နဲ့တူတယ်နော်၊ မင်းနဲ့ အထာကျတယ်ကွ သိလား။ အဲ... ဟို အန်ကယ်လည်း Country Design ပဲနော်"

မာန်က လက်ဖက်ရည်ကို တစ်ငုံ ငုံရင်းမှ သူ့ကို မျက်လုံးလှန်ကြည့်ကာ ...

"ရှင် လေးဖေအပေါ်မှာ အမြင်ကြည်လင်ရဲ့လား"

"ကြည်ပါတယ်၊ ဘာလို့မေးတာလဲ"

"သိဘူးလေ၊ ရှင့်ကို သူက လက်သီးတစ်လုံး ကျွေးထားတာကိုး"

မာန့်အပြောကို သူက ဟက်ခနဲ ရယ်ကာ ...

"လက်သီးတစ်လုံးကြောင့် မင်း ကိုယ့်ကို နားလည်ပေးလိုက်တာ မဟုတ်လား မေမာန်မိုးရဲ့"

"ဩော် ... ရှင်က ဒီယုန်မြင်လို့ ဒီချုံထွင်တာပေါ့လေ"

"အဲလိုတော့ မဟုတ်ပါဘူး။ မင်းစိတ်ဆန္ဒ ဘယ်လိုရှိမယ်ဆိုတာ ကိုယ့်မှာ ကြိုသိနိုင်တဲ့ အစွမ်းမျိုး မရှိပါဘူး။ ဒါပေမဲ့ ကိုယ့်စေတနာ ကိုယ်အကျိုးပေးတာပေါ့ မေမာန်မိုးရယ်။ ကိုယ်က မင်းကို ပေါ့ပေါ့လေး ချစ်ခဲ့တာမှ မဟုတ်တာ ...

ဒီတော့ မင်းနဲ့ပတ်သက်တဲ့ လူတစ်ယောက်ဆီမှာ ကိုယ်ပြဿနာမဖြစ်ချင်ဘူး၊ ကိုယ်က ဂျစ်ကန်ကန်နဲ့အရွဲ့





တိုက်တတ်တယ် ဆိုပေမယ့် လူကြီးသူမကိုတော့ မစော်ကားတတ်ပါဘူး၊ မိကောင်းဖခင် သားသမီးလေးပါ ဟဲဟဲ"

သူ့ရဲ့ပြောင်စပ်စပ် အပြောကြောင့် မာန်က မျက်စောင်းတစ်ချက် ထိုးမိသည်။ ဘာပဲပြောပြော သူ့ရဲ့စိတ်ရင်းလေးကို သိခွင့်ရသည့်အတွက် မာန့်မှာ အတော်အသင့်တော့ စိတ်ချမ်းမြေ့မှု ရ,ရလေသည်။

"ကဲ ... ကိုယ့်အချိုးတွေကိုရော ကိုယ့်ဒီဇိုင်းတွေကို မင်းစိတ်ကြိုက်ပြောင်းထားတယ်နော်၊ မင်းက ပြောလွန်းလို့ ကိုယ့်မှာ ရေမွှေးတောင် မသုံးတော့ဘူး။ Roll On လောက်ပဲ ချွေးနံ့မထွက်အောင် သုံးရတာ"

"ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက် အတွက် အကောင်းဆုံးရေမွှေးဆိုတာ အဲဒီယောကျ်ားရဲ့ ချွေးနံ့ပဲပေါ့ ...

စပိန်မှာဆို မိန်းမတွေက ချွေးနံ့ပြင်းတဲ့ယောကျ်ားကိုမှ Monly ဖြစ်တဲ့ယောကျ်ား၊ ဆွဲဆောင်မှုရှိတဲ့ယောကျ်ားလို့ သတ်မှတ်ကြတယ်တဲ့"

"ဒါက စပိန်ကမိန်းမတွေ သတ်မှတ်တဲ့ အလေ့အထလေ၊ မေမာန်မိုး သတ်မှတ်တဲ့ အလေ့အထလား"

"ဟုတ်တယ်၊ ကျွန်မလည်း အဲလိုပဲ သတ်မှတ်တယ်"

"တကယ်လား၊ ဒါဆို မင်းက ကိုယ့်ကိုယ်က ရေမွှေးနံ့တွေထက်၊ ကိုယ်ရနံ့ဖြစ်တဲ့ ချွေးနံ့စစ်စစ်လေးကိုပဲ မက်မောတယ်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် ကိုယ့်ရဲ့ချွေးနဲ့လေးကပဲ အဓိပ္ပာယ်
တယ်ပေါ့"

"ရှင်နော် ... ဘာစကားပြောတာလဲ"

မာန်က သူ့ကို နှုတ်ခမ်းကိုက်ကာ မျက်စောင်း
ချက်စွယ်ပြီးဆိုလျှင် သူက မာန့်ကို အင်မတန် အရည်ပျော်
သည့် မျက်ဝန်းများဖြင့် ကြည့်လာသည်။ အဲဒီမျက်ဝန်းတွေ
အဓိပ္ပာယ်ရှိပြီး တောက်ပနေသောကြောင့် မာန်က ကြာရှည်
ရင်မဆိုင်နိုင်ဘဲ မျက်လုံးလွှဲမိသည်။ ဒါပေမဲ့ သူ မာန့်ကိုစိုက်ကြ
နေဆဲပဲဆိုတာကိုတော့ အလိုလို သိလေသည်။

"မေမာန်မိုး"

သူ့ရဲ့ခေါ်သံသဲ့သဲ့ကြောင့် မာန်က မျက်လုံးလ
ကြည့်မိသည်။ သူက မာန့်ကို ရီဝေနက်ရှိုင်းသော အကြည့်မျ
ဖြင့် ကြည့်ကာ ...

"ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲဟင်"

မာန်က တစ်စုံတစ်ရာ ပြန်မပြောမိ။ သူက ဆ
ပြောသည်။

"စာမေးပွဲပြီးတဲ့နေ့မှာ အဖြေပေးမလား။ မင်းရဲ့ Fin
Part II နောက်ဆုံးနှစ်ကို ချစ်သူရဲ့ အားအင်တွေနဲ့ဖြ
ကျော်လိုက်ပေါ့ ...

နော် ... ကိုယ့်ကို စာမေးပွဲနောက်ဆုံးနေ့မှာ အဖြေ
ပေးပါ၊ ပေးမယ် မဟုတ်လား"





သူ ပြောသည့်အတိုင်းတော့ မာန်က မလုပ်ချင်ပါ။
အင်း ... ရှင်ပြောတဲ့နေ့မှာ အဖြေပေးပါ့မယ်ဟုတော့ အလွယ်
တကူ ခေါင်းမညိတ်ချင်။ ခုတလော သူ့အကြည့်တို့နဲ့ ရင်ဆိုင်
ရလေတိုင်း ခေါင်းငုံ့ရှောင်လွှဲမိတတ်သည့် ကိုယ့်ကိုယ်ကိုယ်လည်း
မကျေနပ်။ အရင်က ကဲကဲဆတ် ဒေါသထွက်ကာ စူးစူးရှရှကြည့်
တတ်သည့် မာန့်အကြည့်များသည် ဘယ်ကိုရောက်ကုန်မှန်းမသိ
တော့ပါ။ မာန်သည် ရဲရင့်စွာဖြင့် အသက်ကို ဝဝရှူကာ ထိုင်ရာ
မှ ထရပ်လိုက်သည်။ ပြီးတော့ သူ့မျက်လုံးတွေထဲသို့ တည့်တည့်
စိုက်ကြည့်လိုက်သည်။ သူက မာန့်ကို နားမလည်သော ပုံစံဖြင့်
မော့ကြည့်နေသည်။

"နေမြဲမိုးဇန်"

"........."

သူက မာန့်ကို မော့ကြည့်ဆဲ။ မာန်သည် ရင်တွေ
တဒိုင်းဒိုင်း ခုန်လာသည်။

"ကျွန်မ ရှင်တောင်းတဲ့အဖြေကို ရှင်တောင်းတဲ့အချိန်မှာ
မပေးနိုင်ဘူး"

မာန့်ရဲ့ပြတ်ပြတ်သားသား အပြောကြောင့် သူ့
မျက်နှာ တစ်မျိုးဖြစ်သွားသည်။ အဲဒီမျက်နှာကိုကြည့်ပြီး မာန်က
အားရကျေနပ်စွာ ပြုံးလိုက်သည်။

"ဒါကြောင့် အခုပဲ ပေးတယ်။ ရှင် ကျွန်မနောက်ကိုဆက်
လိုက်မလာခဲ့နဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



မာန်က ပြောပြီးတာနှင့် ရှက်အားပိုစွာဖြင့် ကန်တင်းမှ ခပ်သွက်သွက် ထွက်လာခဲ့သည်။ သူ ပါးစပ်အဟောင်းသား ပွင့်ပြီး ကျန်ခဲ့ပုံသည် မာန့်ရဲ့မျက်စိထဲကကို မထွက်ပါ။ အတန်းထဲသို့ ရောက်သည်အထိ ရင်ခုန်သံက မပြယ်သေး။ မာန့်ရဲ့ရင်ခုန်သံသည် ဆယ့်ခြောက်နှစ်သမီးလို ဆူညံပေါက်ကွဲနေသည်။ အဲဒီအချိန်မှာပဲ အတန်းထဲက ကျောင်းသားတစ်ယောက်က မာန့်ရဲ့ ထမင်းချိုင့်ခြင်းကို လာပေးသည်။ ဒီတော့မှပင် ကန်တင်းမှာ ထမင်းချိုင့် ကျန်ခဲ့ကြောင်း မာန်က သတိရတော့သည်။ အတန်းအပြင်ဘက်သို့ ကမန်းကတန်း ကြည့်လိုက်လျှင် မာန့်ကို လက်ပြနေသော သူ့ကို တွေ့လိုက်ရသည်။

မာန်သည် ရှက်အားပိုစွာဖြင့် ခေါင်းငုံ့ချလိုက်သည်။ ကြည့်စမ်း ... နမော်နမဲ့နိုင်စွာနဲ့ ခြင်းတစ်လုံးတောင် မေ့ကျန်ရစ်ခဲ့ရတယ်လို့။ ဒါပေမဲ့ မာန် ပျော်နေသည်။ အချစ်ဆိုတာ လူတစ်ယောက်ကို ပျော်ရွှင်စေနိုင်သော အရာပဲဖြစ်ပါသည်။

♥ ♥





## ၁၂

သူချစ်သော ကောင်မလေးသည် သူ့ကို Romantic ဆန်စွာဖြင့် မထင်မှတ်ဘဲ အဖြေပေးခဲ့ပြီးသည့်နောက်တွင် သူတို့ နှစ်မြိန်ဖွယ်ကောင်းသော နှစ်ကိုယ်တူ ချစ်သူဘဝကို စတင်နိုင်ခဲ့ပါသည်။ ဒါပေမဲ့ စာမေးပွဲနီးနေပြီဖြစ်သောကြောင့် သူမက သူ့ကို အရမ်းကြီးတော့ အချိန်မပေးနိုင်ပါ။ မနက်ခင်းပိုင်း (သို့မဟုတ်) နေ့ခင်းလောက်သာ သူက သွား၍တွေ့နိုင်သည်။ ဒါပေမဲ့လည်း သူက ကျေနပ်ပါသည်။ သူမထံမှ တကယ်စစ်မှန်သော အချစ်တစ်ခုကို ရရှိပြီးတဲ့နောက်ပိုင်းမှာ အဲဒီထက် ကျေနပ်စရာကောင်းသောကိစ္စ မရှိဟု ထင်မိသည်။

ဒါပေမဲ့ ညရေးညတာမှာ ချစ်သူတို့ဘာသာဘာဝ ဟိုလေး ဘာလေး ပြောချင်သော်လည်း သူမက လက်ကိုင်ဖုန်း ဆန့်ကျင်ရေးသမားမို့ သူ့မှာ အခက်တွေ့ရသည်။ အိမ်ဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



တော့ သူက ဘိုးတော်ကိုကြောက်၍ မဆက်ရဲပါ။ သူမက မဆက်ဖို့ မှာထားခြင်းကြောင့်လည်း ဖြစ်သည်။ ဒါကြောင့် သူမ ကို ဟန်းဒ်ဖုန်းလေးကိုင်ဖို့ နားချရသည်။

"ချစ်ကလည်းကွာ။ ဒီခေတ်ထဲမှာ ဟန်းဒ်ဖုန်းတွေ ကလေး ရေ- ခွေးရော ကိုင်နေကြတာ၊ တစ်လုံးလောက် ကိုင်စမ်း ပါ ...

ကိုယ်က ချစ်ကို အမြဲသတိရနေတာ၊ သတိရတိုင်း ဆက်သွယ်ချင်တာပေါ့။ ခုတော့ ညဘက်ဆို ဒီမောင်မှာ ငုတ်တုတ်မေ့ရော"

"ငုတ်တုတ်မမေ့ချင်ရင် ပက်လက်လှန်အိပ်ပေါ့"

သူမက အတည်ပေါက်ဖြင့် အရွှန်းဖောက်သော်လည်း သူကမရယ်မိ။ အဲဒီတစ်ခုကိုတော့ သူမကို ဆိုက်ကိုဟု ထင်မိသည်။

"ချစ် ... ကိုယ်က အကောင်းပြောနေတာ။ ကိုယ်နဲ့ချစ်က လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး တွေ့ရတာလည်း မဟုတ်ဘူး ...

ကိုယ့်ဘက်က ကိုယ်ချင်းစာကြည့်ပေါ့ ချစ်ရာ၊ ကဲ ... ချစ်ရော ကိုယ့်အသံလေးကို ညဘက် မကြားချင် ဘူးလား"

အဲဒီလိုကျတော့လည်း သူမက ရက်ပြုံးပြုံးသည်။ သူမသည် သူ တွေ့ဖူးသော ကောင်မလေးတွေလို ပဲများများ၊





ဘီခွဲ့ဖယ်ဖြင့် ရင်ထဲကမပါသော စကားတွေကို ခြွေမချတတ်ပေ ...ည့် တစ်ခွန်းဆို တစ်ခွန်း ပြောလိုက်သော စကားတွေဟာ ...စ်အမှန်တွေဟု ခံစားရပါသည်။

"ကြားတော့ ကြားချင်ပါတယ်"

"ကြားတော့ ကြားချင်ပါတယ် ဆိုတဲ့ စကားရဲ့နောက်မှာ ဒါပေမဲ့ ပါတယ်မဟုတ်လား။ အဲဒီ ဒါပေမဲ့နောက်ကဟာက ဘာလဲ ... ပြော"

"သြော် ... ကျွန်မမှာ ဖုန်းမှမရှိတဲ့ဟာပဲ ဇန်ကလည်း"

သူမက သူ့ကို ချစ်စဖွယ် ကောင်းစွာဖြင့် ဇန်ဟု ...ခေါ်တာ ဖြစ်ပါသည်။

"ဖုန်းမရှိရင် ကိုယ့်ဖုန်းကို ယူထားကွာ။ ကိုယ် ချစ်နဲ့ည တိုင်း ဖုန်းပြောချင်တယ်။ အိပ်ခါနီးကျရင် ချစ် အသံလေး ကို ကြားပြီးမှ အိပ်ချင်တယ်"

"အဲဒါက ဖြစ်မှမဖြစ်နိုင်တာ။ ညဘက်လည်း အေးအေး လူလူ ပြောနိုင်တဲ့အထိ မအားပါဘူး ဇန်ရယ်၊ စာကျက်နေ ရတဲ့ဟာ ...

စာတွေကလည်း စာမေးပွဲ နီးလာလေလေ မေ့လာ လေလေပဲ"

"ဘာလဲ ... ကိုယ့်အကြောင်း တွေးနေရလို့လား၊ ဟင် ... ချစ်လေး"



www.burmeseclassic.com

www.burmeseclassic.com



သူက အသည်းယားလာစိတ်ဖြင့် သူမရဲ့မေးစေ့လေးကို လှမ်း၍ဖျစ်ညှစ်မိလျှင် သူမက သူ့ရဲ့လက်ကို ဖျတ်ခနဲ ပုတ်ထုတ်သည်။

"ဘာလုပ်တာလဲ ... ဖန်နော်။ ကျောင်းထဲမှာ လက်မပါနဲ့။ အဲဒါမျိုးတွေ ကျွန်မ မကြိုက်ပါဘူး"

"ချစ်ကလည်းကွာ၊ ဘယ်သူမှ မမြင်ပါဘူး။ ကျောင်းထဲမှာရော ဘာဖြစ်လဲ၊ ကိုယ်က ချစ်ကို နမ်းနေတာမှ မဟုတ်တာ"

သူ့အပြောကြောင့် သူမမျက်နှာက ပိုပြီးရဲတက်သွားသည်။ သူသည် သူမပါးပေါ်က ပန်းသီးလေးကို ကိုက်စားချင်စိတ် ပေါက်သွားသည်။ ကန်တော်ကြီးထဲမှာဆို ဒီကလေးမ လွယ်မှာမဟုတ်ပါ။

"ဖန် !။ ရှင် ကျောင်းထဲမှာ ဘာစကားတွေ ပြောနေတာလဲ"

သူက သူမရဲ့အပြောကြောင့် ဟက်ခနဲ ရယ်မောမိသည်။ ပြီးတော့ သဘောတကျဖြင့် ခေါင်းကို အသာယမ်းမိလေသည်။ တကယ့် ကောင်မလေးကိုမှ သူက ရည်းစားထားမိလျက်သား ဖြစ်နေပါရောလား။ ဒါပေမဲ့ သူ ကျေနပ်သားပင်။ တကယ်ချစ်သောနေရာမှာ နူးညံ့သော အထိအတွေ့တွေ မလိုပါ။ (အဲ... ရမယ်ဆိုရင်တော့ လိုချင်တာပေါ့လေ၊ ယောကျ်ားလေးပဲဟာ) ဒါပေမဲ့ တကယ်တမ်း မြတ်နိုးစွာ ချစ်မိပြီ ဆိုလျှင်တော့ မျက်နှာလေးတစ်ခုကို ငေးကြည့်ရုံနဲ့တင် လုံလောက်ပြည့်စုံပါသည်။





"ချစ်ရာ ... မင်းက အဲလိုတွေ ပြောနေတော့ ဒီကျောင်းထဲက တခြားအတွဲတွေက ဘာစကားတွေ ပြောနေလို့လဲ ...

အဲဒီလောက်လည်း အယူမသီးစမ်းပါနဲ့ကွာ"

"သီးမှာပဲ၊ ကျွန်မက ရှင်တွေ့ဖူးတဲ့ မိန်းမတွေလိုမျိုး မဟုတ်ဘူး"

"ကိုယ် သိပါတယ်၊ ကိုယ် မင်းရဲ့အနေအထားကို နားလည်တယ်လေ၊ ဒီအတွက် ဘာတွေများ မင်းဆီက တောင်းဆိုဖူးလို့လဲ၊ ဒါပေမဲ့ ကိုယ့်ဘက်ကိုလည်း နည်းနည်းတော့ နားလည်ပေးပေါ့ကွာ"

သူမက သူ့ကို မျက်စောင်းတစ်ချက် ထိုးကြည့်ရင်း ဘာနားလည်ပေးရမှာလဲဟု ခပ်ဆောင့်ဆောင့် ဆိုသည်။ သူက ခဏ်နှာ ပြေလျော့ထိုင်ရင်းမှ သူမကို ခေါင်းငဲ့ပြီး လှည့်ကြည့်ကာ ရင်ထဲမှလာသော ဗိုလ္လိုက်သံဖြင့် ဆိုမိသည်။

"ကိုယ် မင်းနဲ့ ဆတ်တဒေး၊ ဆန်းဒေးမှာ တွေ့ချင်တယ် ချစ်ရယ်"

သူမက မျက်ခုံးတော့ နည်းနည်းရှုံ့သွားသည်။ ဒါပေမဲ့ တင်းတင်းမာမာကြီးတော့ မဟုတ်ပါ။

"စာမေးပွဲနီးပြီလေ၊ ကျွန်မ စာကျက်ရဦးမှာပေါ့"

"ကန်တော်ကြီးထဲမှာ ကျက်လေ"

သူမက သူ့ကို မျက်စောင်းလှည့်ထိုးသည်။ အဲဒီမျက်စောင်းလေးကြောင့် သူ ရင်ပိုခုန်သွားပါသည်။ မျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးခြင်းဟာ ကောင်းသော အလားအလာကြောင့် သူက ထပ်၍ အဆိုတင်သွင်းလိုက်သည်။

"ကိုယ်က မင်း စာကျက်တာကို မနှောင့်ယှက်ပါဘူး၊ မင်းကို တွေ့ပဲတွေ့ချင်တာ။ မတွေ့ရရင် လွမ်းတယ်လေ။ ပြီးတော့ မင်း စာကျက်လို့ ညောင်းတဲ့အခါ၊ ဗိုက်ဆာတဲ့ အခါ မင်းကို ပြုစုချင်တယ်လေ ...

ကိုယ်က မင်းကို ပါရမီဖြည့်ပေးချင်တာပါ ချစ်ရယ်၊ ကန်တော်ကြီးထဲမှာ စာကျက်ရင် မင်း စာတော်ပိုရလိမ့် ဦးမယ်၊ နားအေးပါးအေးနဲ့ အေးအေးဆေးဆေးလည်းရှိ တယ်၊ ဘယ်လိုလဲ"

"အေးလေ ... စာကျက်ရမယ် ဆိုရင်တော့ လာခဲ့ပါ့ မယ်"

"ဩော် ... ကျက်စေရမယ်၊ စိတ်ချ။ စာပဲကျက် ဘာမှ မလုပ်နဲ့။ ကိုယ်က ဘေးကနေ ရေပူရေချမ်း ကမ်းလှမ်း ပေးမယ်၊ ဟုတ်ပြီလား"

သူမက ကျေနပ်သော အပြုံးဖြင့် ခေါင်းညိတ်ပြသည်။ အဲဒီလိုနှင့် ကျောင်းပိတ်ရက် ဖြစ်သော်လည်း သူက သူမနဲ့တွေ့ ခွင့်ရအောင် ကြံဆောင်နိုင်ခဲ့ပါသည်။ ကျောင်းပိတ်ရက်မှာ အပြင် ထွက်လာခြင်း ဖြစ်သောကြောင့် သူမရဲ့ လွတ်လပ်ရိုးရှင်းသော အလှကို ရရှိသည်။ သူမက သူ လက်ဆောင်ပေးထားသော ကန် ထရီးရှပ် မရမ်းစေ့ရောင်အကွက်လေးကို တံတောင်ဆစ်နားအထိ လက်ခေါက်ပြီး ဝတ်ဆင်လာသည်။ ဗိုက်သားတွေက အဆီပိုမရှိဘဲ





ချပ်ရပ်လှပသူမို့ အကျႌကို ဘောင်းဘီထဲ ထည့်ဝတ်ကာ D&G အဖြူရောင်ခါးပတ်ကို တပ်ထားသောပုံစံမှာ အထာကျ၍ လှပသည်။

သူ့ကားကို ရေစပ်နားက သစ်ပင်ရိပ်မှာ ထိုးရပ်ထား တာမို့ သူမက လေတဖြူးဖြူးနှင့် စိမ်းစိုသာယာသော ကန်တော် ကြီးဝန်းကျင်ကို သဘောကျဟန်ဖြင့် ငေးမောနေသည်။ ခေါင်း လျှော်လာဟန်တူသော ဆံနွယ်များကို ဒီအတိုင်း ချထားသော ကြောင့် ဆံနွယ်တွေ ဝေ့ဝဲနေပုံက ကဗျာတစ်ပုဒ်နှယ် ဖြစ်ပါသည်။ သူမက ကန်ရေပြင်ကို ဖြတ်တိုက်လာသောလေကို အားရပါးရရှူ ကာ လက်မှစ်ဖက်ကို ဆန့်ထုတ်သည်။ သူသည် နောက်ပိုင်းမှ ခြင်ရှုသော သူမရဲ့နောက်ပိုင်းအလှကို ရူးသွပ်စွာ ရင်ခုန်သွားသော် သည်း ဘာမှမတတ်နိုင်သေး။ တစ်ခါဆက်ဆံ ဆယ်ခါလန်သွားမှာ စိုး၍ဖြစ်သည်။ ဖြစ်နိုင်လျှင်တော့ သူမရဲ့ခါးကျဉ်ကျဉ်လေးကို နောက်ကနေ၍ အသာပွေ့ဖက်ထားလိုတာပဲ ဖြစ်သည်။

"ဘယ်လိုလဲ ... ဒီရောက်လာတော့ စိတ်ကြည်နူးမသွား ဘူးလား၊ မင်း ကြည့်ရတာ ကန်တော်ကြီးထဲတောင် မရောက်ဖူးဘူးနဲ့ တူတယ်"

သူမက သူ့ကို လှည့်မကြည့်ဘဲ ပြုံးရင်းဖြေသည်။

"ရောက်တော့ ရောက်ဖူးပါတယ်၊ ငယ်ငယ်တုန်းကလေ။ အခု အသစ်ပြင်ပြီးမှတော့ မရောက်ဖူးတော့ဘူး"

"ဟား ... ဒါဆို တော်တော်ကြာပြီပဲ။ မျှော်စင်ကျွန်းမှာ လုပ်တဲ့ စတိတ်ရှိုးတွေလည်း မကြည့်ဖူးဘူးပေါ့"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



“ဟား ... အံ့ဖွယ်သုတပဲ၊ တကယ်ကြီး ! ”

သူက လက်ညှိုးတစ်ချောင်းထောင်ကာ မယုံသလို မေးလျှင် သူမက ချစ်စဖွယ်ကောင်းစွာ ခေါင်းညိတ်ပြသည်။ အို... အသင်လောက၊ ဒီလိုမိန်းကလေးမျိုးကို မြင်ဖူးပါသလား။ သူဆိုလျှင် စတီတ်ရှိုးမှန်သမျှ မလွတ်တမ်း အားပေးလွန်းသဖြင့် အဲဆိုတော်တွေနဲ့တောင် ဆော်ဒါတွေ ဖြစ်ကုန်ပြီ။

“ဘာလဲ ... ဝါသနာမပါတာလား”

“အင်းပေါ့။ ငယ်ငယ်လေးတည်းက တစ်ယောက်တည်းနေတာများလာတော့ အဲလို လူရှုပ်သူရှုပ်တွေနဲ့ မနေတတ်တော့ဘူး ...

အပျော်အပါး ဘာညာလဲ ဝါသနာပါဘူးလေ”

“ဟင်း ... ပျင်းစရာ ကောင်းလိုက်တာ”

“ရိုးရှင်းသောဘဝရဲ့ ပျော်ရွှင်မှုလေ။ မျိုးကြီး ဆိုးထားတာ မကြားဖူးဘူးလား”

“မင်းက သီချင်းတွေတော့ ကြိုက်တယ်နဲ့တူတယ်”

“ဟုတ်တယ်၊ ကျွန်မရဲ့အဖော်က စာအုပ်တွေနဲ့ သီချင်းတွေပဲပေါ့။ ကဲ ... ကျွန်မ စာကျက်တော့မယ်၊ ရှင်က ဘာလုပ်မှာလဲ”

သူမက သူ့ကို လက်ပိုက်ပြီး ယဉ်စစဖြင့် မျက်စပစ်ပြီးမေးလျှင် သူသည် အဲဒီပုံစံလေးကို မွှေ့ယမ်းပစ်ချင်စိတ်ပေါက်သွားသည်။





“ကိုယ်က i-Pod နားထောင်ရင်း Game ဆော့မယ်လေ။ ဂျာနယ်တွေ မဂ္ဂဇင်းတွေလည်း ပါတယ်။ ပြီးတော့ မင်းစာကျက်နေတာကို မကြာ မကြာ လှမ်းငေးမယ်ပေါ့ ...

ကဲ ... ကျက်၊ ထမင်းဆာရင်ပြော၊ ကိုယ်သွားဝယ်ပေးမယ်။ ဒီထဲမှာလည်း ဆိုင်တွေအများကြီးပဲ၊ ကြိုက်တဲ့ဆိုင် ဝင်စားလို့ရတယ်”

“ဟုတ်လား”

“ဟုတ်တယ်၊ ကဲ ... အဲဒီတော့ စိတ်အေးလက်အေးကျက်ပေတော့”

သူမက ပြုံးပြုံးလေးဖြင့် ခေါင်းညိတ်ကာ မြက်ခင်းပေါ်မှာ သူ ခင်းပေးထားသော ယိုးဒယားဖျာပေါ်တွင် သွားထိုင်ကာ စာစကျက်သည်။ သူကလည်း ကားထိုင်ခုံကို အဆုံးထိမှီလျှော့ထိုင်ချကာ နားနှစ်ဖက်မှာ ear phone ကို ထိုးထည့်လိုက်ပြီး သူမကို ငေးကြည့်နေလိုက်သည်။ သင်ခန်းစာတွေကို စိတ်ပါလက်ပါ ကျက်နေသော ကောင်မလေးကတော့ သူ့ကို ခေတ္တခဏတော့ မေ့လျော့သွားပြီဟု ထင်ပါသည်။ ကိစ္စမရှိပါ။ သူ့အနားမှာ သူမ ရှိနေလျှင် သူ့ကမ္ဘာက ခမ်းနားခြင်းဖြင့် ပြည့်စုံပါသည်။

အဲဒီလိုဖြစ်၍ သူက သီချင်းနားထောင်ရင်း Game ဆော့သည်။ Game ဆော့ပြီးလျှင် ဂျာနယ်ဖတ်သည်။ ဂျာနယ်ကုန်သွားလျှင် အကြည်တော်ရဲ့ဟာသဝတ္ထုတစ်အုပ် ဖတ်သည်။ ဝတ္ထုတစ်အုပ် ကုန်ခါနီးမှာပဲ သူမက သူ့အနားသို့ ရောက်လာခဲ့သည်။

“ချစ် ဘာလိုချင်လို့လဲ၊ ရေသောက်ချင်လို့လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါဘူး။ ဆယ့်နှစ်နာရီတောင် ထိုးပြီးပြီလေ၊ ရှင် ဗိုက်ဆာရောပေါ့၊ ထမင်းစားမယ် မဟုတ်လား"

"အင်း ... ချစ်ဆာရင်စား။ ကိုယ်တော့ ဆာတယ်လည်း မဟုတ်ပါဘူး"

"ဘယ်ဟုတ်မလဲ၊ ထမင်းစားတဲ့အချိန်မှာ စားရမှာပေါ့ ကဲ ... ဘယ်မှာ စားမှာလဲ"

"ဒီထဲမှာ ဆိုင်တွေရှိတယ်၊ ချစ်က ဘာစားချင်တာလဲ ထမင်းနဲ့ ဟင်းနဲ့လား။ မြန်မာထမင်းဆိုင်တော့ မရှိဘူး"

"ရတယ် ... ထမင်းကြော်တို့ ကြက်ဆီထမင်းတို့လော ဆို ဖြစ်ပြီ"

"အိုကေ ... အဲဒါဆို ကိုယ့်ကားနဲ့ပဲ လစ်မယ်လေ"

သူမက အသာတကြည်ပဲ ခေါင်းညိတ်သည်။ ခဏ သူနဲ့ သူမတို့က ကန်တော်ကြီးထဲက စားသောက်ဆိုင်လေးတ ဆိုင်မှာ ကြက်ဆီထမင်း စားကြသည်။ ပြီးတော့ သူတို့ စတ ရှုသောနေရာသို့ ပြန်ရောက်လာကာ လမ်းလေး ဘာလေးလျှေ သည်။ ပြီးတော့ သူမက စာပြန်ကျက်သည်။ သူကလည်း အလုပ်သူ ဆက်လုပ်သည်။ ဒီလိုနှင့် နေ့ခင်းသုံးနာရီခွဲလော ရောက်သွားသည်။ ဒီတစ်ခါတော့ သူက သူမရှိသောနေရ ရောက်သွားတာ ဖြစ်ပါသည်။

သူမက စာကျက်နေရင်းမှ ဇက်ညောင်းသ ဇက်ချိုးလိုက်လျှင် ဘယ်လောက်တောင်များ ညောင်းနေသလဲ မပြောတတ်။ တချွတ်ချွတ်နှင့် ကျိုးသွားသည်။ သူက အဲဒီ





ရယ်ဟဟဖြင့်ကြည့်ကာ သူမဘေးနားတွင် ဝင်ထိုင်လိုက်သည်။

"ဇက်ကြောတွေတောင် အရမ်းတက်နေပြီ၊ ခဏနားဦးလေ"

သူမက ခေါင်းတစ်ချက်ညိတ်ကာ လက်ချောင်းလေးတွေက သူမရဲ့ကုပ်ပိုးကို ကိုယ့်ဘာသာကိုယ် နှိပ်နယ်နေသည်။ သူက အဲဒီလက်လေးတွေကို အသာအယာ ဖယ်လိုက်လျှင် သူမက သူ့ကို မျက်လုံးဝိုင်းများဖြင့် လှည့်ကြည့်သည်။

"ကိုယ် နှိပ်ပေးမလို့ပါ"

"ရပါတယ်"

သူမရဲ့ ရပါတယ် ဟူသော အသံက တိုးဖွဖွ။ သူက သူမကို အသာအယာ ပြုံးပြလိုက်သည်။

"မရပါဘူးနဲ့၊ ကိုယ့်ရဲ့အကြင်နာတွေကို လက်ခံပါ ... နော်"

သူမက ဘာမှမပြောဘဲ ငြိမ်သက်သွားသည်။ သူက တစ်ချက်ပြုံးလိုက်ရင်း သူမရဲ့နားရွက်လေးမှာ i-pod ကို တပ်ပေးလိုက်သည်။ အဆိုတော် ဟန်ထွန်းက "အရင်ကဇာတ်လမ်း" သီချင်းဖြင့် သူမကို ဖျော်ဖြေပါလိမ့်မည်။ သူက ဘယ်ဘက်လက်တစ်ခုတည်းဖြင့် သူမကို ခပ်ထိထိလေး နှိပ်နယ်ပေးမိသည်။ သူမက ပြုံးတုံ့တုံ့ဖြင့် သူ့အကြင်နာတွေကို ခံယူပါသည်။

"ဘယ်လိုလဲ၊ ကိုယ့်လက်က ပေါက်ရဲ့လား"

"ပေါက်ပါတယ်"

"အိုခေ"

"ရှင်အမေကိုရော ဒီလို ဇက်ကြောတွေ ဘာတွေ နှိပ်ပေးဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမေးခွန်းကြောင့် သူ ဖြေရနည်းနည်း ကျပ်သွားသည်။ အမှန်အတိုင်း ဝန်ခံရလျှင်တော့ မေမေ့ကို ဘယ်တုန်းကမှ ဇက်ကြောဆွဲမပေးဘူးပါ။ စိန်တွေရွှေးရင်း သူ့အမေက အမယ် လေး ဇက်ကြောတွေ တက်လိုက်တာဟု သူ့ရှေ့မှာ ညည်းညူဖူး သော်လည်း နှိပ်ပေးရစကောင်းရဲ့ဟုလည်း မသတ်မှတ်ခဲ့။ အင်း သူဟာ တော်တော်တော့ မွေးရကျိုးနပ်တဲ့သားပဲ ဖြစ်တော့သည်။ ဒါပေမဲ့ ကိစ္စတော့မရှိပါ။ မိဘမေတ္တာသည် ဆန်ရေသာ ဖြစ်ပါ သည်။

သူမရဲ့ဇက်ကြောကို ဆွဲပေးတာ နည်းနည်းကြာသွား လျှင် သူမက ရပြီ ရပြီဟု ပြောသည်။ ရပြီဟု ပြောသော်လည်း သူ့လက်တွေက လက်မောင်းရင်းလေးကိုပါ အဆစ်ထည့်နှိပ်ပေး လိုက်ပါသည်။ ပြီးတော့ ပခုံးပေါ်သို့ ရောက်သွားသောအခါ သူက ညာတာပါတေးဖြင့် ခပ်ဖွဖွလေး ဖက်ထားမိတော့သည်။ နည်းနည်းကြာလာလျှင် သူသည် သူမရဲ့ကိုယ်လေးကိုပါ ... သိမ်းလျက် သူ့ပခုံးကို မှီစေလိုက်ပါသည်။ သူမသည် သူ့ပခုံး... အလိုက်သင့်မှီကာ ကန်ရေပြင်ကို ငေးရင်း ငြိမ်သက်နေသည်။

လေပြည်သည် သူမရဲ့ကိုယ်သင်းရနံ့ မျော့မျော့လေး ကို ဆောင်ယူပေးလာသည်။ သူသည် ဖြည်းဖြည်းလေးနှင့် ငြိမ် ငြိမ့်လေး နန်နေသော ရင်အစုံဖြင့် လက်ရှိကာလကိုတောင် မေ့ လျော့ထားမိသည်။ ချစ်သူသာ အနားမှာရှိခဲ့လျှင် ကမ္ဘာကြီးမှာ ဘာတွေပဲ ဖြစ်နေဖြစ်နေ စိတ်မဝင်စားတော့ပါ။

♥ ➡ ♥





## ၁၃

မာန်သည် စာမေးပွဲဖြေခါနီး အချိန်လေးမှာကပ်၍ ချစ်သူတစ်ယောက် ရရှိခဲ့သော်လည်း အဲဒီချစ်သူသည် မာန့်ကို စိတ်ညစ်စရာ၊ စိတ်နှောင့်ယှက်စရာ ဘာတစ်ခုမှ မပေးခဲ့ဘဲ ကြည်နူးချမ်းမြေ့မှုများကိုသာ ပေးခဲ့ပါသည်။ အဲဒီအတွက်ကြောင့် လည်း စာမေးပွဲကို ချောချောမောမော အောင်အောင်မြင်မြင်ဖြေ ဆိုနိုင်ခဲ့သည်။ ရည်းစားထားခြင်းကြောင့် ... အဖြေကပါ အယုက် ဖြစ်စေတယ်ဟူသော အယူအဆကို မာ... ...နဲ့လွှတ် ခဲ့ရပြီဖြစ်သည်။ အထူးသဖြင့် သူသည် မာန့်အ...ပါကွင် တင်မထား အောင် နားလည်ပေးကာ ဂရုစိုက်...နိုင်...ဖြစ်...သည်။ ...အကျက် မာန့်ရဲ့သူငယ်ချင်းဖြစ်သူ ညိုမိကတောင် အ...သိရ...သည်။

"နင်တို့နှစ်ယောက်ကို ငါက အဆ... ...ပြမယ်...တောင် မထင်ထားဘူးဟ။ နင်နဲ့ သူနဲ့က အကျင့်စရိုက်ချင်း နေပုံထိုင်ပုံချင်း တခြားစီပဲလေ ...



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း သတိနေရမယ် ထင်တာ။ ခုတော့ နင်တို့နှစ်ယောက်က ထင်မထားလောက်အောင် အဆင်ပြေနေတယ်နော်"

အဲဒီစကားကိုတော့ မာန်က ကျေနပ်စွာဖြင့် ပြုံးနေခဲ့သည်။ ညိုမိက ခေါင်းတဆတ်ဆတ်ညိတ်ကာ ဆက်ပြောသည်။

"သူ့ကြည့်ရတာလည်း အရင်ကထက်စာရင် နည်းနည်းပြောင်းလဲလာသလိုပဲ။ အဲဒါတွေကရော နင် ပြောင်းလဲယူထားတာလား"

"အင်း ... ပြောင်းလဲယူထားတာရယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါဖြစ်ချင်တာလေးတွေတော့ သူ့ကို ပြောပြတာပေါ့။ သူ့ကို အလည်အပတ် များလွန်းတာ၊ အိမ်အပြန်မိုးချုပ်တာတွေ မကြိုက်ဘူးလို့ ဆင်ခြင်ပေးဖို့ ပြောထားတော့ သူက ဆင်ခြင်တယ်လေ ...

တခြားဟာတွေတော့ တွေတွေထူးထူး မပြောပါဘူး။ ဝတ်တာစားတာ ရှိုးသိပ်မများတာကတော့ ငါက အဲလိုတွေ သိပ်မကြိုက်ဘူးဆိုတာသိလို့ သူ့ဟာသူ ပြင်တာ၊ အဲလောက်ကြီးထိတော့ ငါလည်း လိုက်မပြောပါဘူး ...

ငါတို့က တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိတယ်လို့ ပြောရမှာပေါ့"

"အင်းနော် ... သူများတွေ ပြောပြောနေတဲ့ နားလည်မှုက အရေးကြီးတယ်ဆိုတာ ဒါမျိုးကို ပြောတာနေမှာပေါ့ ...



စဉ်းစားကြည့်ရင် နင်နဲ့ သူနဲ့က ပြဒါးတမ်လမ်းသံတစ်လမ်းပဲ၊ ဆက်စပ်မှု မရှိဘူးလို့ ထင်ရတဲ့ သူနှစ်ယောက်က ဒီလိုနားလည်မှုနဲ့ လက်တွဲနိုင်တာ အရမ်းသူဖို့ကောင်းတယ် ...

နင်တို့ တစ်ခါမှ ပြဿနာမဖြစ်ဖူးသေးဘူးပေါ့"

"မိန်းမစုတ် ... နင်က အဲဒါမျိုးပဲ ဖြစ်စေချင်နေတာလား"

"ဪ ... မဟုတ်ပါဘူး၊ ဒါပေမဲ့ ငါအတွက်တော့ နည်းနည်းထူးဆန်းနေလို့ပါ၊ ဟဲ့ ... ဒါနဲ့လေ ... ဒီကိစ္စကို နင့်လေးဖေကြီး မသိဘူး မဟုတ်လား"

"ဘယ်သိမလဲဟဲ့"

"အေး ... သိသွားရင် ဘယ်လိုလုပ်မလဲ မသိဘူးနော်၊ ပွဲကြမ်းမလားတော့ မသိဘူး၊ အဲဒီအတွက်တော့ နင် စဉ်းစားပြီးပြီ မဟုတ်လား"

မာန်သည် အဲဒီမေးခွန်းကိုတော့ ချက်ချင်းမဖြေနိုင်ဘဲ နည်းနည်းစဉ်းစားမိသွားသည်။ လေးဖေသည် မာန့်ကို ရည်းစားမထားရဘူးလို့ တစ်ခါမှ မပြောဘူးပါ။ မပြောစဖူးဆို မာန်ကလည်း အဲဒါမျိုးတွေ လှည့်ကိုမကြည့်ခဲ့တဲ့ သူတစ်ယောက်ဖြစ်သည်။ စိတ်တိုရင် တိုသလို လေးဖေကိုပါ ရင်ဖွင့်တတ်လေရာ အဲဒီထဲမှာ လက်ရှိချစ်သူတောင် ပါသွားခဲ့သေးသည်။ သူနဲ့သာ ချစ်သူဖြစ်နေမှန်းသိလျှင် လေးဖေ ဘယ်လိုများ တုံ့ပြန်လေမလဲ ဆိုတာကိုတော့ မသိ။ မာန်သည် လေးဖေကို မာန်ရည်းစားအား

www.burmeseclassic.com

www.burmeseclassic.com



တာ ကြိုက်လား၊ ထားရမလားလို့ တစ်ခါမှလည်း မေးမကြည့်
ဖူးသဖြင့် အကျပ်တော့ ရိုက်နေပြီဖြစ်သည်။

အဲဒီအတွက် လေးဖေ မေးလာလျှင်တော့ အမှ
အပိုင်းဖြေဖို့ ဆုံးဖြတ်လိုက်လေသည်။ သူ့ဘဝတစ်ခုလုံး
မာန့်အတွက် ပေးဆပ်ထားတယ်ဟု ဆိုရမည်ဖြစ်သော လေးဖေ
မာန် မညာချင်ချေ။ လေးဖေရဲ့ယုံကြည်မှုတွေကိုလည်း အလွဲသုံး
စား မလုပ်ချင်ပါ။ လေးဖေ တစ်ယောက် မာန့်ကို အင်မတ
ချစ်တယ်ဆိုတာလည်း မာန်သိသည်။ ပြောရလျှင်တော့ လေးဖေ
သည် မာန့်ကို ကိုယ်ပိုင်အသိဉာဏ်နှင့် ဆုံးဖြတ်တတ်အောင်
လေ့ကျင့်ပေးထားပြီး သိပ်ချုပ်ချုပ်ချယ်ချယ် မလုပ်တတ်သော
လွတ်လပ်ခွင့် ပေးထားသော လူတစ်ယောက်ပင် ဖြစ်ပါသည်။

မာန်နဲ့ ညှိမိတို့ အဲဒီအကြောင်းကို ဆွေးနွေးလို့
မကြာသေး။ တစ်နေ့မှာ လေးဖေက မာန့်ကို အဲဒီအကြောင်း ဖွင့်
မေးဖို့ ဖြစ်လာခဲ့သည်။ အခုလောလောဆယ်မှာ မာန်တို့ Fina
Part I ဖြေထားပြီး ကျောင်းတွေ ခဏပိတ်ထားချိန် ဖြစ်လေရ
တစ်ခုသော ညနေခင်း၌ မာန်က သူနဲ့ချိန်းထားသော ကော်ဖီဆိုင်
သို့သွားဖို့ ပြင်ဆင်ပြီး ထွက်ရန်အပြု။ လေးဖေက မာန့်ကို တစ်
ချက် အကဲခတ်ကာ ဧည့်ခန်းထဲက ဆက်တီမှာ ဝင်ထိုင်သည်။

"လေးဖေ ... မာန် အပြင်ခဏသွားမလို့၊ ဘာမှာဦးမလဲ"

"အင်း ... မှာစရာတော့ မရှိပါဘူး။ သမီး အချိန်ခဏ
လောက် ရသေးလား"





"ဟုတ် ... ရတော့ ရပါတယ်"

"အေး ... ရတယ်ဆိုရင် ခဏလောက် ထိုင်ပါဦး"

မာန်က ခေါင်းထဲမှာ လင်းလာသော မီးမှင့်လေးများ
နှင့်အတူ ခေါင်းတစ်ချက်ညိတ်ကာ ဆက်တီမှာ ဝင်ထိုင်လိုက်သည်။
မာန့်ကိုကြည့်နေသော လေးဖေ၏ စူးရှတည်ငြိမ်သည့် မျက်လုံး
များကြောင့် နည်းနည်း အနေကျုံ့သွားသလို ဖြစ်သွားသည်။
လေးဖေ၏ မျက်လုံးများသည် တစ်စုံတစ်ခုကို သိနေသလိုပဲ ဖြစ်
ပါသည်။ မာန်ကလည်း အသက်ကို တိတ်တဆိတ်နှင့် အဝမ်ရှူ
လိုက်ကာ ပြောစရာအတွက် ပြင်ဆင်ထားလိုက်သည်။

"မာန် ... သမီးကို လေးဖေ ယုံကြည်တယ်ဆိုတာ သမီး
သိတယ်နော်"

"ဟုတ်ကဲ့ ... သိပါတယ် လေးဖေ"

"အေး ... ဒါဆိုရင် လေးဖေကို သမီး မညာစတမ်းဖြေပါ၊
သမီးနဲ့ နေမြိုမိုးဇန် ဆိုတဲ့ကောင်နဲ့ ရည်းစားဖြစ်နေကြလား"

အဲဒီလို တဲ့တိုးကြီးမေးမယ် မထင်၍ မာန့်မှာ
ခတ်တရက် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ မာန့်ကို စူး
စိုက်ကြည့်နေသော မျက်လုံးများကြောင့် မာန်သည် အနေရခက်
ကာ ခေါင်းကို အသာငုံ့လိုက်မိသည်။ လေးဖေ ဘယ်လိုလုပ်
သိလဲတွေ၊ ဖိန့်နေတာလားတွေ ပြန်မေးစရာ မလိုပါ။ မလိုပေ
ာက်အောင်ကို လေးဖေရဲ့မျက်လုံးတွေက တိကျသေချာနေခဲ့
ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာန်သည် တည်ငြိမ်သော မျက်နှာထားဖြင့် လေး[illegible]
ကို မော့ကြည့်လိုက်သည်။ အဲဒီအကြည့်တွေကြောင့် လေးဖေ
မျက်နှာမှာ တစ်မျိုးတော့ ဖြစ်သွားသည်ဟု ထင်ပါသည်။

"ဟုတ်ပါတယ် လေးဖေ"

မာန့်စကားကြောင့် လေးဖေ ဘာပြန်ပြောရမှန်း[illegible]
ဖြစ်သွားသည်။ တစ်ခုခုကို ပြောတော့မလို ဟန်ပြင်နေသည်
နှုတ်ခမ်းများမှာ ဘာမှ မပြောရသော်လည်း စကားလုံးများ[illegible]
ထွက်ကျလာပြီးသားဟု ထင်သည်။ နင် ဒီကောင့်ကို မကြိုက်[illegible]
ဆို၊ ကြည့်မရဘူးဆို၊ ဘာလို့ အခုမှ ကြိုက်သွားရတာလဲ၊ ဒီ[illegible]
[illegible]ပေါ်ကြော့ကို ဘာဖြစ်လို့ ကြိုက်တာလဲ စသဖြင့် လေးဖေ့
မျက်လုံးမှ စကားတွေ ပြောနေသည်။

"ဘယ်လိုဖြစ်သွားရတာလဲ"

"ဟို ... မာန့်ကို သူက တကယ် ချစ်တာပါ၊ မာန်ကိုယ်[illegible]
တိုင်လည်း ..."

လေးဖေက ဆက်မပြောနဲ့ဟူသော ပုံစံဖြင့် လက်[illegible]
ကာပြသည်။

"လေးဖေ သဘောပေါက်တယ်၊ နားလည်တယ်။ လေး[illegible]
လည်း ငယ်ရာက ကြီးလာတာပါပဲ။ အချစ်နဲ့ အမုန်း[illegible]
တာ နံရံလေး ပါးပါးလေးပဲ ခြားတာ ...

ဒါပေမဲ့ သမီးကို စဉ်းစားချင့်ချိန်တတ်တဲ့ ဦးနှော[illegible]
ရှိအောင် ငယ်ငယ်လေးတည်းက လေ့ကျင့်ပေးထားတ[illegible]





နော်၊ လူတစ်ယောက်ရဲ့တန်ဖိုး ဆိုတာ ဘာဆိုတာကိုသိ
အောင် သွန်သင်ဆုံးမခဲ့ပြီးသား ...

သမီးတန်ဖိုးထားတဲ့ စံမျိုး ဒီကောင့်ဆီမှာ ရှိလို့လား၊
သမီးရဲ့ အချစ်ရေးနဲ့ အိမ်ထောင်ရေးမှာ လေးဖေ လွတ်လပ်
ခွင့် ပေးထားတယ် ဆိုပေမယ့် အပျော်ရည်းစားထားတာမျိုး
တော့ မဖြစ်စေချင်ဘူး"

"မာန် ... သူ့ကို အပျော်ရည်းစားထားတာ မဟုတ်ပါဘူး"

"သမီး သူ့အကြောင်းကို ဘယ်လောက်သိလို့လဲ"

"သိပါတယ်၊ သိသင့်သလောက်တော့ သိပါတယ်၊ သူက
အဖေမရှိတော့ပါဘူး၊ သူ့အမေက ရတနာကုန်သည်တစ်
ယောက်ပါ၊ သူ့အမေက ဖတဆိုးမို့ အလိုလိုက်ထားတော့
ခပ်ပေါ့ပေါ့ ပုံစံမျိုး ဖြစ်နေတယ် လေးဖေ ...

ဒါပေမဲ့ မာန် လိုချင်တာက အကောင်းဆုံးမဟုတ်
ပါဘူး။ အစစ်အမှန်ပါ"

မာန့်ရဲ့အပြောကြောင့် လေးမာန်ရဲ့မျက်ခုံးနှစ်ဖက်က
မြင့်တက်သွားသည်။ ပြီးတော့ ဟစ်စုံတစ်ရာကို တအံ့တသြ ရေ
ရွတ်သည်။

"အစစ်အမှန် !"

"ဟုတ်တယ် လေးဖေ။ တချို့လူတွေ အိမ်ထောင်ရေး၊
အချစ်ရေးတွေမှာ အဆင်မပြေကြဘူးဆိုတာ အကောင်းဆုံး
တွေကို မျှော်လင့်ထားလို့ပါ။ အကောင်းဆုံးလို့ မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး အကောင်းဆုံးတွေ ဖြစ်မလာတဲ့ အခါမှာ အဆင် [illegible] ...

[illegible] လူချင်တာက အကောင်းဆုံး မဟုတ်ပါဘူး။ အစစ်အမှန်ပါ။ သူဟာ အကောင်းဆုံး လူတစ်ယောက် ဖြစ်ချင်မှ ဖြစ်မယ်။ ဒါပေမဲ့ မာန့်အပေါ်မှာ အချစ်စစ် အချစ်မှန်နဲ့ ချစ်တယ်ဆိုတာတော့ မာန် ယုံတယ်လေ"

လေးဖေသည် မာန့်ကို တစ်ခါမှ မမြင်ဖူးသောသူ လို ငေးကြောင်ပြီး ကြည့်နေသည်။ လေးဖေရဲ့မျက်လုံးများသည် တစ်စုံတစ်ခုကြောင့် ဆွေးလျသွားသလို ဖြစ်သွားသည်။ မာန်သည် အဲဒီအတွက် စိတ်မကောင်းဖြစ်သွားခဲ့သည်။

"လေးဖေ ... သူ့ကို လေးဖေ သဘောမကျလို့လားဟင်"

"အင်း ... မဟုတ်ပါဘူး၊ သမီးကို လေးဖေ ယုံပါတယ်။ သမီးဟာ ဦးနှောက်ဉာဏ်ကိုသုံးတဲ့ မိန်းကလေးတစ်ယောက် ဆိုတာ ယုံကြည်တယ် ...

သမီးပြောတဲ့ အကောင်းဆုံးနဲ့ အစစ်အမှန် ဆိုတာ ကို စဉ်းစားမိတော့ လေးဖေက တစ်ခုခုကို သတိရသွားမိ လို့ပါ၊ ဟုတ်တယ် သမီး၊ တချို့လူတွေဟာ အကောင်းဆုံး ကို ရွေးချယ်ကြတဲ့အခါမှာ အစစ်အမှန်နဲ့ ဝေးသွားတတ်ကြ တယ် ...

အေးပါ ... သမီးအတွက် အိုကေတယ်ဆိုရင် ပြီး တာပါပဲ။ တစ်ခုတော့ မေးချင်တယ်၊ ဒီကောင့်ကို လေးဖေ





ရဲ့လက်သီးစာမိသွားတာကြောင့် သနားသွားတာတော့ မဟုတ်ပါဘူးနော်"

မာန်က ရှက်ရယ် ရယ်လျှင် လေးဖေက ငါသိပါ တယ် ဟူသော အပြုံးမျိုးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။

"အင်း ... မိန်းကလေးတွေက သနားသွားရင် မရတော့ဘူး လို့ အဲဒါကြောင့် ပြောကြတာ၊ သနားချစ်လေးပေါ့ ... ဟုတ်လား"

"အို ... လေးဖေကလည်း မဟုတ်ပါဘူး"

မာန်က ရှက်တက်တက်ဖြင့်ဆိုလျှင် လေးဖေက တဟားဟားနှင့် အော်ရယ်သည်။ အဲဒီလို ရယ်နိုင်သောကြောင့် မာန် စိတ်ချမ်းသာရပါသည်။

"ကဲ ... ကဲ ... သွားတော့၊ အခုလည်း အဲဒီငနဲနဲ့ ချိန်း ထားတာမှ ဟုတ်ရဲ့လား"

မာန်က ပြုံးစိစိဖြင့် ဟုတ်တယ်ဟု ဆိုကာ ထိုင်ရာ မှ ထရပ်လိုက်သည်။

"အေး ... အဲဒီငတိကို ပြောလိုက်ဦး၊ လေးဖေနဲ့တစ်ရက် လောက် လာတွေ့ရမယ်လို့၊ ကြားလား"

"ဟုတ်ကဲ့ လေးဖေ"

"အိုကေ ... သွားတော့။ နောက်မကျစေနဲ့"

မာန်က လေးဖေကို နှာခေါင်းတစ်ချက် ရှုံ့ပြကာ အိမ်ထဲမှ ထွက်လာခဲ့သည်။ သူနဲ့ချိန်းထားသော ကော်ဖီဆိုင်လေး



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်သွားချိန်တွင် မာန့်မှာ နည်းနည်းတောင် နောက်ကျနေ ပြီဖြစ်သည်။ သို့သော် သူကတော့ ပြဿနာမရှိ။ မာန့်ကို လက် တစ်ဖက်ပြကာ ဝင်လာတာ မြင်ကတည်းက လှမ်းနှုတ်ဆက်သည်။ မာန်က သူနဲ့မျက်နှာချင်းဆိုင် စားပွဲမှာဝင်ထိုင်လိုက်ရင်းမှ ...

"ဆောရီး ... တို့ နည်းနည်းနောက်ကျသွားတယ်"

"နဲဗားမိုင်းပါ ချစ်ရဲ့။ ဘာသောက်မလဲ"

"အင်း ... ကဖေးလတ်တေး"

သူက အနားမှာရှိနေသော စားပွဲထိုးကို မှာပေးသည်။ ပြီးတော့ မာန့်ကို ပြုံးပြုံးလေးကြည့်ကာ မျက်စိတစ်ဖက်မှိတ်ပြရင်း လက်မတစ်ချက် ထောင်ပြရင်း "လန်းတယ်"ဟု ခပ်တိုးတိုးပြော သည်။ သူနဲ့မာန်သည် ဒီနေ့ ဆင်တူဝတ်လာကြခြင်းဖြစ်သည်။ အဖြူရောင်တီရှပ်အကျပ်ပေါ်မှာ အနက်ရောင် ဝေ့စ်ကုတ်တစ်ထပ် ထပ်ဝတ်ထားကာ အောက်ကဂျင်း(န်)ဘောင်းဘီကလည်း SKinney အနက် အကျပ်လေးဖြစ်သည်။ မာန်က ဆံပင်တွေကို ငါးရိုးကျစ် ဆံမြီးကျစ်လာခြင်းကြောင့် ပိုပြီးရှင်းသန့် သပ်ရပ်နေသည်။

"ဇန့်ကို ပြောစရာရှိတယ်"

သူက ဟုတ်လား ဟူသော သဘောဖြင့် မေးဆက် ပြသည်။ သူ အမှတ်တမဲ့ ပြုလုပ်လိုက်သော ပုံလေးများမှာ မာန့် ရဲ့အိပ်မက်ထဲအထိ ရောက်လာတတ်ကြောင်းကို သူ မသိသေးပါ။ မာန်ကလည်း အဲဒီလောက် အရှုံပိုပို မပြောသေး။ မိန်းကလေး ဆန်ဆန် နုနွဲ့ပြီး ချွဲရမှာကိုလည်း ရှက်ရွံ့နေသေးသည်။ ပုံမှန်



အနေအထားဖြင့် ပြောဆိုဆက်ဆံနေကြသော်လည်း မာန်တို့နှစ် ယောက်သည် တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်နေကြပြီဆိုတာ ကိုယ်စီကိုယ်ငှ သိကြလေသည်။ အချစ်ဆိုသော ထိုအရာသည် အဲဒီလောက်တောင် ထူးဆန်းအံ့သြဖွယ်ရာကောင်းကြောင်း မသိ ခဲ့ပါ။

"ပြောလေ ချစ်၊ ဘာပြောမှာလဲ"

"အင်း ... ဇန်နဲ့ တို့အကြောင်းကို လေးဖေ သိသွားပြီ"

"ဟိုက် ... ဘယ်လိုလုပ် သိသွားတာလဲ၊ အောင်မြတ်လေး လက်သီးနဲ့မွှေးလိုက်တာ"

မာန်က သူ့အပြောကို သဘောတကျဖြင့် ဟက် ဟက်ပက်ပက် ရယ်မိသည်။ ရယ်နေသောကြောင့် သူ့မေးခွန်းကို ချက်ချင်းမဖြေနိုင်သေး။

"ပြောပါဦး ချစ်ရ။ ဘယ်လိုလုပ် သိသွားတာလဲ"

"အင်း ... လေးဖေက မာန့်ပုံစံတွေကို သိနေတယ်နဲ့တူ ပါတယ်၊ ရိပ်တော့ ရပ်မိတာပေါ့။ ဘယ်လိုလုပ် သိနေလဲ တော့ မပြောတတ်ဘူး။ ဒါပေမဲ့ သေချာဖွင့်မေးတော့ မာန်လည်း မလိမ်တော့ဘူးလေ ...

မာန်က ဟိုးအရင်တည်းကလည်း မလိမ်တတ်ဘူး လေ။ လေးဖေကလည်း မာန့်ကို ယုံတယ်။ အဲဒါကြောင့် လေးဖေ မေးလာတော့ အမှန်အတိုင်းပဲ ဝန်ခံလိုက်တယ်"

"အင်း ... ဝန်ခံလိုက်တော့"

www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက စိတ်လှုပ်ရှားမှုဖြင့် ရှေ့ကိုတောင် ကိုင်းလာသည်ဟု ထင်ရသည်။ မာန်သည် ကိုယ့်ကို အလေးအနက်ရှိသော သူ့ပုံစံကြောင့် တိတ်တခိုး ကြည်နူးရသည်။

"ဝန်ခံလိုက်တော့ လေးမေက နည်းနည်းတော့ အံ့သြသွားတာပေါ့။ ဒါပေမဲ့ ဘာမှတော့ မပြောပါဘူး။ မာန်က သေချာရှင်းပြလိုက်တယ်လေ ...

ခနဲ့ကိုတောင် သူ့ဆီ လာခဲ့ဦးတဲ့၊ အဲဒါ ခနဲ့ တစ်ရက်လောက် တွေ့လိုက်ဦး"

"အင်း ... မေးတော့ ခပ်ယားယားပဲ"

သူက မေးစေ့ကိုပွတ်ကာ ခပ်ရွှံ့ရွှံ့ ပြောလျှင် မာန်က ဟက်ခနဲ ရယ်မိသည်။

"ဘာမှမလုပ်ပါဘူး။ လေးမေက မာန့်မျက်နှာကိုပဲ ကြည့်တာ၊ မာန်က အိုကေဆိုရင် သူလည်း အိုကေပဲ"

"ကိုယ်လည်း သွားတွေ့ဖို့က အိုကေပါပဲ။ မျက်နှာပူချင်မှ သူကပဲ ပူရမှာ ဟုတ်တယ်ဟုတ်။ စကတ္တတော့ မာန် Final Patr II ပြီးတာနဲ့ လက်ထပ်ပေးတော့မယ်နဲ့တူတယ်၊ ဟဲ ဟဲ"

"အောင်မာ ... ဘာ Final Part II ပြီးရင် လက်ထပ်မှာလဲ၊ ဟောက်(စ်)ဆင်းရဦးမှာပေါ့"

"ဟောက်စ်ဆင်းပြီးရင်တော့ လက်ထပ်မယ်ပေါ့"

မာန်က သူ့ကို မျက်စောင်းတစ်ချက် ထိုးမိသည်။





"လက်ထပ်ရအောင် ရှင့်မှာ ဘာအလုပ်အကိုင်တွေများ ရှိလို့လဲ"

"ရှိရင်တော့ မာန်က လက်ထပ်မယ်ပေါ့"

"အဲလိုပြောနေတာ မဟုတ်ပါဘူး။ ရှင်လည်း ကျောင်းပြီးနေပြီလေ။ ဘာအလုပ်မှလုပ်ဖို့ စဉ်းစားမထားဘူးလား"

"စဉ်းစားပါတယ် ဒေါ်မာန်ရာ။ ကိုယ်က နောက်နေ့ကစပြီး လေးမာန်ဆီမှာ တပည့်ခံတော့မလို့"

"ဘာရယ် ... ဘာတပည့်ခံမှာလဲ"

"ဟုတ်တယ်လေ၊ ကိုယ်က ကားတွေကို ဝါသနာပါတာ မာန်လည်း သိသားပဲ။ ကိုယ်လည်း ဆားဗစ်စင်တာတစ်ခု ဖွင့်ချင်တယ်။ ကားနဲ့ပတ်သက်တာ အားလုံးပေါ့။ ကား အလှဆင်တာ၊ ကားပစ္စည်းရောင်းတာ၊ ရေဆေးဆီလိုက် အစုံပေါ့၊ အဲဒါတွေ လုပ်ဖို့အတွက် လေးမာန်ဆီမှာ တပည့်ခံမှဖြစ်မယ် ...

အဲဒီအတွက် ချစ်တို့အိမ်မှာ ထမင်းစားကျွန်ခံ ... အဲလေ ... ထမင်းကျွေး အလုပ်သင် လုပ်မယ်လေ၊ မကောင်းဘူးလား ...

ပညာလည်းရ၊ ချစ်နဲ့လည်းတွေ့ရ၊ မမိုက်ဘူးလား"

"ဟင် ... ဘာမှ မမိုက်ဘူး"

"ရော် ... အကောင်းပြောနေတာ၊ ချစ် ဟောက်စ်ပြီးတဲ့ အချိန်ကျရင် ကိုယ့်အလုပ်လည်း settel ဖြစ်လောက်ပါပြီ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကျရင် လက်ထပ်တော့မယ်လေ ချစ်ရာ။ နော် ... ကိုယ် ချစ်ဆီက လက်ထပ်ခွင့်ကို မြတ်မြတ်နိုးနိုး တောင်းခံပါတယ်။ ကိုယ့်ကို လက်ထပ်မယ် မဟုတ်လား။ ကိုယ့်ဘဝမှာ လက်ထပ်ခွင့် တောင်းခံဖူးတဲ့ မိန်းကလေးက ချစ်တစ်ယောက်တည်း ရှိတာပါ"

"အမယ်လေး ... တော်ပါတော့။ ပိုလိုက်တာ"

"မပိုပါဘူး။ လိုတောင် လိုသေးတယ်။ တကယ်ပါ မာန်၊ ကိုယ့်ဘဝမှာ မင်းက ပထမဆုံးနဲ့ နောက်ဆုံးအချစ်ပါ၊ ကိုယ်ရည်းစားတွေ ထားခဲ့ဖူးတာ မာန်လည်း အသိပါပဲ။ အပေါ်ယံတွေပါ မာန် ...

တကယ်လေးနက်တဲ့အချစ်နဲ့ မင်းကိုချစ်ပြီး ဘဝတစ်သက်လုံးအတွက် ကိုယ့်ရဲ့အလင်းရောင်အဖြစ် သတ်မှတ်ခဲ့တာပါ။ ကိုယ့်ဘဝမှာ မင်းမရှိလို့ မဖြစ်ဘူး မာန်။ အိုကေ"

မာန်က သူ့စကားတွေကို ထိလွန်းသောကြောင့် ဘာမှမပြောဘဲ ပြုံးနေမိသည်။

"ပြောလေ မာန်၊ ကိုယ့်ကို လက်ထပ်မှာလား။ ဘာလဲ ... လက်ထပ်ခွင့်တောင်းတာ ကိုရီးယားကားထဲကလို ဒူးထောက်ပြီး လက်စွပ်နဲ့ တောင်းရဦးမှာလား"

"အို ... ပေါကြောင်ကြောင်နဲ့"





"အချစ်အတွက်ဆို အားလုံးက ရူးတောင်ရူးသွားကြသေးတာပဲ။ ပေါတယ်ဆိုတာ မိုင်နာကျေစ်ပါ။ ကဲ ... ဖြေနော်၊ မဖြေရင် ကိုယ် တကယ်ဒူးထောက်တော့မှာ"

"အင်းပါ ... လက်ထပ်မှာပါ"

"ဘယ်တော့လဲ"

"ဟောက်စ်ဆင်းပြီးရင်"

"promise နော်"

"အောင်မာ ... ကျုပ်က ဆိုခဲစေ မြဲစေရှင့်၊ သိလား"

"အေးပေါ့ ... မိန်းမဆိုတာ အဲလို ကတိတည်ရတယ်။ ဒီနေ့ကို ကိုယ် မှတ်ထားလိုက်ပြီနော်။ မင်း ကိုယ့်ကိုလက်ထပ်ဖို့ ခေါင်းညိတ်တဲ့နေ့ ...

အိုကေ ... မင်းရဲ့လေးမေကိုလည်း ဒီတစ်ပတ်ဆန်းဒေးမှာ လာတွေ့မယ်၊ မင်းတို့အိမ်မှာ ထမင်းစားမယ်။ ဟင်းကောင်းကောင်းချက်ထား ...

ကိုယ်က အမဲသားနှပ်ကြိုက်တယ် ... သိလား"

"အောင်မာ"

မာန်သည် သူ့ကို မျက်စောင်းတစ်ချက် ထိုးမိသော်လည်း နှုတ်ခမ်းတွေက ပြုံးလို့နေခဲ့သည်။ ဘယ်လိုပင်ဖြစ်စေ အလေးအနက်ထား ချစ်ခဲ့သော ချစ်ခြင်းရဲ့ပန်းတိုင်မှာ လက်ထပ်ခြင်းဆိုတာတော့ အစစ်အမှန် ချစ်သူစုံတွဲတိုင်းက ငြင်းကြလိမ့်မည် မဟုတ်ပါ။

♥ ➥ ♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၁၄

လူတို့သည် ကိုယ်လိုချင်တာ တစ်ခုခုကို တောင်းဆိုတော့မည်ဟု စိတ်ကူးလျှင် တစ်ဖက်လူ၏ ရာသီဥတု အခြေအနေကို အကဲခတ်ကြည့်ကြသည်မှာ ထုံးစံအတိုင်းပဲ ဖြစ်ပါသည်။ သူသည်လည်း သူ့အမေ၏ ရာသီဥတုအနေအထားကို အကဲခတ်ရသည်။ သူ့အမေကတော့ ဘာမှ သိပ်ထူးထူးခြားခြား မရှိပါ။ စိတ်ပျို့ကိုယ်နု ဆိုသော စကားကို ကိုယ်စားပြုထားသူ ဖြစ်သည့် အလျှောက် ခြေဉ့်ခန်းထဲတွင် ကိုရီးယားဟာသကားတစ်ကားကို နှုတ်ခမ်းမွေးအာလူးကြော်တစ်ဘူးဖြင့် အားပေးနေသည်။ သူက သူ့အမေရဲ့ဘေးတွင် ဝင်ထိုင်လိုက်ကာ အာလူးကြော်တစ်ခုကို နှိုက်စားလိုက်သည်။ မားသားက သူ့ကို တစ်ချက်ငဲ့ကြည့်သော်လည်း ဘာမှမပြော။

ခဏကြာတော့ သူ ကံကောင်းတာလား။ ကံဆိုးတာလားတော့ မပြောတတ်ချေ။ မီးပျက်သွားသည်။ သူက ကျိတ်ဝမ်းသာသွားသော်လည်း သူ့အမေက ကျွတ်ကျက် တောက်ခေါက်တွေ ဆူညံသွားပြီးနောက် ခြံစောင့်ကို မီးစက်နှိုးဖို့ လော်ဆော်ဖုန်းမှာပဲ သူက စကားစဖို့ပြင်သည်။ သို့သော် သူ့အမေက ဆက်ဦးသွားသည်။ အိမ်နေရင်းတီရှပ်နှင့် ကာကီဘောင်းဘီတို ဝတ်ဆင်ထားသော သူ့ပုံစံကို တစ်ချက် အကဲခတ်ကာ ...

"အပြင်မသွားဘူးလား"

"ဒီနေ့တော့ မသွားတော့ဘူးလားလို့ ခမမေ"

"သားလေး အချိုးတွေ ပြောင်းနေပါလား။ ဟင် ... အခုတလော အဝတ်အစား ဝတ်တာတွေလည်း တည်တည်ငြိမ်ငြိမ်၊ မုန့်ဖိုးတွေလည်း သိပ်မတောင်း၊ အိမ်ကိုလည်းစောစောပြန်၊ အမေကိုလည်း ဇက်ကြော[illegible]ပေးရမလား၊ အပြင်လိုက်ပို့ပေးရမလား၊ မေမေနေကောင်းရဲ့လားနဲ့ ဂရုတစိုက်ရှိ ...

အင်း ... something တော့ wrong နေပြီနဲ့တူတယ်နော်"

သူက သူ့အမေရဲ့စကားကို သဘောကျသောကြောင့် တဟက်ဟက် အော်ရယ်မိသည်။ သူ့အမေကတော့ မရယ်။ သူ့မျက်နှာကို အပမှီနေသလားဟု စေ့စေ့စပ်စပ် အကဲခတ်သည်။

"ကဲ ... ပြောစမ်းပါဦး။ ပြောင်းလဲရတဲ့ အကြောင်းရင်းကို"

"ဒီလိုပါပဲ ,မေမေရာ။ မေမေ့ကို ချစ်လို့ပေါ့"







www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဒီစကားတွေ chatting ထဲမှာ သွားပြော

"ဟာ ... တောမှာသွားပြော လုပ်စမ်းပါ မေမေကလည်း

"တောမှာ သွားပြော ဆိုတာက ခေတ်မရှိတော့

chatting ထဲမှာ သွားပြော၊ နင်တို့ chatting ထဲမှာ

အလိမ်အညာတွေပဲ ပြောကြတာ"

"မေမေကလည်း ကိုယ်သားလေး လိမ္မာတာကို အကောင်း

မမြင်ဘူး"

"ငါ့သားက မလိမ္မာတောင် ဆိုးမိုက်နေတဲ့ သားမျိုးမှမဟုတ်

တာ။ မင်းကို ဒီလိုအပိုးကျိုးကျိုး နေစေချင်မှဖြင့် ငါ

တည်းက ပုံသွင်းခဲ့ပြီပေါ့ ငနဲရဲ့ ...

ငါ ... မျှော်မျှတွေဟာ မင်းအတွက်ပဲလေ၊ မင်း ပိုက်

များများသုံးလို့ စိတ်ညစ်မယ်များ ထင်နေလား။ မင်း

လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေလေ ငါ စိတ်ချမ်း

လေပဲ ...

ကဲ ... ပြော၊ ဘယ်သူ့ idea တွေနဲ့ မင်းက

ဝွမ်းနေရတာလဲ"

သူက အထင်နဲ့အမြင် တခြားစီဖြစ်နေသော

နဖူးကို လက်ဝါးနဲ့ပိတ်ချလိုက်ကာ ရှုံ့မဲ့ညည်းညူမိသည်။

အမေက နင့်ကို ငါမွေးထားတာပါဟူသော အကြည့်မျိုးဖြင့်

ကာ နှုတ်ခမ်းတမဲ့မဲ့ဖြင့် ...





"မင်းကောင်မလေးက ဒီလိုနေလို့ Control လုပ်နေတာ မဟုတ်လား။ အခုလည်း သူနဲ့ပတ်သက်တဲ့ တစ်ခုခုကို ပြောချင်လို့ မေမေ့အနားမှာ ယောင်လည်ရစ်သီ လုပ်နေတာ မဟုတ်လား"

သူ့မှာ ဟုတ်နေသဖြင့် ဘာမှမပြောနိုင်။ အီလည်လည်ဖြင့် ပြုံးနေရသည်။ သူ့အမေက သူ့ကို စေ့စေ့စပ်စပ်ကြည့်ကာ ...

"မေမေက သားဆိုက ဘာမှပြန်မျှော်လင့်တဲ့ အမေမျိုး မဟုတ်ပါဘူး၊ သားလေး စိတ်ချမ်းသာရင် ပြီးရော။ သားက လောင်းကစားလုပ် အပျော်အပါး လိုက်စားပြီး မူးရူး ဆိုးမိုက်နေတဲ့သားမျိုးမှ မဟုတ်တာ ...

အဲဒီလိုတွေ မလုပ်တာကိုက မေမေ့အတွက် သား လိမ္မာပဲ ...

ဒါကို ဒီ့ထက် အပိုးကျိုးကျိုးကြီးတော့ နေနိုင်းတာ ကတော့ အမေလုပ်သူရဲ့ အုပ်ထိန်းမှုကို ညံ့တယ်လို့ သွယ်ဝိုက်ပြီး ပြောနေသလိုပဲ"

သူ့အမေက ခပ်ဆတ်ဆတ်ဆိုလျှင် သူသည်လွှဲကုန် ပြီဟု သဘောပေါက်လိုက်ရ၏။ သူ့အမေဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ ပေါ့ပေါ့ပါးပါး နေတတ်သည်ဆိုသော်ငြားလည်း စိတ်မထင်ရင် မထင်သလိုလည်း တလွဲတွေးတတ်သူ ဖြစ်ပါသည်။ အခုကိစ္စမှာ ဆိုလျှင်လည်း တခြားအမေသာဆို သဘောကျကောင်းကျမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း၊ သူ့အမေကတော့ အဲဒီလိုမတွေး။ အင်း … ခက်တော့ ခက်နေပြီဖြစ်သည်။ မာန့်အပေါ်၌ သူ့အမေကို အမြင်မစောင်းစေချင်ပါ။

"အဲလို မဟုတ်ပါဘူး မေမေရာ။ သူက သားကို ကောင်းစေချင်တဲ့ စေတနာနဲ့ပါ"

"ဪ … ငါကတော့ ကောင်းစေချင်တဲ့ စေတနာမရှိလို့ မင်းကို မဆုံးမဘူးပေါ့လေ။ အဲလိုလား"

"ဟာ … အဲလို မဟုတ်ပါဘူး မေမေရာ။ မေမေကလည်း အဖြောင့်အတိုင်းပဲ တွေးစမ်းပါ"

"ဪ … မင်းက ခုတော့ ငါ့ကိုတောင် ကွေ့ကွေ့ကောက်ကောက် တွေးတယ်လို့ ထင်နေပြီပေါ့လေ။ အင်း … နင့်လို ရည်းစားသောင်းခြောက်ထောင် ထားခဲ့တဲ့သူကို ဒီလို ငြိမ်ကျသွားအောင် ကိုင်နိုင်တယ် ဆိုကတည်းက သင်းက ပညာရှင်အဆင့်ပဲ နေမှာပဲ …

ဘယ်က ဆရာကြီးနဲ့ တွေ့လာတာလဲ ပြောစမ်း။ ပြောတော့ ကောင်မလေးတွေနဲ့ ပတ်သက်လာရင် သူ့ကိုယ်သူ ဆရာကြီးပါ ဆရာကြီးပါ ဆိုပြီးတော့"

"အာ … မေမေကလည်းကွာ၊ တလွဲတွေ လျှောက်ထင်နေပြန်ပြီ။ အဲလိုကြီးတွေ မဟုတ်ပါဘူး။ သူက ဟို … ဘယ်လိုပြောမလဲ၊ ဟဲလေး သီချင်းထဲကလိုလေ မေမေရဲ့"

"ဘာဟဲလေးသီချင်းလဲ"





သူ့အမေက သူ့ကို မျက်မှောင်ကြုတ်ကာ ပြန်မေးသည်။

"ဪ … ကျွန်တော်ရှာချစ်ခဲ့တဲ့ မိန်းမတွေထဲ ဒီကောင်မလေးကတော့ အောက်သက်ကြေတယ် ဆိုတာမျိုးလေ။ အောက်သက်ကြေရုံအပြင် သူက ရုပ်လည်းချောတယ်၊ ဆရာဝန့်မပါ မေမေရယ်၊ မေမေ ထင်သလို ဆရာကြီးဂိုဏ်းထဲက မဟုတ်ပါဘူး …

သူ့မှာ ငယ်ငယ်လေးတည်းက မိဘတွေ မရှိတော့ဘူး။ သူ့ဦးလေး လူပျိုကြီးတစ်ယောက်က မွေးစားထားတာ။ အဲဒီတော့ သူက အောက်သက်ကြေတယ် မေမေရယ်"

"သူ အောက်သက်ကြေတာနဲ့ မင်းအောက်သက်ကြေတာနဲ့ ဘာဆိုင်လို့လဲ"

"ဪ … မေမေကလည်း၊ သူ့ဆီက ဘဝနဲ့ပတ်သက်တဲ့ ခံယူချက်တို့၊ ငွေကြေးနဲ့ပတ်သက်တဲ့ အမြင်တို့ သိရတဲ့အခါမှာ သားလည်း သဘောထားတွေ ပြောင်းလဲလာတဲ့ သဘောပါ …

မေမေ့ကိုဆိုရင်လည်း ဟို … ဘယ်လိုပြောရမလဲ၊ ပိုချစ်ရကောင်းမှန်း သိလာတာပေါ့။ သူက ပြောတယ်လေ သူ့မှာဆို ချစ်ချင်လို့ မိဘဆိုတာ မရှိတော့ဘူးပေါ့။ သားက သူ့ထက်စာရင် အမေတစ်ယောက်လုံးရှိသေးတော့ … ကိုယ့်အမေကိုယ် ဂရုစိုက်ဖို့ သိတတ်ဖို့ မှာတယ်လေ …

အဲဒီတော့ သားလည်း … ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေက သူ့ကို မဲ့ပြုံးကြီး ပြုံးကြည့်နေသောကြောင့် သူက ဆက်မပြောနိုင်ဘဲ တဟဲဟဲနှင့် ခေါင်းကုတ်နေလိုက်ရသည်။ ဘယ်လိုဖြစ်တာပါလိမ့်၊ သူ ထင်ထားတာတွေနဲ့တော့ နည်းနည်းလွဲနေတယ်ဟု ထင်သည်။ သူ ထင်ထားတာကမာန့်ကို အကြားနဲ့တင် မေမေ သဘောကျလိမ့်မည်ဟု။ ခုတော့ ဆရာကြီးတွေ၊ ကွန်ထရိုးလ် လုပ်နိုင်တယ်တွေ စွပ်စွဲနေ၍ အမြန်တောင် ဖြေရှင်းယူနေရသည်။

"အေးပါ ... အဲဒါ ထားပါတော့။ အခု ငါ့အနားကိုကပ်ရတဲ့ ရည်ရွယ်ချက်ကို ပြောပါဦး"

"ဩော် ... သားလည်း ကျောင်းပြီးပြီဆိုတော့ အလုပ်လုပ်ဖို့ စဉ်းစားထားလို့ပါ"

"ဒါလည်း မင်း ကောင်မလေးရဲ့ စကားလုံးတွေပဲ မဟုတ်လား"

"မဟုတ်ပါဘူး မေမေရာ။ သားလည်း အလုပ်,လုပ်ဖို့စိတ်ဝင်စားတာပဲဟာ၊ သားလေ ကားဆားဗစ်စင်တာတစ်ခုဖွင့်ချင်တယ်၊ အဲဒီအတွက် အဲဒီလုပ်ငန်းကို ထဲထဲဝင်ဝင်နားလည်ဖို့ လိုတယ် ...

ဒါကြောင့် သူ့ဦးလေးဆီမှာ အရင်လေ့လာပြီးမှ သားဟာသား ဖွင့်မှာ။ သူတို့က ဝပ်ရှော့ထောင်ထားတာလေ"

သူ့အမေက သူ့ကို မျက်လုံးပြူးကြီးဖြင့် ကြည့်ရင်းမှ ...





"ဘာ ... ဘာ ... ဘာရယ်။ နင်က ဝပ်ရှော့မှာ သွားလုပ်ဦးမယ်ပေါ့ ... ဟုတ်လား၊ အမယ်လေး ... သဲလွင်လမ်းမှာနေတဲ့ ငါ့သားက သူများဝပ်ရှော့မှာ အလုပ်သမားသွားလုပ်မယ် ...

ဟဲ့ ... ဓနေ၊ နင် ဦးနှောက်ရော ကောင်းပါသေးတယ်နော်၊ နင့်ခေါင်းထဲကို ငါ ဦးနှောက်တွေ ထည့်မွေးမေးထားတာဟဲ့"

"ဟာ ... မေမေကလည်း၊ အဲဒီလို မထွေးစမ်းပါနဲ့။ လုပ်ငန်းတစ်ခုကို ထူထောင်မယ့်သူဆိုတာ အောက်ခြေသိမ်းနားလည်နေမှ ဖြစ်မှာပေါ့။ သား အလုပ်သမားသွားလုပ်မှာလည်း မဟုတ်ပါဘူး။ ဒီလိုပဲ သင်ပြီး လုပ်ငန်းသဘောသဘာဝကို လေ့လာမှာပေါ့။ သား လုပ်မယ့်အလုပ်က အဲဒီထက် ကြီးတဲ့ဟာကို ...

အဲဒီလောက်တော့ သား လေ့လာရမှာပေါ့"

"ဒီမယ် ... ဆက်မပြောနဲ့တော့၊ နော် ... နေမြိုးဓနေ။ မင်းသိတဲ့ လူ့လောကအကြောင်းဆိုတာ ဒီလေ ၊က်လေး (သူ့အမေက လက်ညှိုးကို လက်မနှင့်တောက်ပြီး ပိစိလေးဟူသော သဘောမျိုး လုပ်ပြသည်။)

နော် ... အောက်သက်ကြတယ်၊ အောက်သက်ကြေတယ်နဲ့ ဘာမှအထင်ကြီးစရာ မရှိဘူး၊ မင်းကို အခုတည်းက ပုံစံသွင်းနေတာ၊ နားလည်လား ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသောသားမှန်းသိလို့ သက်သက်

သွင်းနေတာ၊ အခုတည်းက သူတို့လက်အောက်ကို

နေတာ”

“ဟာ ... မေမေ ထင်သလိုတွေ မဟုတ်ပါဘူး မေမေ

မေမေက ဘာမှမသိ မမြင်ဘဲနဲ့ ထင်ရာတွေ စွတ်ပြော

ပြန်ပြီ ...

အဲလို တစ်ဖက်စောင်းနင်း မပြောပါနဲ့၊ အဲဒီဝပ်ရှေ

မှာ သွားသင်ဖို့ ဆိုတာလည်း သား စိတ်ကူးပါ၊ သူတို့

ခေါ်တာလည်း မဟုတ်ဘူး ...

သူ့ဦးလေးကိုတောင် သား မပြောရသေးဘူး”

“မပြောနဲ့ ... မပြောနဲ့၊ ကျွတ် ... မင်းဟာတွေရဲ့ အချိ

အချိတ်ကို ငါ မကြိုက်ပါဘူး။ နေစမ်းပါဦး ... မင်းကောင်

မလေးက ဘယ်သူလဲ၊ ဘယ်ကလဲ၊ သူ့ဦးလေးဆိုတာရော

ဘယ်သူလဲ ...

သူတို့အကြောင်းကိုရော သေချာသိလို့လား”

သူ့အမေက မာန်နဲ့ ဦးလေး တော်စပ်ပုံကိုပါ

သံသယဝင်နေသည်မို့ သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို

ခါယမ်းလိုက်သည်။

“သူ့နာမည်က မေမာန်မိုးတဲ့။ နော် ... အခု Final Part II

တက်မှာ၊ ယမုန်နာလည်း သိတယ်။ သူ့အကြောင်းကို

ယမုန်နာ့ဆီမှာ မေးကြည့်လို့လည်း ရတယ် ...



သူ့ဦးလေးကလည်း ဦးလေးအစစ်။ သူ့အဖေရဲ့ညီ

အရင်းခေါက်ခေါက်၊ အားမာန်တဲ့၊ လူပျိုကြီး။ သမိုင်းဘက်

မှာ အားမာန်ဆိုတဲ့ ဝပ်ရှော့ဖွင့်ထားတာ။ မေမေ မသက်သာ

တာရှိရင် အားလုံး စုံစမ်းလို့ရတယ်။ သူတို့ဟာသူတို့

ရိုးရိုးသားသား ရပ်တည်နေကြတာ ...

မေမာန်မိုးက သား တွေ့ဖူးခဲ့တဲ့ မိန်းကလေးတွေ

နဲ့လည်း လုံးဝမတူဘူး၊ မေမေ တစ်ခါလောက် တွေ့ကြည့်

ရင် နားလည်သွားမှာပါ”

“နေ ... နေစမ်းပါဦး။ သူ့ဦးလေး နာမည်က ဘယ်သူ”

“အားမာန်တဲ့ ... ဦးအားမာန်ပေါ့”

“အားမာန်။ ဟုတ်လား ... ဘယ်လိုပုံစံမျိုးလဲ”

“ဘာလဲ ... မေမေရဲ့ ကျောင်းတုန်းကရည်းစားနဲ့ နာမည်

ချင်း ဆင်တူနေလို့လား”

“လျှာမရှည်နဲ့၊ ငါ မေးတာသာဖြေ”

“ပုံစံက ခပ်ဖြောင့်ဖြောင့်ပဲ မေမေရေ၊ လူပျိုကြီးဆိုပြီး

ပုံတုံးတော့ သွားမထင်နဲ့၊ ဘရက်ပစ်ဒီဇိုင်းနဲ့၊ သူ့တူမ

အပြောအရတော့ ခုထက်ထိတောင် ကြိုက်တဲ့သူတွေ ရှိတုန်း

ပဲတဲ့ ...

ကဲပါ မေမေရာ၊ မေမေက သား အခြေအနေတွေ

ရုတ်တရက် ပြောင်းလဲသွားလို့ စိတ်တွေ တစ်မျိုးဖြစ်နေ

တာပါ။ မေမေ စိတ်တိုင်းမကျရင် မေမေဟာ မေမေ

စုံစမ်းကြည့်၊ ဟုတ်ပြီလား”

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေက သူ့ကို စိမ်းရှုရှု တစ်ချက်ကြည့်ပြီးနောက် ဘာမှမပြောတော့ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။ ဘာမှဆက်မပြောတော့ဘဲ သူ့အမေခေါင်းထဲမှာ အားမာန်၊ မေမာန်မိုး ဟူသော နာမည်တွေက သံမှိုနဲ့ရိုက်လိုက်သလို စွဲထင်သွားပြီဆိုတာ သူ သိသည်။ တစ်နည်းတစ်ဖုံဖြင့် စုံစမ်းတော့မှာဆိုတာကိုလည်း သိသည်။ ဒါပေမဲ့ သူကတော့ သိပ်မမှုပါ။ လေးမာန်ရော၊ မေမာန်မိုးရဲ့အကြောင်းတွေကို သိခဲ့လျှင် မေမေ သဘောကျသွားနိုင်မည်ဟု ထင်သည်။

ဒီထက်ကံကောင်းလျှင်တော့ လေးမာန်ဆီမှာ မာန်ကို တစ်ခါတည်း သွားတောင်းပေးနိုင်ပါသည်။

♥ ➥ ♥





## ၁၅

ဒေါ်ခင်မီမီစံသည် အားမာန်ဝပ်ရှော့ဟူသော ခြံဝင်းရှေ့သို့ ကားကိုထိုးရပ်လိုက်စဉ် ကိုယ့်ရဲ့စိတ်ခံစားမှုတွေက နည်းနည်းတော့ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေသည်ဟု သုံးသပ်မိသည်။ ဒါကြောင့် ကားပေါ်မှာထိုင်၍ ငါးမိနစ်လောက် အသက်ကိုမှန်မှန်ရှူကာ စိတ်ကိုတည်ငြိမ်အောင် ပြုလုပ်လိုက်သည်။ အားမာန်ဝပ်ရှော့ရဲ့ပိုင်ရှင် "အားမာန်"ဆိုတာ ဘယ်သူလဲဟု သိပြီးသည့်နောက်တွင် သူမရဲ့စိတ်နှလုံးသားအားလုံး ပြောင်းဆန်ပြီး သွားရသည်။ သားဖြစ်သူ ပြောတုန်းကတော့ ဒီလောက်ကြီး တိုက်ဆိုင်မယ် မထင်ခဲ့ချေ။ ဒါပေမဲ့ မသိစိတ်ကတော့ အလိုလိုကို သိနေခဲ့သေးသည်။ တစ်ချိန်က သူမကို ကောင်းကောင်းကြီး လှည့်စားအရှက်ခွဲသွားခဲ့သော အားမာန် ဆိုသည့် လူတစ်ယောက်ကို ဒီအချိန်မှာ အပြည့်အဝ လက်စားချေနိုင်ခွင့် ရတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကားပေါ်မှဆင်းကာ ဝပ်ရှော့ထဲသို့ တန်းတန်းမတ်မတ် လျှောက်ဝင်ခဲ့သည်။ ခုတော့လည်း အောင်သေအောင်သား စားရတော့မည့် အပြုံးတို့ဖြင့် သူမနှုတ်ခမ်းတွေက မဲ့ပြုံးရောင် သမ်းနေကြသည်။ ဝပ်ရှော့ထဲသို့ ဝင်လာသော သူမကို ကောင်လေးတစ်ယောက်က မေးခွန်းပါသည့် မျက်လုံးမျိုးဖြင့် ကြည့်သည်။

"ဦးအားမာန်နဲ့ တွေ့ချင်လို့ပါ"

"ဩော် ... အိမ်ထဲကို ကြွပါ အစ်မ"

အစ်မတဲ့ ...။ သူမသည် သားတစ်ယောက်မိခင် အသက်လေးဆယ် ဆိုပေမယ့် လေးဆယ်လို့ ဘယ်သူကမှ မထင်ကြ။ အရွယ်နဲ့ လိုက်ဖက်ညီသော ဝတ်စားဆင်ယင်မှုမျိုး ဆင်ယင်ထားတာတောင် အန်တီဟု သိပ်အခေါ်မခံရသေး။ သူမသည် ကောင်လေးလိုက်ပို့သော အိမ်ထဲသို့ အသာအယာပဲ လှမ်းဝင်လာခဲ့သည်။ ဒီအိမ်လေးကတော့ အရင်အတိုင်းပါပဲလား။ ဘာမှ မပြောင်းလဲသေး။ အင်းလေ ... ဘာပြောင်းလဲစရာရှိ အကြောင်းရှိလဲ။

အရင်ကတော့ ဒီအိမ်လေးသို့ သုံးလေးခေါက်မက ရောက်ခဲ့ဖူးသည်ဟု ထင်သည်။ အားမာန်ရဲ့မိခင် အဘွားကြီး ချက်ကျွေးသော မုန့်လက်ရာမျိုးစုံကို အားမာန်ရဲ့ဖိတ်ကြားချက်ဖြင့် လာရောက်သုံးဆောင်ခဲ့ဖူးသည်။ အဲဒီလောက်ထိ အားမာန်နဲ့



ရင်းနှီးပတ်သက်ခဲ့ဖူးသည်။ ခုတော့ သားဖြစ်သူကလည်း ဒီအိမ်ဒီနေရာ ဒီလူတွေရဲ့မျိုးဆက်နဲ့မှ သွားရောက်ပတ်သက်နေရသတဲ့။

"အစ်မ ... ဒီမှာ ခဏထိုင်စောင့်ဦးနော်၊ ကျွန်တော် သွားခေါ်ပေးပါ့မယ်၊ နောက်ထဲမှာ ထမင်းစားနေတယ်နဲ့တူတယ်"

သူမက မျက်နှာထားတည်တည်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ အိမ်ထဲသို့ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရင်းမှ ရှင်းသင်းသပ်ရပ်သော ဧည့်ခန်းအဖွဲ့ကို မြင်တွေ့ရသည်။ သူ့တူမဆိုတာကို ဓာတ်ပုံတောင် မတွေ့ရ။ အေးလေ ... ဘွဲ့မှမရသေးတာ။ ရတော့မှ ဘွဲ့ဓာတ်ပုံ ချိတ်မှာပေါ့။ ဒါပေမဲ့ အားမာန်ရဲ့ဘွဲ့ဓာတ်ပုံကိုလည်း မတွေ့ရချေ။

ဟိုဟိုဒီဒီ တွေးတောနေသော အတွေးတို့သည် ခြေသံတစ်ခုကြောင့် ဆတ်ခနဲ ဖြစ်လို့သွားကာ မော့ကြည့်လိုက်လျှင် သူမကို အံ့ဩသလို ကြည့်နေသော အားမာန်ကို တွေ့လိုက်ရသည်။ မတွေ့ရတာ အနှစ် နှစ်ဆယ်လောက် ရှိခဲ့ပေမယ့် သူသည် ဘာမှထူးထူးခြားခြားကြီး မပြောင်းလဲသွားဟု ခင်မီမီဝ ထင်သည်။ အရင်လိုပဲ Country Style ဖြင့် ကြည့်ကောင်းဆဲ။ သူ့မျက်နှာပေါ်တွင် သူမကို ကာ့ဆုံလိုက်ရသည့်အတွက် အင်မတန်အံ့ဩသော အရိပ်အယောင်ပင်ကိုလည်း မဖုံးနိုင် မဖိနိုင်။ ဒီအတွက် သူမ နည်းနည်းကျေနပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာလျှင်တော့ တစ်ဘဝလုံးစာ တင်ရှိနေသည့် အကြွေးတစ်ခုအတွက် အကျေဆပ်ရတော့မှာမို့ အပြည့်အဝကြီး ကျေနပ်တော့မှာဖြစ်သည်။

"ကျွန်မကို မှတ်မိပါတယ်နော်"

သူမစကားကြောင့် အားမာန်က တစ်မျိုးဖြစ်သွားသည်။ သူသည် ခုထက်ထိ သူမရဲ့ လာရင်းကိစ္စကို ရိပ်မိသေးဟန်မတူပါ။

"အင်း ... မှတ်မိပါတယ်။ ဘယ်လိုလုပ်ပြီး ..."

သူ့ပုံစံက စိတ်လှုပ်ရှားသလိုလို၊ ဇဝေဇဝါ ဖြစ်နေပုံမျိုးဖြင့် မတည်ငြိမ်ချေ။ သူမက အဲဒီပုံစံကြောင့် စိတ်ထဲက အသာကျိတ်ပြုံးလိုက်သည်။

"ကျွန်မ ရှင့်ဆီကို အကြောင်းရှိလို့ လာခဲ့တာပါ။ အလကားသက်သက် လာခဲ့တာ မဟုတ်ဘူး"

"အင်း ... ကိုယ် ထင်တော့ ထင်ပါတယ်။ ကဲ ... ပြောပါဦး"

"ပြောစရာကတော့ ကျွန်မသားနဲ့ ရှင့်တူမကို လုံးဝသဘောမတူဘူး ဆိုတာပဲ။ အဲဒါ လာပြောတာ"

"ဘာရယ် ... မင်းရဲ့သား၊ ဟုတ်လား"

"ဟုတ်တယ်။ ရှင့်တူမနဲ့ ကြိုက်နေတဲ့ နေမြိုးဇော် ဆိုတဲ့ကောင်လေးက ကျွန်မသားပဲ။ အဲဒီတော့ ရှင့်တူမ မေမာန်မိုးနဲ့ ကျွန်မသားနဲ့ လုံးဝသဘောမတူဘူး၊ မဖြစ်နိုင်ဘူးဆိုတဲ့





အကြောင်းကို ရှင် သိအောင် ကျွန်မကိုယ်တိုင် လာပြောတာ ...

သူတို့နှစ်ယောက် ကြိုက်နေတာကို ကျွန်မ ဘယ်လိုမှ ဆက်ခွင့်ပြုမှာ မဟုတ်ဘူး။ အဲဒီတော့ ရှင်လည်း ရှင့်တူမကို ရှင်ထိန်းပါ၊ ပြောပါ ...

သူတို့နှစ်ယောက် ဆက်ဖြစ်နေရင် ရှင်ပါ အလိုတူအလိုပါလို့ သတ်မှတ်ရလိမ့်မယ်"

သူ့မျက်နှာက ချက်ချင်းပဲ နီရဲတင်းမာကာ ခက်ထန်သွားသည်။ အဲဒီမျက်နှာကို ကြည့်ရတာ သူမအတွက်တော့ တော်တော်အရသာရှိပါသည်။

"နေစမ်းပါဦး၊ အဲဒီလို သဘောမတူတာ မင်းသားကို မင်းပြောပေါ့။ ဘာဖြစ်လို့ အိမ်တိုင်ရာရောက် လာစော်ကားနေရတာလဲ"

"ဩော် ... သဘောမတူဘူးလို့ လာပြောတာ၊ စော်ကားတာလား။ ကျွန်မ သဘောမတူဘူးဆိုတဲ့ အကြောင်းကို လာပြောတာ ဘာများမှားသွားလို့လဲ ...

ဒီကိစ္စကို စော်ကားတယ်လို့ သတ်မှတ်ရင် လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က ရှင် ကျွန်မကို လုပ်သွားခဲ့ဖူးတဲ့ ကိစ္စကိုရော ရှင် ဘယ်လိုသတ်မှတ်မှာလဲ ...

အေး ... ခုတော့ ရှင် ကိုယ်ချင်းစာတတ်ပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေ လာပြောနေတာလဲ။ အဲဒီကိစ္စနဲ့ အခုကလေး တွေကိစ္စနဲ့က ဘာဆိုင်လို့လဲ ...

မဆိုင်တာတွေကို သက်သက် လာပြောနေတာ အဓိပ္ပာယ်မရှိတာ"

"ဘာဆိုင်လို့ အဓိပ္ပာယ်မရှိရမှာလဲ။ ရှင့်လိုလူတစ်ယောက်ရဲ့ တူမနဲ့ ကျွန်မသားကို သဘောတူနေရမှာလား။ ဟင် ... စဉ်းစားလည်း ကြည့်ပါဘူး"

"ဘာမှ စဉ်းစားကြည့်စရာ မလိုဘူး၊ မင်းရဲ့သားနဲ့ရော ငါက သဘောတူပါတယ်လို့ တစ်ခွန်း ပြောခဲ့ဖူးလို့လား ...

ဟင်း ... မင်းရဲ့သားလို ပေါကြော ရေပေါ်ဆီနဲ့ ငါ့တူမနဲ့ သဘောတူတယ်လို့ ဘယ်တုန်းကများ ဖွင့်ပြောဖူးလို့လဲ။ အဓိပ္ပာယ်မရှိတာ"

သူမက ဒေါသတကြီးနှင့် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ကာ သူ့ကို စိစိညက်ခြေချင်သော မျက်လုံးများဖြင့် အသေအကြေ စိုက်ကြည့်လိုက်သည်။

"အေး ... အဓိပ္ပာယ်မရှိရင်လည်း ပြီးတာပဲ။ ဒီကရှေ့လျှောက် ရှင့်တူမနဲ့ ကျွန်မသားကို လုံးဝမပတ်သက်ပါစေနဲ့"

"ဟား ဟား ... မင်းရဲ့သားကိုပဲ နိုင်အောင်ထိန်းစမ်းပါကွာ။ မင်းသားကသာ ငါ့တူမကို နှောင့်ယှက်လွန်းလို့ ငါ့လက်သီးစာ စားထားရတဲ့ကောင်ပါ။ အစတည်းကလည်း မင်းရဲ့သားကို ကြည့်ရတာ မဟုတ်ပါဘူး။ ဘယ်လောက် ဆဲဆဲ ဘယ်လောက်ပြောပြော မနာဘဲ ဖွတ်ကပ်တွယ်နေ့လို့ ငါ့တူမကလည်း သနားသွားတာပါ ...



ဒီပုံစံအတိုင်းဆို ငါတို့ကလည်း ဆလံပါပဲ။ စိတ်ချချနေ ကိုယ့်သား ကိုယ်သာနိုင်အောင်ထိန်း ... ကြားလား"

"မကြားဘူး၊ ရှင် ကျွန်မကို ဘာမှလာပြီး အမိန့်ပေးနေစရာလည်း မလိုဘူး။ ရှင်ကများ ကျွန်မသားကို လက်သီးနဲ့ ထိုးတယ်ပေါ့ ...

တောက် ... လူရမ်းကား။ အေး ... အဲဒါကို ရှင် မြဲမြဲမှတ်ထား"

"အေး ... ငါကလည်း သဘောမတူဘူး ဆိုတာလည်း မင်း မြဲမြဲမှတ်သွားဦး"

သူမက အံကို တင်းတင်းကြိတ်ကာ အိမ်ထဲမှ ချာ...ခဲ့ လှည့်ထွက်လာခဲ့သည်။ ရင်နဲ့မဆံ့သော ဒေါသတွေကြောင့် ...ားကိုတောင် မနည်းမောင်းကာ ပြန်လာခဲ့ရသည်။ တနုံ့နုံ့ဖြစ် ...သော ဒေါသဖြင့် အိမ်က အစုတ်ပလုတ်လေးကိုလည်း သတ် ...ချင်လာသည်။

အကျောကြီးဖြင့် ပြောလွှတ်သော အားမာန်ဆိုတဲ့ ...စ်ယောက်ကိုတော့ စိစိညက်ခြေပစ်ချင်တာဖြစ်သည်။ သူ့ကများ ...သားကို လက်သီးနဲ့ထိုးသတဲ့။ နိုင်စားတတ်သော ဒီတူဝရီးရဲ့ ...က်ထဲသို့တော့ သူမရဲ့သားကို ဘယ်လိုမှ အကျခံ၍ မဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအတွက် မောင်းတင်ပြီးပြောမည့် အပြောများသည် အိမ်ရောက်သောအခါ အားရပါးရ သွန်ခွင့်မရလိုက်။ အကြောင်း မှာ သားတော်မောင်က အိမ်မှာ မရှိတော့ချေ။ ဟန်းဒ်ဖုန်း ဆက်တော့လည်း ဆက်သွယ်မှုဧရိယာပြင်ပဖြစ်ကာ ခဏနေတော့ စက်ပိတ်ထားခြင်းကို ခံလိုက်ရတော့သည်။ ဒေါ်ခင်မိမိသည် ဒေါသတကြီးဖြင့် တက်,တစ်ချက်ကို ပြင်းပြင်းထန်ထန် နှာ ကြည်းကြည်း ခေါက်မိတော့သည်။

♥ ➡ ♥





"လေးဖေက တွေ့ချင်တယ်တဲ့။ ဇန် အခုချက်ချင်း လာခဲ့ပါ"ဟူသော အရေးတကြီး တုန်ခိုက်နေသည့် မာန့်ရဲ့အသံ လေးကို ကြားကတည်းက သူ့စိတ်ထဲတွင် ဘာများပါလိမ့်ဟု အထင့်ထင့် ဖြစ်ခဲ့ရသည်။

သူ့ရဲ့ဆဋ္ဌမအာရုံအရ ဘာကြောင့်မှန်း မသိဘဲ အခြေအနေကတော့ သိပ်မကောင်းဘူးဟု မျှော်လင့်နေမိတာက လည်း နိမိတ်ဆိုးတစ်ခုလားတော့ မပြောတတ်ပါ။ ဒီလိုချက်ချင်း ကြီး ဆင့်ခေါ်တာဟာ ကောင်းတဲ့အလားအလာ မဟုတ်ဘူးဟု ထင်သည်။ ပြီးတော့ ဟန်မဆောင်တတ်သော မာန့်ရဲ့အသံလေး မှာလည်း သောကတစ်မျိုးဖြင့် စွန်းထင်းနေသည်ဟု သူ ခံစားရ ပါသည်။ ဒါကြောင့် စိတ်လှုပ်ရှားနေသဖြင့် ဖုန်းတွေတောင် ကိုင်ချင်သောကြောင့် စက်ကိုပါ တစ်ခါတည်း ပိတ်ထားလိုက် သည်။

အာရုံခပ်များများဖြင့် မောင်းလာသောကြောင့် မာန့် တို့အိမ်သို့ ဘယ်လိုရောက်လာမှန်းတောင် မသိလိုက်။ သူ့ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာ တူဝရီးနှစ်ယောက်လုံးက အဆင်သင့် စောင့်နေကြသေးသည်။ ဘိုးတော်၏ မျက်နှာမှာ အခါတိုင်းတွေ့တာထက်ကောင်းတင်းမာအေးစက်နေသဖြင့် သူ့မှာ လန့်ဖျပ်သွားရသည်။ သူမကလည်း ခုံတစ်ခုံတွင် အားပြတ်သလို ထိုင်နေကာ သူ့ကို လှမ်းကြည့်သော မျက်ဝန်းများမှာ အားမရှိလှပါ။ ဘာတွေဖြစ်ကုန်ပြီလဲတော့ မသိ။

"အေး ... ထိုင်ဦးကွာ။ မင်းကို ငါ ပြောစရာရှိတယ်"

သူက ဟုတ်ကဲ့ ဟူသော ညှောင်နာနာလေသံဖြင့် ဆက်တီခုံတစ်ခုံမှာ ဝင်ထိုင်လိုက်ရသည်။ သူမကို မသိမသာ အကဲခတ်လိုက်သောအခါ စိတ်ရှုပ်ထွေးသလို၊ နာကျင်ကြေကွဲသလို မျက်ဝန်းများကို တွေ့ရသည်။

"အေး ... မင်းအမေ အခုနကပဲ လာသွားတယ်"

"ဗျာ"

"မဗျာနဲ့၊ ငါ ပြောတာကို နားထောင်၊ ငါ ရှည်ရှည်ဝေးဝေးလည်း ပြောမှာမဟုတ်ဘူး။ မင်းလည်း ငါပြောတာကို သေချာနားထောင်သွား ...

မာန်လည်း တစ်ခါတည်း သေချာနားထောင်၊ မာန်ကတော့ အခုနတည်းက မင်းအမေ ပြောသွားတဲ့ စကားကွေကို ကြားပြီးသား။ အေး ... မင်းအမေပြောသွားတဲ့ အဓိကအကြောင်းအရာကတော့ မင်းနဲ့ မာန့်ကို လုံးဝ သဘောမတူဘူး ဆိုတာပဲ"





သူက အံ့ဩလွန်းသဖြင့် ဒီဇာစ်ခါတော့ မဗျာနိုင်တော့ဘဲ ပါးစပ်အဟောင်းသား ပွင့်သွားရသည်။ သူ့အမေက ဒီအိမ်အထိလာကာ သူမနဲ့ သဘောမတူဘူးဆိုသည့် အကြောင်းကို ပြောသွားသည်တဲ့။ ဒီလောက်ကြီးထိ ဟုတ်ပါ့မလား။ နောက်နေ့ကယ်ဟု ပြောရအောင်လည်း သူ့ရှေ့မှာ ထိုင်နေသည့် လူတွေရဲ့ မျက်နှာတွေက တကယ့်ကို အပီအပြင် ခံစားချက်တွေနဲ့ဖြစ်သည်။

"ဘာ ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတာတော့ မင်းအမေက လာပြောတာဆိုတော့ မင်းအမေကို မေးပေါ့ ... ပြောရမယ်ဆိုရင်တော့ မင်းအမေက အိမ်[illegible]ရောက်လာပြီး ဓော်ကားသွားတာပဲကွ။ သမီးချင်း စာမနာကွာ ...

နောက်ဆုံး သဘောမ[illegible]ဦးတော့ ကိုယ့်သားကို အရင်ပြောပေါ့။ အေး ... ဒီကိစ္စကို မင်းလည်း မသိသေးဘူးဆိုတာ ငါ နားလည်[illegible]ကြောင့်လည်း မင်းကို လှူရာသွင်းပြီး အေး[illegible]ခါပြောတာပဲ ...

ဒီတော့ မင်းအ[illegible]ကို ငါတို့မမေ့ဘူး။ မင်းနဲ့ ငါ့တူမ ချစ်ခဲ့ရေး[illegible]ရက်နဲ့ လက်ခံထားခဲ့တာကလည်း ငါ[illegible]သာပါစေရယ်တော့လို့ တွေးခဲ့လို့ပဲ။ [illegible]ပမဲ့ [illegible]လိုမျိုး ဓော်ကားမှုနဲ့တော့ မင်းကို မကြည်ဖြူ[illegible]ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ မင်း ရှေ့လျှောက် မာန်နဲ့ မပတ်သက်ပါ နဲ့တော့။ မင်းတို့နှစ်ယောက်ကို ငါ ခွင့်မပြုနိုင်တော့ဘူး။ ဒါ နှစ်ယောက်စလုံးရှေ့မှာ ငါ ပြတ်ပြတ်သားသား ပြော တဲ့စကားပဲ”

သူ့ခေါင်းထဲတွင် အဲဒီစကားကြောင့် နားထဲသို့ ဟိုက်ဒရိုဂျင်ဗုံး ပစ်ချလိုက်သလို ထူပူလွင့်မျောသွားသည်။ ဘာတွေ ဖြစ်ကုန်တာလဲ။ ဒီလိုကြီးတော့ မဖြစ်သင့်ဘူးဟု ထင်သည်။ သူ လည်း မာန့်ကိုချစ်သည်။ မာန်ကလည်း သူ့ကိုချစ်သည်။ သူတို့ ချစ်ခြင်းကို လေးမာန်ကလည်း အသိအမှတ်ပြုကာ နားလည်ပေး ထားသည်။ သူကလည်း မာန်နဲ့ အဆင်ပြေအောင် တတ်နိုင် သလောက် အချိုးတွေပြင်ကာ နေထိုင်သည်။ သူ့အမေ ဆိုတာ လည်း အရင်တည်းက သူ ဘာလုပ်လုပ် အကောင်းမြင်ကာ တော်ရုံတန်ရုံ ဘာမှမပြောတတ်သူ ဖြစ်လေရာ သူတို့ချစ်ခြင်း သည် ပန်းခင်းလမ်း မဟုတ်တောင် ခရောင်လမ်းတော့ မဖြစ်နိုင် ဟု ယူဆခဲ့သည်။

အခုတော့ ဘာတွေ ဖြစ်ကုန်ပါပြီလဲ။ သူ့ကိုမာန် နဲ့ မပတ်သက်ရတော့တဲ့။ သူ့အနေနဲ့ကတော့ ဒါကို လုံးဝလက် မခံနိုင်ချေ။ မာန်ကရော ဒါကို လက်ခံနိုင်ပါ့မလား။ မာန်သည် သူ့ကို ဘယ်လောက်ချစ်ကြောင်း ထုတ်ဖော်ပြောမပြတတ်ပေမယ့် ရင်ထဲက နှစ်နှစ်ကာကာ ချစ်တာကိုတော့ လက်ခံလေသည်။





“လေးမာန် … အဲဒီလိုတော့ မဖြစ်သေးဘူးနဲ့တူတယ်။ ကျွန်တော်နဲ့ မာန်က တစ်ယောက်နဲ့ တစ်ယောက် တကယ် ချစ်ကြတာပါ …

သူ့ကိုလည်း ကျွန်တော့်ဘဝအတွက် အတည်အတံ့ ရည်ရွယ်ထားတာပါ။ ဒီကိစ္စကို ဒီလိုတော့ လွယ်လွယ်လေး မဆုံးဖြတ်စေချင်ပါဘူး လေးမာန်”

“အေး … လွယ်လွယ်လေး မဆုံးဖြတ်စေချင်ရင် မင်းအမေ နဲ့ မင်း ပြန်စကားပြောလိုက်ဦးပေါ့ကွာ …

ငါကတော့ ဘာအပြစ်မှမရှိတဲ့ ငါ့တူမကို ဘလိုင်း ကြီး လာစော်ကားသွားတဲ့ မင်းအမေကို လုံးဝမကျေနပ် ဘူးဟေ့။ အေး … သူကိုယ်တိုင် လာတောင်းပန်တယ်ဆို ရင်တောင် ဆယ်ခါပြန် ထပ်စဉ်းစားဦးမယ် သိလား”

“ကျွတ် … ကျွန်တော့်အမေကိုယ်စား ကျွန်တော် ကြားထဲ က တောင်းပန်ပါတယ်။ ဒါပေမဲ့ မာန်နဲ့ မပတ်သက်ဖို့ တော့ မတားမြစ်ပါနဲ့”

“တားမြစ်ရမှာပဲဟေ့။ မာန် ကိုယ်တိုင်လည်း မင်းအမေရဲ့ စော်ကားမှုကြောင့် စိတ်ထိခိုက်နေရတာပဲ …

ကဲ … အဲဒီတော့ မင်း လေးလေးနက်နက် စဉ်းစား ထားတော့။ မာန်နဲ့ဆက်ပြီး မပတ်သက်ဖို့လည်း မတွေးနဲ့ တော့။ ဝေးဝေးမှာနေ ဟောကောင်၊ တစ်ခုခုဆို ငါ့အဆိုး မဆိုနဲ့”



www.burmeseclassic.com

www.burmeseclassic.com



လေးမာန်က ဒေါတကြီး ဖြင့် တင်းတင်းပြတ်ပြတ် ပြောပြီးနောက် ထထွက်သွားသည်။ သူသည် မာန့်မျက်နှာ အားကိုတကြီး ငေးကြည့်လိုက်သောအခါ အေးစက်တည်ငြိမ်နေသော မျက်နှာထားကို ချောက်ချားဖွယ် တွေ့ရှိလိုက်ရသည်။ မာန်ကရော သူ့ဘက်မှာ မရှိတော့ဘူးတဲ့လား။ သူ့ကို နားလည်ပေးနိုင်တော့ဘူးတဲ့လား။

အဲဒီအတွေးတွေကြောင့် သူ့ရင်ထဲတွင် ကယောင်ချောက်ချား ဖြစ်လို့လာသည်။

"မာန်"

သူ့ရဲ့ခေါ်သံမှာ အသက်ငင်သူရဲ့ ခေါ်သံလို ဆန့်ငင် ဆန့်ငင် ထွက်သွားသည်။ မာန်က သူ့ကို လှမ်းကြည့်သော အကြည့်များမှာ စူးရှနက်ရှိုင်းပြီး နေသည်။

"မာန် ... လေးမာန် ပြောတဲ့အတိုင်း မင်း လုပ်မှာလား အဲလိုလုပ်လို့ မဖြစ်ဘူးနော် မာန်။ ကိုယ်တို့ ဝေးလို့မဖြစ်ဘူး ...

ဒီအချိန်မှာ ကိုယ်တို့ တစ်ယောက်နဲ့ တစ်ယောက် နားလည်ပြီး တစ်ယောက်လက်ကို တစ်ယောက်ကတွဲထား ကိုယ်တို့မဝေးမှာ"

"ခုလောလောဆယ်တော့ ကျွန်မ စိတ်တွေ သိပ်ရှုပ်နေတယ် ဇန်။ ရှင် ပြန်လိုက်တော့"



"မာန် ... မင်း ကိုယ့်ကိုတော့ နားလည်ပါ။ မင်းကို သိပ်ချစ်တယ့် ဆိုတာ နားလည်ပေးပါ ...

ကိုယ် ကြိုးစားပါမယ် မာန်၊ ကျေးဇူးပြုပြီး ကိုယ့်ကို မေ့မပစ်ပါနဲ့ ... နော်"

သူ့ရဲ့တောင်းပန်တိုးလျှိုးသံကို မာန်က မသိကျိုးကျွန်ပြုကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ ခုချိန်မှာတော့ ဆက်ပြောလည်း အကြောင်းထူးမှာ မဟုတ်သောကြောင့် သူက စိတ်လျှော့ပြီး လှည့်ထွက်လာခဲ့သည်။ ကားသာ မောင်းလာခဲ့သော်လည်း စိတ်နဲ့ လူနဲ့က မကပ်ချေ။ ကားစက်နှိုးလိုက်စဉ်မှာ Auto ထွက်ပေါ်လာသော သီချင်းတစ်ပုဒ်သည် သူတို့ရဲ့ လက်ရှိအခြေအနေနှင့် တိုက်ဆိုင်ကာ သူ့နှလုံးသားကို တည့်တည့်လာထိသည်။

"နီးရက်နဲ့ဝေး ... မဆုံနိုင်လို့ဆွေး ... တကယ်ဆို ချစ်ခဲ့ပြီးမှ လမ်းခွဲဖို့ကို လုံးဝမတွေးကြေး ... အချစ်စစ်ရဲ့လမ်းကလေးဟာ ဖြောင့်တန်းဘူး ... ရေးစကားလည်း ရှိခဲ့တာပဲ ...

နမူးပေါ်လက်တင် စဉ်းစားလိုက်ရင် ငါလေ ရင်မောတယ် ... နည်းဘဲ့ မင်းနဲ့ဝေးရင် ငါလေ သေလိမ့်မယ် ... ဘာကြောင့် ကိုနှစ်ယောက်ကို ... ဘာလို့ ခွဲကြတယ် ငါသိလည်း ငါ မပြောရက်ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



မင်းလေးလည်း ဝမ်းနည်းလိမ့်မယ် ... ငါလေ သိ
နားလည် ... မိဘနဲ့ ငါ့ရဲ့ကြားမှာ နင်လေ စိတ်အားငယ်_
တစ်နေ့တော့ မိဘတွေ နားလည်လာလိမ့်မယ် ...

တကယ်ဆို ချစ်ခဲ့ပြီးမှ လမ်းခွဲဖို့ကို လုံးဝမတွေး
ကြေး"

ဟုတ်တယ် ...။ သီချင်းထဲကလိုပဲ ချစ်ခဲ့ပြီးမှတော့ လမ်းခွဲဖို့ကို ဘာကြောင့် တွေးရတော့မှာတဲ့လဲ။ သူ ... သူမကို ချစ်ခဲ့တာ လွယ်လွယ်ချစ်ခဲ့တာ မဟုတ်။ သူမကလည်း သူ့ကို လွယ်လွယ် ချစ်ခဲ့တာမဟုတ်။ အဲဒီတော့ အစက ကောင်းခဲ့သည့် အချစ်များသည် အနှောင်းမှာလည်း သေချာရတော့မည်ဖြစ်သည်။

♥ ➡ ♥



သူက အိမ်သို့ မောင်းတင်ပြီး ပြန်လာခဲ့သော်လည်း သူ့အမေကလည်း အိမ်မှာ သူ့ကို တိုက်ပွဲခေါ်သံ အပြည့်ဖြင့် စောင့်နေခဲ့တာဖြစ်သည်။ သူ အိမ်ထဲသို့ ဝင်လာတာ မြင်တာနှင့် ငေါ့တော့တော့ လေသံဖြင့် ဆီးကြိုသည်။

"ကျေးဇူးရှင်လေး မြန်မြန်ကြွခဲ့ပါ။ ဖုန်းကိုလည်း ဘာကိစ္စ ပိတ်ထားရတာလဲ။ ဒါကရော ဘယ်ကပြန်လာတာလဲ"

"မေမေ !။ မေမေ လုပ်ပုံတွေက မကောင်းဘူးဗျာ။ မာန် တို့အိမ်ကိုသွားပြီး ဘာတွေသွားပြောတာလဲ။ တကယ်ဆို သားကို နည်းနည်းပါးပါးလောက်တော့ ပြောပါဦးတော့လား ...

သားကို အရင်ပြောပြီးတော့မှ ဆင်ဆင်ခြင်ခြင်လုပ်ပေါ့။ အခုတော့ ဘာလိုင်းကြီး သွားပြောတော့ တစ်ဖက်လူတွေက ဘယ်ခံနိုင်မလဲ။ မာန့်မှာ ဘာအပြစ် ရှိလို့လဲ။ သူက တကယ့်ကို အေးအေးဆေးဆေးနဲ့ ဖြူဖြူစင်စင် မိန်းကလေးပါ မေမေရာ ...

မေမေ တကယ် လျှောက်လုပ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ … အောင်မာ … ငါက ဘာလျှောက်လုပ်ရမှာလဲ။ မင်းကို ပြောနေရင် ရှည်နေမစိုးလို့ဟော့၊ အဲဒါကြောင့် ဘုရင့်နောင်ဖောင်ဖျက် တစ်ခါတည်း အပြတ်ရှင်းတာ။ တစ်ခါတည်း အပြတ်ပြောလိုက်မယ်နော်။ မင်းနဲ့ အဲဒီကောင်မလေးကို လုံးဝသဘောမတူဘူး။ မင်း တစ်ခါတည်း စာရင်းဖြတ်။ အဲဒီ တူဝရီးနှစ်ယောက်နဲ့လည်း ဘာမှပတ်သက်စရာ မလိုဘူး"

"ဘာဆိုင်လဲ မေမေရာ။ ဘာလို့ အဲဒီလိုကြီး ပြောရတာလဲ။ သူတို့မှာ ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒီ အားမာန်ဆိုတဲ့လူရဲ့ တူမမို့လို့ကို သဘောမတူတာဟော့ ရှင်းလား။ ငါ့ဘဝမှာ အမုန်းဆုံးက သင်းပဲ။ အနာကြည်းဆုံးက သင်းပဲ။ အားမာန် ဆိုရင် နာမည်တူတောင် မကြားချင်လောက်အောင် အထိကို မုန်းတာ …

ဒီလောက်ဆိုရင် သဘောပေါက်တော့။ အေး … မင်းလည်း အခု အဲဒီအိမ်က ပြန်လာတာ မဟုတ်လား။ မင်းကို ဟိုက ဘာတွေပြောလိုက်လဲ။ လုံးဝမပတ်သက်နဲ့တော့လို့ ပြောလိုက်တယ် မဟုတ်လား။ ဟင် … နင်ဟာ လေ ဟိုက လက်သီးစာ ကျွေးထားတာတောင် အမှတ်မရှိ အရှက်မရှိဘဲ ကုပ်ကပ်ပြီး နွားပိန်တွယ် တွယ်နေတယ် …





နင့်အတွက် အဲလောက်ပဲ မိန်းမရှားလား နေမြိုးဇန်ရဲ့။ တစ်သက်လုံးက နင်တင်းလာတဲ့ မာနတွေ ဘယ်ရောက်သွားလဲ"

"ကျွတ် … မေမေတို့က မဟုတ်သေးပါဘူးဗျာ။ မေမေတို့ လူကြီးတွေချင်းဖြစ်တဲ့ ကျောင်းတော်ကရန်စနဲ့ သားတို့ လူငယ်တွေနဲ့ ဘာဆိုင်လဲ …

ပေါင်းရင်လည်း မေမေတို့ချင်း ပေါင်းရမှာမှ မဟုတ်တာ"

"အောင်မာမာ … နင်ကများ မအေကို တစ်ခွန်းမကျန် ကက်ကက်လန်လို့။ နင် ဘာမှထပ်မပြောနဲ့ နေမြိုးဇန်။ နင့်ကို ငါ စကားအကုန်ပြောလိုက်ပြီ။ ထပ်ခါ ထပ်ခါလည်း ပြောမနေနိုင်ဘူး …

ဒီနာမည်တွေကို ခဏ ခဏလည်း ငါ့ပါးစပ်က ထုတ်မပြောချင်ဘူး။ အဲဒီတော့ ရှေ့ဆက်ပြီး ဘာမှလဲ ထပ်မပြောနဲ့တော့ …

ဖြစ်လာတဲ့ ပြဿနာကိုလည်း ငါ တာဝန်မယူနိုင်ဘူး … အဲဒါပဲ"

သူက အင်မတန် ဒေါ်ပျက် လက်ပျက်ဖြင့် ဆိုဖာပေါ်တွင် ပစ်လှဲပြီး ထိုင်ချလိုက်~ည်။ ဘာတွေမှန်းကိုမသိ။ ပြဿနာ၏ ဇာစ်မြစ်ကိုလည်း ရေရေရာရာ မသိရဘဲ ဟိုလူက



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကော၊ ဒီလူက ဝိုင်းကော၊ ချစ်သူက စိမ်းကားသည့် မျက်ဝန်းတွေဖြင့်ကြည့်၊ အခြေအနေတွေကို ရှုပ်ထွေးစွာ ခံစားကာ စိတ်ညစ်လာသည်။ ဖြစ်နိုင်လျှင် အော်တောင် ငိုချင်လာလေသည်။

"မေမေတို့ အဲလိုတော့ မလုပ်ကြနဲ့လေ၊ သားကိုလည်း နားလည်ပေးကြဦးမှပေါ့။ အဓိပ္ပာယ်မရှိဘူး မေမေရာ။ သား သူ့ကို တကယ်ချစ်တာ မေမေရ။ အပျော်မဟုတ်ဘူး ...

သားဘဝအတွက် အလေးအနက် ရည်ရွယ်ထားတာ"

"သိတယ် ... သိတယ်။ အဲလို အလေးအနက် ရည်ရွယ်ထားလို့ကို ငါက ရင်နာရတာ။ မင်း ဒီလောက် အချိုးတွေပြောင်းနေမှတော့ ဘယ်လောက်တောင် ပစ်ကျနေပြီလဲဆိုတာ သိသာစေတယ် ...

ဆက်မပြောနဲ့တော့။ ဘာမှ မကြားချင်တော့ဘူး"

သူ့အမေက အနိုင်နဲ့ပိုင်းပြောကာ အိမ်ပေါ်သို့ ခြေသံပြင်းပြင်းဖြင့် တက်သွားသည်။ သူက ဘာမှမတတ်နိုင်ဘဲ ပက်လက်လှန်ကာ ကျန်ရစ်ခဲ့ရသည်။ ဘာဆက်လုပ်ရမှန်း မသိအောင် ရင်ခွင်တစ်ခုလုံး နစ်နေကာ ခေါင်းတွေ ချာချာလည်မူးနေသည်။ ဒီလိုဖြစ်နေတော့မှပဲ သူ မာန့်ကို ဘယ်လောက်ချစ်နေသလဲဆိုတာ သိလာရတော့တာဖြစ်သည်။





တကယ်တော့ အစတည်းကလည်း သိပ်ချစ်မှန်း သိခဲ့သည်။ ဒါပေမဲ့ ထင်ထားတာထက်ကို ပိုချစ်မှန်း ကိုယ့်ကိုယ်ကိုယ် ထိတ်လန့်တုန်လှုပ်စွာ သိလိုက်ရတာဖြစ်သည်။ မာန့်ကိုသာ ဆုံးရှုံးရမည်ဆိုလျှင် ... ? ? ? ...။

အဲဒီမေးခွန်းကို သူ ဆက်မတွေးရဲတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

"ဒီကိစ္စကို ရေရေရာရာ ရှင်းမပြရင် သမီးအတွက် နားမလည်ခြင်းများစွာနဲ့ ခက်ခဲနေလိမ့်မယ်။ တကယ်တော့ သမီးက ဒီကိစ္စအတွက် ကြားထဲက ဓားစာခံဖြစ်ရတာပါ ...

ခင်မိမိဇံနဲ့ လေးဖေနဲ့က တက္ကသိုလ်တုန်းက သမီး ရည်းစားတွေပေါ့ကွာ။ သူတို့က အစဉ်အဆက် ချမ်းသာလာတဲ့သူတွေပေါ့။ အတိုချုပ် ပြောရရင် သူ့မိဘတွေက လေးဖေနဲ့ သဘောမတူဘူး။ ဒါကြောင့် ကျောင်းမပြီးခင် သူ့ကို အိမ်ထောင်ချပေးဖို့ စီစဉ်ကြတယ်။ သူကလည်း လေးဖေကို ခိုးခိုင်းတယ် ...

အေးပေါ့၊ လေးဖေကလည်း ခိုးမယ်ပေါ့။ အဲဒီ ခိုးမယ့်ညမှာပဲ သမီးမိဘတွေ ကားအက်ဆီးဒင့်ဖြစ်တော့ လေးဖေ သူ့ကို ဘယ်လိုမှ သွားမခိုးနိုင်တော့ဘူး၊ သူ့အိမ်ကလည်း သူ့ကို ပြန်မိသွားတော့ ချက်ချင်းပဲ အိမ်ထောင်ချပေးလိုက်တယ် ...





သူ လေးဖေကို နာကြည်းရတဲ့ အဓိကအကြောင်းရင်းကတော့ အဲဒါပါပဲ။ အဲဒီလိုကိစ္စတွေ ရှိခဲ့တော့ သူ့သားနဲ့ သမီးကိစ္စကို ဘယ်လိုမှ လက်မခံနိုင်ဘူး ဖြစ်နေတာပေါ့။ ဒါကြောင့် အိမ်တိုင်ရာရောက် လာပြောသွားတာ ...

သမီး ခံစားရမယ် ဆိုတာကို နားလည်ပါတယ်။ ဒါပေမဲ့ သမီး ဘာလုပ်သင့်တယ်ဆိုတာ သမီး သိမှာပါ။ လေးဖေက သမီးကို ဘာလုပ်ပါလို့ အတင်းအကျပ် မပြောဘူး။ သမီးဆုံးဖြတ်မှု သမီးရွေးချယ်မှု က သမီးဘဝပဲ"

လေးဖေရဲ့စကားအဆုံးတွင် မာန်ရဲ့နှလုံးသားတစ်ခုလုံး ဟိုက်ကျသွားသည်။ ဘာကြောင့်များ ဒီလိုဖြစ်မျိုးတွေကြုံတွေ့ရတာပါလိမ့်။ သူ မာန့်ကိုချစ်တယ်ဆိုတာ ယုံကြည်မှုဖြင့် သူ့ကိုလည်း မလျှော့သော အချစ်မျိုးဖြင့် ချစ်ခဲ့ရသော မာန့်နှလုံးသားတွေသည် ကွဲကြေရတော့မည်ဖြစ်သည်။ မာန့်ကို ငယ်ငယ်လေးတည်းက ပြုစုကျွေးမွေး စောင့်ရှောက်လာခဲ့သော လေးဖေရဲ့ကျေးဇူးတရားတွေကို မာန် ဥပေက္ခာမပြုရက်ချေ။ ပြီးတော့ ကိုယ့်ကို သဘောမတူဘူးဟု လာပြောထားသော အမျိုးသမီးကြီးတစ်ယောက်ရဲ့သားကိုလည်း မျက်နှာပြောင်တိုက်ပြီး လက်မတွဲနိုင်တော့။

"သမီး သူ့ကို လမ်းခွဲမှာပါ လေးဖေ"



www.burmeseclassic.com

www.burmeseclassic.com



လေးဖေက မာန့်ကို ဖြစ်နိုင်ရဲ့လားဟူသော အကြည့်မျိုးဖြင့် ငုံကြည့်သည်။ အဲဒီအကြည့်ကြောင့် မာန့်ရင်ထဲတွင် မာနက လှစ်ခနဲ ခေါင်းပြူလာသည်။

"သမီး သေချာစဉ်းစား ဆုံးဖြတ်ပြီးပါပြီ။ သမီးနဲ့ လေးဖေကို ခါးခါးသီးသီး ဖြစ်နေတဲ့ သူ့အမေရဲ့ အပြောအဆိုကိုလည်း ထပ်ပြီး မခံချင်တော့ပါဘူး ...

ဒီ့အတွက် သူ့ကို ပြတ်ပြတ်သားသား ပြောပြီးလမ်းခွဲမှာပါ။ သမီးဘဝမှာ လေးဖေက အရေးအကြီးဆုံးပါ လေးဖေရယ်"

မာန့်ရဲ့စကားအဆုံးတွင် လေးဖေရဲ့မျက်လုံးထဲတွင် လက်ခနဲ ဖြစ်သွားသည်ဟု ထင်သည်။ အဲဒီလိုပဲ မာန့်ရဲ့နှလုံးသားထဲတွင်လည်း မျက်ခနဲ ဖြစ်သွားတာကိုတော့ လေးဖေ သိမှာမဟုတ်ပါ။ သိလည်း အကြောင်းမဟုတ်။

မာန့်သည် နှလုံးသားကို အရေးပေးခဲ့တုန်းကလည်း ပေးခဲ့ပြီးပြီဖြစ်သည်။ အခုချိန်မှာ နှလုံးသားကို အရေးပေးရတော့မည့်အချိန်လည်း မဟုတ်တော့။ မာန့်ရဲ့နှလုံးသားသည် ဦးနှောက်၏ ဘယ်ဘက်အောက်တည့်တည့်တွင် တည်ရှိလေသောကြောင့် ရဲဝံ့သည့် ဆုံးဖြတ်ချက်တို့သည် မာန့်ရဲ့ရင်ထဲတွင် တောက်ပစွာ လှည့်လည်သွားလာလို့ နေလေသည်။

♥ ➡ ♥





"ဘာ ... မဖြစ်နိုင်တာပဲ မာန်ရာ။ အဲဒီလို ဆုံးဖြတ်လို့ ရမလား။ သူတို့ဘာသာ လူကြီးချင်းဖြစ်တဲ့ကိစ္စမှာ ကိုယ်တို့က ဘာကြောင့် ကြားထဲက အသည်းတွေ ဟက်တက်အကွဲခံရမှာလဲ။ အဓိပ္ပာယ်မရှိတာ ...

ဘာလဲ မာန်ရာ၊ မင်းကို ကိုယ့်လူအဖြစ် အပြည့်အဝ ယုံကြည်ထားတာ၊ မင်းတစ်ယောက်တော့ ကိုယ့်ကို နားလည်ပေးနိုင်မယ်လို့ မျှော်လင့်ထားတာ၊ ခုတော့ မင်းကပါ ကိုယ့်ကို လမ်းခွဲမယ်တဲ့ပေါ့ ...

ဟာ ... အဲလောက်လွယ်လား မေမာန်မိုးရေ"

သူ့ပုံစံက စိတ်ပျက်လက်ပျက် စိတ်ကုန်လက်ကုန် ဖြစ်ကာ ဖရိုဖရဲဖြစ်နေသော မျက်နှာဖြင့်ဆိုလျှင် မာန်သည် ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားသည်။ ဒါပေမဲ့ မာန်သည် ဆုံးဖြတ်ပြီးလျှင် မပြင်တတ်သော မိန်းကလေးတစ်ယောက်ဖြစ်သည်။

"ကျွန်မ စကားအကုန် ပြောပြီးပြီပဲ မိုးဖန်။ ရှင်နဲ့ ကျွန်မ ဆက်လက်တွဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့တာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင့်အမေ ပြောသွားတဲ့ စကားတွေကို ရှင်လည်းသိ[ပြီ]ပေါ့။ ကျွန်မ အဲလောက် အရှက်မမဲ့ဘူး မိုးခန်။ ကိုယ်[နဲ့]သဘောမတူပါဘူးလို့ ပြောထားတဲ့ကိစ္စကို ဆက်တွဲရအောင် အထိ ကျွန်မ မျက်နှာမပြောင်သေးဘူး ...

ကျွန်မမှာလည်း မာနရှိတယ်"

အံကြိတ်ပြီးပြောသော မာန့်ရဲ့အပြောကို သူ[က]ကြေကွဲနာကျင်နေသော မျက်ဝန်းများဖြင့် ငေးကြည့်သည်။ အဲ[ဒီ]အကြည့်တွေကြောင့် မာန့်မှာ ပြိုလဲတော့မလို ဖြစ်သွားပါသည်။ ဒါပေမဲ့ နောက်ဆုတ်ဖို့ အပီအပြင် ဆုံးဖြတ်ပြီးဖြစ်သော မာန်သည် ရှေ့ဆက်၍ ဘယ်လိုမှ စဉ်းစားတော့မှာ မဟုတ်။

"အေးပါ ... မင်း မာနကြီးတယ်ဆိုတာ ကိုယ် အစောကြီး[က]တည်းက သိပါတယ်။ ဒါပေမဲ့ အဲဒီမာနဆိုတာ ချစ်သူတွေ[ကြား]ကြားမှာ မလိုအပ်ဘူး မာန် ...

ဒီလိုအချိန်မှာ မင်းနဲ့ ကိုယ်နဲ့ ကျောချင်းကပ်အနေအထားမှာ ရှိရမှာ၊ ဒါဟာ မင်းနဲ့ကိုယ့်ရဲ့အချစ်ကို စမ်းသပ်တဲ့ အခြေအနေတွေပါ ...

ဒီအခြေအနေတစ်ခုကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်နိုင်တယ်ဆိုရင် ကောင်းတဲ့အလားအလာကို ကူးပြောင်းသွားမှာပဲ ...

အမှောင်ဆုံးအချိန်ဟာ မိုးလင်းဖို့ အနီးကပ်ဆုံးအချိန်ပါ။ ဒီလို အချိန်ခဏလေးကိုပဲ မင်းနဲ့ ကိုယ်နဲ့ လက်တွဲပြီး ဖြတ်ကျော်ရမှာ ...





အဲဒါကို မင်း ဘာဖြစ်လို့ မလုပ်နိုင်ရတာလဲ"

သူ့အပြောကြောင့် မာန် တွေဝေသွားသည်။ ဒါပေမဲ့ မာန် မတွေဝေချင်တော့ပါ။ ဆုံးဖြတ်ထားသည့်အတိုင်းပဲ ရဲရဲဆောင်ရွက်တော့မည်။

"ဆောရီး ... မိုးခန်။ ကျွန်မက ဆုံးဖြတ်ပြီးသွားရင် မပြင်တတ်တော့တဲ့ လူစားမျိုးပါ"

သူက မာန့်ကို တစ်ချက်ငေးကြည့်သည်။ အဲဒီအကြည့်နှင့် အပြုံးပါးပါးလေးသည် မာန့်ရဲ့အသည်းကို မြားနှင့်ထိုက်လိုက်သလိုပဲ ထုတ်ခနဲ့ပေါက်သွားစေသည်။ သူသည် အတန်ကြာ ငေးနေပြီးတော့ သူ့ကားပေါ် တက်ထိုင်ရာမှ ဖျတ်ခနဲခုန်ချသည်။

"အိုကေ ... မာန်။ မင်း ကိုယ့်ကို ထားခဲ့ပြီပေါ့နော်။ ကိုယ့်လက်ကို လက်တွဲဖြုတ်သွားခဲ့ပြီပေါ့။ ရပါတယ်၊ မင်းကို ကိုယ် တားပိုင်ခွင့်မှ မရှိတာ ...

ကိုယ် တစ်ခုဝမ်းနည်းတာက ကိုယ့်ချစ်သူဟာ အချစ်ကို စမ်းသပ်စစ်ဆေးခြင်း မခံနိုင်တဲ့ အချစ်မျိုးနဲ့ ကိုယ့်ကို ချစ်ခဲ့တယ်ဆိုတာ သိလိုက်ရတဲ့အတွက်ပါ။

မင်း နည်းနည်းလေးလောက်တောင် အခြေအနေတွေကို သည်းမခံခဲ့ဘူးနော်။ နည်းနည်းလေးတောင်မှ ဖြေရှင်းဖို့နည်းလမ်း မစဉ်းစားခဲ့ဘူး ...

လက်တွဲဖြုတ်ဖို့ ချက်ချင်း စဉ်းစားတော့တာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဝမ်းနည်းတာ အဲဒါကိုပါ။ အိုကေ ... မင်း အဆင်ပြေပါစေတော့ကွာ၊ ဘိုင့်ဘိုင်”

သူက သူ့ကားပေါ်သို့တက်ကာ တရကြမ်း မောင်းထွက်သွားသည်။ မာန်သည် သူ ထွက်သွားပြီးတော့မှ လိုက်ငိုချင်သလို ရယ်ချင်သလို၊ ရူးချင်သလို ဖြစ်လာသည်။ ဟုတ်သားပဲ၊ မာန် မှားသွားခဲ့ပြီလား။

မာနကို ရှေ့တန်းတင်ကာ ချစ်သူတစ်ယောက်အတွက် နည်းနည်းလေးတောင်မှ မာန် စဉ်းစားမပေးခဲ့။ တစ်ခုခုကို အပြတ်သားဆုံး ဆုံးဖြတ်ခဲ့တာဟာ သိပ်များ ရက်စက်ရာကျသွားပြီလားတော့ မပြောတတ်ချေ။ ဘာပဲဖြစ်ဖြစ် ဇာတ်လမ်းကတော့ ပြီးဆုံးသွားခဲ့ပြီ။ မာန်သည် နေရာမှာတင် ငုငုကြီးရပ်ကာ အသက်မဲ့သူလို ငုတ်တုတ်မေ့ပြီး ကျန်ရစ်ခဲ့သည်။

သူနဲ့ ချစ်ခဲ့သော အဖြစ်အပျက်သည် တစ်ခဏအတွင်းမှာပဲ အိပ်မက်လို ဖြစ်သွားခဲ့သည်။ မာန် မှားသွားခဲ့ပြီလား။ ခက်တာက သူနဲ့ လမ်းခွဲပြီးတော့မှပဲ သူ့ကို မခွဲနိုင်တော့ဘူးဆိုတာ မာန့်ကိုယ်မာန် တုန်လှုပ်ချောက်ချားစွာ သိလိုက်ရခြင်းပဲ ဖြစ်တော့သည်။

အား ... ဆိုးလေစွ။

♥ ➡ ♥







# တစ်နှစ်ခန့် ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"လေးဖေရေ ... မာန် နည်းနည်း နောက်ကျမယ်နော်
သိလား။ ဒီမှာ သူငယ်ချင်းတစ်ယောက်က လျှောက်လ
စနဲ့ အနီးနားက ရွာလေးတစ်ရွာပါ ထပ်ကြည့်ပေးရအောင်
လို့ ပြောနေလို့ ...
စိတ်မပူနဲ့၊ မိုးနည်းနည်းချုပ်ချင် ချုပ်မယ်"
"အေးပါ၊ အဲဒါဆိုလည်း ကားကိုတော့ ဂရုစိုက်မောင်"
"ဟုတ်ကဲ့ လေးဖေ"
မာန်က ပြောပြီးတာနဲ့ ဖုန်းကိုပိတ်ကာ အိတ်ထဲ
ထည့်လိုက်သည်။ ခုတော့လည်း မာန့်မှာ ဟန်းဒ်ဖုန်း မကိုင်ချ
လည်း မရတော့သဖြင့် ကိုင်နေရပြီဖြစ်သည်။ Final Part I
စာမေးပွဲ ဖြေပြီးသွားကတည်းက NGO အဖွဲ့အစည်းတစ်ခု
လုပ်အားပေး ဝင်လုပ်နေခဲ့သော မာန်သည် သိပ်မကြာခင်မှာ
ဟောက်စ်ဆင်းရတော့မှာဖြစ်သည်။ ကြာ[illegible]မှာ မာန်တစ်ယော





မိုးဇန်နှင့် လုံးပလည်း ထပ်မတွေ့ဖြစ်တော့။ သူကလည်း မာန့်ရှေ့သို့ ထပ်ရောက်မလာခဲ့တော့ချေ။ သူ့ကို ဖြတ်လိုက်ပြီးတော့မှ ဘယ်လောက်ချစ်တယ်ဆိုတာကို သိလိုက်ရသော်လည်း မာန့်အတွက်တော့ အကြီးအကျယ် နောက်ကျသွားခဲ့ပြီဖြစ်သည်။

ဟုတ်တော့လည်း ဟုတ်ခဲ့သည်။ မာန်သည် နည်းနည်းလေးလောက်တောင် သူ့ဘက်က ထည့်ပြီးမစဉ်းစားပေးခဲ့။ နောက်ဆုံး သက်သက်ညှာညှာနှင့် ဖေးမခဲ့လျှင်တောင် သူက မာန့်ကို နာကျင်သွားမည် မဟုတ်ပါ။ အခုတော့ ...

မာန်က ဆက်မတွေးချင်တော့သဖြင့် ခေါင်းကို ခါယမ်းထုတ်လိုက်သည်။

သူ ဘယ်ဆီသို့ ရောက်၍ ဘာတွေ လုပ်နေတယ်ဆိုတာကို မာန် မသိတော့။ ရန်ကုန်မှာပဲ ရှိနေလား၊ နိုင်ငံခြားသို့ ထွက်သွားလား၊ ဘာမှလဲ သတင်းမကြားရတော့ပါ။ သူများ မာန့်ရှေ့သို့ တိတ်တိတ်လေး ပြန်ရောက်လာလေမလားဟု မျှော်လင့်နေခဲ့သော်လည်း သူကား မာန့်ကိုတောင် စိတ်နာသွားပြီဟု ထင်ရလေသည်။ အဲဒီအတွက်လည်း မာန့်မှာ ဘယ်သူမှ မသိအောင် တိတ်တဆိတ်လေး နာကျင်ကြေကွဲရပါသည်။

"မာန်ရေ ... သွားစို့လေ"

"ဟုတ် ... အစ်မ"

မာန်က [illegible]နီယာအင်[illegible]ဘင်ယောက် လှမ်းခေါ်တော့မှပင် သတိဝင်လာကာ အလုပ်သွားဖို့ [illegible]င်းပြင်းရသည်။ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ဆရာဝန်ဖြစ်နေသည့် စိနီယာတွေက ကုသပေးသော်လည်း မာန်က ဘေးနားကနေ လိုအပ်သမျှ ကူညီသဖြင့် ပို၍ အလုပ်တွင်သည်။ ထိခိုက်ဒဏ်ရာရသူတွေကို ဆေးထည့်ပေးတာ၊ ဆေးပေးတာ စသဖြင့် အဲဒီအလုပ်တွေကို မာန်က လုပ်ရသည်။ ဘာပဲဖြစ်ဖြစ် အတွေ့အကြုံလည်းရကာ ပညာလည်းတိုး၊ ကုသိုလ်လည်းရသည်မို့ မာန်က ဒီအဖွဲ့အစည်းမှာ ဝင်ကူညီပေးဖြစ်တာဖြစ်သည်။ အထူးသဖြင့် အလုပ်တွေ တရစပ်လုပ်သောကြောင့် မာန် စိတ်မလေတော့။ အလုပ်သည်သာ မာန်အတွက် အကောင်းဆုံး စိတ်ဖြေရာ ဖြစ်တော့သည်။

"မာန်ရေ ... နေတောင် စောင်းတော့မယ်၊ ဖြစ်ရဲ့လား။ တစ်ယောက်တည်း ကားမောင်းပြန်ရမှာ"

"ရပါတယ် ဘာမှမဖြစ်ပါဘူး။ ရန်ကုန်ကို တစ်နာရီလောက်ပဲ မောင်းရမှာပါ"

"အေး ... အေး၊ ဒါပြီးရင်တော့ သွားတော့လေ"

"ဟုတ် ... အစ်မ"

မာန်က အပြီးသတ် ကူညီပေးပြီးသောအခါ အားလုံးကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ညနေစောင်းကာ နွားရိုင်းသွင်းချိန်မို့ မှောင်ရီဖျိုးဖျ ဖြစ်နေသောကြောင့် မာန်က ကားကို ဂရုတစိုက်ပဲ မောင်းလာခဲ့သည်။

မာန့်ရဲ့ရှေ့မှာ မောင်းနေတာက MARK II ကားအဖြူရောင်တစ်စီး။





မာန်သည် ပထမတော့ အရှိန်မြှင့်ကာ MARK II ကားကိုကျော်ဖို့ စဉ်းစားသော်လည်း အဲဒီကားရဲ့ရှေ့မှာက ကျွဲနွားတစ်အုပ်က ကားလမ်းကို ဖြတ်ကူးနေသောကြောင့် မကျော်သေးဘဲ နောက်ကနေပဲ အသာမှေးလိုက်ထားလိုက်သည်။ ထိုအချိန်မှာပဲ အုပ်စုထဲက ကျွဲတစ်ကောင်က ဘာဗွေဖောက်သလဲတော့ မသိဘဲ ကားဆီသို့ တည့်တည့်ပြေးဝင်လာသောကြောင့် ကားသမားက ကားကို ရှောင်လိုက်ဟန်တူသည်။ ကားသည် ကစဉ့်ကလျားနှင့် ဟိုဟိုဒီဒီ ယိမ်းထိုးကာ လမ်းဘေးက သစ်ပင်ကြီးကို ဝုန်းခနဲ ဝင်တိုက်သွားတော့သည်။

အဖြစ်အပျက်တွေမှာ လျှပ်တစ်ပြက်အတွင်း မြန်ဆန်လွန်းတာမို့ မာန်သည်တောင် ကြောင်တက်တက်။ မာန်တောင်မှ နောက်ထပ် နွားတစ်ကောင်ကို မတိုက်မိအောင် အမြန်ဘရိတ်အုပ်လိုက်ရသည်။

ဟိုင်းဝေးလမ်းပေါ်မှာ ကျွဲနွားတွေ တက်ကြသောပြဿနာမှာ အတော့်ကို ဆိုးရွားကြောင်း မာန် လက်တွေ့သိလိုက်ရပြီ။ မာန်သည် ကူညီချင်သည့် ဗီဇစိတ်ကြောင့်ရော၊ ဆရာဝန်ဖြစ်နေသည့် စိတ်ကြောင့်ရော ကားပေါ်မှ ကမန်းကတန်း ပြေးဆင်းသွားမိသည်။ ကားနဲ့သစ်ပင် တိုက်မိသောအရှိန်မှာ သိပ်မသေးလှသောကြောင့် ကားပေါ်ကလူ အထူးသဖြင့် ဒရိုင်ဘာအတွက် စိုးရိမ်ရ၍ဖြစ်သည်။ မာန်သည် အနီးနားသို့ရောက်၍ ကားထဲသို့ ကြည့်လိုက်လျှင် ဒရိုင်ဘာနေရာမှာ မောင်းသူအမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်တည်းသာ တွေ့လိုက်ရသည်။ အမျိုးသမီးမှာ စင်တီရာတိုင်ပေါ် ခေါင်းမှောက်လျက် မထနိုင်သေး။ တအင်းအင်းဖြင့် ညည်းညူသံသဲ့သဲ့တော့ ကြားရသေးသည်။

"အစ်မ ... အစ်မ"

မာန်က လှုပ်ခေါ်လိုက်လျှင် သူမက ဘာမှမကြားသည့်အလား တအဲအဲဖြင့်သာ ညည်းညူနေသည်။ မာန်သည် အမျိုးသမီးရဲ့ခေါင်းကို ဆွဲလှန်လိုက်လျှင် မြင်လိုက်ရသော မျက်နှာကြောင့် မျက်လုံးပြူးထွက်သွားသည်။ ဘုရားရေ ... မိုးဇန်ရဲ့အမေ ဒေါ်ခင်မိမိဖြစ် ပါလား။ မာန်သည် ပထမတော့ အံ့သြတဲ့စိတ်ကြောင့် ကြောင်ပြီး ကြောင်တောင်တောင် ဖြစ်နေသော်လည်း နောက်ပိုင်းတော့ သတိဝင်လာကာ သူမရဲ့မေးစေ့ကို လှုပ်ခေါ်ရသည်။ ခေါင်းကို ထိခိုက်မိသွား၍ သွေးတွေကလည်း စီးကျလျက်ရှိနေသည်။

"အန် ... အန်တီ ... အန်တီ ... သတိရရဲ့လား"

အမျိုးသမီးကြီးကား အသံမထွက်တော့။ သတိလစ်သွားပြီဆိုတာ မာန် သိလိုက်ရသည်။ အဲဒီအချိန်မှာပဲ နောက်ထပ်ကားတစ်စီးက ရောက်လာကာ အကျိုးအကြောင်းမေးသဖြင့် မာန်သည် အဲဒီကားပေါ်ကလူတွေရဲ့ အကူအညီနှင့်ပင် ထိုအန်တီကို မာန့်ရဲ့ကားပေါ်သို့တင်ဖို့ ကြိုးစားရသည်။

"ဖြစ်ရဲ့လား မိန်းကလေးတစ်ယောက်တည်းနဲ့၊ ဘယ်ဆေးရုံကို သွားမှာလဲ"





"ဖြစ်ပါတယ်၊ ပဲခူးနဲ့နီးတော့ ပဲခူးဆေးရုံကိုပဲ ပြန်လှည့်သွားလိုက်မယ်။ စိတ်ချပါ၊ ကျွန်မ ဆရာဝန်လောင်းပါ။ ဒီက ကားကိုသာ အဆင်ပြေအောင် ကြည့်ကျက်ပြီး လုပ်ပေးလိုက်ပါနော်"

"အေး အေး၊ ထားခဲ့ ... ထားခဲ့ ... မြန်မြန်သွား"

မာန်က ဒေါ်ခင်မိမိဖြစ်ကို တင်ဆောင်ကာ ပဲခူးကိုပဲ ပြန်မောင်းလာခဲ့သည်။ ဘယ်လိုမှ မျှော်လင့်မထားသော လူတစ်ယောက် ဖြစ်သည်မို့ စိတ်လှုပ်ရှားရိပ်တို့ဖြင့် မာန့်လက်တွေ အေးစက်နေသည်။ ပဲခူးဆေးရုံကိုတောင် ဘယ်လိုရောက်လာမှန်းမသိ။ ဆေးရုံမှာက မာန့်သူငယ်ချင်း ဆရာဝန်တွေ ရှိသဖြင့် ရှင်းလင်းပြောဆိုပြကာ ချက်ချင်း အဆင်ပြေသွားသည်။ ဒဏ်ရာတွေက ကြီးကြီးမားမား ထိခိုက်တာမျိုး မရှိသော်လည်း စိုးတော့ စိုးရိမ်ရသေးသဖြင့် စီနီယာတစ်ယောက်က မာန့်အနားသို့ကပ်ကာ ...

"မေမာန်မိုး ... သူ့အိမ်ကို အကြောင်းကြားပေးဖို့က ဘယ်လိုလုပ်မှာလဲ။ နင်နဲ့ သိတယ်ဆို"

"ဟုတ် ... ကိုလင်း သိတော့ သိတယ်"

"အေး ... သိရင် အကြောင်းကြားလိုက်လေ။ ရောက်တာ မြန်လို့။ နို့မို့ဆို ပိုစိုးရိမ်ရမှာ"

မာန်က ဂရုတစိုက် ယူလာသော ဒေါ်ခင်မိမိဖြစ်ရဲ့ လက်ကိုင်အိတ်ကိုဖွင့်ကာ သူမရဲ့ဟန်းဒ်ဖုန်းကို ထုတ်ယူလိုက်သည်။ Name list ထဲမှာ Home ဟူသော နံပါတ်ကိုတွေ့၍ နှိပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် တစ်ဖက်သို့ ချက်ချင်းပဲ ဖုန်းဝင်သွားသည်။ မာန် ဘယ်သူ့ကို ခေါ်နိုင်းရမှာလဲ။ သူတို့မှာလည်း ပြေးကြည့်တော့ သွေးသားရင်းချာ သားအမိနှစ်ယောက်တည်း ရှိတာကို သိသောကြောင့် မာန့်ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။

"ဟယ်လို"

"ဩော် ... ဟုတ်၊ နေမြဲမိုးဖန် ရှိလား မသိဘူး"

"ရှင် ... အစ်ကိုလေးက စင်ကာပူမှာရှင့်၊ ဘယ်သူလဲ မသိဘူး"

"အဲ ... အဲဒါဆိုရင် ဟို ... အိမ်သားထဲက ဘယ်သူရှိလဲဟင်"

"အန်တီက အပြင်သွားပါတယ်ရှင့်။ ဘယ်သူလဲ မသိဘူး။ ဘာကိစ္စရှိလို့ပါလဲ။ အန်တီ့ဟန်းဒ်ဖုန်းကို ဆက်လို့ရပါတယ်"

အဲဒါမှ ပြဿနာ။ သူတို့အိမ်မှာလည်း အိမ်သားတွေက တစ်ယောက်မှ ရှိပုံမရ။ ဒါပေမဲ့ မတတ်နိုင်တော့။ တစ်ယောက်ယောက်ကိုတော့ ပြောပြမှ ဖြစ်တော့မည်။

"ဟိုဟာလေ ... အန်တီ ခင်မီမီဇံလေ၊ ကားအက်ဆီးဒင့်ဖြစ်လို့ ပဲခူးဆေးရုံမှာ တင်ထားရတယ်။ အရမ်းတော့ မစိုးရိမ်ရပါဘူး ...

အဲဒါ လှမ်းအကြောင်းကြားတာပါ"

"ရှင်"





"အေး ... ညီမလေး၊ အဲဒါ အန်တီရဲ့ ဆွေမျိုးတွေဖြစ်ဖြစ် ရင်းနှီးတဲ့မိတ်ဆွေတွေဖြစ်ဖြစ် အကြောင်းကြားလိုက်ပါဦး ... ဒါပဲနော် ညီမလေး"

"ဟုတ် ... ဟုတ်ကဲ့။ ဟို ..."

မာန်က ဆက်နားမထောင်တော့ဘဲ ဖုန်းကို ပိတ်ပစ်လိုက်သည်။ မာန့်အနားသို့ အအေအက်စ်တစ်ယောက်က ရောက်လာကာ ...

"မာန် ... အန်တီ့ကို အော်ပရေးရှင်းတော့ လုပ်လိုက်ရမယ်၊ အဲဒါ သူ့အိမ်က ဘာတဲ့လဲ။ ရလား ... အဆက်အသွယ်"

"အင်း ... ရတော့ ရတယ်၊ ဒါပေမဲ့ သူ့အိမ်မှာကအလုပ်သမားတွေပဲရှိတာ၊ သူ့သားက စင်ကာပူမှာတဲ့"

"ဟဲ့ ... ဒါဆို ဘယ်လိုလုပ်မှာလဲ"

"အဆင်ပြေအောင်သာလုပ် အစ်မရယ်၊ လူနာရှင်ကတော့ မာန်ပေါ့။ မာန် စောင့်ပါ့မယ်"

"အိုခေ ... ပြီးရော"

ဆရာဝန်မက ပြန်ထွက်သွားလျှင် မာန်က မောဟိုက်စွာဖြင့် သက်ပြင်းတစ်ချက် ချမိသည်။ ပြီးတော့ မာန့်ရဲ့ဖုန်းကို ဖွင့်ကာ လေးဖေထံ ခေါ်လိုက်သည်။

"အေး ... ပြော သမီး"



www.burmeseclassic.com

www.burmeseclassic.com



"လေးဖေ ... မာန် ဒီညတော့ ပြန်လာဖြစ်မှာ မဟုတ်ဘူး။ မာန့်ရဲ့အသိ၊ လေးဖေရဲ့မိတ်ဆွေဟောင်းတစ်ယောက် ကားအက်ဆီးဒင့်ဖြစ်တာနဲ့ မာန်နဲ့ကြုံလို့ သူ့ကို မာန် လူနာစောင့်ပါ လုပ်ပေးရမယ် ...

သူ့အိမ်က အိမ်သားတွေလည်း မရှိကြဘူး၊ အဲဒါ လေးဖေ စိတ်ပူမနေနဲ့။ မာန် အခု ပဲခူးဆေးရုံမှာ။ မနက်ကျရင်တော့ ပြန်လာမှာပါ"

"အေးပါ၊ ဒါနဲ့ လေးဖေရဲ့မိတ်ဆွေဟောင်းဆိုတော့ ဘယ်သူလဲ။ စိုးရိမ်ရလား"

"ခုတော့ မစိုးရိမ်ရတော့ပါဘူး။ သူ့ကားနောက်မှာ မာန့်ကားက ကပ်ပါနေတာလေ။ ကျွဲကိုရှောင်ရင်း ဖြစ်သွားတာ"

"ဪ ... ဘယ်သူလဲ သမီးရဲ့"

"ဒေါ်ခင်မီမီဖေပါ"

တစ်ဖက်မှ လေးဖေမှာ ငြိမ်ကျသွားသည်။ မာန်သည် ခဏတော့ ငြိမ်သက်နေပြီးမှ ...

"သမီး ဖုန်းချတော့မယ်လေ"

"အေး ... ဒါနဲ့ သူ့သားကရော"

"စင်ကာပူမှာ ရောက်နေတယ်တဲ့"

"ဪ ... အင်း ... အင်း၊ ဂရုစိုက်လိုက်ပေါ့ သမီးရယ်၊ အာဃာတတွေ မထားပါနဲ့"





"စိတ်ချပါ၊ သမီးက ဆရာဝန်လောင်းတစ်ယောက်ပါ၊ ကဲ ... ဒါပဲနော် လေးဖေ၊ မနက်ကျမှပဲ ပြန်လာတော့မယ်"

"အေး ... အေး"

မာန်သည် ဖုန်းချပြီးသောအခါ နှမ်းလျသွားသည်။ သူ့အကြောင်းကို စဉ်းစားမိလျှင် ရင်ခုန်သံတွေက မနေ့တစ်နေ့ကလိုပဲ ဆွတ်ပျံ့၍လာသည်။ သူ စင်ကာပူကို ဘယ်တုန်းကများ ထွက်သွားတာပါလိမ့်။ ဒါကြောင့် သူ့သတင်းအစအနကို ဘာမှ မကြားရတော့ခြင်းဖြစ်သည်။ မာန်သည် အော်ပရေးရှင်းအခန်းထဲက ထွက်လာသော ဒေါ်ခင်မီမီဖေရဲ့နံဘေးတွင် ငုတ်တုတ်ထိုင်စောင့်ရင်း တစ်ညလုံး မိုးလင်းခဲ့ရသည်။

မာန့်ကို သူ့သားနဲ့ သဘောမတူပါဘူး၊ ခပ်ကင်းကင်းနေပေးဖို့ တောင်းဆိုခဲ့သော မိန်းမတစ်ယောက်ရဲ့ အသက်ကို ဘယ်တင်ခွင့် ရခဲ့လိမ့်မည်ဟု မာန် ဘယ်တုန်းကမှ တွေးမထင်ထားခဲ့။ ဒီလိုပဲ တစ်စုံတစ်ရာကိုလည်း မမျှော်ကိုးလေသောကြောင့် မာန့်ရဲ့နာမည်ကိုလည်း မပြောပြဖို့ တစ်ထိုင်တည်းပဲ ဆုံးဖြတ်ထားလိုက်တော့သည်။

♥ ➡ ♥



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၁၀

တစ်နေ့ကအဖြစ်အပျက် ပြီးသွားတဲ့နောက်တွင် မာ
ရဲ့နေ့စဉ်ဘဝတွေသည်လည်း ပုံမှန်အတိုင်းပဲ ရှိခဲ့လေသည်။ ကျ
တင်ကူညီပေးခဲ့သူမှာ ဘယ်သူဘယ်ဝါဆိုတာ မပြောဖို့ မှာကြား
လေသောကြောင့် မာန့်ဆီကိုတော့ ဘယ်သူမှ ရောက်မလာခဲ့
ဆေးရုံက မာန့်အသိတွေထံ စုံစမ်းကြည့်တော့ နောက်နှစ်ရ
လောက်ကြာတော့မှ ရန်ကုန်ဆေးရုံသို့ ပြောင်းရွှေ့သွားရသည်
ကြားရသည်။ အဲဒီလိုနဲ့ ဘာသိဘာသာပဲ နေခဲ့သော မာန့်တို့
သို့ ထင်မထားသောအချိန်မှာ ဧည့်သည်တစ်ယောက်က ရော
လာခဲ့သည်။ အဲဒီဧည့်သည်ကို မြင်သောအခါ မာန်ရော လေး
ရောပါ အံ့သြခဲ့ကြပါသည်။ သူမကတော့ ဒေါ်ခင်မိမိဖိ ဆို
အထူးပြောဖို့ လိုမည်မထင်တော့။

မာန်နဲ့ လေးဖေမှာ ထိုင်ခိုင်းဖို့တောင် သတိ
သပြင့် ဧည့်သည်မှာ သူ့ဟာသူ ဝင်ထိုင်ရသည်။ ပြီးတော့ မာ
ကို ဦးတည်ပြီးကြည့်ကာ ...





"အန်တီတို့ရဲ့ ကျေးဇူးရှင်တစ်ယောက်ကို ကျေးဇူးတင်ကြောင်း လာပြောတာပါ သမီး။ သမီးက ဆေးရုံမှာ မပြောဖို့ပိတ်ခဲ့ပေမယ့်လည်း အန်တီက ဇွတ်မေးလို့ နာ့စ်လေးတစ်ယောက်က ပြောပြတာပါ ...

စုလိုဖြစ်တော့မှ လာတောင်းပန်တယ်လို့တော့ မထင်စေချင်ဘူး။ တကယ်တော့ သားလေး ထွက်သွားကတည်းက အန်တီ့မှာ နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲပြီး နောင်တတွေ ရနေခဲ့တာပါ။ သားက သမီးနဲ့ လမ်းခွဲပြီးကတည်းက စင်ကာပူကို ထွက်သွားတာလေ ...

ဟိုမှာပဲ သူ့ဟာသူ အလုပ်လုပ်ပြီး ဖြစ်သလိုရပ်တည်တာ၊ အန်တီ့ဆီက ထောက်ပံ့တာကို လက်ခံတာလည်း မဟုတ်ဘူး။ အခု အမေ ဒီလိုဖြစ်တယ်ဆိုတော့မှ ပြန်ရောက်လာတာ။ အန်တီ ဒီလိုဖြစ်ရတာလည်း သူပြန်လာအောင် သူ့အတွက် ယကြာသွားချေရင်းနဲ့ ဖြစ်ရတာပါ ...

သမီးက ချက်ချင်းကူညီပြီး ဆေးရုံပို့ခဲ့လို့ အန်တီ ဒီလောက်မြန်မြန် ကျန်းမာလာတာပေါ့။ အဲဒီအတွက် အန်တီဘဝနဲ့ရင်းပြီး သမီးကို ကျေးဇူးတင်ပါတယ် ...

ကိုအားမာန်ကိုလည်း ကျွန်မ တစ်လက်စတည်း တောင်းပန်ပါစေ။ ကျွန်မကို နားလည်ပြီး ခွင့်လွှတ်ပေးပါ"

"ကျွန်တော်က ခွင့်မလွှတ်နိုင်စရာ အကြောင်းမရှိပါဘူးလေ။ ခင်ဗျားကသာ ကျွန်တော့်ကို ခွင့်မလွှတ်နိုင်လို့ ဒီလိုကိစ္စတွေ ဖြစ်ခဲ့ရတာ မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား နားလည်ပြီး ခွင့်လွှတ်ဖို့ကသာ အရေးကြီးတာပါ”

“ကျွန်မ နားလည်သွားပါပြီ။ အရာအားလုံးဟာ ကိုယ်ဖြစ်ချင်သလိုမှ မဖြစ်တာပဲရှင်။ သားကပေးတဲ့အသိ၊ ဒီက မေမာန်မိုးကပေးတဲ့အသိနဲ့ ကျွန်မ သဘောပေါက်သွားခဲ့ပါပြီ ...

သမီး အန်တီ့ကို ခွင့်လွှတ်နိုင်မလားဟင်”

မာန်က လေးဖေကို တစ်ချက်မော့ကြည့်လိုက်လျှင် လေးဖေက ကိုယ့်ကိစ္စကိုယ်ရှင်းဟူသော သဘောမျိုးဖြင့် ပခုံးတစ်ချက် တွန့်ပြလိုက်သည်။ မာန်သည် အားလုံးကို ရှင်းလင်းပေါ့ပါးသွားစေချင်သောစိတ်ဖြင့် အမျိုးသမီးကြီးကို ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ သူမက ဝမ်းသာအားရဖြင့် ထိုင်ရာမှထလာကာ မာန့်ရဲ့လက်ကို လာရောက်ဖျစ်ညှစ် ဆုပ်ကိုင်သည်။

“ကျေးဇူးအများကြီး တင်ပါတယ် သမီးရယ်။ သမီးက တကယ့်ကို အဖိုးတန် သမီးကောင်းလေးပါ”

မာန်သည် ပေါ်တင်ကြီး ချီးကျူးလျှင် မနေတတ်သော ထုံးစံအတိုင်း အနည်းငယ် ရှက်ပြုံးပြုံးကာ ခေါင်းငုံ့ပစ်လိုက်သည်။ သူ့ကို သိပ်သတိရ တမ်းတလွမ်းလှသည်။ သူရော ဘာကြောင့် မာန့်ဆီ မလာတာပါလိမ့်။

မာန့်အချစ်ကို မစစ်မှန်ဘူးဟု ထင်ကာ မေ့သွားလောက်ပြီဟု ထင်ပါသည်။

♥ ➡ ♥





သူသည် သူမကို ခပ်ဝေးဝေးက လှမ်းမြင်ရသောအခါ ဟိုးအရင်ချိန်က သူမရဲ့ကျောင်းသို့ နေ့စဉ်သွားစောင့်ကာ ပိုးပန်းခဲ့ရပုံများကို ပြန်သတိရမိလျက် ရင်မှာ လွမ်းဆွတ်တမ်းတ ပြီးလာသည်။ သူ ချစ်သော အေးစက်စက် နှလုံးသားပိုင်ရှင် ကောင်မလေးမှာ အရင်ကအတိုင်းပဲ ဘာမှမပြောင်းလဲသေးပါ။ ဆေးရုံမှာ ဟောက်စ်ဆင်းနေတာကြောင့် အရင်လိုပဲ လုံချည်ရှည်ရှည်နှင့် မိန်းမသိပ်မဆန်သော ရှပ်အင်္ကျီလက်တိုလေးကို ဝတ်ဆင်ထားသည်။ ဂျူတီကုတ်ကို လက်မှာချိတ်ကာ ခပ်မတ်မတ်လျှောက်လာပုံသည် တကယ့်ကို ဝါရင့်ဆရာဝန်မကြီးအလား။

သူမ သူ့ကို ချစ်သေးရဲ့လား။ သူ သူမကို မဆက်သွယ်တော့ခြင်းမှာ သူ့အပေါ်၌ နက်နဲသော အချစ်စစ်မရှိဟု ထင်ခဲ့သောကြောင့်ဖြစ်သည်။ ဒါပေမဲ့လည်း သူမကို သူ ဘယ်လိုမှ မေ့မရခဲ့ပါ။ ဒီအချိန်မှာတော့ သူ့အမေက သူမထံ တစ်ခေါက်လောက်တော့ သွားသင့်သည်ဟု အကြံပေးတာကြောင့်ရော၊ သူ့အမေကို ကူညီကယ်တင်ပေးခဲ့တာကို ကျေးဇူးတင်ကြောင်း ပြောဖို့ လိုအပ်သည်ဟု ထင်သဖြင့် သူမရှိရာသို့ လာစောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ သူသည် သူမနားသို့ လှရောင်ထွက်ပြလိုက်သော အခါ သူမက သူ့ကို မြင်သွားသည်။ အံ့သြကာ တောက်ပသွားသော မျက်လုံးများထဲတွင် အချစ်လက်ကျန်များနှင့် တနင့်တပိုး အလွမ်းတွေကို သူ မြင်လိုက်သလားလို့ပင်။

သူ့ရင်ခုန်သံတွေ ဖြောင်းဆန်လာသည်။

"မေမာန်မိုး"

သူမက ဆွတ်ပျံ့နေသော မျက်ဝန်းညိုကြီးများဖြင့် သူ့ကို ငေးကြည့်နေသည်၊ အခါများစွာက သူ စွဲလမ်းရှူးသွပ်ခဲ့ရသော မျက်ဝန်းများ။ အဲဒီမျက်ဝန်းတွေဟာ သူ့အပေါ်မှာ ဈေးထွေးအေးဆေးနေသည်။

"ကိုယ် မင်းကို ကျေးဇူးတင်တဲ့အကြောင်း လာပြောတာပါ"

"ရပါတယ်"

သူမ နှုတ်ခမ်းဖျားမှ အဲဒီစကားသံတို့က ခြောက်ကပ်စွာ ထွက်ပေါ်လို့လာသည်။ ခြောက်ကပ်ကပ် စကားသံကြောင့် ဘာပြောရမှန်း မသိတော့။ အခါများစွာက မိန်းကလေးတွေနဲ့ တွေ့လျှင် သွက်ခဲ့သော သူ့ပါးစပ်သည် ခုတော့ ပိတ်ရိုက်ပစ်ချင်စရာကောင်းအောင် နှုတ်ပိတ်ကြီး ဖြစ်လို့နေသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အတန်ကြာ ငေးစိုက်ကြည့်နေကြပြီးမှ မျက်နှာလွှဲတော့လည်း ပြိုင်တူလိုလိုပင်။





"မင်း အဆင်ပြေတယ် မဟုတ်လား"

"အင်း"

သူက မပွင့်တပွင့်ဖြေသည်။ ဘာကြောင့်မှန်းမသိဘဲ သူ့ရင်ထဲတွင် ချက်ချင်းလက်ငင်းကြီးပဲ ဝမ်းနည်းလာသလို ခံစားလာရသဖြင့် ...

"အိုခေ ... အဆင်ပြေရင် ဝမ်းသာပါတယ်။ ကိုယ့်အမေကို ကူညီခဲ့တဲ့အတွက်လည်း ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ် ...

ကိုယ် သွားတော့မယ်"

သူက ချာခနဲ လှည့်ထွက်လာခဲ့လိုက်သည်။ အဲဒီ ချိန်မှာပဲ သူ့ရဲ့လက်ကောက်ဝတ်တစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ခြင်းကို ခံလိုက်ရသည်။ သူက လည်ပင်းလိမ်ကာ လှည့်ကြည့်လိုက်လျှင် သူ့ကို မချင့်မရဲ မျက်ဝန်းများဖြင့် စိုက်ကြည့်နေသော သူမကို ပွေ့ဖက်ပစ်ချင်စရာ တွေ့မြင်လိုက်ရသည်။

"ရှင့်ကို ကျွန်မ ချစ်တယ် ဇန်"

"ဘယ်လို"

"ဟုတ်တယ်၊ ကျွန်မ ... ကျွန်မ ရှင့်ကို ဘယ်လိုမှ မေ့လို့မရခဲ့ဘူး။ ရှင့်ကို ငဲ့မကြည့်တဲ့အတွက်လည်း သိပ်နောင်တရမိတယ် ...

ကျွန်မ ... ကျွန်မလေ ... ရှင့်ကို မစစ်မှန်စွာ ချစ်ခဲ့တာ မဟုတ်ပါဘူး၊ စစ်မှန်စွာ ချစ်နေတယ် ဆိုတာကို ကိုယ့်ဟာကိုယ် မသိခဲ့တာ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင် ... ရှင်ရောဟင်၊ ကျွန်မကို ချစ်သေးရဲ့လား"

သူမရဲ့စကားကြောင့် သူ့ရင်ထဲတွင် မီးတောင်ကြီးပေါက်ကွဲသွားသလို လင်းထိန်သွားသည်။ သူ့နှုတ်ဖျားမှ စကားတစ်ခွန်းသည် မချင့်မရဲ နှန်ကျသွားသည်။

"မင်းမို့ မေးရက်တယ် ချစ်ရယ်"

သူမ နှုတ်ခမ်းတွေ ပြုံးသွားသည်။ မျက်လုံးတွေက မျက်ရည်ကြည်တွေဖြင့် အရည်တဖျပ်ဖျပ် လက်လာကာ မျက်တောင်တွေက ပုတ်ခတ် ပုတ်ခတ် ဖြစ်လာသည်။ ကြည်နူးစွာပြုံးနေသော သူမရဲ့နှုတ်ဖျားထက်မှ တုန်ယင်နေသော စကားတစ်ခွန်းက နှန်ကျလာသည်။

"ရှင်နဲ့ ဘယ်တော့မှ မခွဲတော့ဘူး"

သူက ကျေနပ်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။ သူသည်လည်း သူမရဲ့မျက်တောင်ဖျားလေးတွေမှာ တစ်ရေးလောက် မှေးစက်အနားယူချင်ပါသေးသည်။

♥ ➡ ♥

ဆုမြတ်မွန်မွန်
Aug: 7th 2009.
2:45 (A.M)

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

မမမြတ်ရဲ့ ဝတ္ထုစာအုပ်တွေကို အားပေးတဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မမမြတ်ရဲ့စာအုပ်ကိုတော့ 'လသုံးစင်းနဲ့ ကခုန်ခြင်း' က စဖတ်ဖူးတာပါ။ ကြိုက်ပါတယ်။ 'နှုးညံ့ခြင်းပြိုင်ပွဲ' ကို ပိုပြီးကြိုက်ပါတယ်။

ရှင်သာသန
ဒွေးရှိုတိုက်
မေသက်ဘရားသားကျောင်း

၂၆-၆ လမ်း၊
လမ်း-၉၀ထောင့်၊
ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မမွန်

ညီမက မရဲ့ပရိသတ်တစ်ဦးပါ။ မရဲ့စာအုပ်တွေကို (carzy)ဖြစ်တယ်။ ညီမ ဖတ်တဲ့စာအုပ်ထဲမှာ 'နူးညံ့ခြင်းပြိုင်ပွဲ' ကို အနှစ်သက်ဆုံးပါ။ မမွန်ရေးတဲ့ ဝတ္ထု ၂၅အုပ်တော့ ဖတ်ပြီးပါပြီ။ တစ်မျိုးစီကောင်းတယ်။ မမွန်ဝတ္ထုတွေက လူတိုင်းကို very attractive ဖြစ်စေတယ်။ characterf တွေကို ပေးတဲ့အမည်တွေကလည်း အရမ်းသစ်တယ်။ 'မ'ရေးတဲ့ Plot ကလည်း ရေလည်ကောင်းတယ်။ 'မ'က idea ကောင်းသလို ဇာတ်ဆောင်တွေမှာ အလွန်အရေးပါတဲ့ dialogice actio တွေကိုလည်း heart ထိအောင် (လူတိုင်း) writing လုပ်နိုင်စွမ်းရှိတယ်။ ညီမဘဝမှာ မမွန်ဆီ စာရေးတာ ပထမဆုံးပါ။

မမွန်ရဲ့စာအုပ်တိုင်းက ပြောစရာမလိုအောင် good တယ်။

ကောင်းကင်ရဲ့မြောက်အရပ်မှာ ခုဝံကြယ်ထွန်းလင်းသလို ...

စာပေလောကမှာ ဆုမြတ်မွန်မွန် ဆိုတဲ့ မမ ...

အောင်မြင်ပါစေလို့ ဆန္ဒပြုရင်း...

နီလာဝင်း

ဆိုင်းတန်းလမ်းနှင့်သိမ်တော်လမ်းဆုံ

မုံရွာမြို့။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မမမွန်

မမမွန်ရေးတဲ့ဝတ္ထုတွေအရမ်းကောင်းပါတယ်။ မမမွန်ရဲ့ဝတ္ထုတွေဟာ ဆွဲဆောင်မှုရှိတယ်။ မမမွန်ရဲ့ဝတ္ထုတွေကို (၁၀) အုပ်နီးပါးလောက် ဖတ်ဖြစ်တယ်။ ဖတ်လေ ကောင်းလေပါပဲ 'အကြင်နာများ ကောင်းကင်ယံသို့ လွှင့်တင်ထားသည်' စာအုပ်က အရမ်းကောင်းပါတယ်။

မမမွန် ကောင်းကင်ယံမှာ တောက်ပနေတဲ့ကြယ်လေး တစ်လုံးလို လင်းလက်နိုင်ပါစေ။

မမမွန်ကိုချစ်တဲ့

ခတ္တာငုံ

၄၆၃၊ ကြည်မျှော်(၇)လမ်း။

ဝန်ထမ်း

မြိတ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ ညီမလေးက မမရဲ့ ပရိသတ်ဖာစ်ဦးပါ။ မမက ဝတ္ထုရေးတာ သိပ်တော်တယ်။ မမ ရေးတဲ့ စာအုပ်အားလုံး ညီမလေး ဖတ်ဖြစ်တယ်။ စာအုပ်အား လုံးက ကောင်းတယ်။ ညီမလေးရဲ့ သူငယ်ချင်းတွေကလည်း 'မမ' စာအုပ်တွေငှားသွားရင် လုဖတ်ကြတယ်။ ညီမလေးတို့ အားလုံး 'မမ'နဲ့ ခင်ချင်တယ်။

မမရဲ့ထာဝရပရိသတ်

သင်းသင်း

1st Year, Ec-105

နည်းပညာတက္ကသိုလ်(လှိုင်သာယာ)

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မမွန်

မေလေးက မမွန်ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ မမွန်ကို မေလေး အရမ်းလေးစားတယ်။ အရမ်းလည်းအားကျတယ်။ မမွန်ရဲ့စာအုပ်တွေကိုဖတ်ပြီးရင် ပြန်မအပ်ချင်အောင်ကို သဘောကျတယ်။ 'အချစ်ဦးနဲ့လွဲပြီးသည့်နောက်ဖူးစာ' နဲ့ 'ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ'ကိုအကြိုက်ဆုံးပဲ။ အင်္ဂလိပ်လို ကြားညှပ်ပြီးရေးတာကိုလည်း အရမ်းသဘောကျတယ်။ မမွန်ကိုတစ်ခုလောက် တောင်းဆိုပါရစေ။ အိန္ဒြေရှင်မမ တစ်ယောက်နဲ့ ခေတ်ရှေ့ပြေးနေတဲ့ကောင်လေးတစ်ယောက် အကြောင်း ဇာတ်လမ်းလေးတွေလည်း ရေးပေးပါဦးနော်။ မမွန် ဒီထက်မက အောင်မြင်ပါစေလို့ မေလေး ဆုတောင်းလိုက်ပါတယ်။

မမွန်ရဲ့ မေလေး

Ma Mon
Never Cry
Ever Smile

မေနှင်းဝေ၊
အိမ်အမှတ်(၂၀၇)ကျွန်းစစ်သားလမ်း၊
အေးမြသာယာရပ်ကွက်၊
ဟင်္သာတမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မမြတ်

'မျက်နက်ဝန်း'စာအုပ်ကတည်းက မမြတ်မွန်ရဲ့ စာအုပ်တိုင်းကို ဆွဲဆောင်မှုရှိလို့ဖတ်ဖြစ်ပါတယ်။ အခု'သတ်တံနိုင်ငံသူ' ဖတ်ပြီးတော့ မမြတ်မွန်ဆီစာရေးချင်လာလို့ပါ။ မမြတ်မွန်ဒီစာအုပ်မှာ'သတ်တံ'နေရာကပေးဆပ်ခဲ့ရတာ မတန်ဘူးနော်။

မမြတ်မွန်ရဲ့ဆန္ဒနဲ့ ထပ်တူညီတဲ့ဘဝကို ပိုင်နိုင်ပါစေ။

ညီမလေး

Nereid Fivetwoeight
Monywa

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မဆုမြတ် ညီမလေးစာရေးလိုက်ပါတယ်။ မဆုမြတ်ရဲ့ စာအုပ်တွေကို ညီမလေး စဖတ်ဖူးတာက 'လသုံးစင်းနှင့်ကရုန်ခြင်း'မှာပါ။ အဲဒီစာအုပ်လေးမှာတင် မမရဲ့စာအုပ်တွေကိုစွဲသွားခဲ့တာပါ။ ထွက်ပြီးတဲ့စာအုပ်တိုင်းကိုတော့ မဖတ်ဖြစ်ဘူး။ ညီမလေးတို့ကတောဘက်ကဆိုတော့ အပေါင်းတွေမရှိတယ်။ သိပ်လည်းမစုံဘူး။ ဟသ်ာတမှာ ကျောင်းလာတက်တော့မှ မမဆုစာအုပ်လေးတွေနဲ့ ပြန်တွေ့ရတာ။

မဆုမြတ်တစ်ယောက်ပရိသတ်ရဲ့အမြဲတမ်းအားပေးမှုကို ရရှိတဲ့ စာရေးဆရာမဖြစ်ပါစေ။

မစုစုခိုင်

သချာ၊ ပထမနှစ်၊
၁-သခ-၂၂၄၊
ဟသ်ာတတက္ကသိုလ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ ၏

## အမှတ်တရ အမိအဝဉ်

သို့

မင်္ဂလာပါ အန်တီဆုမြတ်မွန်

ထာဝရ ခင်မင်လေးစားစွာ အန်တီဆုလို့ခေါ်မယ်နော်။ မင်းခန့်က အန်တီဆုရဲ့ထာဝရပရိသတ်တစ်ဦးပါ။ အန်တီဆုကို ကျွန်တော် တကယ်လေးစားမိပါတယ်။ လစဉ်တိုင်းလစဉ်တိုင်း ထုတ်ခဲ့တဲ့ဝတ္ထုစာအုပ်တွေကိုလည်း သတ္တမတန်းကျောင်းသားဘဝကနေ တိတ်တိတ်လေးခိုးဖတ်ခဲ့ရတယ်။ စာအုပ်တိုင်း တကယ်ကောင်းပါတယ်။ အကြိုက်ဆုံးကတော့ 'ဖေဖော်ဝါရီ(၁၄)'ဆိုတဲ့ စာအုပ်ကိုအရမ်းကြိုက်ခဲ့မိတယ်။ ကျွန်တော့်ဘဝမှာ မှတ်မှတ်ထင်ထင် မြတ်မြတ်နိုးနိုးဖြစ်ခဲ့တဲ့ ဇာတ်လမ်းလေးဖြစ်ခဲ့ရတယ်။ လက်ရုံးရည်၊ နှလုံးရည်ထက်မြက်သူ အန်တီဆု ဒီထက်မက တိုးတက်ပါစေ။

မောင်နေမင်းခန့်

ရွှေအလည်ကျောင်းတိုက်၊
အောင်စေမှူကျောင်းဆောင်၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း။
ပျဉ်းမနားမြို့ရပ်၊
ကျွန်းလှမြို့ စစ်ကိုင်းတိုင်း။

စေတနာစာပေ ၏

## အမှတ်တရ အမိအဝဉ်

သို့

မဆုမြတ်မွန်

ညီမလေး စာထပ်ရေးလိုက်ပါတယ်။ 'မျက်ဝန်းနက်ရဲ့ မေတ္တာတံချူ'စာအုပ်ကနေ'ဒီမိုင်းကွဲပုံတူလိပ်ပြာအမြန်စွဲဖူးဟာ' အထိ လစဉ်မပြတ်ဖတ်ပြီးပါပြီ။ အစ်မရဲ့စာအုပ်က ပြောစရာမလိုအောင်ကိုကောင်းပါတယ်။ နောက်ဆက်ရေးမဲ့စာအုပ်တွေထဲလည်း'ဟာသ'တွေလည်း ရောထည့်ပေးပါနော်။

အစ်မတစ်ယောက် ဒီထက်မက
အောင်မြင်မှုတွေရပါစေလို့
ဆုတောင်းလျှက်
ချစ်တဲ့သန္တာ

ဦးမာတူး + ဒေါ်မြစိန်
ဖ/ဝသန္တာ
အမှတ်(၁၁၆)မြစိမ်းရောင်
သူဌေးကုန်းရပ်၊ ဆုံးတိုက်ခိုင်နယ်၊
ရေနံချောင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအဖိအစဉ်

သို့

'မင်္ဂလာပါမဆုမြတ်'

လုံ့က မဆုမြတ်ရဲ့ စာအုပ်တွေကို အမြဲတမ်းအားပေးနေတဲ့အမာခံပရိသတ်တစ်ဦးပါ။ စာအုပ်မှမဟုတ်ပါဘူး။မဆုမြတ်ရဲ့ဝတ္ထုတွေ ဗီဒီယိုကားရိုက်တာကိုလည်း မပြတ်အားပေးနေပါတယ်။ မဆုမြတ်ရဲ့စာအုပ်တွေက အရမ်းဆွဲဆောင်မှုရှိတယ်နော်။ မဆုမြတ်ရဲ့စာအုပ်တွေကိုဖတ်ရင်း စာအုပ်ထဲမှာစိတ်တွေနစ်မျောပါသွားတာပဲ။ မဆုမြတ်ရဲ့ ပုလဲရတုအထိမ်းအမှတ်အဖြစ် 'နေမဝင်ချယ်ရီ'ကိုဖတ်ပြီးသွားပြီ။ 'နှုးညံ့ခြင်းပြိုင်ပွဲ' နှင့် 'လသုံးစင်းနဲ့ကခုန်ခြင်း'ကို အကြိုက်ဆုံးပဲ။ မဆုမြတ် ဒီထက်မက စာပေလောကမှာအလင်းလက်ဆုံးကြယ်တစ်ပွင့်ဖြစ်ပါစေ။

အားပေးနေတဲ့

လုံ့လုံ့ (ခ) ခင်လုံ့လုံ့ထွန်း

တောထူရွာ၊
မာန်အောင်မြို့၊
ရခိုင်ပြည်နယ်။

## စေတနာစာပေ ၏

## အမှတ်တရအဖိအစဉ်

သို့

ဆရာမ ဆုမြတ်မွန်မွန်ရှင့်

ကျွန်မက ဆရာမရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ ဆရာမရဲ့စာအုပ်တွေကို ၂၀၀၇ခုနှစ်မှာထွက်တဲ့ 'အနမ်းဆက်တိုင်း' ကနေစဖတ်ခဲ့တာပါ။ အရမ်းစွဲဆောင်မှုရှိတာပဲနော်။ စာရေးဆရာမအသစ်လို့တောင်မထင်ရဘူး။ ဆရာမရဲ့စာအုပ်တွေထဲက မင်းသမီးတွေရဲ့စိတ်ထားကို အရမ်းသဘောကျမိတယ်။ ရုပ်လည်းချော အသက်လည်းငယ်ငယ်လေးနဲ့ ဆရာမရဲ့ထက်မြက်တဲ့အရည်အချင်းကို လေးစားအားကျမိတယ် သိလား။

ပရိသတ်တစ်ဦး

စန္ဒာစိုး

(ဒုတိယနှစ်)သချ်ာ၊
အမှတ်(၇)၊ ရေနန်းတော်ကျောင်းလမ်း၊
ကျောက်မော်ကြီးရပ်၊ ထားဝယ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစ်အစဉ်

သို့

'မဆုမြတ်'လို့ခေါ်ခွင့်ပြုပါ။ သမီးကမဆုမြတ်ရဲ့ပရိသတ်တစ်ဦးပါ။ ပထမဦးဆုံးမိတ်ဆက်စာရေးတာကြောင့် အမှားပါရင်ခွင့်လွှတ်ပါ။ မဆုမြတ်ရဲ့ စာအုပ်တိုင်းကိုကြိုက်ပါတယ်။ အစကတော့ ဝတ္ထုမဖတ်တတ်ပါဘူး။ မဆုမြတ်ရဲ့'အချစ်ဦးနဲ့လွဲပြီးသည့်နောက်ဖူးစာ' စာအုပ်ကိုဖတ်ပြီး ဝတ္ထုစာအုပ်ကိုစွဲသွားတာပါ။ မဆုမြတ်က ရုပ်လည်းချောပြီး စာအရေးအသားကလည်း အရမ်းကောင်းပါတယ်။ နောက်ထပ်ထွက်မဲ့စာအုပ်တိုင်းကိုလည်းအားပေးနေမှာပါ။

မဆုမြတ် ဒီထက်မက အောင်မြင်ကျော်ကြားနိုင်ပါစေ။

ထာဝရအားပေးနေမယ့်...
ဝင်းမြတ်သူ(ခေတ္တ)

First Year English
(၃၉)စစ်တွေတက္ကသိုလ်၊
ရွာမရုပ်ကွက်၊
ပလက်ဝမြို့၊ ချင်းပြည်နယ်။

စေတနာစာပေ
၏

## အမှတ်တရအစ်အစဉ်

သို့

မဆုရေ

မိုးစင်က မဆုရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ မဆုရဲ့စာအုပ်တွေအားလုံးက (Attraction)ရှိလွန်းလို့တစ်အုပ်မကျန်ဖတ်ဖြစ်ပါတယ်။ မဆုရဲ့ braInကိုချီးကျူးပါတယ်။ စာအရေးအသားပြောင်မြောက်မှုနဲ့ (Idea)တွေ (bright)ဖြစ်လွန်းလို့ဖြစ်နိုင်ရင် မဆုရဲ့(Idea)တွေကို ရွှေချထားလိုက်ချင်တယ်။ အရမ်းလည်းအားကျတာပဲ။

အားပေးမှုတိုင်းကို အောင်မြင်မှုများစွာနဲ့ ... ထာဝရပိုင်ဆိုင်နိုင်ပါစေ။

မိုးစင်စင်(ခ)နန်းစုရှုပါ
နမ္မတီး။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

'မဆုမြတ်'

ကျွန်တော် ခင်မင်လေးစွာနဲ့ မဆုမြတ်လို့ခေါ်မယ်နော်။ ကျွန်တော်ဟာ မဆုမြတ်ရဲ့ထာဝရအမာခံပရိသတ်တစ်ယောက်ပါ။ ကျွန်တော် မဆုမြတ်ရဲ့စာအုပ်ကို 'လသုံးစင်းနဲ့ ကခုန်ခြင်း'မှစ၍ဖတ်ဖူးတာပါ။ အဲဒါကနေစပြီး ခုအချိန်အထိ မလွတ်တမ်းဖတ်ဖြစ်တယ်။ တစ်လကုန်ရင် မဆုမြတ်ရဲ့စာအုပ်မဖတ်ရရင် ရင်ထဲမှာတစ်ခုခုလိုနေသလိုပဲ။ မဆုမြတ်ရဲ့အောင်မြင်မှုဟာပန်းသတင်းလေညင်းဆောင်သလိုမွှေးပျံ့နေပြီးသားပါ။ မဆုမြတ်ရဲ့ Ideaဟာ အရမ်းမိုက်တယ်။ ကျွန်တော်အကြိုက်ဆုံးစာအုပ်ကတော့ 'ဖေဖော်ဝါရီ ၁၄' ဖြစ်ပါတယ်။ ကျွန်တော်က မင်းသားမင်းသမီးမညားတာကိုကြိုက်တယ်။ အဲဒါမှအရမ်းဖတ်လို့ကောင်းတယ်။ မဆုမြတ် ဒီ့ထက်မကအောင်မြင်ပါစေ။

စာပေလောကရဲ့ငွေကြယ်တစ်ပွင့်

ထာဝရထွန်းတောက်နိုင်ပါစေ။

ပြည့်ဖြိုးအောင်

အကျဉ်းဦးစီးဌာန၊

ဟသ်ာတအကျဉ်းထောင်၊

ဟသ်ာတမြို့။

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

အစ်မဆုမြတ်

ညီမက အစ်မရဲ့ပရိသတ်တစ်ဦးပါ။ အစ်မရဲ့စာအုပ်တွေကိုလည်း မလွတ်တမ်းငှားဖတ်ခဲ့တယ်။ အဲဒီအထဲကမှ 'ကြယ်ကလေးရဲ့နှင်တံ'၊ 'ရင်ခွင်ဆီသို့လှေကားထစ်များ' နဲ့ 'အသည်းကြီးဝတ်ရည်' 'စာအုပ်ကိုအကြိုက်ဆုံးပဲ။ ဝတ္ထုတွေကတစ်အုပ်ဆိုတစ်အုပ် ဗဟုသုတလည်းရတယ်၊ ရသလည်းစုံစုံလင်လင်ပေးတယ်။ ခေတ်နဲ့အညီလည်းသရုပ်ဖော်ရေးနိုင်တယ်။ ခေါက်လမ်းနဲ့လိုက်ဖက်တဲ့ သီချင်းလေးတွေ ထည့်ပေးတာကိုလည်း နှစ်သက်မိတယ်။ အစ်မရေ ပထမဆုံးရေးမိတာမို့ အမှားပါရင် ခွင့်လွှတ်ပါ။

အစ်မရဲ့အောင်မြင်မှု ရေရှည်တည်မြဲပါစေ၊

အမြဲအားပေးနေမဲ့ နွယ် ...

ခုတိယနှစ်

ဆေး—မကွေး။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ ကျွန်မက မဆုမြတ်ရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ 'ပန်းတစ်ပွင့်၏ မှုပိုင်ရာသီဥတု' ဆိုတဲ့စာအုပ်လေးကိုကြိုက်တယ်။ အဲဒီစာအုပ်မှာ ဓာတ်သိမ်းထားတာလေးကောင်းတယ်။ မဆုမြတ်ရဲ့စာအုပ်တွေက နောက်ပိုင်းကိုသိပ်မှန်းလို့ မရဘူးနော်။ ဓာတ်သိမ်းထားတာလေးတွေက သူများတွေနဲ့မတူဘူး။ တစ်မျိုးလေးပဲကောင်းတယ်။ မဆုမြတ်ရဲ့စာအုပ်တွေ ဗွီဒီယိုရိုက်နေတာတွေရတယ်။ အောင်မြင်မှုဆိုတဲ့ခြေလှမ်းကို မဆုမြတ်တစ်ယောက်နင်းနေရပြီး ဒီထက်ပိုပြီး အောင်မြင်ပါ စေလို့။

ဆုတောင်းနေမဲ့ ပရိသတ်
ကြည်ပြာဖြိုးဝေ

၂–သန–၂၀၇
ပဲခူးဒီဂရီကောလိပ်
ပဲခူးမြို့

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

'မင်္ဂလာပါ' မမွန်

ခင်မင်ရင်းနှီးစွာနဲ့ မမွန်လို့ပဲခေါ်မယ်နော်။ ညီမလေးက မမွန်ရေးတဲ့စာအုပ်တိုင်းကိုအားပေးနေတဲ့ပရိသတ်တစ်ဦးပါ။ နောက်ထွက်မဲ့ 'ချစ်သူ၏နှလုံးသားရပ်ဝန်းတွင် မိုးခေါင်နေသည်' ဆိုတဲ့ စာအုပ်လေးကို အရမ်းကြိုက်ပါသည်။ မမွန်ရေးတဲ့စာအုပ်တွေက မိန်းကလေးဘက်ကို အမြဲမြှင့်တင်ရေးတဲ့အတွက် ကျေးဇူးပါပဲ။ ဖြစ်နိုင်ရင် မမွန်ရေးတဲ့စာတစ်စောင် Photo တစ်ပုံလောက် အမှတ်တရ သိမ်းထားချင်ပါတယ်။ ညီမလေးချစ်တဲ့ မမွန်တစ်ယောက် စိတ်ချမ်းသာကိုယ်ကျန်းမာပြီး ဒီထက်မကတဲ့အောင်မြင်မှုတွေ ပိုင်ဆိုင်တဲ့ငွေကြယ်ပွင့်တစ်ပွင့်ဖြစ်ပါစေလို့ ဆုမွန်ခြွေရင်း...

မမွန်ရဲ့ စာအုပ်ဘေးမှာ အမြဲရှိနေမဲ့
ညီမလေး

ဆန်းမိုး
'စိန်မိသားစု' ဈေးအတွင်း၊
ချောင်းမြို့၊ မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ'မမွန်'

သမီးကမမွန်ရဲ့ထွက်သမျှစာအုပ်တွေကိုတစ်အုပ်မကျန် ဖတ်တဲ့သူတစ်ယောက်ပါ။ စာပေလောကမှာ မမွန်လောက်သိတဲ့သူ၊ တတ်တဲ့သူရှိပါ့မလားလို့ ထင်ရလောက်အောင် အရမ်းကိုတော်လွန်းတတ်လွန်းပါတယ်။ စကားအသုံးအနှုန်းတွေကလည်း ဆန်းသစ်သလို ဦးနှောက်လည်းအရမ်းပြေးလွန်းပါတယ်။ မမွန်ရဲ့စာအုပ်တွေကိုဖတ်ရတာ သိသင့်သိထိုက်တာကိုသိရတဲ့အတွက် အသိပညာတွေလည်း ရပါတယ်။ ဇာတ်အိမ်ဖွဲ့ထားတာ အရမ်းကောင်းသလို ဇာတ်ကောင်တွေရဲ့စရိုက်ကလည်း တကယ့်ကို အပြင်မှာ ဖြစ်နေတဲ့အတိုင်းခံစားရပါတယ်။ အခုနောက်ဆုံးထွက်တဲ့ 'အလွမ်းတိုင်းမရပ်တဲ့သံယောဇဉ်ရထား' ကိုဖတ်ရပါတယ်။ အပြစ်ပြောစရာ ဟာကွက်မရှိလောက်အောင်ကို ကောင်းနေပါတယ်။ မမွန်ရဲ့စာအုပ်တွေကို တစ်အုပ်မကျန် အကုန်လုံးကောင်းအောင်ရေးနိုင်တဲ့ မမွန်ကိုချီးကျူးမိသလို လေးလည်း လေးစားမိပါတယ်။ 'ဆုမြတ်မွန်မွန်' ဆိုတဲ့ အနုပညာကြယ်ကလေး အမြဲထာဝရထွန်းလင်းတောက်ပနေပါစေလို့ ဆုတောင်းလျှက် ...

မိုးသောက်ကြယ်

တနင်္သာရီတိုင်း၊ မြိတ်မြို့၊
ရွှေဝေးတပ်မြေစာဆိုက်။

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ ... ဆရာမဆုမြတ်မွန်

ရှိသေသမှုနဲ့ ဆရာမလို့ခေါ်ပါရစေ။ ဆရာမ ရဲ့စာအုပ်တိုင်းကို ဖတ်ဖြစ်ပါတယ်။ နောက်ဆုံး ဖတ်လိုက်ရတဲ့ စာအုပ်ကတော့ 'နေမဝင်ချယ်ရီ' ဆိုတဲ့စာအုပ်လေးလည်း တော်တော်လေးကိုကောင်းပါတယ်။ ဆရာမရဲ့ Ideaတွေ မိုက်တယ်။ စာဖတ်သူတွေရဲ့စိတ်ကိုဖမ်းစားနိုင်တယ်။ ဆရာမ စာဖတ်ရတာ မောနေမှာစိုးလို့တိုတိုလေးပဲရေးလိုက်တာပါ။ ဆရာမရဲ့ ဓာတ်ပုံလေးနဲ့ စာလေးတော့ ဖြိုးလေးဆီကိုပြန်ပါနော်။ ဆရာမ စာပေလောကမှာ ဒီထက်မက အောင်မြင်ကျော်ကြားနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ဆရာမရဲ့ထာဝရပရိသတ်တစ်ဦး
ဖြိုးလေး

ဦးမြတ်ထွန်း + ဒေါ်ခင်စန္ဒာဦး
အလှကုန်ဆိုင်အမှတ်(50)၊
ဒဂုံနောက်ဘက်ထိပ်၊
ဈေးကြီး၊ ပြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်ဆီသို့ ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ မဆုမြတ်လို့ခေါ်ပါရစေ။ မဆုမြတ်ကိုအပြင်မှာမမြင်ဖူးပေမဲ့ ကျွန်တော်စိတ်ထဲမှာ မဆုမြတ်ရဲ့စာအုပ်တွေဖတ်ရင်းလေးစားခင်မင်မိပါတယ်။ မဆုမြတ်ရဲ့ထွက်ပြီးသမျှစာအုပ်တွေကို ကျွန်တော်အကုန်လုံးနီးပါးဖတ်ဖြစ်ပါတယ်။

မဆုမြတ်ရဲ့စာအရေးအသားကို ကျွန်တော်အရမ်းကြိုက်ပါတယ်။ မဆုမြတ်ရဲ့အသစ်ထွက်တဲ့ စာအုပ်တွေကို ကျွန်တော်စောင့်မျှော်ပြီးဖတ်ဖြစ်ပါတယ်။ နောက်ထွက်မဲ့စာအုပ်တွေထဲမှာ အချစ်ဟာသ ဇာတ်လမ်းလေးတစ်ပုဒ်လောက် ရေးပေးပါလို့ တောင်းဆိုချင်ပါတယ်။ မဆုမြတ် အောင်မြင်ကျော်ကြားသော စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ဆုတောင်းပေးလျက်

နေမျိုး

(ညောင်းရမ်ကျောင်း)ချွေ့၊
မဟာဝိသုတာရာမတိုက်တော်၊
အောင်မြေသာစံမြို့နယ်၊
နန်းရှေ့ မန္တလေး။

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

ဆရာမဆုမြတ်မွန်မွန်

ပထမဆုံး စာရေးတာဖြစ်တဲ့အတွက် အမှားပါရင်ခွင့်လွှတ်ပေးစေချင်ပါတယ်။ သမီးက ဆရာမရဲ့ပရိသတ် တစ်ယောက်ပါ။ ဆရာမရဲ့ထွက်ပြီးသမျှလုံးချင်းဝတ္ထုတွေကို ဖတ်ပြီးပါပြီ။ အရေးအသား၊ ဇာတ်လမ်းဖွဲ့ပုံက တခြားတွေနဲ့ မတူဘဲ အသွင်ဆန်းဆန်းလေးဖြစ်နေတာကြောင့် ပိုလို့နှစ်သက်ရပါတယ်။ ဆရာမရဲ့ စာအုပ်တွေထဲက "အနမ်းဆက်တိုင်း"ကို အကြိုက်ဆုံးပါ။ အဲဒီလို့ကောင်းတဲ့ စာအုပ်လေးတွေများများ ရေးဖို့အကြံပြုပါရစေ။ "ဖေဖော်ဝါရီ၁၄" ကိုလည်း ကြိုက်ပါတယ်။ တချို့စာအုပ်တွေဆို အပိုင်တောင်ဝယ်ထားလိုက်တယ်။ ဆရာမ ဒီ့ထက်အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

ကောင်းကျိုးလိုရာပြည့်ဝပါစေ...
မမရဲ့ ပရိသတ်ထဲက
နန်းဆိုင်မွေဖောင်

ပထမနှစ်၊ Roll-10၊
ကွန်ပျူတာတက္ကသိုလ်၊
လားရှိုးမြို့။ (ရှမ်း/မြောက်)

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

၏

## အမှတ်တရအစိအစဉ်

သို့

မမဆုမြတ်

မင်္ဂလာပါနော်

မမဆီကို ပထမဦးဆုံးစာရေးတာဖြစ်လို့ အမှားပါရင် ခွင့်လွှတ်ပါလို့၊ သန္တာက မမရဲ့စာအုပ်တွေကို အားပေးနေတဲ့ ပရိသတ်တစ်ယောက်ပါ။ မမရဲ့စာအုပ်တွေထဲက အရေးအသားတွေ၊ စကားအသုံးအနှုန်းတွေကို သန္တာအရမ်းကြိုက်တယ်။ အဲဒါကြောင့် သန္တာကြိုက်တဲ့စာသားတွေ၊ ကဗျာလေးတွေဆိုရင် ရေးမှတ်ထားမိတယ်။ မမရဲ့စာအုပ်ကို ပထမဆုံးဖတ်မိတာက 'ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ'စာအုပ်လေး။ အဲဒီစာအုပ်ကိုဖတ်ပြီးကတည်းက မမရဲ့စာအုပ်တွေကိုအရမ်းစွဲသွားတာ... ။

မမဆုမြတ်ကိုထာဝရ အားပေးလျှက်
သန္တာ (or) သန္တာအောင်

ဒေါ်တင်တင်ရွှေ
အမှတ်(၁၄)B၊ ဝန်းတင်(၁)လမ်း၊
ကြို့ပင်ကောက်မြို့၊ မှတ်စ်ဆင့်၊
First Year
Comupter University (Pyay)

## စေတနာစာပေ

၏

## အမှတ်တရအစိအစဉ်

သို့

မဆုမြတ်မွန်မွန်

လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။

ဇင်က မဆုမြတ်ကိုအားပေးနေတဲ့ ပရိသတ်တစ်ဦးပါ။ မဆုမြတ်ရဲ့စာအုပ်တိုင်းမှာရှိတဲ့ ဇာတ်လမ်းတွေက အရမ်းတန်ဖိုးရှိတာပဲ။ စာအုပ်အားလုံးထဲမှာ ဇင် အကြိုက်ဆုံးက 'လသုံးစင်းနှင့်ကခုန်ခြင်း'စာအုပ်ကို အကြိုက်ဆုံးပဲ။ ဇင်တစ်ခုလောက် တောင်းဆိုမယ်နော်။ စာအုပ်ထဲမှာ ပဟေဠိစကားဆန်းဆန်းတွေကိုရေးသားဖော်ပြပေးပါနော်။ ဒီထက်ပိုပြီးအောင်မြင်ပါစေ။

မဆုမြတ်ရဲ့ အမြဲတမ်းပရိသတ်
ဇင်မာထွေး(ပ–နစ်)၊
ရန်ကုန်စီးပွားရေးတက္ကသိုလ်
(ရှာသာကြီး)

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မမဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာနဲ့ စာရေးလိုက်ပါတယ်။

ညီမလေးက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ တစ်ခါမှမိတ်ဆက်စာမရေးဖူးတဲ့အတွက် အမှားပါရင်ခွင့်လွှတ်ပါ။ ညီမလေးက မမဆုရဲ့ထွက်ပြီးသမျှ စာအုပ်တိုင်းကို ဖတ်ဖြစ်ပါတယ်။ အားလုံးက သူ့ဟာနဲ့သူ အချိုးအဆက် မိမိကောင်းထယ်နော်။ နောက်ပြီး မမဆုက စာရေးသားလည်းအရမ်းကောင်းတယ်။ အသက်ငယ်ငယ်နဲ့ အခုလိုရေးနိုင်တာ အရမ်းလေးစားအားကျဖို့ကောင်းတယ်။ မမရဲ့စာအုပ်တွေထဲမှာ'အဆင့်မြင့်ရည်းစားစကားနဲ့' 'ချစ်သူ၏နှလုံးသာရပ်ဝန်းတွင် မိုးခေါင်နေသည်' တို့ကို ကြိုက်တယ်။ မမရဲ့ဝတ္ထုတွေထဲမှာ 'မှော်ကဗျာရွှေရုပ်'ကိုလည်း ကြိုက်တယ်။ မမရဲ့ဝတ္ထုတွေထဲမှာ ဇာတ်လိုက်မလေးတွေက အရမ်းသွက်သွက်လက်လက်၊ ထက်ထက်မြက်မြက်လေးတွေနဲ့ အရမ်းစတိုင်ကျတယ်နော်။ အားကျဖို့ကောင်းတယ်။

မမဆုမြတ်တစ်ယောက် ကျန်းမာပျော်ရွှင်စွာဖြင့် နောင်နှစ်ပေါင်းများစွာတိုင်အောင်စာတွေအများကြီးရေးနိုင်ပြီးအောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေ။

မမဆုမြတ်ရဲ့ ထာဝရပရိသတ်

Khin Thin Swe (or) Hnin Moe Sat
c/o (5) Floor, Kyun Chan(4)Street. No(3)
(4) Ward, Kamaryut Township,
Hanteryeik Mon Housing, Yangon.

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မဆုရေ

မင်္ဂလာပါ မမဆုရေ နေကောင်းလား။ နှစ်သစ်မှာ ပျော်ရွှင်ကျန်းမာပြီး စိတ်သစ်လူသစ်တွေနဲ့ အကောင်းဆုံးစာအုပ်အသစ်တွေကို ရေးသားလို့ အောင်မြင်မှုတွေ ပိုင်ဆိုင်နိုင်ပါစေလို့ နှင်းလေး ဆုတောင်းလိုက်ပါတယ်နော်။ နှင်းလေးရဲ့ ပထမဦးဆုံးစာကို"အလွမ်းတိုင်းမရပ်တဲ့သံယောဇဉ်ရထား"မှာ ဖတ်ရတော့ အရမ်းဝမ်းသာမိပါတယ်။

နှင်းလေး ထာဝရ ချစ်ခင်လေးစားရတဲ့
မမပျော်ရွှင်ပါစေ...
မမဆုကို ထာဝရအားပေးနေမဲ့
နှင်းလေး

ခင်နှင်းဝေ(ခ)နှင်းလေး။
အမှတ်(၆)၊ နိုင်ရွှေဝါ(၃)လမ်း။
မြို့မ(၄)ရပ်၊ မုံရွာမြို့နယ်
မွန်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ'မမ'

ညီမလေးက 'မမ့'ရဲ့ပရိသတ်တစ်ဦးပါ... ။ 'မမ' စာအုပ်တွေက အရမ်းကောင်းတာပဲနော်။ 'အနမ်းဆက်တိုင်း'ကို အကြိုက်ဆုံးပဲ။ 'မမ'စာအုပ်တွေက လူငယ်အကြိုက်တွေနော်။ မမဒီထက်မကအောင်မြင်ကျော်ကြားပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မမကိုအစဉ်အားပေးတဲ့
ညီမလေး
စနိုး

၁၁–၇–၂၅၀၊
တောင်ငူတက္ကသိုလ်။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

ခင်တဲ့

မမဆုမြတ်မွန်မွန်

ခင်မင်အားပေးမှုနဲ့ အတူမိတ်ဆက်စာလေးရေးလိုက်ပါတယ်။ မဆုမြတ်မွန်မွန်ရဲ့စာအုပ်တိုင်းကိုတော့ မလွတ်တမ်းဖတ်ဖြစ်ပါတယ်။ 'မဆုမြတ်မွန်မွန်'ရေးတဲ့ စာသားတွေကလည်း 'သံဇဉ်' တို့လို ပရိသတ်တွေရဲ့ရင်ထဲမှာ ထိထိရောက်ရောက်နေရာယူခဲ့ပါတယ်။ အဲဒီလိုထိရောက်မှုရှိတဲ့အထဲမှာမှ 'သံဇဉ်'အနှစ်သက်ဆုံးစာအုပ်လေးရဲ့နာမည်က'သတ်တံနိုင်သူ'ဆိုတဲ့စာအုပ်လေးပါပဲ။ မဆုမြတ်မွန်မွန်တစ်ယောက် စာပေလောကအလယ်မှာ အတိုင်းအဆမရှိ ဒီထက်မက အောင်မြင်ပါစေလို့'သံဇဉ်'ဆုတောင်းပေးလိုက်ပါတယ်။

အတိုင်းအစဓရှိခင်တဲ့...
သံဇဉ်ရှိ

'သံဇဉ်ရှိ'၊
ဆိုင်အမှတ်(၄၂)၊
ဓာတ်ဘူးပန်းကန်ဆိုင်၊
(၃)ရုံအနောက်ဘက်ထိပ်၊
သနပ်ခါးတန်း ဈေးကြီး၊
(ပြည်မြို့)။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မမ "မွန်" လိုပဲခေါ်ပါရစေနော်။ ညီမကတော့ မမ "မွန်"ရဲ့ ပရိသတ်တစ်ဦးပါ။ ညီမက သင်တန်းသူတစ်ယောက်ပါ။ မမ "မွန်"ရဲ့ ထွက်သမျှစာအုပ်တိုင်းလိုလိုကို ညီမဖတ်မိတယ်။ မမ "မွန်"ရဲ့ပထမဆုံး "မှော်ကဗျာရွှေရုပ်"က အရမ်းကောင်းတယ်။ မမ"မွန်"ရဲ့စာအုပ် အခန်းတိုင်းမှာ စာရေးသားက အရမ်းကောင်းနေလို့နော်။ မမ"မွန်" ရဲ့စာအုပ်တိုင်းက ပေါ့ပေါ့ပါးပါးနဲ့ လူငယ်တွေရဲ့အကြိုက်ကို ရေးထားတော့ အရမ်းဖတ်ကောင်းတယ်။ မမ"မွန်"ရဲ့စာအုပ်ကိုတော့ အရမ်းကြိုက်တယ်။ ကျန်းမာရွှင်လန်းပြီး လိုအင်ဆန္ဒပြည့်ဝပါစေ။

ဟေမာနွယ် (second year)
သရဖီဆောင်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးရေးတက္ကသိုလ်
စစ်ကိုင်းတိုင်း ၊ ရွာသစ်ကြီး။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆု
မင်္ဂလာပါရှင်

မဆုရဲ့စာအုပ်တော်တော်များများကို ညီမလေးဖတ်ပြီးသွားပါပြီ။ ဒါပေမဲ့ ဘယ်စာအုပ်ပိုကောင်းတယ်ဆိုတာ မပြောတတ်လောက်အောင်ပဲ အားလုံးကောင်းပါတယ်။ ဇာတ်ကောင်တွေနဲ့ သူတို့ပြောတဲ့စကားလုံးတွေက အခု ညီမလေးတို့ ပြောနေတဲ့စကာလုံးတွေ၊ စရိုက်တွေနဲ့ အရမ်းကိုက်ညီလို့ တအားသဘောကျပါတယ်။ စာအုပ်တစ်အုပ်နဲ့တစ်အုပ်မတူအောင်ရေးနိုင်တာမဆုရဲ့ Brainကိုလည်းချီးကျူးပါတယ်။ အခုညီမလေးကကျောင်းပြီးတော့မှာဆိုတော့ ကျောင်းပြီးခါနီးခံစားရတဲ့ခံစားချက်၊ ဝမ်းနည်းမှုဝမ်းသာမှုတွေပါတဲ့ ခံစားချက်၊ သူငယ်ချင်းတွေနဲ့ခွဲခွာခါနီး ခံစားချက်၊ ကျောင်းတော်ကြီးကိုမခွဲချင်ပဲနဲ့ ခွဲရမယ့်ခံစားချက်တွေပါတဲ့ စာအုပ်တစ်အုပ်လောက်ရေးစေချင်တယ်။

Ma Ei Myat Hnin Phyu
3- Z00I-109
Mawlamyine University

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

သို့

လေးစားရပါသော မဆုမြတ်

ဒီစာနဲ့ဆိုနှစ်ကြိမ်မြောက်ရှိပါပြီ။ မဆုမြတ်ရဲ့စာအုပ်တွေကို အကုန်ဖတ်ပြီးပါပြီ။ အဲဒီထဲမှာ'အချစ်သို့တစ်ချက်ငုံ့ကြည့်စဉ်'ဆိုတဲ့ဝတ္ထုကိုကျွန်တော်အကြိုက်ဆုံးပဲ။ မဆုမြတ်ကျွန်တော်တောင်းဆိုချင်တာက(သစ်တော)ကျောင်းသားတစ်ယောက်ရဲ့အကြောင်းကိုအခြေခံပြီး ဇာတ်အိမ်ဖွဲ့ဝတ္ထုတစ်ပုဒ်လောက်ရေးပေးပါလား။ မဆုမြတ် စာကြမ်းစုချင်ရင် ကျွန်တော်တို့ကျောင်းကိုလာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ မဆုမြတ်နောင်နှစ်ပေါင်းများစွာ အောင်မြင်စွာလျှောက်လှမ်းနိုင်ပါစေ။

မဆုမြတ်ရဲ့ပရိသတ်
ဖြိုးဝေသူ
(သစ်တောတက္ကသိုလ်)

## စေတနာစာပေ ၏

## အမှတ်တရအပီအစဉ်

သို့

မမဆုမြတ်

မမ မင်္ဂလာပါနော်

မမဆုမြတ်ရဲ့အမာခံပရိသတ်ပါ။ မမရဲ့ထွက်တဲ့စာအုပ်တိုင်း အားပေးနေခဲ့တာပါ။ မမကို မြင်ဖူးချင်လိုက်တာ။ မမရဲ့ ဓာတ်ပုံနှင့်လက်မှတ်ကို စန်းစန်းရဲ့ခုံနံပါတ် ၁–စ/၄၈၊ 1st Year Chemistry ကို ပို့ပေးပါနော်။ မမကို အမြဲတမ်း အားပေးနေမည့်

စန်းစန်း
မမဆုမြတ်ရေးတဲ့စာအုပ်တိုင်း
အတွေ့မရှိ ကျော်ကြားအောင်မြင်ပါစေ

မစန်းမိုးမိုးထက်
First Year Chemistry
Myeik University
အမှတ်–၈၊ ကန်ဖျားရပ်၊
သိန်းညီနောင်လမ်း၊ မြိတ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
# အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်

'ညီမလေးတို့က မမကိုအားပေးနေတဲ့ပရိသတ်နှစ်ဦးပါ။ ညီမလေးတို့ကို အသိအမှတ်ပြုပေးနော်။ မမရဲ့စာအုပ်တွေကိုအရမ်းကြိုက်တယ်။ အမြဲတမ်းပဲငှားဖတ်မိတယ်။ မမရဲ့စာအုပ်တွေဖတ်ရတာ ပျော်စရာလည်းကောင်းတယ်။ မမတစ်ယောက်အမြဲအောင်မြင်နိုင်ပါစေလို့ ညီမလေးတို့ဆုတောင်းနေမှာပါ။ မမရဲ့'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ'စာအုပ်ကိုအရမ်းကြိုက်တယ်။ အဲဒီစာအုပ်က ကောင်းတယ်နော်။မမတစ်ယောက်ဒီထက်ကောင်းသောစာအုပ်တွေရေးနိုင်ပါစေလို့ဆုတောင်းနေမဲ့...

မမရဲ့
ချစ်စွာသောညီမလေး
ချို့ချို့မာ၊ ရီရီမာ

စစ်ကိုင်းတိုင်း၊
ကလေးဝမြို့နယ်၊
မန်လေးရွာ။

## စေတနာစာပေ
## ၏
# အမှတ်တရအစီအစဉ်

သို့

မမမွန်

ခင်မင်စွာနဲ့'မမမွန်'လို့ခေါ်ပါရစေ။ မှူးက'မမမွန်'ရဲ့ပရိသတ်ဦးပါ။ 'မမမွန်'ရဲ့စာအုပ်တွေကို မှူးအရမ်းကြိုက်ပါတယ်။ 'မမမွန်'ရဲ့စာအုပ်တွေက ဇွဲဆောင်မှုရှိပြီး အရမ်းကောင်းပါတယ်။ ဇာတ်ကောင်နာမည်လေးတွေကလည်း အရမ်းလှတယ်။ 'မမမွန်'က အပြင်မှာလည်း အရမ်းခင်ဖို့ကောင်းမယ်လို့ထင်ပါတယ်။ မိတ်ဆက်စာမရေးဖူးတော့ အမှားပါရင်ခွင့်လွှတ်ပါ။

'မမမွန် 'တစ်ယောက်
စံပယ်ပန်းလေးလိုဖြူစင်ပြီး
ဒီထက်မက အောင်မြင်ကျော်ကြား
တဲ့စာရေးဆရာမတစ်ယောက်ဖြစ်ပါစေ...

ခင်မင်စွာဖြင့်
မှူး

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ

ဆရာမ မဆုမြတ်မွန်မွန်

ဆရာမရဲ့ဝတ္ထုကိုဖတ်ရတာအရမ်းကြိုက်တယ်။ ဝတ္ထုတွေကကောင်းလည်းကောင်းတယ်။ ဆွဲဆောင်မှုလည်း များတယ်။ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' စာအုပ်က ထူးထူးဆန်းဆန်း ဆွဲဆောင်နိုင်တယ်။

မဆုမြတ်မွန်မွန်ရဲ့ ပရိသတ်

လှိုင်းကိုကို

အသက် (၂၀)၊
ရူပဗေဒ (တတိယနှစ်)၊
ကချင်ပြည်နယ်၊
ရွှေကူမြို့၊ အမှတ် (၄)ရပ်ကွက်။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်မွန်မွန်

ဒီစာလေးကို မမ ဖတ်မိရင်အလွန်ပျော်ရွှင်ရပါစေ။ ဝတ္ထုတွေကို အလွန်အမင်းနှစ်သက်ပါတယ်။ မမဝတ္ထုဟာ သုံးခြင်းနှင့်စိတ်အာဟာရကိုပေးစွမ်းတဲ့အတွက် မမကိုကျေးဇူး င်ပါတယ်။ မမဝတ္ထုတွေထဲက အကြိုက်ဆုံးကတော့ 'ပန်း စ်ပွင့်မှုပိုင်ရာသီဥတု'ပါ။ အကြိုက်တွေထဲက အကြိုက်ဆုံးကို ာတာပါ။ 'အသည်းကြီးဝတ်ရည်'ဝတ္ထုက နောက်ဆုံးဘယ် ္နဲ့ညားသွားသလဲ သိချင်မိပါတယ်။ မမပရိသတ်ဖြစ်တဲ့(စာ တ်သူ)တွေအတွက် စာများများဆက်လက်ရေးပေးပါဦးလို့ ကြိုပြုတောင်းဆိုအပ်ပါတယ်။

မမရေးသမျှဖတ်မယ့် မမရဲ့စာဖတ်သူ
မေရဲရင့်နိုင်

ဈေးတွင်း၊
ဖေယျာဝတီမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

ရွှင်လန်းချမ်းမြေ့ပါစေ

မမဆုမြတ် နီလာက မမဆုမြတ်ရဲ့ပရိသတ်တစ်ယောက်ပါ။ မမဆုမြတ်ဆီကိုလည်း မိတ်ဆက်စာကို ပထမဆုံး ပို့လိုက်တာပါ။ မမဆုမြတ်ရဲ့စာအုပ်တွေတော်တော်များများ ဖတ်ဖူးပါတယ်။ အားလုံးကိုကြိုက်ပါတယ်။ မမဆုမြတ်ရဲ့စာအုပ်တွေက နောက်ပိုင်းတွေမှာ ပဟေဠိတွေနဲ့ သိမ်းတာများတယ်နော်။ ဒါလည်းမမဆုမြတ်ရဲ့ ဖွဲ့ဆောင်မှုတစ်ခုလို့ပဲ သတ်မှတ်ထားပါတယ်။ နီလာကတော့ မမဆုမြတ်ရဲ့စာဖတ်ပြီးတာနဲ့ ဘာတွေဆက်ဖြစ်မလဲ တွေးမိတယ်။ 'အနမ်းဆက်တိုင်း'နဲ့ 'ဖေဖော်ဝါရီ ၁၄'ကို အရမ်းကြိုက်တယ်။ 'ကြယ်ကလေးရဲ့နှင်တံ'ဆို စာအုပ်ရေဖာတ်ကားရော ကြည့်ဖြစ်ပါတယ်။ မမဆုမြတ်ရဲ့နောက်ထွက်မဲ့စာအုပ်တွေကိုလည်း အားပေးဦးမှာပါ။

မမဆုမြတ်တစ်ယောက် အမြဲထာဝစဉ်အောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်

မမဆုမြတ်ရဲ့ ထာဝရပရိသတ်
နီလာဝင်း

နီလာဝင်း (U.D.E) 3rdYear Chem
ပခုက္ကူတက္ကသိုလ်
ပခုက္ကူမြို့နယ်၊ စိုတွင်

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

ဆုမြတ်

ဆုမြတ်လို့ပဲ ခေါ်မယ်နော်။ စိမ်းအသက်က (၂၇)ပါ။ ဆုမြတ်နဲ့အတူတူပဲလား။ စိမ်းက စာဖတ်အရမ်းဝါသနာပါသူပါ။ ဘာလည်းအရမ်းရွေးပါတယ်။ ဆုမြတ်ကတော့စိမ်းရဲ့အကြိုက်ဆုံးစာရေးဆရာမပါပဲ။ လတိုင်းဆုမြတ်ရဲ့စာအုပ်ကို အပိုင်ဝယ်သိမ်းဖြစ်တာကြာပါပြီ။ ဒီနှစ်ထဲမှာ ဆုမြတ်ရဲ့စာအုပ်တွေကပိုကောင်းလာတယ်။ 'ဖေဖော်ဝါရီ ၁၄'ဆိုတဲ့စာအုပ်ကစပြီး စိမ်းရင်ထဲကိုတော်တော်ထိသွားပါတယ်။ စိမ်းချစ်တဲ့ဆုမြတ် အမြဲတမ်းစာပေကောင်းတွေနဲ့ ထာဝရရှင်သန်နေမယ့်'ဆုမြတ်မွန်မွန်'ဖြစ်ပါစေ။

စိမ်းကြည်ပြာမင်း
အိမ်အမှတ် ၁၄/ခ ၃၄၀၊
ဂန္ဓမာလမ်း၊
ပေါင်းလောင်း(၃)ရပ်ကွက်၊
ပျဉ်းမနားမြို့၊ နေပြည်တော်။
Ph: 23565

www.burmeseclassic.com

www.burmeseclassic.com

ဧ စ တ န ၁ စ ၁ ပေ

၏

## အ မှ တ် တ ရ အ စီ အ စဉ်

သို့

မင်္ဂလာပါ မဆုမြတ်မွန်မွန်

ကျွန်တော် ခင်မင်မှုများစွာနဲ့ စာရေးလိုက်ပါတယ်။ မဆုမြတ်ကျန်းမာပါစေ။ မဆုမြတ်ရဲ့ဝတ္ထုတွေက အရမ်းကောင်းပါတယ်။ မဆုရဲ့စာအုပ်တွက အရေးအသားကလည်းကောင်း အင်္ဂလိပ်စာလုံးတွေ ညှပ်ရေးထားတော့ ကြိုက်ပါတယ်။ ကျွန်တော် မဆုရဲ့ ထွက်သမျှစာအုပ်တွေ လစဉ်ဖတ်ရှုပါတယ်။ ကျွန်တော့်ကို မဆုရဲ့ထာဝရပရိသတ်အဖြစ် အသိအမှတ်ပြုပါ။

မဆုရဲ့ ထာဝရပရိသတ်
ကျော်သက်နိုင်

အခန်းတော (၂)ရပ်ကွ[illegible]
ဘုတာအဆင်းလမ်း၊ တောင်တွင်းကြီး[illegible]
ဆရာဦးမင်းမင်းဇော် ဆရာမဒေါ်မှုရွှေ[illegible]
c/o တောင်ကျောင်း အ[illegible]
မောင်ကျော်သက်[illegible]

ဧ စ တ န ၁ စ ၁ ပေ

၏

## အ မှ တ် တ ရ အ စီ အ စဉ်

သို့

ဆရာမမဆုမြတ်

ကျွန်တော်တို့လေးစားချစ်ခင်ရပါသော ဆရာမ ကျွန်တော်တို့က ဆရာမရဲ့ပရိသတ်ပါ။ ကျွန်တော်တို့ဆရာမကိုအားပေးတာ သိပ်မကြာသေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဆရာမရဲ့စာအုပ်တော်တော်များများကို ဖတ်ဖူးပါတယ်။ ကျွန်တော်တို့ကိုစာဖတ်ဖြစ်အောင်သင်ပေးတာ ဆရာမပါပဲ။ ကျွန်တော်တို့ စဖတ်ဖြစ်တဲ့စာအုပ်ကတော့'အနမ်းဆက်တိုင်း'ပါပဲ။ အကြိုက်ဆုံးစာအုပ်ကတော့ 'ချစ်သူ၏နှလုံးသားရပ်ဝန်းတွေမှိုးခေါင်နေသည်'ဆိုတဲ့စာအုပ်ပါပဲ။ ကျွန်တော်တို့ဆရာမရဲ့အခင်ဆုံးပရိသတ်တွေဖြစ်ချင်ပါတယ်။ ကျွန်တော်တို့ ချစ်ခင်လေးစားရပါသော ဆရာမတစ်ယောက် စာပေလောကမှာ'နေ'လို'လ'လို ထွန်းလင်းတောက်ပနိုင်ပါစေလို့ ဆုတောင်းလျှက်...

စောမင်းနိုင်(ခ)ဖာကြီး
ဇော်သက်နိုင်

ရွှေရည်ဝင်းစာပေ၊
အမှတ်၁၃/၃၉၊
မင်္ဂလာရပ်၊ ကေးလမ်း၊
နေပြည်တော်၊ မြို့မနား။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

'တစ်သက်မှာတစ်ခါ တစ်ခါမှာတစ်ယောက်'ရဲ့ဇာတ်လမ်း ဖန်တီးမှုက အရမ်းမိုက်တယ်နော်။ မရဲ့စာအုပ် မျက်နှာဖုံးတွေ က ဒီဇိုင်းဆန်းလာတာတွေ့ရတယ်။ အဲဒီပန်းချီသရုပ်ဖော် ပုံတွေ အစား တကယ်သဘာဝရှုခင်းတွေကို ထည့်ရင် ပိုပြီးattraction ရှိလာမယ်ထင်တယ်။ တခြားဝတ္ထုတွေထက်လည်း အမြင်ဆန်း လာမယ်ထင်တယ်။ 'တစ်သက်မှာတစ်ခါ တစ်ခါမှာတစ်အုပ်' ဖတ်ရမယ်ဆိုရင် အဲဒီစာအုပ်က မရဲ့စာအုပ်ပဲဖြစ်လိမ့်မယ်။

ရောင်နေသွေး
၁၄/B၊ ပွင့်ပန်းလမ်း၊
(၆)ရပ်ကွက်၊ အောင်ပန်းမြို့။

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

မမကို သမီးခင်မင်စွာနဲ့စာရေးလိုက်ပါတယ်။ သမီးက ဝတ္ထုဖတ်ရတာကို အရမ်းနှစ်သက်ပါတယ်။ မဆုမြတ်မွန်မွန်ရဲ့ ဝတ္ထုတွေကို အရမ်းကြိုက်တယ်။ အင်္ဂလိပ်စကားပြောပါတော့ ဗဟုသုတလည်းရပါတယ်။ အခုပထမဦးဆုံး မိတ်ဆက်စာရေး တာပါ။

မမရဲ့ထာဝရဝရိသတ်တစ်ဦး
ညီမလေး
ရွှေဇင်အောင်

ရွှေဇင်အောင်
2 GEP -2
နည်းပညာတက္ကသိုလ် (လားရှိုး)။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

သမီးက မဆုမြတ်ရဲ့ပရိသတ်တစ်ဦးပါ။ မဆုမြတ်ရဲ့ ဝတ္ထုတွေကို မဂ္ဂဇင်းထဲမှာဖတ်လိုက်ရတော့ အရမ်းကြိုက်ပြီး အပတ်တိုင်းငှားဖတ်ဖြစ်တယ်။ မဆုမြတ်ရဲ့ဝတ္ထုတော်တော်များများဖတ်လို့ကောင်းပါတယ်။ ဇာတ်ကောင်စရိုက်လည်းမထပ်ဘူး။ ဇာတ်အိမ်ဖွဲ့စည်းမှုလည်းကောင်းတယ်။ မဆုမြတ်ရဲ့ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ'ဝတ္ထုကို အရမ်းကြိုက်တယ်။ ဟာသလေးတွေပါတော့၊ ဖတ်ရတဲ့သူ မပျင်းဘူးပေါ့။ မဆုမြတ်ရဲ့ ဝတ္ထုတွေကို ဗီဒီယိုရိုက်ထားတယ်နော်။ အရင်ကအခွေငှားရင် ဝတ္ထုစာရေးဆရာမအမည်ကို မဖတ်ဖြစ်ဘူး။ အခု မဆုမြတ်ရဲ့ ဝတ္ထုတွေကိုဖတ်ပြီးမှ အခွေငှားရင် မဆုမြတ်ရေးတဲ့ဗီဒီယိုဇာတ်ကားတွေကို တော်တော်များများ ကြည့်ဖြစ်တယ်။

အမရဲ့ထာဝရပရိသတ်
မဆုမြတ်ရဲ့ဝတ္ထုတွေဒီထက်မကအောင်မြင်ပါစေလို့
ပြည့်ပြည့်

ကုန်ထုတ်ဓာတုဗေဒဌာန၊
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ပထမဆုံးမိတ်ဆက်စာရေးတာမို့ အမှားပါရင်ခွင့်လွှတ်ပါ။ ဆရာမဆုမြတ်မွန်မွန်ကို မမလို့ပဲခေါ်မယ်နော်။ မမစာအုပ်တွေကိုဖတ်ပြီး မမကို အရမ်းလေးစားတယ်။ မမစာအုပ်တွေက အရမ်းကောင်းတယ်။ ညီမလေးက အမြဲတမ်း မမရဲ့စာအုပ်တွေကို ဖတ်ပါတယ်။ မမရဲ့စာအုပ်တွေထဲမှာ 'တစ်သက်မှာတစ်ခါ တစ်ခါမှာတစ်ယောက်' အဲဒီစာအုပ်ကို အရမ်းကြိုက်တယ်။ မမကို အမြဲတမ်းလစဉ်အားပေးမဲ့ပရိသတ်ပါ။ စံပယ်လို မွှေးကြိုင်ပြီး ဒီထက်မကအောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မမရဲ့ထာဝရ
ညီမလေး
သန္တာဦး

အုန်းတော(၂)ရပ်ကွက်၊
ဘုတာအဆင်းလမ်း၊ တောင်တွင်းကြီးမြို့၊
ဆရာဦးမင်းမင်းဇော်–ဆရာမဒေါ်မွှေးရည်၊
c/o တောင်ကျောင်း အရှေ့ရှိ သန္တာဦး။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

မဆုမြတ်မွန်မွန်ကို လေးစားချစ်ခင်သောအားဖြင့် မဆုမြတ်လို့ခေါ်ပါရစေ။ မဆုမြတ်ရေးတဲ့စာအုပ်တိုင်းလိုလိုကောင်းပါတယ်။ မဆုမြတ်ဝတ္ထုတွေထဲမှာ 'အချစ်ဦးနဲ့လွဲပြီးသည့်နောက်ဖူးစာ'ဝတ္ထုကတော့ ကျွန်တော် အကြိုက်ဆုံးပါ။ ကျွန်တော်က မဆုမြတ်စာအုပ်တွေပဲ ဖတ်ချင်တာ။ နောက်စာအုပ်တွေဆိုရင် လုံးဝမဖတ်ချင်တော့အောင်ဖြစ်သွားတာ။ မဆုမြတ်ကို ပထမဆုံး အနေနဲ့ မိတ်ဆက်စာရေးတာမို့လို့ အမှားပါရင်ခွင့်လွှတ်ပေးပါ။

Shwe Phyo Aye<br>
July 30th 2009<br>
3:00(A:M)

အမှတ်(၁၇၃)၊<br>
(၃)လမ်း (၁၁)ရပ်ကွက်၊<br>
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

## စေတနာစာပေ
## ၏
## အမှတ်တံရအစီအစဉ်

သို့

ဆရာမဆုမြတ်မွန်မွန်

Ma Maရဲ့ဝတ္ထုတွေ အရမ်းဖတ်လို့ကောင်းတယ်။ တစ်အုပ်နဲ့တစ်အုပ်ဘယ်လိုမှ မထပ်ဘူး။ Ideaတွေလည်းvery goodတယ်ကွာ။ 'နတ်သမီးဖော်တဲ့အဆိပ်'လည်းသိပ်ကောင်းတယ်။ ဆက်ကြိုးစားနော်။ Ma Ma ကျန်းမာရေးလည်း ဂရုစိုက်ဦးနော်။ Goon ချစ်တဲ့ Ma Maကို တစ်ခုလောက်အကြံပေးချင်တယ်။ နောက်လတွေမှာ ထုတ်မဲ့စာအုပ်တွေရဲ့ မျက်နှာဖုံးမှာပါတဲ့ Ma Maရဲ့ photoဒီဇိုင်းကို ပြောင်းပါလား? ကြည့်ရတာNew Face ဖြစ်တာပေါ့နော်။

Bye Bye Teaceher<br>
Su Myint Mon Mo<br>
လေးစားတဲ့<br>
Goon<br>
Ph; 09.2031637

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမ

ခင်မင်မှုအမှတ်တရအနေနဲ့ ညီမလေး စာရေးလိုက်ပါတယ်။ ညီမလေးက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ညီမလေး မမရဲ့စာသားနှင့်တကွ အားလုံးအရမ်းမြတ်နိုးတယ်။ 'ချစ်သူ၏နှလုံးသားရပ်ဝန်းတွင်မိုးခေါင်နေသည်' မမ အဲဒီစာအုပ်ထဲမှာ ဇာတ်ကောင်တွေကို ကြိုက်ပါတယ်။ ညီမလေး မမဆီကိုစာရေးတာပထမဆုံးပါပဲ။ မမတစ်ယောက် စာပေလောကမှာ ဒီထက်မက အောင်မြင်ပါစေ။

ဆုတောင်းလျက်

သစ်သစ်ထွန်း

(2nd Biochemistry)

BURMESE CLASSIC .com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မမွန်

ညီမကို မိတ်ဆက်စာလေးတစ်စောင်လောက်ရေးခွင့်ပေးပါ။ မရဲ့စာအုပ်တွေကို ညီမအရမ်းကြိုက်တာပဲ။ ဆက်လက်ပြီးတော့လည်း ကြိုးစားပါလို့ပြောချင်ပါတယ်။ "မ" ညီမဆီကို စာပြန်ပါနော်။ "မ"တစ်ယောက် အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာတစ်ဦးဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မအေး (ခ) အေးအေးမိုး

မကွေးတိုင်း၊
ပခုက္ကူခရိုင်၊
မြိုင်မြို့နယ်၊
လင်းကတော[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဧေ စ တ နု ၁ စ ၁ ဖ ပ

၏

## အ မှ တ် တ ရ အ ဓိ အ စ ဉ်

သို့

မမမွန်ကို 'မမ'လို့ခေါ်မယ်နော်

ရင်းနှီးမှုပိုရှိသွားတယ်လို့ထင်လို့ပါ။ 'မမ'ရေးတဲ့ဝတ္ထုတွေကအရမ်းစွဲဆောင်မှုရှိပြီးတော့ စိတ်ဝင်စားဖို့လည်းကောင်းပါတယ်။ ညီမက ဝတ္ထုစဖတ်တာ မကြာသေးပါဘူး။ ဒါပေမဲ့ 'မမ'ရဲ့ဝတ္ထုအားလုံးနီးပါးကို ဖတ်ဖူးပါပြီးပါပြီ။ တခြားစာရေးဆရာမတွေရဲ့ဝတ္ထုတွေလည်း ဖတ်ဖြစ်ပါတယ်။ ဒါပေမဲ့'မမ' ဝတ္ထုတွေလောက် စိတ်ဝင်စားမှုမရှိဘူး။ မမရဲ့ဝတ္ထုတချို့ကဇာတ်သိမ်းကွဲသွားတယ်နော်။ အဲဒီအချိန်ကျရင် ညီမဆို မျက်ရည်တွေတောင် ဝိုင်းလာတယ်။ ကိုယ်တိုင်ခံစားနေရတယ်လို့ထင်ရတယ်။

'မမ' လိုရာပန်းတိုင်ကို လျှောက်လှမ်းနိုင်ပါစေ။

မရဲ့ထာဝရပရိသတ် (သို့) ညီမလေး

From/ Sein Myaing

နန်းစိန်မြိုင်
ဓိသုကာနည်းပညာတက္ကသိုလ်
မန္တလေးမြို့။

BURMESE CLASSIC .com

www.burmeseclassic.com